# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily



**ယောက်ျားအာဇာနည်**

ယောက်ျားအာဇာနည်မျိုးသည် ဖြစ်ထွန်းပေါ်ပေါက်နိုင်ခဲ၏။ ထိုယောက်ျားအာဇာနည်မျိုးသည် ခပ်သိမ်းသော အရပ်ဒေသ၊ ခပ်သိမ်းသော အမျိုးအနွယ်တို့၌ မဖြစ်ထွန်းနိုင်၊ ပညာရှိသော အာဇာနည်ယောက်ျားမျိုးသည် အကြင်အမျိုးအနွယ်၌ ဖြစ်၏။ ထိုအမျိုးအနွယ်သည် ချမ်းသာခြင်းသို့ ရောက်၏။

ဗုဒ္ဓဝဂ်(ဓမ္မပဒ-၁၉၃)


၁၃၈၁ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၆ ရက် | ၂၀၁၉ ခုနှစ်၊ ဇူလိုင် ၂၂ ရက်၊ တနင်္လာနေ့ | အတွဲ (၅၈)၊ အမှတ် (၂၉၅)


# ကမ္ဘာ့အမွေအနှစ်ဒေသဖြစ်သည့် ပုဂံရှေးဟောင်းယဉ်ကျေးမှုဇုန်ရေိယာကို စတုရန်းဧက ၂၇၉၇၀ မှ ၄၈၀၉၉ စတုရန်းဧကအထိ တိုးချဲ့ဖွဲ့စည်းထား



**နေပြည်တော် ဇူလိုင် ၂၁**

အဇာတိုင်ဂျန်နိုင်ငံ ဘာကူမြို့၌ကျင်းပသည့် ကမ္ဘာ့ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုဆိုင်ရာအဖွဲ့ (UNESCO) ၏ (၄၃)ကြိမ်မြောက် ကမ္ဘာ့အမွေအနှစ် ကော်မတီညီလာခံအစည်းအဝေး၌ ပုဂံရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်လိုက်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

၂၀၁၉ ခုနှစ် ဇူလိုင် ၆ ရက်တွင် ကမ္ဘာ့အမွေအနှစ်အဖြစ် သတ်မှတ်ခံရသည့် ပုဂံရှေးဟောင်းယဉ်ကျေးမှုဒေသ၌ ယခုလက်ရှိတွင် ဘုရားစေတီပုထိုးပေါင်း ၃၁၂၂ ဆူကျန်ရှိပြီး ၂၀၁၆ ခုနှစ် ဩဂုတ် ၂၄ ရက်က လှုပ်ခတ်ခဲ့သော ငလျင်ဒဏ်ကြောင့် စေတီပုထိုးနှင့် ရှေးဟောင်းအဆောက်အအုံ ၃၈၉ ဆူထိခိုက်ပျက်စီးခဲ့သဖြင့် ပြုပြင်လျက်ရှိရာ ဇူလိုင်လပထမပတ်အထိ ၃၄၃ ဆူပြီးစီးပြီဖြစ်ကာ ဆောင်ရွက်ဆဲ ၂၃ ဆူနှင့် အဆောက်အအုံ ၂၃ ဆူမှာ ပြုပြင်ထိန်းသိမ်းရန် ကျန်ရှိနေသေးကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(ပုဂံဌာနခွဲ) မှ သိရှိရသည်။

ယခင်က ပုဂံဇုန်ရေိယာသည် စတုရန်းဧက ၂၇၉၇၀ သာ ကျယ်ဝန်းခဲ့သော်လည်း ယူနက်စကို ရှေးဟောင်းအမွေအနှစ် တင်သွင်းရာတွင် နောင်တိုးတက်လာမည့် ခရီးသွားဧည့်သည်များ၊ စီးပွားရေးလုပ်ငန်းများအတွက် ရှေးရှု၍ ယခင်ကထက် ဧက ၂၀၀၀၀ ခန့်တိုးချဲ့ကာ ၄၈၀၉၉ စတုရန်းဧကအထိ တိုးချဲ့ဖွဲ့စည်းပြီး ပြင်သစ်နိုင်ငံရှိ ကမ္ဘာ့အမွေအနှစ် စင်တာသို့ တင်သွင်းခဲ့ကြောင်း သိရသည်။

ယင်းနှင့်ပတ်သက်၍ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (ပုဂံဌာနခွဲ)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်စိုးက "အမွေအနှစ်ဇုန်ကို ချဲ့တယ်ဆိုတာ အရင်တုန်းက အမွေအနှစ်ဇုန်ရေးဆွဲတဲ့နေရာမှာ ပြည့်စုံမှုမရှိခဲ့ဘူး။ ပုဂံအကြောင်းပြောလို့ရှိရင် နန်းတော်ရာ ယုန်လွှတ်ကျွန်းတို့၊ တမ္ပဝတီတို့၊ ကျောက်တံခါးနန်းတော်ရာတို့ဆိုတာရှိတယ်။ ပထမဇုန် Plan ထဲမှာရေးတုန်းက ယုန်လွှတ်ကျွန်းနန်းတော်ရာကျန်နေခဲ့တဲ့အတွက် အဲဒါတွေပါထည့်သွင်းခဲ့တာကြောင့် ပိုပြီးတော့ကျယ်လာတယ်။ နောက်တစ်ခုက ပုဂံမှာစွယ်တော်လေးဆူဆိုတာ လူတိုင်းသိတယ်။ တန့်ကြည်တောင်စွယ်တော်က ဧရာဝတီမြစ်တစ်ဖက်ကမ်း မကွေးတိုင်းဒေသကြီးပခုက္ကူဘက်မှာရောက်သွားတော့ အဲဒီတန့်ကြည်တောင် စွယ်တော်မြတ်စေတီလည်း ပါအောင် ကျွန်တော်တို့ ဇုန်ကိုချဲ့ပြီး ရေးဆွဲရတာဖြစ်ပါတယ်" ဟု ပြောကြားသည်။

*စာမျက်နှာ ၈ ကော်လံ ၁* ❐


**မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသအား ကမ္ဘာ့အမွေအနှစ် စာရင်းဝင်ဖြစ်ရေး ပြည်တွင်း ပြည်ပ ပညာရှင်များ ညှိနှိုင်းအစည်းအဝေး ကျင်းပ** ပြည်တွင်းသတင်း စာမျက်နှာ - ၃

**မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်လေးမြို့နယ်တွင် အနာကြီးရောဂါခံစားရသူများအသင်း ဖွဲ့စည်းသွားမည်** ပြည်တွင်းသတင်း စာမျက်နှာ - ၅

**ဗြိတိန်နိုင်ငံ၏ ဘရီးဇစ် လိုလားသည့် ဝန်ကြီးချုပ် ဖြစ်လာမည့်အရေး ဘောရစ်ဂျွန်ဆင် ထိန်းသိမ်းထား** နိုင်ငံတကာသတင်း စာမျက်နှာ - ၁၄



C B BANK

Best Corporate & Investment Bank

2019 (Asia Money)

Contact Center : 01-231 777 0

# ယဉ်ကျေးသိမ်မွေ့ခြင်းဖြင့် လူ့အဖွဲ့အစည်း၏ ဂုဏ်သိက္ခာကိုမြှင့်တင်

"ယဉ်ကျေးမှု" ဟူသည့် စကားရပ်ကို (၁) သိမ်မွေ့ပြေပြစ်သောတတ်သိမှု၊ (၂) တိုးတက်ထွန်းကားသော လူမှုအဆင့်အတန်း၊ (၃) အစဉ်အလာအားဖြင့် ထိန်းသိမ်းတည်ရှိသော ဓလေ့ထုံးတမ်းဟူ၍ မြန်မာအဘိဓာန်တွင် ဖွင့်ဆိုထားသည်။ မြန်မာနိုင်ငံသည် ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားသော တိုင်းပြည်၊ ယဉ်ကျေးမှုအမွေအနှစ်များ ကြွယ်ဝသည့်တိုင်းပြည်ဟူ၍လည်း မိမိတို့ကိုယ်ကိုယ် မိမိတို့ ခံယူထားကြသည်။ သို့ရာတွင် အတတ်ပညာ၊ နည်းပညာတို့ လွှမ်းမိုးလာသည့် ယနေ့အချိန်အခါတွင်မူ လျင်မြန်စွာ ပြောင်းလဲလာနေသည့် ဓလေ့စရိုက်များ၊ တန်ဖိုးထားခံယူလာကြသည့် စံနှုန်းများ၊ လူ့အပြုအမူ အကောင်းအဆိုး အမှားအမှန်တန်ဖိုးများနှင့် စပ်လျဉ်း၍မူ ဝေဖန်ဆန်းစစ်မှုများ ပြုလာကြရပြီဖြစ်သည်။

ကိုလိုနီခေတ်မတိုင်မီက မြန်မာနိုင်ငံ၏ ပညာရေးအချက်အချာများမှာ ဘုန်းတော်ကြီးကျောင်းများဖြစ်ကြသည်။ ရဟန်းသံဃာများအနေဖြင့် ဝိနည်းသိက္ခာပုဒ်စည်းကမ်းများကြောင့် ကိုယ်တိုင်က ကိုယ်အမူအရာ၊ နှုတ်အမူအရာ ယဉ်ကျေးသိမ်မွေ့သော ပုဂ္ဂိုလ်များဖြစ်ကြသလို ကျောင်းသားများ၊ သာမဏေများကိုလည်း ယဉ်ကျေးလိမ္မာသူများ ဖြစ်ကြစေရန်၊ လောကအရေး၊ ဓမ္မအရေးတို့တွင် အဆင့်အတန်းရှိရှိ တတ်သိနားလည်သူများဖြစ်ကြစေရန် သင်ကြားပေးခဲ့ကြ၊ ဆုံးမသွန်သင်ခဲ့ကြသည်။ ရှေးခေတ်ဘုန်းတော်ကြီးကျောင်းများ၏ လက်သုံးဆုံးမစာများတွင် ရှင်မဟာသီလဝံသ၊ ရှင်မဟာရဋ္ဌသာရ၊ ကျည်းကန်ရှင်ကြီး၊ တောင်ဖီလာဆရာတော်၊ ဆားတုံဆရာတော်တို့၏ ဆုံးမစာများသည် ထင်ရှားပြီး ရှင်သာမဏေများနှင့် ကျောင်းသားများကို လိမ္မာယဉ်ကျေးစေခဲ့သည်။

မိဘဘိုးဘွားတို့ကို ကျွေးမွေးပြုစုကြရန်၊ ညီအစ်ကိုမောင်နှမ ဆွေမျိုးသားချင်းတို့ ချစ်ခင်စည်းရုံးကြရန်၊ သူတစ်ထူး၏ကျေးဇူးကို သိတတ်ရန်၊ စကားပြောချိုသာရန်၊ ခိုက်ရန်ဒေါသ မာန်မာနတို့ကို ချုပ်တည်းကြရန်၊ အရက်သေစာကို မသောက်စားကြရန်၊ သတ္တဝါများကို ကြင်နာသနားရန်.... စသည် စသည်ဖြင့် ဘဝတစ်သက်တာပတ်လုံး လူ့ပတ်ဝန်းကျင်ရပ်ရွာအသိုင်းအဝိုင်းတွင် ဥစ္စာရှာဖွေ ရှင်သန်ကျက်စားပေါင်းသင်းနေထိုင်ရမည့် နည်းလမ်းများအားလုံး မကြွင်းမကျန်အောင်ပင် ဆုံးမစာများတွင် ရေးသား၍ လိမ္မာရေးခြားရှိအောင် သွန်သင်ခဲ့ကြသည်။

"ငြိမ်သက်ဣန္ဒြေ၊ တည်ကြည်ထွေဖြင့်၊ သန္တေကောင်းမွန်၊ တော်လွန်မှန်လျက်၊ စိတ်မှာမနှောင့်၊ နှုတ်လက်စောင့်သည်၊ သူကောင်းသွေးရည်၊ ပီလှစေ" ဟူ၍ ကိုယ်၊ နှုတ်၊ နှလုံး သုံးပါးသောဣန္ဒြေတို့ တည်ကြည်စေရန် သတိပေးသကဲ့သို့ပင် "ရပ်သူရွာသား၊ သူကောင်းများ၏၊ နားမှာမဆံ့၊ မခန့်မလေး၊ သူမုန်းဆေးလျှင်၊ ဆဲရေးညစ်ညမ်း၊ ကိုယ်လက်နွမ်းအောင်၊ မသွမ်းမကျင့်ကြလေနှင့်" ဟူ၍ အပြောအဆို မကြမ်းတမ်းစေရန်လည်း ဆုံးမခဲ့သည်။ ကိုယ်ကျင့်တရားကောင်းမွန်ရန်၊ တရားနည်းလမ်းတကျ စီးပွားရှာရန်၊ ပညာကိုကောင်းစွာ တတ်မြောက်အောင် သင်ယူရန်၊ လောင်းကစားကို ရှောင်ကြဉ်ပြီး မပျင်းမရိ ဥစ္စာစီးပွားကို ရှာဖွေစုဆောင်းရန်တို့ကိုလည်း ဆုံးမစာတို့တွင် ထည့်သွင်းဖော်ပြဆုံးမခဲ့ကြသည်။

ဗဟုသုတပြည့်စုံကြွယ်ဝကြစေရန် "မှတ်ဖွယ်မှတ်ရာ၊ ထိုထိုစာကို၊ ရှာ၍မပြတ်၊ အိမ်တွင်ဖတ်" ဟူ၍ ဆုံးမထားသကဲ့သို့ "ဖတ်ပြန်သော်ကား၊ ဖတ်ဖန်များက၊ သားမယားပင်၊ သိမြင်ကင်းကွာ၊ မလိမ္မာလည်း၊ စာပေစကား၊ နေ့တိုင်းကြားက၊ ထူးခြားလိမ္မာ၊ ရှိသည်သာတည့်" ဟူ၍ ဖြစ်ပေါ်လာမည့်အကျိုးကို ထုတ်ဖော်ပြထားသည်။ ဆုံးမစာတို့သည်လည်းကောင်း၊ ဆရာသမားတို့၏ ဆုံးမသွန်သင်မှုသည်လည်းကောင်း တပည့်သားတို့အပေါ် ကောင်းစေလိုခြင်းဖြစ်သည့်အလျောက် ဆုံးမဩဝါဒတို့ကို နားမထောင်၊ မကြားသယောင်ပြုကာမလိုက်နာပါက လက်ရှိဘဝပစ္စုပ္ပန်နှင့်တကွ သံသရာတွင်ပါ ချမ်းသာမှုမှဝေး၍ တစ်ဘဝပြီးတစ်ဘဝ ဆင်းရဲလိမ့်မည်ဖြစ်ကြောင်းကိုလည်း ထောက်ပြသွန်သင်ခဲ့ကြသည်။

ယဉ်ကျေးသိမ်မွေ့ခြင်း၊ လိမ္မာခြင်းတို့သည် ဆုံးမပဲ့ပြင်သွန်သင်ခြင်း၏ အကျိုးရလဒ်ပင်ဖြစ်သည်။ ယဉ်ကျေးမှုနိမ့်ကျလာခြင်း၊ ရိုင်းလာခြင်းတို့သည် ဆုံးမသွန်သင်မှုတို့ ပိုမိုပြုလုပ်ရန် လိုအပ်နေသည်။ သို့မဟုတ် ဆုံးမသွန်သင်မှုနည်းလမ်းတို့ကို ခေတ်နှင့်အညီ ထိရောက်မှုရှိစေရန်ပြုပြင်ပြောင်းလဲဖို့ လိုအပ်နေသည်ကို ပြဆိုနေခြင်းဖြစ်သည်ဟု ယူဆမိသည်။ မည်သို့ဆိုစေ ယဉ်ကျေးသိမ်မွေ့ခြင်းသည် အဖွဲ့အစည်း၏အဆင့်အတန်းကို ပြသခြင်းပင်ဖြစ်သည့်အလျောက် လူတိုင်းကိုယ်စီကျင့်သုံးနိုင်ကြပါစေကြောင်း။ ။

မြန်မာနိုင်ငံကြက်ခြေနီအသင်း

(၈၂)ကြိမ်မြောက်
ကြက်ခြေနီဗဟိုကောင်စီအစည်းအဝေး

၂၀၁၉ခုနှစ်၊ ဇူလိုင်(၂၄)ရက်မှ (၂၅)ရက်အထိ စုဝေးခန်းမ
မြန်မာနိုင်ငံကြက်ခြေနီအသင်း ဌာနချုပ်၊ နေပြည်တော်

## စာပေဗိမာန်စာအုပ်အသင်း ပွဲတင်သံကောက်ကြောင်းစာအုပ်ဖြန့်ချီ

**ရန်ကုန် ဇူလိုင် ၂၁**

ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်စာအုပ်အသင်းက ၂၀၁၆ ခုနှစ် စာပေဗိမာန်စာမူဆုဝတ္ထုရှည် ပထမစာမူဆုရ စာရေးဆရာ "**ချစ်နွေမိုး**" ရေးသားသည့် "**ပွဲတင်သံကောက်ကြောင်း**" စာအုပ်ကို စာအုပ်အသင်း၏ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လအသင်းပေးစာအုပ်အဖြစ် စာအုပ်အသင်းဝင်များသို့ ဖြန့်ချိလျက်ရှိသည်။ ရန်ကုန်မြို့ရှိ စာအုပ်အသင်းဝင်များသည် အမှတ် (၅၂၉/၅၃၁)၊ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်အသင်းတွင် လာရောက်ထုတ်ယူနိုင်ပြီး ကျန်အသင်းဝင်များသို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ရုံးများမှတစ်ဆင့် လည်းကောင်း၊ စာတိုက်မှတစ်ဆင့်လည်းကောင်း ပေးပို့လျက်ရှိသည်။

စာပေဗိမာန်အသင်းဝင်လိုပါက အတွင်းရေးမှူး၊ စာပေဗိမာန်စာအုပ်အသင်း အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့၊ ဖုန်း ၀၁-၂၄၉၀၃၁၊ ၃၈၁၄၄၈ တို့သို့ လိပ်မူ၍ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အနာဂတ်ပုံနှိပ်လောက ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲနှင့်ပြပွဲ မန္တလေး၌ ကျင်းပ

**မန္တလေး ဇူလိုင် ၂၁**

မြန်မာနိုင်ငံ ဒစ်ဂျစ်တယ်ပုံနှိပ်နှင့် ဆိုင်းဘုတ်လုပ်ငန်းရှင်များအသင်းက ကြီးမှူးကျင်းပသော အနာဂတ်ပုံနှိပ်လောက ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲနှင့် ပြပွဲကို မန္တလေးမြို့ ၂၆ လမ်းနှင့် ၇၁ လမ်းထောင့်ရှိ မြို့တော်ခန်းမ၌ ဇူလိုင် ၂၁ ရက် နံနက်ပိုင်းက ကျင်းပခဲ့သည်။



ပြပွဲ၌ ပြသထားသော ဒစ်ဂျစ်တယ် ပုံနှိပ်လုပ်ငန်းသုံး စက်ပစ္စည်းများကို ပြပွဲလာသူများ ကြည့်ရှုလေ့လာနေစဉ်။

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ ဒစ်ဂျစ်တယ်ပုံနှိပ်နှင့် ဆိုင်းဘုတ်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးကျော်ဇံက အဖွင့်အမှာစကားပြောကြားပြီး ပွဲဖြစ်မြောက်ရေးအတွက် ကူညီပံ့ပိုးသော ကုမ္ပဏီအသီးသီးမှ တာဝန်ရှိသူများက ၎င်းတို့၏ ထုတ်ကုန်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် Future of Digital Printing ခေါင်းစဉ်ဖြင့် ပုံနှိပ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို Device Consulting Group တည်ထောင်သူ ဦးတင်ဇံကျော်၊ Ground Solution Development ကုမ္ပဏီ လီမိတက်မှ ဥက္ကဋ္ဌ ဦးမြင့်ဇော်၊ Xenon ကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးမျိုးမင်းဦးနှင့် မြန်မာနိုင်ငံ ကုန်သည်လုပ်ငန်းရှင်များအသင်း ဒုတိယ ဥက္ကဋ္ဌ ဦးအောင်ကျော်မိုးတို့က ဦးဆောင်၍ ဆွေးနွေးခဲ့ကြသည်။

အဆိုပါဆွေးနွေးပွဲသို့ မြန်မာနိုင်ငံ ဒစ်ဂျစ်တယ်ပုံနှိပ် နှင့် ဆိုင်းဘုတ်လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကုန်သည်လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် မန္တလေးမြို့မှ ဒစ်ဂျစ်တယ်ပုံနှိပ်နှင့် ဆိုင်းဘုတ်လုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြသည်။ မြန်မာနိုင်ငံတွင် ဒစ်ဂျစ်တယ်ပုံနှိပ်လုပ်ငန်းရှင် ၃၀၀ ကျော်ရှိပြီး မန္တလေးမြို့၌ လုပ်ငန်းရှင် ၅၀ ကျော်ရှိကာ ယခု ကျင်းပသည့် ပြပွဲတွင် ကုမ္ပဏီအသီးသီးက ပြခန်း ၁၅ ခန်း ပါဝင်ပြသထားသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

## ဆောမြို့၌ ကြွပ်ကြွပ်အိတ်လျှော့ချသုံးစွဲရန် အင်ဖက်၊ ငှက်ပျောဖက်နှင့် သတင်းစာစက္ကူများ အခမဲ့ဖြန့်ဝေပေး

**ဆော ဇူလိုင် ၂၁**

မကွေးတိုင်းဒေသကြီး ဆောမြို့နယ်အတွင်း ကြွပ်ကြွပ်အိတ်သုံးစွဲမှု လျှော့ချရေးအတွက် မြို့နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ကြီးကြပ်မှုကော်မတီ၏ ဦးဆောင်မှုဖြင့် စည်ပင်သာယာဈေးအတွင်းမှ ဈေးဆိုင်များကို ကြွပ်ကြွပ်အိတ်လျှော့ချသုံးစွဲရန် အသိပညာပေးခြင်းနှင့် အစားထိုး ထုပ်ပိုးသုံးစွဲရန် အင်ဖက်၊ ငှက်ပျောဖက်နှင့် သတင်းစာစက္ကူများ အခမဲ့ဖြန့်ဝေခြင်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝင်များက ဇူလိုင် ၂၁ ရက်က ဆောင်ရွက်ခဲ့ကြသည်။

မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်နိုင်နှင့် အဖွဲ့ဝင်များက မြို့မစည်ပင်သာယာဈေးမှ ဈေးသည်များအား သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လူပ်ရှားမှုအဖြစ် ကြွပ်ကြွပ်အိတ်သုံးစွဲမှု လျှော့ချရေး၊ ပလတ်စတစ် စွန့်ပစ်ပစ္စည်းများကြောင့် ရေ၊ မြေ သဘာဝပတ်ဝန်းကျင်ကို ညစ်ညမ်းစေပြီး ကျန်းမာရေးကို ဆိုးရွားစွာ ထိခိုက်စေနိုင်သဖြင့် ပလတ်စတစ်အိတ်နှင့် ကြွပ်ကြွပ်အိတ်များ သုံးစွဲမှုကို လျှော့ချ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အထောက်အကူပြုစေသည့် စက္ကူနှင့် ဖက်ရွက်များကို အစားထိုးသုံးစွဲသွားကြရန် စသည်တို့ကို ရှင်းလင်းဟောပြောပညာပေးခဲ့သည်။


ဈေးသည်များထံ အင်ဖက်များဖြန့်ဝေပေးနေစဉ်။

ထို့နောက် အဆိုပါအဖွဲ့သည် ဈေးအတွင်းနှင့် ဈေးအပြင်ဘက်ရှိ ကုန်စိမ်းဆိုင်၊ ကုန်ခြောက်ဆိုင်နှင့် အသားဆိုင်များကို ကြွပ်ကြွပ်အိတ် အစားထိုးအသုံးပြုနိုင်သည့် အင်ဖက်၊ ငှက်ပျော ဖက်နှင့် သတင်းစာစက္ကူများ အခမဲ့ဖြန့်ဝေပေးကာ ပလတ်စတစ်ညစ်ညမ်းမှုကို တိုက်ဖျက်ကြစို့ ခေါင်းစဉ်ဖြင့် အသိပညာပေး လက်ကမ်းစာစောင်များလည်း ဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။

**ဇော်မျိုးသန့် (ဆော)**

# ပထမအကြိမ် မြန်မာနိုင်ငံ အရေးပေါ်ကုသမှုဆေးပညာရှင်များညီလာခံ ဂုဏ်ပြုညစာစားပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တက်ရောက်

**ရန်ကုန်  ဇူလိုင်  ၂၁**

ပထမအကြိမ် မြန်မာနိုင်ငံ အရေးပေါ်ကုသမှုဆေးပညာရှင်များညီလာခံ ဂုဏ်ပြုညစာစားပွဲကို ဇူလိုင် ၂၀ ရက် ညနေပိုင်းက ရန်ကုန်မြို့၌ ကျင်းပသည်။

ဂုဏ်ပြုညစာစားပွဲ၌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ဂုဏ်ပြုအမှာစကားပြောကြားပြီး ဆေးတက္ကသိုလ် (၁) ရန်ကုန် ပါမောက္ခချုပ် ဒေါက်တာဇော်ဝေစိုး၊ မြန်မာနိုင်ငံအရေးပေါ်ကုသမှုဆေးပညာရှင်များ အဖွဲ့ ဥက္ကဋ္ဌပါမောက္ခ ဒေါက်တာမော်မော်ဦးနှင့် ကျွမ်းကျင်မှုဆိုင်ရာပညာရှင် Professor James HB Kong တို့က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ပထမအကြိမ် မြန်မာနိုင်ငံအရေးပေါ်ကုသမှုဆေးပညာရှင်များညီလာခံကို ဇူလိုင် ၂၀ ရက်မှ ၂၁ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ညီလာခံတွင် ပါမောက္ခများ၊ အရေးပေါ်ကုသမှုဆေးပညာရှင်များ၊ အရေးပေါ်သူနာပြုစုမှုပညာရှင်များက နီးနှောဖလှယ်မှုများ၊ တင်ပြဆွေးနွေးမှုများ ပြုလုပ်သွားမည်ဖြစ်သည်။

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်၊ အမြဲတမ်းအတွင်းဝန် ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း၊ အမြဲတမ်းအတွင်းဝန် ဒေါက်တာသာထွန်းကျော်၊ ဆေးရုံအုပ်ကြီးများ၊ ပါမောက္ခများ၊ အရေးပေါ်ကုသမှုဆေးပညာရှင်များ၊ အရေးပေါ်သူနာပြုစုမှုပညာရှင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်သည်။

**တွေ့ဆုံဆွေးနွေး**

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်မြို့ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဧည့်ရိပ်သာတွင် မြန်မာနိုင်ငံဆရာဝန်အသင်း၊ အထွေထွေရောဂါကုဆရာဝန်များအဖွဲ့မှ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံ ဆွေးနွေးသည်။

**လူနာညွှန်းပို့ ကုသမှုစနစ်**

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံဆရာဝန်အသင်း၊ အထွေထွေရောဂါကုဆရာဝန်များအဖွဲ့နာယကဒေါက်တာတင်အေး၊ ဥက္ကဋ္ဌဒေါက်တာခိုင်စိုးဝင်းနှင့် လာရောက်တွေ့ဆုံသူများက အထွေထွေရောဂါကုဆရာဝန်များ၏ ကျွမ်းကျင်မှုပိုင်းဆိုင်ရာနှင့် ဆေးကုသမှုပိုင်းဆိုင်ရာ အရည်အသွေးစဉ်ဆက်မပြတ် မြင့်မားစေရေးအတွက် မြန်မာနိုင်ငံဆရာဝန်အသင်းမှ ပညာရပ်ဆိုင်ရာစဉ်ဆက်မပြတ်တိုးတက်ဖွံ့ဖြိုးစေရေး လမ်းညွှန်စာအုပ်ကို ပြုစုထားရှိမှုနှင့် ဆက်လက်ထုတ်ဝေရန် စီစဉ်ဆောင်ရွက်ထားရှိမှု၊ ပညာရှင်များ၏ ပူးပေါင်းပါဝင်မှုဖြင့် လူတိုင်းလက်လှမ်းမီသော ကျန်းမာရေးစောင့်ရှောက်မှုစနစ်အား ဝန်ကြီးဌာနနှင့် ပူးပေါင်း၍ ပိုမိုအရည်အသွေးပြည့်ဝစွာနှင့် ကျယ်ပြန့်စွာ လွှမ်းခြုံမှု ပေးနိုင်မည့်ကိစ္စ၊ ဝန်ထမ်းမဟုတ်သော အထွေထွေရောဂါကုဆရာဝန်များ တက်ရောက်နိုင်သည့် မိသားစုကျန်းမာရေးစောင့်ရှောက်မှု ဆေးပညာဒီပလိုမာ သင်တန်းများ သင်ကြားဆောင်ရွက်နေမှု၊ မိသားစုကျန်းမာရေးစောင့်ရှောက်မှု ဆေးပညာမဟာဘွဲ့အား ဆေးတက္ကသိုလ်များနှင့်ပူးပေါင်း၍ သင်တန်းများ လက်တွေ့ဖွင့်လှစ်သင်ကြားနိုင်ရန် လုပ်ငန်းကော်မတီဖွဲ့စည်းဆောင်ရွက်နေမှု၊ ၂၀၂၀ ပညာသင်နှစ်အတွင်း အဆိုပါမဟာဘွဲ့သင်တန်းများ အမြန်ဖွင့်လှစ်နိုင်ရေး စီစဉ်ထားရှိမှုနှင့် ဝန်ကြီးဌာနမှ ပံ့ပိုးပေးရန်လိုအပ်မည့်အချက်များ၊ ကမ္ဘာ့မိသားစုကျန်းမာရေးစောင့်ရှောက်ရေး ဆေးပညာရှင်များအဖွဲ့၏ အာရှပစိဖိတ်ဒေသဆိုင်ရာကွန်ဖရင့်နှင့် အာဆီယံဒေသဆိုင်ရာ ပဏာမကျန်းမာရေးစောင့်ရှောက်သူများ ကွန်ဖရင့်တို့ကို ၂၀၂၁ ခုနှစ်တွင် မြန်မာနိုင်ငံ၌ လက်ခံကျင်းပသွားရန် စီစဉ်ပြီးဖြစ်၍ ဝန်ကြီးဌာနမှ ပံ့ပိုးပေးနိုင်မည့်ကိစ္စ၊ ဝန်ထမ်းမဟုတ်သည့် အထွေအထွေရောဂါကုဆရာဝန်များမှ ဆေးရုံများသို့ လူနာညွှန်းပို့ ကုသမှုစနစ် ခိုင်မာအားကောင်းစွာပေါ်ထွန်းလာရေးနှင့် အပြန်အလှန် ညွှန်းပို့မှုစနစ် ယခုထက်ပိုမို လက်တွေ့ကျစွာဆောင်ရွက်နိုင်ရေးကိစ္စရပ်များအား တင်ပြသည်။

**အထိရောက်ဆုံးပံ့ပိုးပေးမည်**

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက အထွေထွေရောဂါကုဆရာဝန်များအတွက် စဉ်ဆက်မပြတ် ဆေးကုသမှုအရည်အသွေးနှင့် စွမ်းဆောင်ရည် တိုးတက်စေရေးလုပ်ငန်းများ နှင့်ပတ်သက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ မြန်မာနိုင်ငံဆေးကောင်စီနှင့် မြန်မာနိုင်ငံဆရာဝန်အသင်းတို့ ပူးပေါင်း၍ ၂၀၂၀ ပြည့်နှစ်တွင် ဆောင်ရွက်နိုင်ရန်အတွက် ဆွေးနွေးညှိနှိုင်းမှုများ စတင်ဆောင်ရွက်နေပြီ ဖြစ်ပါကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုစနစ် ကောင်းမွန်ခြင်းနှင့်အဆင့်အတန်း မြင့်မားခြင်းသည် နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် အထွေအထွေရောဂါကုဆရာဝန်များ၊ မိသားစုကျန်းမာရေး စောင့်ရှောက်မှုဆေးပညာရှင်များ၊ ပဏာမကျန်းမာရေး စောင့်ရှောက်မှု ပညာရှင်များပါဝင်သည့် ပဏာမကျန်းမာရေးစောင့်ရှောက်မှု (Primary Care) လုပ်ငန်းများ၏ အရည်အသွေးကောင်းမွန်မှု၊ ကျယ်ပြန့်စွာလွှမ်းခြုံဆောင်ရွက်နိုင်မှု၊ ပြည်သူ့ဆေးရုံကြီးများနှင့် လူနာများအပြန်အလှန်ညွှန်းပို့ခြင်းအပါအဝင် ထိရောက်စွာချိတ်ဆက်ဆောင်ရွက်နိုင်မှု၊ သက်ဆိုင်ရာကုသရေးနှင့် ပြည်သူ့ကျန်းမာရေးတာဝန်ရှိသူများနှင့် သတင်းအချက်အလက်များ အပြန်အလှန်ပေးပို့ဖလှယ်နိုင်မှု စသည့်အချက်များပေါ်တွင် များစွာမူတည်နေသဖြင့် ၎င်းလုပ်ငန်းများကို ဆောင်ရွက်နေကြသည့် အထွေအထွေရောဂါကုဆရာဝန်များ၏ အခန်းကဏ္ဍသည် လွန်စွာအရေးကြီးပါကြောင်း၊ မိသားစုဆေးပညာမဟာဘွဲ့ (Master in Family Medicine) သင်တန်းများ ဖွင့်လှစ်သင်ကြားနိုင်ရေး အမြန်ဆုံးအကောင်အထည်ဖော်နိုင်ရန် အထိရောက်ဆုံးပံ့ပိုးပေးမည်ဖြစ်ပါကြောင်း။

အထွေထွေရောဂါကုဆရာဝန်များ၏ စွမ်းဆောင်ရည်မြှင့်တင်မှုလုပ်ငန်းများ၊ ပဏာမ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုကောင်းမွန်တိုးတက်စေရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသူများအား ကျေးဇူးတင်ရှိပါကြောင်းနှင့် ဝန်ကြီးဌာနမှ အတတ်နိုင်ဆုံးပူးပေါင်းဆောင်ရွက်၍ ထိရောက်သော ပံ့ပိုးမှုများပေးအပ်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

**သတင်းစဉ်**




ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ပထမအကြိမ် မြန်မာနိုင်ငံ အရေးပေါ်ကုသမှုဆေးပညာရှင်များညီလာခံ ဂုဏ်ပြုညစာစားပွဲတွင် ဂုဏ်ပြုအမှာစကားပြောကြားစဉ်။ သတင်းစဉ်

# မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရေး ပြည်တွင်း ပြည်ပ ပညာရှင်များ ညှိနှိုင်းအစည်းအဝေးကျင်းပ

**ရန်ကုန်  ဇူလိုင်  ၂၁**

မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသအား ကမ္ဘာ့အမွေအနှစ် စာရင်းတင်သွင်းနိုင်ရေးအတွက် အဆိုပြုစာတွဲ မူကြမ်းအား UNESCO ကမ္ဘာ့အမွေအနှစ်စင်တာ (World Heritage Center) သို့ တင်သွင်းနိုင်ရေးအတွက် ပြည်တွင်း ပြည်ပ ပညာရှင်များနှင့် အပြီးသတ် ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့တွင် လှိုင်မြို့နယ်ရှိ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ရန်ကုန်ဌာနခွဲ အစည်းအဝေးခန်းမ၌ ကျင်းပသည်။



မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရေး ပြည်တွင်း ပြည်ပ ပညာရှင်များ ညှိနှိုင်းအစည်းအဝေးကျင်းပစဉ်။ သတင်းစဉ်

**စိစစ်ဆောင်ရွက်**

အစည်းအဝေးတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကြည်မင်းက "မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသ" ကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရန် အဆိုပြုစာတွဲမူကြမ်းကို ယနေ့တက်ရောက်လာကြသည့် ပြည်တွင်း ပြည်ပ ပညာရှင်များ၊ လူမှုအဖွဲ့အစည်းများအနေဖြင့် ပြင်ဆင်ဖြည့်စွက် အတည်ပြုပေးရန်လိုအပ်သဖြင့် အကျေအလည်ဆွေးနွေးပေးကြရန် တိုက်တွန်းလိုကြောင်း၊ မြောက်ဦးဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းရေးအတွက် စာတွဲရေးသားတင်ပြမှုကို အချိန်မီတင်ပြနိုင်ရေး စာတွဲပါအချက်အလက်များ၊ သမိုင်းကြောင်းများ မှန်ကန်စေရေးအတွက် ပညာရှင်များ၊ ဌာနဆိုင်ရာများအနေဖြင့် ပူးပေါင်း၍ စိစစ်ဆောင်ရွက်ပေးကြရန် မေတ္တာရပ်ခံပါကြောင်း ပြောကြားသည်။

**ပူးပေါင်းပါဝင်ဖြည့်ဆည်း**

ဆက်လက်၍ ပြည်နယ်ဝန်ကြီး ဦးကျော်အေးသိန်းက မြောက်ဦးယဉ်ကျေးမှု အမွေအနှစ်ဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းရေးအတွက် ဆောင်ရွက်ခဲ့သည့် အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်ရန် စီစဉ်ထားရှိမှု၊ ရခိုင်ပြည်နယ်အစိုးရအနေဖြင့် စီမံခန့်ခွဲရေး၊ ဘဏ္ဍာရေး၊ ရန်ပုံငွေနှင့် ဒေသတွင်း လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းပါဝင် ဖြည့်ဆည်းပေးနေမှုများကို ရှင်းလင်းပြောကြားသည်။

**ညှိနှိုင်းဆွေးနွေးခဲ့**

ထို့နောက် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ တက်ရောက်လာကြသည့် ပြည်တွင်းပြည်ပပညာရှင်များ၊ ကော်မတီ၊ ဆပ်ကော်မတီဝင်များက အဆိုပြုစာတွဲမူကြမ်း Nomination Dossier (draft) တွင် ပါဝင်သည့် အခန်းများအလိုက် အသေးစိတ်ဆွေးနွေးကြရာ အဆိုပြုစာတွဲ အပြည့်အစုံ တင်သွင်းနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ကိုရီးယားကျေးလက်ဒေသဖွံ့ဖြိုးရေး ကော်ပိုရေးရှင်းအဖွဲ့မှ ပျဉ်းမနားမြို့နယ်အတွင်းရှိ စီမံကိန်းလုပ်ငန်းများ ကြည့်ရှု

**နေပြည်တော်  ဇူလိုင်  ၂၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ကိုရီးယားနိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသော စီမံကိန်းလုပ်ငန်းများအား ကြည့်ရှုလေ့လာခြင်းကို ဇူလိုင်လဒုတိယပတ်က ပျဉ်းမနားမြို့ ကျွန်းကုန်းကျေးရွာတွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ကိုရီးယားကျေးလက်ဒေသဖွံ့ဖြိုးရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ Mr.Kim, In Sik (President of KRC) က ကိုရီးယားနိုင်ငံနှင့် မြန်မာနိုင်ငံပူးပေါင်း၍ အကျိုးတူဆောင်ရွက်လျက်ရှိသောလုပ်ငန်းများ၏ အားသာချက်များကို ချပြရှင်းလင်းပြီး စီမံကိန်းမန်နေဂျာ Mr. Lee Sung Won က စီမံကိန်းအကြောင်းအရာများကို ထပ်ဆင့်ရှင်းလင်းပြောကြားရာ ကျွန်းကုန်းကျေးရွာ မြန်မာဆယ်မာအူးလ်အွန်ဒုံ စီမံကိန်း ကျေးရွာကော်မတီအတွင်းရေးမှူး ဦးရဲမြင့်က ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျေးရွာအတွင်း လူနေမှုပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတတ်ရေးကဏ္ဍမှ ဆောင်ရွက်ထားသော ကွန်ကရစ်လမ်း၊ ရေစင်၊ ရေပိုက်သွယ်တန်းခြင်းများ၊ ဝင်ငွေတိုးတက်ရရှိရေးကဏ္ဍမှ ဆောင်ရွက်ထားရှိသော ဆပ်ပြာဆီအစုအဖွဲ့လုပ်ငန်းများကို လှည့်လည်ကြည့်ရှုခဲ့ပြီး ဝါဆိုလပြည့်ဓမ္မစကြာနေ့အထိမ်းအမှတ်အဖြစ် အာဆီယံသပြေပင်ကို ကိုရီးယားကျေးလက်ဒေသ ဖွံ့ဖြိုးရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ Mr. Kim, In Sik နှင့် တာဝန်ရှိသူများက စိုက်ပျိုးပေးခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**



# ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများအား ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် ပအိုဝ်းလူမျိုးသမိုင်းဆိုင်ရာ စာအုပ်စာတမ်း ပေးအပ်လှူဒါန်းပွဲသို့ ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင် တက်ရောက်

**နေပြည်တော် ဇူလိုင် ၂၁**

ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများအား ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲနှင့် အလှူငွေလက်ခံပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက မွန်ပြည်နယ် မော်လမြိုင်မြို့ သာသနာ့(၂၅၀၀) ဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားသို့ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ အလှူရှင်များနှင့် ဧည့်ပရိသတ်များ တက်ရောက်ကြသည်။

**ရှင်းလင်းပြောကြား**

ရှေးဦးစွာ ပရိယတ္တိဝေဒီကျောင်းဆရာတော် ဘဒ္ဒန္တပါလရာမညထံမှ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်ကြီးများက ပရိတ်တရားတော်များ ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူကြသည်။ ယင်းနောက် မွန်ပြည်နယ် ကော့ပလိုင်ကျောင်းဆရာတော် ဘဒ္ဒန္တကေတုမာလာ၊ လမိုင်းကျောင်းဆရာတော် ဘဒ္ဒန္တသောဘဏနှင့် ကန်းနီကျောင်းဆရာတော် ဘဒ္ဒန္တသိလိန္ဒတို့က ဩဝါဒစကား ချီးမြှင့်တော်မူသည်။ ထို့နောက် ဟံသာထောကျောင်းဆရာတော် ဘဒ္ဒန္တ သီလဝန္တက သာသနာ့(၂၅၀၀) ရာမညဗိမာန်ကျောင်းနှင့်စပ်လျဉ်း၍ အလှူရှင်များအား ရှင်းလင်းပြောကြားသည်။

**ဝါဆိုသင်္ကန်းများ ဆက်ကပ်**

ယင်းနောက် ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်နှင့်ဇနီးမိသားစုတို့က သာသနာ့(၂၅၀၀) ရာမညဗိမာန်ကျောင်း ငါးထပ်ဆောင် ဆောက်လုပ်ရန်အတွက် အလှူတော်ငွေကျပ်သိန်း ၁၀၀ နှင့် ရပ်နီးရပ်ဝေးအလှူရှင်များက ဆရာတော်၊ သံဃာတော်များထံ အလှူငွေများ ဆက်ကပ်လှူဒါန်းကြပြီး ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ အလှူရှင်များက ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြသည်။

**ပေးအပ်ချီးမြှင့်**

ထို့နောက် မွန်ပြည်နယ် ပအိုဝ်းတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဒေါ်နန်းစံဝင့်ခိုင်က ဝန်ကြီးဌာနတွင် ရည်ညွှန်းအသုံးပြုရန်အတွက် ပအိုဝ်းလူမျိုးသမိုင်းဆိုင်ရာ စာအုပ်စာတမ်းများကို တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနသို့ ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ချီးမြှင့်သည်။

**ရေစက် သွန်းလောင်း**

ယင်းနောက် ပရိယတ္တိဝေဒီကျောင်းဆရာတော် ဘဒ္ဒန္တပါလရာမညက အနုမောဒနာတရားချီးမြှင့်ပြီး ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

**နေ့ဆွမ်းဆက်ကပ်**

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် ဇနီး၊ ပြည်နယ်ဝန်ကြီးများ၊ အလှူရှင်ဧည့်ပရိသတ်များက ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြသည်။

**သတင်းစဉ်**



မွန်ပြည်နယ် ပအိုဝ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါ်နန်းစံဝင့်ခိုင်က ဝန်ကြီးဌာနတွင် ရည်ညွှန်းအသုံးပြုရန်အတွက် ပအိုဝ်းလူမျိုးသမိုင်းဆိုင်ရာ စာအုပ်စာတမ်းများကိုပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်က လက်ခံရယူစဉ်။



# တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင် ဒေသခံပြည်သူများနှင့် ပုသိမ်မြို့နယ်၌ တွေ့ဆုံ

**ပုသိမ် ဇူလိုင် ၂၁**

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများ တွေ့ဆုံပွဲကို ယနေ့မွန်းလွဲပိုင်းက ပုသိမ်မြို့နယ် ကြက်ပေါင်ကျေးရွာပေါ်တော်မူ ဘုန်းကြီးကျောင်း ဝိသာခါဓမ္မာရုံ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်က တစ်လနှစ်ကြိမ် ပြည်သူများနှင့် တွေ့ဆုံကြောင်း၊ ပြည်သူများနှင့် အမြဲတမ်းတွေ့ဆုံပြီး လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် တိုင်းဒေသကြီးအစိုးရတွင် တာဝန်ရှိကြောင်း၊ ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်တာရှိသလို၊ ဆောင်ရွက်မပေးနိုင်တာလည်း ရှိကြောင်း၊ တိုင်းဒေသကြီးအစိုးရက ဆောင်ရွက်ပေးနိုင်တာ ရှိသလို၊ ပြည်ထောင်စုအစိုးရက ဆောင်ရွက်ပေးနိုင်တာရှိကြောင်း၊ သံသယကင်းကင်းနှင့် အခြေအနေမှန်ကို တင်ပြပေးနေခြင်းဖြစ်ကြောင်း၊ ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီးအစိုးရအမြဲတမ်း ချိတ်ဆက်ဆောင်ရွက်လျက်ရှိကြောင်း၊ တက်ရောက်လာကြသူများက သိလိုသည်များကိုလည်း မေးမြန်းနိုင်ပါကြောင်း၊ ချက်ချင်း ဆောင်ရွက်ပေးနိုင်သည်များကို ချက်ချင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် မဆောင်ရွက်နိုင်သည်များကိုလည်း အဆင့်ဆင့်တင်ပြဆွေးနွေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပြည်သူထည့်ဝင်နိုင်သော အခွန်အခကိုသာ ကောက်ခံခြင်းဖြစ်ကြောင်း၊ မျှတသောနှုန်းထားများကိုသာ ကောက်ခံခြင်းဖြစ်ကြောင်း၊ နိုင်ငံခြားငွေရရှိရန် လိုအပ်ကြောင်း၊ အနာဂတ်မျိုးဆက်သစ်များအတွက် ပေးသင့်ပေးထိုက်သော အမွေများပေးခဲ့ရန် လိုအပ်ကြောင်း၊ ခနအင်အားနှင့် ပညာအမွေများဖြစ်ကြောင်း၊ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရန်ပုံငွေလိုအပ်ကြောင်း၊ လက်ရှိအစိုးရသည် အမြဲတမ်းပြည်သူကိုမျက်နှာမူ၍ ဆောင်ရွက်လျက်ရှိကြောင်း၊ ဘယ်အစိုးရတက်တက် ပြည်သူပါမှသာ လုပ်ငန်းများအောင်မြင်မည်ဖြစ်ကြောင်း၊ ပြည်သူများအနေနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြပါ၊ မလိုလားအပ်သောအရာများကိုလျှော့ပါ၊ အစိုးရ၊ လွှတ်တော်၊ ပြည်သူပူးပေါင်း ဆောင်ရွက်ပြီး နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်ပြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်စွာလှိုင်က ၎င်းတို့ ဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများအကြောင်းကို ရှင်းလင်းဆွေးနွေးသည်။ ယင်းနောက် တက်ရောက်လာကြသူများက ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ ယစ်မျိုးလိုင်စင်ကိစ္စ၊ လမ်း၊ တံတားကိစ္စအတွက် မေးခွန်း ၁၃ ခု မေးမြန်းကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် သက်ဆိုင်ရာဝန်ကြီးများက ပြန်လည်ဖြေကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က နိဂုံးချုပ်စကားပြောကြားခဲ့သည်။ **မောင်မောင်မြင့်(ပြန်/ဆက်)**

# သန်လျင်သတင်းစာဆရာအသင်း နှစ်ပတ်လည်စုံညီအစည်းအဝေးကျင်းပ

**ရန်ကုန် ဇူလိုင် ၂၁**

မြန်မာနိုင်ငံ သတင်းစာဆရာအသင်း(သန်လျင်မြို့နယ်)၏ နှစ်ပတ်လည်စုံညီ အစည်းအဝေးနှင့် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၂၁ ရက် နံနက် ၉ နာရီခွဲက သန်လျင်မြို့နယ် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံး၌ ပြုလုပ်သည်။ **(အောက်ပုံ)**

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလွင်ကိုလတ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုထွန်း၊ ရန်ကုန်တိုင်းဒေသကြီး သတင်းစာဆရာအသင်းနာယက ဒါရိုက်တာမောင်ယဉ်ကျော်၊ ရန်ကုန်တိုင်းဒေသကြီး သတင်းစာဆရာအသင်းဥက္ကဋ္ဌ ဦးခင်မောင်မြင့်တို့က အမှာစကားပြောကြားခဲ့သည်။

ထို့နောက် အလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာအားတွဲဖက်အတွင်းရေးမှူး ဦးအောင်မြင့်က ဖတ်ကြားပြီး အလှူရှင်များက အလှူငွေများပေးအပ်ရာ မြို့နယ်အသင်းဥက္ကဋ္ဌ ဦးကျော်ဝင်းက လက်ခံရယူသည်။

ဆက်လက်၍ သန်လျင်ကျိုက်ခေါက်စေတီတော် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဒုတိယရဲမှူးကြီး ကျော်မိုးကြည်(ငြိမ်း)က မုဒိတာစကားပြောကြားပြီး မြို့နယ်သတင်းစာဆရာအသင်းဥက္ကဋ္ဌ ဦးကျော်ဝင်းက ကျေးဇူးတင်စကားပြောကြားသည်။ **ကိုကြီးတင်**




# ကျောက်ဖြူမြို့နယ်၌ ကျေးလက်ကုန်ထုတ်လမ်းပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**ကျောက်ဖြူ ဇူလိုင် ၂၁**

ကျောက်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၈-၂၀၁၉ ခု ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်ပြီးစီးခဲ့သည့် ငပုချိန်ကျေးရွာ မြေသားကုန်ထုတ်လမ်း (၀/၂)မိုင်အား မြို့နယ်ဦးစီးမှူးနှင့်အဖွဲ့မှ ယမန်နေ့က ကွင်းဆင်းစစ်ဆေးခဲ့သည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးလက်နေပြည်သူများ၏ လယ်ယာထွက်ကုန်၊ ရေထွက်ကုန်ပစ္စည်းများနှင့် အခြားထုတ်ကုန်ပစ္စည်းများအား လွယ်ကူလျင်မြန်စွာ သယ်ပို့ပေးနိုင်ရေးအတွက် ကုန်ထုတ်လမ်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မောင်ကျော်ကြီး**

# ရုပ်မြင်သံကြားနှင့် အသံလွှင့်လုပ်ငန်းများ ကြီးကြပ်မှုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**ရန်ကုန် ဇူလိုင် ၂၁**

ရုပ်မြင်သံကြားနှင့် အသံလွှင့်လုပ်ငန်းများ ကြီးကြပ်မှုအဖွဲ့ (Broadcasting Governing Body - BGB) လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၄/၂၀၁၉) ကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ရုပ်မြင်သံကြားနှင့် အသံလွှင့်လုပ်ငန်းများ ကြီးကြပ်မှုအဖွဲ့ ဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် အဖွဲ့ဒုတိယဥက္ကဋ္ဌ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်က ရုပ်မြင်သံကြားနှင့် အသံလွှင့်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စက်မှုဌာနခွဲနှင့် စီမံခန့်ခွဲရေးနှင့် ဘဏ္ဍာရေးဌာနခွဲမှ တာဝန်ရှိသူများက ယခင်ပြုလုပ်ခဲ့သည့် BGB အစည်းအဝေး အမှတ်စဉ် (၃/၂၀၁၉)၏ ဆုံးဖြတ်ချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှုကို ဖတ်ကြားတင်ပြပြီး လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အစည်းအဝေးသို့တက်ရောက်လာကြသည့် FM ပုဂံ၊ ပတ္တမြား FM၊ ချယ်ရီ FM၊ ရွှေ FM၊ Forever Group Co., Ltd (မန္တလေး FM၊ ပဒ္မဝတီ FM)၊ ရွှေသံလွင်မီဒီယာကုမ္ပဏီလီမိတက်၊ Family Entertainment Group၊ Mizzima Media Company Limited၊ DVD Multimedia Group Company Limited၊ Fortune Broadcasting Company Limited၊ KMA TeleMedia Holding Company Limited နှင့် My Multi Media Group Company Limited တို့မှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲများကို ဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ **သတင်းစဉ်**



ဒုတိယဝန်ကြီး ဦးအောင်လှထွန်း ရုပ်မြင်သံကြားနှင့် အသံလွှင့်လုပ်ငန်းများ ကြီးကြပ်မှုအဖွဲ့ (Broadcasting Governing Body - BGB) လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၄/၂၀၁၉) တွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်



အမေရိကန်နိုင်ငံ၌ ကမ္ဘာ့ကင်းထောက်များ စခန်းချတွေ့ဆုံပွဲ တက်ရောက်မည့် မြန်မာကင်းထောက် လူငယ်သုံးဦးအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် မြန်မာနိုင်ငံကင်းထောက်အဖွဲ့ အမျိုးသားကင်းထောက်ချုပ် ဒေါက်တာတင်ညိုနှင့် ကင်းထောက်ကြီးများက ပို့ဆောင်စဉ်။ မြန်မာနိုင်ငံကင်းထောက်အဖွဲ့

# ကမ္ဘာ့ကင်းထောက်များ စခန်းချတွေ့ဆုံပွဲ တက်ရောက်မည့် မြန်မာကင်းထောက် လူငယ်သုံးဦး အမေရိကန်နိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် ဇူလိုင် ၂၁**

အာရှပစိဖိတ်ဒေသဆိုင်ရာ ကမ္ဘာ့ကင်းထောက်ဌာနခွဲက ချီးမြှင့်ပေးအပ်သည့် Scholarship အစီအစဉ်ဖြင့် အမေရိကန်ပြည်ထောင်စု၌ ကျင်းပမည့် (၂၄)ကြိမ်မြောက် ကမ္ဘာ့ကင်းထောက်များ တွေ့ဆုံပွဲ တက်ရောက်ကြမည့် မြန်မာကင်းထောက် လူငယ်သုံးဦး ဖြစ်သည့် မောင်ခွန်လတ်အောင် (နည်းပညာတက္ကသိုလ် မန္တလေး)၊ မရှင်းသန့်လှိုင် (Brainworks - TOTAL International School Yangon)၊ မောင်ဟိန်းနိုင်စိုး (မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်)တို့သည် ယနေ့ညနေပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ အမေရိကန်နိုင်ငံသို့ ထွက်ခွာရာ မြန်မာနိုင်ငံကင်းထောက်အဖွဲ့ အမျိုးသားကင်းထောက်ချုပ် ဒေါက်တာတင်ညို၊ ကင်းထောက်အစီအစဉ်မှူးချုပ် ဦးအေးကြိုင်နှင့် ကင်းထောက်ကြီးများ၊ ကင်းထောက်လူငယ်များ၊ မိသားစုများက ပို့ဆောင်နှုတ်ဆက်ကြသည်။

**ပေးအပ်လှူဒါန်း**

(၂၄)ကြိမ်မြောက် ကမ္ဘာ့ကင်းထောက်များ စခန်းချတွေ့ဆုံပွဲ တက်ရောက်မည့် မရှင်းသန့်လှိုင် မိသားစုက နိုင်ငံ့ကိုယ်စားပြု ကင်းထောက်အဖွဲ့ဝင်များအတွက် ကင်းထောက်ဝတ်စုံ၊ မြန်မာကင်းထောက် အထိမ်းအမှတ် အသုံးအဆောင်ပစ္စည်းများ၊ နိုင်ငံတကာလူငယ်များနှင့် အမှတ်တရလဲလှယ်ရန် လိုအပ်သည့် အထိမ်းအမှတ်ပစ္စည်းများကို တာဝန်ယူလှူဒါန်းပြီး ကချင်ပြည်နယ် မြစ်ကြီးနားဇာတိ ကင်းထောက်လူငယ် မောင်ခွန်လတ်အောင် မိသားစုကလည်း မိမိနှင့်အတူ အမေရိကန်သို့ ကင်းထောက်ကိုယ်စားလှယ်အဖြစ် သွားရောက်မည့် မောင်ဟိန်းနိုင်စိုးအတွက် ဂုဏ်ပြုချီးမြှင့်သည့် အလှူငွေကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပေးအပ်လှူဒါန်းသည်။

**ရွေးချယ်ခံရ**

(၂၄)ကြိမ်မြောက် ကမ္ဘာ့ကင်းထောက်များ စခန်းချတွေ့ဆုံပွဲကို ဇူလိုင် ၂၂ ရက်မှ ဩဂုတ် ၃ ရက်အထိ ကျင်းပမည်ဖြစ်ရာ မြန်မာနိုင်ငံမှ ကင်းထောက်လူငယ်ကိုယ်စားလှယ် သုံးဦးအနက် မရှင်းသန့်လှိုင်မှာ ကမ္ဘာ့ကင်းထောက်များ စခန်းချတွေ့ဆုံပွဲတွင် Story Programme Speaker အဖြစ် ရွေးချယ်ခံရကြောင်း သိရသည်။

**သတင်းစဉ်**

# မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် လေးမြို့နယ်၌ အနာကြီးရောဂါခံစားရသူများအသင်း ဖွဲ့စည်းသွားမည်

မန္တလေး ဇူလိုင် ၂၁

**မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်လေးမြို့နယ်တွင် ပထမဆုံးအနေဖြင့် အနာကြီးရောဂါခံစားရသူများအသင်းကို ယခုနှစ် စက်တင်ဘာလအတွင်း ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ အနာကြီးရောဂါခံစားရသူများအသင်းဥက္ကဋ္ဌ ဦးစိုးဝင်းက ပြောကြားသည်။**

အဆိုပါအသင်းကို တိုင်းဒေသကြီးအဆင့်အနေဖြင့် မတ္တရာမြို့နယ် နံ့သာမြိုင်ကျေးရွာတွင် ဖွဲ့စည်းခဲ့ပြီးဖြစ်ပြီး ယခုအခါ အနာကြီးရောဂါခံစားနေရသည့် မသန်စွမ်းသူများအား အနာကြီးရောဂါ ခံစားနေရသည်ဟူသော စကားလုံးကြောင့် ဝိုင်း၍ပစ်ပယ်ခြင်း၊ ခွဲခြားဆက်ဆံခြင်းများအပြင် လူမှုရေးနယ်ပယ်နှင့် ပညာရေး၊ စီးပွားရေးများတွင်လည်း ခွဲခြားဆက်ဆံခြင်းများရှိနေ၍ အဆိုပါ ခွဲခြားဆက်ဆံခြင်းများကို ကျော်လွှားနိုင်ရန် ရည်ရွယ်၍ အမရပူရ၊ ချမ်းမြသာစည်၊ မတ္တရာနှင့် ပြင်ဦးလွင် စသည့် မြို့နယ်များတွင် အသင်းများ ထပ်မံဖွဲ့စည်းပေးသွားမည် ဖြစ်ကြောင်း သိရသည်။

"ကျွန်တော့်အနေနဲ့ အခုလို အနာကြီးရောဂါခံစားရသူများအသင်းတွေ ဖွဲ့စည်းပေးတာဟာ လူမှုပတ်ဝန်းကျင်မှာရှိနေတဲ့ ခွဲခြားဆက်ဆံမှုတွေကြောင့် သိမ်ငယ်စိတ်များမဖြစ်ပေါ်အောင် မြို့နယ်အလိုက် အသင်းတွေ ဖွဲ့စည်းပေးသွားမှာပါ။ လာမယ့် စက်တင်ဘာလထဲမှာ မြို့နယ်အဆင့်ဖြစ်တဲ့ လေးမြို့နယ်မှာ အနာကြီးရောဂါခံစားရသူများအသင်းကို ဖွဲ့စည်းပေးသွားဖို့ လျာထားပါတယ်။ ဖွဲ့စည်းပေးမယ့် မြို့နယ်တွေကို သွားရောက်ဆွေးနွေးပြီးတော့ ဖွဲ့စည်းပေးသွားမှာပါ။ မြန်မာနိုင်ငံမှာ ဒီလိုအသင်းတွေ လိုအပ်တဲ့အတွက်ကြောင့် ဖွဲ့စည်းပေးနေတာဖြစ်ပါတယ်" ဟု ဦးစိုးဝင်းက ပြောသည်။

အဆိုပါအသင်းများ ဖွဲ့စည်းပေးရာတွင် မြို့နယ်အလိုက်၊ တိုင်းဒေသကြီးအလိုက် ဖွဲ့စည်းရန်၊ အနာကြီးခံစားရသူများအသင်း မှတ်ပုံတင်နိုင်ရန်၊ အနာကြီးရောဂါသမားများ ဆေးကုသမှုခံယူနိုင်ရေးအတွက် ဆောင်ရွက်ပေးရန်၊ ရောဂါရှင်များတွေ့ပါကလည်း ကျန်းမာရေးဦးစီးဌာနများနှင့် ချိတ်ဆက်ပေးရန်၊ အနာကြီးရောဂါခံစားရသူ(သို့မဟုတ်) မိသားစုဝင်ကလေးများ ကျောင်းနေနိုင်ရန်နှင့် ကျောင်းလက်ခံရရှိစေရေးအတွက် ဆောင်ရွက်ပေးရန်၊ အနာကြီးရောဂါခံစားရသူ မိသားစုများ၏ စီးပွားရေးကို တတ်နိုင်သမျှ ကူညီဆောင်ရွက်ပေးရန်၊ ၂၀၃၀ ပြည့်နှစ်တွင် အနာကြီးရောဂါကူးစက်နှုန်း သုညအထိ ကျဆင်းနိုင်စေရန်၊ အနာကြီး ညီလာခံမှချမှတ်သော ဆုံးဖြတ်ချက်ကို ပါဝင်အကောင်အထည်ဖော် ဆောင်ရွက်သွားရန် စသည့်လုပ်ငန်းစဉ် (၇)ရပ်ဖြင့် ဖွဲ့စည်းပေးခြင်းဖြစ်ကြောင်း ၎င်းကဆက်လက်ပြောသည်။

လက်ရှိအချိန်ထိ မြန်မာနိုင်ငံတွင် အနာကြီးရောဂါခံစားရသူများအသင်းအား ပြည်၊ မတ္တရာ၊ ဟိုခိုက်၊ တောင်ငူ၊ ကျောက်တံခါး၊ မော်လမြိုင်၊ ပခုက္ကူ၊ မကွေး၊ ရွှေဘို၊ အရာတော်နှင့် မုံရွာမြို့တို့တွင် ဖွဲ့စည်းထားပြီးဖြစ်ပြီး ဆက်လက်၍ ယခုလအတွင်း၌ ချောင်းဆုံ၊ လှိုင်သာယာ၊ မော်ကျွန်း၊ ပုသိမ်မြို့တို့တွင်လည်း ဖွဲ့စည်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **အောင်ဖြိုးကျော်**

# နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇူလိုင် ၂၁**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားနည်းနေသည်။

မြန်မာ့ပင်လယ်ပြင်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့်နှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့်ရှိနိုင်သည်။ **မိုး/ဇလ**

# တက္ကသိုလ်ဝင်ခွင့်အတွက် မေးခွန်းတည်ဆောက်ခြင်းနှင့် မေးခွန်းများ၏ အရည်အသွေး

*မြင့်ထွေး (အင်္ဂလိပ်စာ)*

**မကြာသေးမီက မြန်မာ့ပညာရေးတွင် လွှမ်းမိုးမှုအကြီးမားဆုံးဖြစ်သော တက္ကသိုလ်ဝင်တန်း အောင်စာရင်းများ ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။ တက္ကသိုလ်ဝင်တန်း အောင်မြင်သူများအဖို့ အဆင့်မြင့်ပညာတက္ကသိုလ်အသီးသီးတွင် ဆက်လက်ပညာသင်ယူခွင့် ရရှိကြပေတော့မည်။ ပညာရေးဝန်ကြီးဌာနအနေဖြင့် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (NESP) နှင့်ပညာရေးစနစ်သစ်ဖြစ်သော KG+12 စနစ်ကို အကောင်အထည်ဖော်နေပြီဖြစ်ရာ နှစ်ပေါင်းများစွာ အရှိန်အဝါကြီးမားခဲ့သည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲ၏ အနာဂတ်ရပ်တည်မှုအနေအထားသည် နိုင်ငံသူ နိုင်ငံသားအများစု စိတ်ဝင်စားသောကိစ္စဖြစ်ပေသည်။**

စာမေးပွဲများနှင့် ပတ်သက်၍လည်း ပညာရပ်ဝန်းတွင်မတူကွဲပြားသော အမြင်အမျိုးမျိုးရှိနေကြသည်။ စာမေးပွဲ ထားရှိလိုသူများက အကယ်၍ စာမေးပွဲမရှိပါက ကျောင်းသား၏ စာကြိုးစားလိုစိတ်ကို မည်သို့တွန်းအားပေးမည်နည်းဟု မေးခွန်းထုတ်ကြသည်။ မှန်ပါသည်။ စာမေးပွဲ၏ ဩဇာလွှမ်းမိုးမှုကို မခံရသော ဆရာနှင့် ကျောင်းသားဟူ၍လည်း ရှိအံ့မထင်။ သာဓကပြရမည်ဆိုလျှင် အဆင့်မြင့်ပညာတွင် ပထမနှစ် ကျောင်းသားတိုင်း သင်ယူရသည့် မြန်မာ့ရေးရာဆိုသော ဘာသာရပ်တစ်ခုရှိသည်။ မူလပြဋ္ဌာန်းစဉ်က ယင်းဘာသာရပ်သည် ပို့ချရန်သက်သက်သာ ရည်ရွယ်ခဲ့ခြင်းဖြစ်ပြီး စာမေးပွဲဖြေဆိုရန် မလိုသော ဘာသာရပ်အဖြစ် ထားရှိရန်ဖြစ်သော်လည်း ကျောင်းသားများက စာဖြေရန်မလိုဟုသိသော် စာသင်ခန်းတွင် ပို့ချရန်မဖြစ်နိုင်ကြောင်း ဝေဖန်ထောက်ပြကြသည်။ ထို့ကြောင့် ထိုဘာသာရပ်ကို စာမေးပွဲတွင် ဖြေဆိုရမည့်ဘာသာရပ်အဖြစ် အသွင်ပြောင်းလိုက်ရသည့် သာဓက ရှိခဲ့ဖူးပေသည်။ တစ်ဖန် စာမေးပွဲ၏ ဆိုးကွက်ကို ထောက်ပြသူများကလည်း စာမေးပွဲကြောင့် ဖြစ်ရသော နောက်ဆက်တွဲပြဿနာ ဆိုးကျိုးများ၊ Teacher's autonomy/ Learner's autonomy စသည့် ပညာသင်ယူမှုဆိုင်ရာ စံနှုန်းသဘောတရားများနှင့် ဝေဖန်ထောက်ပြကြသည်။ နှစ်ဖက်လုံးမှန်ကြသည်သာဖြစ်သည်။ ထိုသို့ဆိုလျှင် အဖြေကအဘယ်နည်း။

> **“ တကယ်တော့ ပညာသင်ကြားခြင်း၊ ပညာသင်ယူခြင်းကိစ္စသည် အလွန်ကျယ်ပြန့် နက်နဲသော ကိစ္စဖြစ်သည်။ စာမေးပွဲရလဒ်တစ်ခုတည်းက လူတစ်ဦးတစ်ယောက်၏ဘဝ အောင်မြင်မှုကို တိုင်းတာဆုံးဖြတ်မှု မပြုလုပ်နိုင်ပေ။ မြန်မာနိုင်ငံတွင်လည်း တတ်မြောက်မှု အကဲဖြတ်စနစ်ကို ပြောင်းလဲရန် ကြိုးပမ်းအကောင်အထည်ဖော်ခဲ့ကြသည်။ ဖော်နေကြသည်။ သို့သော် ထင်သလောက် ခရီးမပေါက်သေးပေ။ လူမှုအသိုင်းအဝိုင်းတစ်ခုအတွင်း ကာလရှည်ကြာစွာ စွဲမြဲ ယုံကြည်လက်ခံထားသော အကြောင်းအရာကိစ္စတစ်ခုကို ချက်ချင်းပြောင်းလဲပစ်လိုက်ရန် ဆိုသည်မှာ အပြောလွယ်သလောက် လက်တွေ့အကောင်အထည်ဖော်ရန် ခက်လှပေသည်။ အပြောင်းအလဲကို အကောင်အထည်ဖော်ရန် Stakeholders များအားလုံး ယုံယုံကြည်ကြည် ပူးပေါင်းပါဝင်ဆောင်ရွက်ရမည့်အပြင် ဦးဆောင်အကောင်အထည်ဖော်မည့်သူများသည် လိမ္မာပါးနပ်စွာဖြင့် စိတ်ရှည်ရှည်ထား၍ အချိန်ယူကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်မှသာ ပန်းတိုင်ရောက်ရှိပေလိမ့်မည် ”**

### ပညာကိုတန်ဖိုးထားသော မြန်မာ့လူ့အဖွဲ့အစည်း

မြန်မာ့လူမှုအဖွဲ့အစည်း၏ အစဉ်အလာအရ မြန်မာတို့သည် ပညာရေးကို အလေးထားအားပေးသော အသိုင်းအဝိုင်းဖြစ်သည်။ သို့သော် မြန်မာနိုင်ငံ၏ ပညာရေးသည် နိုင်ငံတကာပညာရေးနှင့် ချိတ်ဆက်မှုမရှိဘဲ သီးသန့်တစ်ကိုယ်တည်း ရပ်တည်လာခဲ့သည်မှာ ဆယ်စုနှစ်ပေါင်းများစွာရှိခဲ့ပြီး ယခုအခါတွင်မှ နိုင်ငံတကာပညာရေးအသိုင်းအဝိုင်းနှင့် တစ်ဖန်ပြန်လည်ချိတ်ဆက်နိုင်ရန် စတင်အကောင်အထည်ဖော် ကြိုးပမ်းနေရသည်။ ပြင်ပနိုင်ငံတကာပညာရေး ကျွမ်းကျင်သူများ၏ သုံးသပ်ချက်အရ မြန်မာနိုင်ငံနှင့် အရှေ့တောင်အာရှနိုင်ငံများ အပါအဝင် နိုင်ငံတော်တော်များများ၏ ပညာရေးစနစ်သည် စာမေးပွဲကို ဗဟိုပြုသောစနစ်နှင့် အသားကျနေသော နိုင်ငံများဖြစ်သည်။ မြန်မာ့ပညာရေးစနစ်သည်လည်း စာမေးပွဲဗဟိုပြုစနစ်ဖြစ်သဖြင့် ကျောင်းသားသည်လည်းကောင်း၊ မိဘသည်လည်းကောင်း၊ ဆရာ ဆရာမသည် လည်းကောင်း စာမေးပွဲကို လွန်စွာအလေးထားအရေးပေးကြ၏။ ကျောင်းသားက စာမေးပွဲတွင်ပါလာနိုင်သော စာကိုသာ ကြည့်လို၏။ စာမေးပွဲတွင်ပါမည့်စာကို သင်ကြားပေးနိုင်သူကို အားကိုး၏။ ချဉ်းကပ်၏။ မိဘများကလည်း မိမိသားသမီး စာမေးပွဲအောင်မြင်ရေး၊ အမှတ်ကောင်းကောင်းရရှိရေး တွန်းအားပေး၏။ မိမိသားသမီး စာမေးပွဲအောင်မြင်အောင်၊ အမှတ်ကောင်းကောင်းရအောင် သင်ကြားပေးနိုင်သောသူကို အောင်မြင်သော၊ ထူးချွန်သော ဆရာ ဆရာမဟု ယေဘုယျသတ်မှတ်ကြ၏။ ထို့ကြောင့် ဆရာ ဆရာမသည်လည်း စာမေးပွဲတွင် မေးနိုင်သော အကြောင်းအရာကို အလေးပေးသင်လို၏။ စာမေးပွဲတွင် အမှတ်ကောင်းသော ကျောင်းသားကို ချီးမွမ်း၏။ ဂုဏ်ယူ၏။ ဆိုလိုသည်မှာ ကျောင်းသား၊ မိဘ၊ ဆရာ တို့သည် စာမေးပွဲကို အလွန်ရှေ့တန်းတင်ကြပေသည်။ ထိုအလေ့အထသည် မြန်မာ့လူမှုအသိုင်းအဝိုင်းတွင် ကာလရှည်ကြာစွာ ခိုင်ခိုင်မာမာ အမြစ်တွယ်စွဲမြဲနေခဲ့သည်။ ထိုသို့ဖြစ်နေရခြင်းမှာ စာမေးပွဲကို ဗဟိုပြုသောစနစ်ကြောင့် ပင်တည်း။ ဖွံ့ဖြိုးပြီးနိုင်ငံများတွင်တော့ စာမေးပွဲများရှိကြသော်လည်း စာမေးပွဲသက်သက်မျှကို ဗဟိုမပြုကြတော့။ ကျောင်းသား၏ တတ်မြောက်မှုကို ရှုထောင့်ပေါင်းစုံမှလေ့လာဆန်းစစ် အကဲဖြတ်ကြလေ့ရှိသည်။ သို့သော် လက်ရှိမြန်မာနိုင်ငံ၏ သင်ကြား / သင်ယူမှုအခြေအနေအရ Classroom Assessment or Formative Assessment စနစ်သည် ရလဒ်ကောင်း ပေါ်ထွက်ရန်အတွက် အဆင်သင့်မဖြစ်သေးဟု ယူဆပါသည်။ ထိရောက်စွာကျင့်သုံးနိုင်ခြေလည်း များစွာအားနည်းလျက်ရှိနေသည်။

### စာမေးပွဲသည် ဦးဆောင်သူ

မြန်မာတို့၏ပညာရေးတွင် အစဉ်အလာအရ စာမေးပွဲသည် ဦးဆောင်သူဖြစ်၏။ စာမေးပွဲနှင့်ခြောက်လျှင် ကြောက်၏။ စာမေးပွဲကခိုင်းစေသမျှ တစ်သဝေမတိမ်းနာခံတတ်ကြ၏။ စာမေးပွဲတွင် ဒီစာပုဒ်ချရေးလျှင် အမှတ်ရမည်ဆိုပါက မြင်မြင်သမျှမစဉ်းမစား အသံပြာအောင် အလွတ်ကျက်မှတ်ကြ၏။ စာပါအကြောင်းအရာကို နားလည်သဘောပေါက်အောင် “ကြည့်” ရမည့်အစား စာကိုကျက်ရမည်ဟု လွဲမှားစွာယူဆနေမှုဖြစ်စဉ်သည် မူလတန်းမှသည် ပါရဂူဝင်ခွင့်အထိ မြန်မာ့ပညာရေးတွင် ကင်ဆာလို နက်နက်နဲနဲ အမြစ်တွယ်နေသည်။ ထို့ကြောင့် ထိရောက်သော ကုထုံး၊ စစ်မှန်သောဆေးဝါး၊ ကျွမ်းကျင်သော ပညာရှင်တို့က မှန်ကန်သော စိတ်စေတနာတို့ဖြင့် စုပေါင်းအချိန်ယူကုသမှသာ နာလန်ထ၍ ထူထူထောင်ထောင် ပြန်ဖြစ်ပေလိမ့်မည်။

### စာမေးပွဲစနစ်ကသာလျှင်အဖြေ

စာမေးပွဲကို အလွန်အမင်းအလေးထားမှုကြောင့် ဖြစ်ပေါ်လာရသော နောက်ဆက်တွဲပြဿနာများကို စာမေးပွဲစနစ်ကသာလျှင် ကုစားပေးနိုင်ပေလိမ့်မည်။ နိုင်ငံတကာ ပညာရေးကို လေ့လာလျှင် အခြေခံပညာရေးကို ကျောင်းနေပျော်စေရန်နှင့် လွတ်လပ်စွာ သင်ကြားသင်ယူနိုင်စေရန် စာမေးပွဲဖြင့် ဖိအားပေးထားခြင်းမရှိသည်ကို တွေ့ရသည်။ သို့သော် သူတို့ဆီမှာ ဝင်ခွင့်စနစ်များဖြင့် အရည်အသွေးထိန်းထားသည်။ တက္ကသိုလ်တက်လိုပါက မိမိတက်ရောက်လိုသည့် တက္ကသိုလ်၏ တက္ကသိုလ်ဝင်ခွင့် စာမေးပွဲကို ဖြေဆိုကြရသည်။ မြန်မာနိုင်ငံတွင်မူ လက်ရှိအချိန်အထိ တက္ကသိုလ်ဝင်ခွင့်ကို တက္ကသိုလ်ဝင်တန်းစာမေးပွဲ (အရပ်အခေါ် ၁၀ တန်း)၏ စုစုပေါင်းရမှတ်ဖြင့် သတ်မှတ်ဆုံးဖြတ်နေဆဲဖြစ်သည်။ သို့သော် တက္ကသိုလ်အချို့၌ ဝင်ခွင့်စနစ်ကို စမ်းသပ်ကျင့်သုံးနေပြီဖြစ်၍ ဝမ်းမြောက်ဝမ်းသာစွာ ကြိုဆိုပါသည်။ သို့သော် တက္ကသိုလ်ဝင်ခွင့်စနစ်ကို စနစ်တကျအကောင်အထည်ဖော်နိုင်မှသာ မြန်မာ့ပညာရေးအတွက် ရလဒ်ကောင်းများပေါ်ထွက်နိုင်ပါမည်။ အဘယ့်ကြောင့်ဆိုသော် လက်ရှိကာလအထိ မြန်မာ့လူမှုအသိုင်းအဝိုင်းသည် စာမေးပွဲကိုဗဟိုပြုသောစနစ်နှင့် အသားကျနေသော အခြေအနေဖြစ်နေသောကြောင့် ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ ပညာရေးဥပဒေတွင်လည်း တက္ကသိုလ်ဝင်ခွင့်စနစ်ကို အကောင်အထည်ဖော်ရန် ပြဋ္ဌာန်းထားသည်။ မြန်မာနိုင်ငံ ပညာရေးဥပဒေပါ ယင်းပြဋ္ဌာန်းချက်ကို အကောင်အထည်ဖော်မည်ဆိုပါက တက္ကသိုလ်ဝင်ခွင့်စနစ် အသက်ဝင်လာမည်ဖြစ်ပြီး ယင်းတက္ကသိုလ်ဝင်ခွင့်စာမေးပွဲများနှင့် မေးခွန်းများသည် မြန်မာ့လူမှုအသိုင်းအဝိုင်းအပေါ် နိုင်ငံတကာနည်းတူ ဩဇာကြီးမားစွာသက်ရောက်မှုရှိမည် ဖြစ်ပါသည်။ ထို့ကြောင့် တက္ကသိုလ်ဝင်ခွင့်မေးခွန်းများ၏ အရည်အသွေးစစ်မှန်မှုသည် အလွန်အရေးပါ ပြီးသတိပြုရမည့်အချက် ဖြစ်ပေသည်။ စာမေးပွဲမေးခွန်းများသည် ကျောင်းသား၏ သင်ယူမှုပုံစံနှင့် ဆရာ၏ သင်ကြားမှုပုံစံတို့ကို ဩဇာကြီးမားစွာသက်ရောက်သည်ဟု သီအိုရီများနှင့် သုတေသီများက ထောက်ပြပြောဆိုကြသည်။ စာသင်ခန်းထဲတွင် ဖြစ်ပေါ်နေသမျှသော ဖြစ်စဉ်တိုင်းသည် မေးခွန်းများ၏ ခိုင်းစေမှုဟု တင်စားကြသည်။ ထိုသို့ဆိုလျှင် တက္ကသိုလ်ဝင်ခွင့်စာမေးပွဲများ၊ မေးခွန်းများနှင့် ၎င်းတို့၏ အရည်အသွေးနှင့်အခန်းကဏ္ဍသည် လျစ်လျူရှုထားရန်မသင့်သော ကိစ္စအကြောင်းခြင်းရာများဖြစ်ပေသည်။ ဆိုလိုရင်းမှာ Formative Assessment အားကောင်းစေရန် အရည်အသွေးကောင်းမွန်သော Summative Test များ အသုံးပြု၍ ပန်းတိုင်ရောက်အောင် တဖြည်းဖြည်းချင်း ပြောင်းသွားစေသင့်ပါသည်ဟု ဆိုလိုရင်းဖြစ်ပါသည်။

### မေးခွန်းများ၏အရည်အသွေး

Educational Assessment, Testing စသည့်ဘာသာရပ်များသည် နက်နဲကျယ်ပြန့်သော ဘာသာရပ်များဖြစ်ကြသည်။ သီအိုရီအရ စာမေးပွဲများကို ရည်ရွယ်ချက်အမျိုးမျိုးဖြင့် ကျင်းပစစ်မေးကြရာတွင် မတူညီသော Test Type အသီးသီးအသုံးပြုစစ်မေးရသည်။ ဥပမာ အင်္ဂလိပ်ဘာသာစကားတစ်ခုတည်းကို စစ်ဆေးရာမှာပင် Test Type အမျိုးမျိုးခွဲထုတ်ပြီး မေးရလေ့ရှိသည်။ သင်ယူခဲ့သော သင်ခန်းစာ မည်မျှတတ်မြောက်ကြောင်းကို Achievement Test Type ဖြင့် မေးရမည်။ လက်ရှိအင်္ဂလိပ်စာကျွမ်းကျင်မှုကို Proficiency Test Type ဖြင့် တိုင်းတာရမည်။ လူဦးရေအများကို အတန်းခွဲရန် ရည်ရွယ်ပါက Placement Test Type ဖြင့် စစ်ဆေးရမည် စသည်ဖြင့် သတ်မှတ်ထားသည်။ Test Type အသီးသီးတွင် ရည်ရွယ်ချက်သီးသန့်စီရှိပြီး မှန်ကန်သော Test Type ရွေးချယ်သုံးစွဲပါက သင်ကြားမှု / သင်ယူမှုဖြစ်စဉ်အပေါ် ကောင်းကျိုးသက်ရောက်သော်လည်း မှားယွင်းသုံးစွဲမိပါက ဖြစ်ပေါ်လာသော နောက်ဆက်တွဲဆိုးကျိုးများသည် ပညာရေးစနစ်တစ်ခုလုံးကို ဆိုးရွားသော ဖျက်ဆီးမှု ဖြစ်ပေါ်လာစေနိုင်သည်ဟု ပညာရှင်များက ဆိုသည်။ ထို့ကြောင့် တက္ကသိုလ်ဝင်ခွင့်စာမေးပွဲအတွက် အသုံးပြုမည့် မေးခွန်းတို့သည် မှန်ကန်သော Test Type အမျိုးအစားဖြစ်စေရန် အထူးအရေးကြီးပေသည်။

သီအိုရီများနှင့် သုတေသီများ၏ ရေးသားတိုက်တွန်းချက်များအရ စာမေးပွဲမေးခွန်းကောင်းတစ်ခုသည် အောက်ပါစံချိန်စံညွှန်းများနှင့် အတတ်နိုင်ဆုံးကိုက်ညီအောင် ဆောင်ရွက်ထားရမည်ဟု လေ့လာမှတ်သားရပါသည်။ ယင်းတို့မှာ -

(၁) Washback (သင်ကြား / သင်ယူမှုဖြစ်စဉ်အပေါ် ကောင်းကျိုးသက်ရောက်စေမှု)၊

(၂) Practicality (လက်တွေ့ကျင့်သုံးနိုင်မှု)၊

(၃) Reliability (စစ်ဆေးပုံ မှန်ကန်တိကျမှု)၊

(၄) Validity (မေးခွန်းအရည်အသွေး မှန်ကန်ကောင်းမွန်မှု)၊

(၅) Authenticity (လက်တွေ့လူမှုဘဝနှင့် ပတ်သက်ဆက်နွှယ်မှု) တို့ ဖြစ်ကြပါသည်။

### မှန်ကန်သင့်လျော်သောမေးခွန်းဖြစ်ဖို့လိုသည်

အထွေထွေသိပ္ပံဘာသာရပ်တွင်ပါဝင်သော **“ဒြပ်ဝတ္ထုတို့သည် ပူလျှင် ထုထည်ပွ၏”** ဟူသော သဘောတရားကို ဆရာနှင့် ကျောင်းသားတို့ကြား သင်ကြားမှု / သင်ယူမှုပုံစံမျိုးစုံကွဲပြားပေမည်။ ယင်းအကြောင်းအရာကို စစ်မေးသော မေးခွန်းပုံစံသည်လည်း အမျိုးမျိုးရှိနိုင်ပါသည်။

**ဥပမာ -မေးခွန်းပုံစံ (၁) (Subjective Testing)**

**“ဒြပ်ဝတ္ထုတို့သည် ပူလျှင် ထုထည်ပွ၏” ဟူသော သဘောတရားကို ဥပမာနှင့်တကွ ဖြေဆိုပါ။**

ဟူ၍မေးခွန်းတည်ဆောက်နိုင်သလို အောက်ပါအတိုင်းလည်း ဖြစ်နိုင်ပေသည်။

**မေးခွန်းပုံစံ (၂) (Objective Testing)**

**သင့်မော်တော်ကားအတွက်ဓာတ်ဆီဆိုင်သို့သွား၍ ဓာတ်ဆီဝယ်ထည့်မည်ဆိုပါက အောက်ပါအခြေအနေတို့၌ မည်သည့်အချိန်တွင်ထည့်ပါက ဓာတ်ဆီပမာဏအများဆုံး ရနိုင်မည်နည်း။**

**(က) နံနက်စောစောပိုင်း**

**(ခ) မွန်းလွဲပိုင်း**

**(ဂ) ညနေပိုင်း**

**(ဃ) ညဦးပိုင်း**

မေးခွန်းပုံစံ (၁) Subjective Testing သည် ကျောင်းသားနှင့်ဆရာအား အလွတ်ကျက်သည့်အလေ့အထသို့ တွန်းပို့သောတွန်းအားတစ်ခုဖြစ်သွားစေနိုင်သည်။ မေးခွန်းပုံစံ (၂) Objective Testing ကို ဖြေဆိုရန်အတွက် ဖြေဆိုသူသည် သူကျောင်းနေသင်ယူခဲ့စဉ်ကာလတစ်လျှောက် လေ့လာမှတ်သားခဲ့ဖူးသော သဘောတရားနှင့် ဗဟုသုတများကို အခြေခံပြီး ကျိုးကြောင်းဆက်စပ် ခြုံငုံသုံးသပ်နိုင်စွမ်းကို အသုံးချကာ အဖြေမှန်ရအောင် အားထုတ်ရမည် ဖြစ်သည်။ ထိုမေးခွန်းမျိုးအတွက် ဆရာ၏စာသင်ကြားမှုလုပ်ငန်းစဉ်ကို တွက်ဆကြည့်လျှင် ထိုအခြေခံသိပ္ပံသဘောတရားကို သင်ကြားသော ဆရာ ဆရာမသည် ကျောင်းသား၏ စူးစမ်းလိုစိတ်ကို နှိုးဆွ၍ ကျောင်းသားကျင်လည်ရာ ပတ်ဝန်းကျင်ရှိ လက်တွေ့သဘာဝအကြောင်းအရာများနှင့် ချိတ်ဆက်ပြီး Learning Objectives များနှင့်အညီ လွတ်လပ်စွာသင်ကြားပေးနိုင်လိမ့်မည်ဟု မျှော်လင့်ရသည်။ နောက်ထပ်အရေးပါသည့် အချက်တစ်ခုမှာ သီအိုရီအရလည်း ဝင်ခွင့်မေးခွန်းဟူသည့် ကျောင်းပြဋ္ဌာန်းစာအုပ်များနှင့် တိုက်ရိုက်ဆက်နွှယ်မှု မရှိစေရဟု သတ်မှတ်ထားရှိသောကြောင့် တက္ကသိုလ်ဝင်ခွင့်စာမေးပွဲတွင် အသုံးပြုမည့် မေးခွန်းအမျိုးအစားသည် မေးခွန်းပုံစံ (၂) ကဲ့သို့သောအမျိုးအစားသာ ဖြစ်သင့်ပေသည်။

### ခေတ်နှင့်လျော်ညီသော စစ်ဆေးမှုပုံစံဖြစ်ဖို့လိုသည်

Objective Testing ကို ဦးစားပေးရွေးချယ်ရန် အခြားသောအကြောင်းပြချက်တစ်ခုမှာ စာစစ်ကိစ္စဖြစ်သည်။ တက္ကသိုလ်ဝင်ခွင့်စာမေးပွဲတို့၏ သဘောသဘာဝအရ စာဖြေသူဦးရေအများအပြားကို မြန်မြန်ဆန်ဆန်စစ်ဆေးပြီး ရလဒ်ကိုမြန်မြန်ဆန်ဆန် ထုတ်ပြန်ပေးရသော သဘောရှိသည့်အပြင် လူအားအသုံးပြုစစ်ဆေးရမှုကြောင့် နောက်ဆက်တွဲပြဿနာများလည်း ရှိနိုင်ပေရာ သမားရိုးကျ လူအားဖြင့် စာစစ်ဆေးခြင်းပုံစံကို အသုံးပြုရန် လက်တွေ့တွင် ခက်ခဲပေမည်။ သို့သော် ထိုပြဿနာကို နည်းပညာထွန်းကားသော ယနေ့ခေတ်တွင် လွယ်ကူထိရောက်စွာ၊ ငွေကုန်ကျမှု သက်သာစွာဖြင့် ဖြေရှင်းပေးနိုင်ပြီဖြစ်ပါသည်။ စာဖြေသူဦးရေ တစ်ရာရှိသည်ဖြစ်စေ၊ တစ်ထောင်ရှိသည်ဖြစ်စေ၊ တစ်သောင်းရှိသည်ဖြစ်စေ ကွန်ပျူတာတစ်လုံးနှင့် ကျွမ်းကျင်သော ဆရာ ဆရာမအနည်းငယ်ရှိရုံမျှဖြင့် စစ်ဆေးမှုပုံစံ အနည်းငယ်ပြောင်းရုံမျှဖြင့် မှန်ကန်တိကျသော အမှတ်စာရင်းကို အချိန်တိုအတွင်း ထုတ်ပြန်ပေးနိုင်နေပြီဖြစ်ပါသည်။ ထိုသို့ ဖန်တီးရန်အတွက်လည်း ငွေကြေးအားဖြင့် အနည်းငယ်မျှသာ ကုန်ကျစရိတ်ရှိမည်ဖြစ်ပြီး စာစစ်သူအများအပြား အသုံးပြုရခြင်းဟူသော ဝန်ထုပ်ဝန်ပိုးလည်း ပပျောက်သွားမည်ဖြစ်သည်။ ထိုသို့ဘက်ပေါင်းစုံမှ များစွာသော ကောင်းကျိုးသက်ရောက်မှုများရှိခြင်း၊ လက်တွေ့ကျကျ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်းတို့ကြောင့် ဝင်ခွင့်မေးခွန်းပုံစံသည် မေးခွန်းပုံစံ (၂) ကဲ့သို့သော အမျိုးအစားသာ ဖြစ်သင့်ပေသည်။ *စာမျက်နှာ ၇ သို့*

# ရခိုင်ပြည်နယ်ဓမ္မာရုံ၌ သတ္တမအကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်း

**ရန်ကုန် ဇူလိုင် ၂၁**

ရခိုင်ပြည်နယ် ဓမ္မာရုံဂေါပကအဖွဲ့(ရန်ကုန်)က ကြီးမှူးကျင်းပသည့် သတ္တမအကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်အနီးရှိ ရခိုင်ပြည်နယ် ဓမ္မာရုံ၌ ကျင်းပသည်။

**သာသနာတော်ဆိုင်ရာများ လျှောက်ထား**

အခမ်းအနားကို ရခိုင်စည်တော်ရွှမ်း၍ ဖွင့်လှစ်ပေးပြီး ရခိုင်ပြည်နယ် ဓမ္မာရုံဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးစောသိန်းက အခမ်းအနားဖွင့်လျှောက်ထားပြီး ဂေါပကအဖွဲ့ဦးဆောင်နာယက ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်က သာသနာတော်ဆိုင်ရာများကို လျှောက်ထားသည်။ **(ယာပုံ)**

ယင်းနောက် မင်္ဂလသုခပါဠိတက္ကသိုလ်မှ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ နန္ဒဝံသထံမှ ပရိသတ်က ငါးပါးသီလခံယူ ဆောက်တည်ကြပြီး ကြွရောက်တော်မူလာကြသည့်ဆရာတော်



သံဃာတော်များက မေတ္တသုတ်တရားတော်များ ချီးမြှင့်တော်မူကြသည်။

ဆက်လက်၍ တိပိဋကပုလဲရောင်ရှိန်စာသင်တိုက် ဆရာတော် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တ ဣန္ဒပါလ က သြဝါဒကထာမြွက်ကြားပြီး ဂေါပကအဖွဲ့ ဦးဆောင်နာယက ဦးစိုးဝင်းက လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ လျှောက်ထားသည်။

**ဆက်ကပ်လှူဒါန်း**

ထို့နောက် အလိုတော်ပြည့် ဓမ္မစရိယတက္ကသိုလ်မှ ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ သုစိတ္တာဘိဝံသထံမှ ဝါဆိုသင်္ကန်းလှူဒါန်းရခြင်းအကျိုးတရားတော်ကို နာကြားကြပြီး ရခိုင်ပြည်နယ် ဓမ္မာရုံဂေါပကအဖွဲ့ဝင်များနှင့် မိသားစုများ၊ မြို့နယ်၊ တိုက်နယ်နှင့် လူမှုရေး ဘာသာရေးအသင်းအဖွဲ့များနှင့် အလှူရှင်များက ဆရာတော် သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် နဝကမ္မအလှူတော်ငွေများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ရတနာမာရ်အောင်တောရဓမ္မရိပ်သာဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ ဝါယာမိန္ဒထံမှ ပရိသတ်က ရေစက်ချအနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် ရခိုင်ပြည်နယ် ဓမ္မာရုံဂေါပကအဖွဲ့က ရခိုင်မောင်မယ် တံမြက်စည်းလှည်းအသင်း အဆောက်အဦဆောက်လုပ်ရန်အတွက် အလှူငွေများကို ပေးအပ်လှူဒါန်းပြီး ဂေါပကအဖွဲ့ ဦးဆောင်နာယက ဦးတင်ညွန့်က နိဂုံးချုပ်စကား လျှောက်ထားသည်။

ရခိုင်ပြည်နယ် ဓမ္မာရုံဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးစောသိန်းက "ဓမ္မာရုံဂေါပကအဖွဲ့က ရခိုင်တိပိဋကဘွဲ့ရ၊ အဂ္ဂမဟာဘွဲ့ရ ဆရာတော်အပါး ၂၀ ကို ပင့်ဖိတ်ပါတယ်။ ရန်ကုန်မှာရှိနေတဲ့ ရခိုင်လူမှုရေး၊ ဘာသာရေးမြို့နယ်အသင်းအဖွဲ့က တစ်သင်း တစ်ပါးကျစီ ၂၇ ပါး ပင့်ဖိတ်ပါတယ်။ စုစုပေါင်းဆရာတော် ၄၇ ပါးကို တစ်နေရာတည်းမှာ တစ်စုတစ်ဝေးတည်း ဝါဆိုသင်္ကန်းကပ်လှူကြတာ ဖြစ်ပါတယ်" ဟု ပြောသည်။

**သတင်း-ရီရီမြင့်**
**ဓာတ်ပုံ-ရဲထွန်း**

# တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များမှ လေ့လာရေးအဖွဲ့များ နေပြည်တော်ရေပန်းဥယျာဉ်သို့ သွားရောက်လေ့လာ



**နေပြည်တော် ဇူလိုင် ၂၁**

ကယားပြည်နယ်နှင့် ချင်းပြည်နယ်တို့မှ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များသည် ယနေ့မှ ဇူလိုင် ၂၅ ရက်အထိ ငါးရက်ကြာ လေ့လာရေးခရီးစဉ်အဖြစ် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်သို့ ရောက်ရှိကြသည်။

**အထင်ကရနေရာများသို့ သွားရောက်လေ့လာ**

အဆိုပါတိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များသည် ညနေပိုင်းတွင် နေပြည်တော်ရေပန်းဥယျာဉ်သို့ သွားရောက်လည်ပတ်လေ့လာကြပြီး ခရီးစဉ်အတွင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(တပ်ကုန်း)၊ လွှတ်တော်အပါအဝင် နေပြည်တော်၏ အထင်ကရနေရာများသို့ သွားရောက်လေ့လာမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

**တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များမှ လေ့လာရေးအဖွဲ့များ နေပြည်တော်ရေပန်းဥယျာဉ်၌ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။**

*စာမျက်နှာ ၆ မှ*

Objective Testing ပုံစံ အသုံးပြုစစ်ဆေးခြင်းကိုစွမှာ မခက်ခဲလှသော်လည်း ထိုစာမေးပွဲအတွက် ကောင်းမွန်သော Objective Test Item များ ရရှိအောင် ဆောင်ရွက်ရန်ကိစ္စမှာမူ မလွယ်ကူလှသောကြောင့် မေးခွန်းပြုစုသည့်စနစ်တစ်ခုကို သေချာစွာတည်ဆောက်ရန် လိုအပ်ပါသည်။

**မှန်ကန်သင့်လျော်သော မေးခွန်းပြုစုမှုစနစ်ရှိဖို့လိုသည်**

စစ်ဆေးမှုပုံစံ ၂ မျိုး (Norm-Referenced Testing & Criterion-Referenced Testing) ရှိသည့်အနက် တက္ကသိုလ်ဝင်ခွင့်စာမေးပွဲကဲ့သို့သော Screening Tests/Selection Tests များသည် Norm-Referenced Testing တွင် အကျုံးဝင်ပါသည်။ Norm-Referenced Test တစ်ခု၏ ရည်ရွယ်ချက်သည် စာဖြေသူများအား မည်မျှတတ်မြောက်သည်ကို စစ်ဆေးခြင်း(သို့) အောင်/ရှုံး သတ်မှတ်ရန်စစ်ဆေးခြင်းမျိုး မဟုတ်ဘဲ စာဖြေသူများ၏ အဆင့်ကို အနိမ့်အမြင့်သတ်မှတ်ပေးရန်အတွက်စစ်ဆေးခြင်း ဖြစ်၍ မေးခွန်းပြုစုမှုပုံစံသည် သမားရိုးကျမေးခွန်းတည်ဆောက်မှုပုံစံမှ ခွဲထွက်ပြီး ထူးခြားသော သဘောသဘာဝရှိပါသည်။ နမူနာမေးခွန်းများ ပြုစုခြင်း၊ သတ်မှတ်ထားသော စာဖြေသူများနှင့် အကြိုစမ်းသပ်စာမေးပွဲများ ကျင်းပခြင်း၊ အကြိုစာမေးပွဲရလဒ်များကို statistical formula များ အသုံးပြု၍ Reliability, Difficulty, Discrimination value များ တွက်ချက်ခြင်း၊ ရရှိလာသော statistical data များကို အသုံးပြု၍ အသင့်တော်ဆုံးသော မေးခွန်းများကို ရွေးထုတ်ပြီး စာမေးပွဲမေးခွန်းအဖြစ် ပြုစုခြင်း စသည့်အဆင့်များကို ဖြတ်သန်းပြီး စနစ်တကျပြုစုမှသာ ရလဒ်ကောင်းပေါ်ထွက်စေမည် ဖြစ်ပေသည်။ သို့ဖြစ်၍ တစ်ဦးတစ်ယောက်တည်းအားဖြင့် ဆောင်ရွက်ရန် မဖြစ်နိုင်ဘဲ ပညာရှင်အသီးသီး၏ စုပေါင်းဆောင်ရွက်မှုဖြင့်သာ မျှတသော၊ ဘက်လိုက်မှုကင်းသော၊ တက္ကသိုလ်ဝင်ခွင့်စာမေးပွဲ၏ ရည်ရွယ်ချက်ကို ကောင်းစွာ အထောက်အပံ့ပေးနိုင်သော မေးခွန်းပြုစုမှုစနစ်ဖြစ်ပေမည်။

**ပြောင်းလဲခြင်းနှင့် အမျိုးသားစရိုက်လက္ခဏာ**

တစ်နိုင်ငံလုံးနှင့်သက်ဆိုင်ပြီး ကြီးမားသောအပြောင်းအလဲကို အကောင်အထည်ဖော်ရာတွင် နိုင်ငံတွင်းရှိနိုင်ငံသားတို့၏ အမျိုးသားစရိုက်လက္ခဏာ (National Character) ကိုလည်း ထည့်သွင်းစဉ်းစားသင့်ပေသည်။ တိုင်းပြည်အသီးသီးရှိ လူသားမျိုးနွယ် တစ်မျိုးနှင့်တစ်မျိုး အခြေခံ ခံယူချက်၊ အခြေခံစရိုက်မတူကွဲပြားတတ်ကြသည်။ မြန်မာနိုင်ငံ၏တောတောင်ရေမြေသဘာဝအရ စားဝတ်နေရေး ရပ်တည်ရန်လွယ်ကူသည့်အတွက် မြန်မာတို့သည် မနက်ဖြန်အတွက် တွေးမပူတတ်သည့်လူမျိုးဟု သတ်မှတ်ခြင်းခံရသည်။ ယေဘုယျအားဖြင့် မက်လုံး (သို့) တွန်းအားလေးရှိမှ အားထည့်ကြိုးပမ်းလိုကြသည်။ အနေချောင်လျှင် နေသာသလို နေလိုကြ၏။ ဦးဆောင်မည့်သူရှိပါက နောက်မှာသာ နေလိုကြ၏။ မြန်မာတို့၏ အမျိုးသားစရိုက်လက္ခဏာနှင့် ပတ်သက်၍ စာရေးဆရာကြီး လူထုစိန်ဝင်းက သူ၏ဆောင်းပါးတစ်ပုဒ်တွင် အင်္ဂလိပ်လူမျိုးသတင်းစာအယ်ဒီတာတစ်ဦး၏ အမြင်အား ဖော်ပြဖူး၏။ ထိုအင်္ဂလိပ်လူမျိုးသတင်းစာအယ်ဒီတာမှာ အိန္ဒိယနှင့်မြန်မာတို့ လွတ်လပ်ရေးရယူရန် ကြိုးပမ်းမှုကာလကို ကောင်းစွာမိသူဖြစ်၍ အိန္ဒိယနှင့် မြန်မာလူမျိုးတို့၏ အမျိုးသားစရိုက်လက္ခဏာကို နှိုင်းယှဉ်ရှုမြင်ခြင်း ဖြစ်သည်။ ထိုအယ်ဒီတာ၏အမြင်မှာ အိန္ဒိယနိုင်ငံတွင် ခေါင်းဆောင်ကောင်းများစွာ ပေါ်ထွန်းသော်လည်း အိန္ဒိယလူမျိုးတို့သည် နောက်လိုက် ကောင်းမဖြစ်ကြ။ မြန်မာနိုင်ငံကတော့ပြောင်းပြန်ဖြစ်သည်။ ခေါင်းဆောင်ကောင်းလွန်စွာနည်းသော်လည်း ထိုခေါင်းဆောင်ကောင်းကို ထောက်ခံအားပေးသော၊ တစ်သဝေမတိမ်း နာခံသောနောက်လိုက်ကောင်းများစွာရှိသည် ဟူ၏။ ဆိုလိုသည်မှာ မြန်မာလူမျိုးတို့၏ အမျိုးသားစရိုက်လက္ခဏာသည် ဦးဆောင်သူ (သို့) ဝါကြီးသူ၊ ဂုဏ်ကြီးသူတို့ကို အလေးအမြတ်ထား၏။ ထိုသူတို့၏စကားကို တစ်သဝေမတိမ်းလေးစားနာခံတတ်သော သဘောရှိ၏။ နောက်လိုက်ပီသ၏။ ခေါင်းဆောင်မှားက နောက်က တသီကြီး လိုက်မှားကြမည့်သဘောဖြစ်သည်။ အထက်တွင် ဖော်ပြခဲ့သည့် မြန်မာတို့၏ ပညာရေးသည် စာမေးပွဲက ဦးဆောင်သော ပညာရေးဖြစ်သည် ဆိုသည့်အချက်ကို အလေးထားစဉ်းစားကြစေလိုခြင်း ဖြစ်ပါသည်။

တကယ်တော့ ပညာသင်ကြားခြင်း၊ ပညာသင်ယူခြင်းကိစ္စသည် အလွန်ကျယ်ပြန့် နက်နဲသောကိစ္စဖြစ်သည်။ စာမေးပွဲရလဒ်တစ်ခုတည်းက လူတစ်ဦးတစ်ယောက်၏ဘဝ အောင်မြင်မှုကို တိုင်းတာဆုံးဖြတ်မှု မပြုလုပ်နိုင်ပေ။ မြန်မာနိုင်ငံတွင်လည်း တတ်မြောက်မှု အကဲဖြတ်စနစ်ကို ပြောင်းလဲရန် ကြိုးပမ်းအကောင်အထည်ဖော်ခဲ့ကြသည်။ ဖော်နေကြသည်။ သို့သော် ထင်သလောက် ခရီးမပေါက်သေးပေ။ လူမှုအသိုင်းအဝိုင်းတစ်ခုအတွင်း ကာလရှည်ကြာစွာ စွဲမြဲယုံကြည်လက်ခံထားသော အကြောင်းအရာကိစ္စတစ်ခုကို ချက်ချင်းပြောင်းလဲပစ်လိုက်ရန် ဆိုသည်မှာ အပြောလွယ်သလောက် လက်တွေ့အကောင်အထည်ဖော်ရန် ခက်လှပေသည်။ အပြောင်းအလဲကို အကောင်အထည်ဖော်ရန် Stakeholders များအားလုံး ယုံယုံကြည်ကြည် ပူးပေါင်းပါဝင်ဆောင်ရွက်ရမည့်အပြင် ဦးဆောင်အကောင်အထည်ဖော်မည့်သူများသည် လိမ္မာပါးနပ်စွာဖြင့် စိတ်ရှည်ရှည်ထား၍ အချိန်ယူကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်မှသာ ပန်းတိုင်ရောက်ရှိပေလိမ့်မည်။

**ပြောင်းလဲစေဖို့အခြေအနေ ဖန်တီးပေးရမည်**

မြန်မာနိုင်ငံ၏ ခေတ်အဆက်ဆက်စီမံခန့်ခွဲမှုတွင် အထက်မှ အောက်သို့သာ အဆင့်ဆင့်ကွပ်ကဲအုပ်ချုပ်သော အစဉ်အလာကြီးမားခဲ့မှုကြောင့် လည်းကောင်း၊ မြန်မာတို့၏ အပြောင်းအလဲပြုလုပ်ရန် တွေဝေတုံ့ဆိုင်းတတ်သော စရိုက်လက္ခဏာကြောင့်လည်းကောင်း၊ အနေချောင်လျှင် နေသာသလို နေလိုကြသော အလေ့အထသဘာဝကြောင့်လည်းကောင်း သင်ကြားသူ၏ သင်ကြားနည်းစနစ်ကို ဇွတ်အတင်းပြောင်းနိုင်ဖို့ရာ မလွယ်ကူလှပေ။ သို့သော် မြန်မာတို့သည် ပြောင်းလဲဖြစ်ပေါ်လာသောအခြေအနေအရပ်ရပ်နှင့်အညီ လိုက်လျောညီထွေဖြစ်အောင် ချိန်ညှိရှင်သန်နိုင်စွမ်း (Adaptability) မြင့်မားသူများ ဖြစ်ကြသည်။ သို့အတွက် သင်ကြားသူကိုယ်တိုင်က "ငါမပြောင်းလျှင်မဖြစ်တော့" ဟူသော အသိ သတိဝင်လာပြီး ကိုယ်တိုင်ပြောင်းလဲလိုစိတ် ဖြစ်ပေါ်စေသောအနေအထားသို့ရောက်အောင် အခြေအနေတစ်ရပ် ဖန်တီးပေးမှသာ အမှန်တကယ်ပြောင်းလဲရန် ကြိုးစားကြပေလိမ့်မည်။

မဝေးတော့သောအနာဂတ်ကာလတွင် ပေါ်ထွန်းလာမည့် တက္ကသိုလ်ဝင်ခွင့် စာမေးပွဲများနှင့် မေးခွန်းတို့၏အရည်အသွေးသည် နိုင်ငံ၏ပညာရေးအပြောင်းအလဲ၌ အဓိကကျသော အစိတ်အပိုင်း ဖြစ်ပေသည်။ သို့ဖြစ်၍ ယင်းစာမေးပွဲများတွင် အသုံးပြုမည့် မေးခွန်းအသီးသီးသည် နိုင်ငံတကာတွင်ကျင့်သုံးသော ဝင်ခွင့်စာမေးပွဲများ၏စံနှုန်းနှင့် ဆီလျော်သော၊ သင်ကြားမှု/သင်ယူမှုဖြစ်စဉ်ကို ကောင်းကျိုးသက်ရောက်စေသော၊ လက်တွေ့လူမှုဘဝနှင့် ဆက်နွယ်မှုရှိသော၊ မေးခွန်းကောင်းတို့၏ဂုဏ်အင်္ဂါရပ်နှင့်ညီညွတ်သော မေးခွန်းများဖြစ်ကြပြီး မြန်မာ့ပညာရေး အပြောင်းအလဲအတွက် အထောက်အပံ့ဖြစ်နိုင်ပါစေကြောင်း ဆန္ဒပြုအပ်ပါသည်။ ။

❐ *ရွှေဖုံးမှ*

ယခုပုဂံယဉ်ကျေးမှု အမွေအနှစ်ဒေသသည် မြန်မာနိုင်ငံ၏ ဒုတိယအကြိမ်မြောက် ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်ခံခဲ့ရခြင်းဖြစ်ပြီး မြန်မာနိုင်ငံ၏ ပထမဆုံးကမ္ဘာ့အမွေအနှစ်အဖြစ် ၂၀၁၄ ခုနှစ် ဇွန် ၂၂ ရက်၌ ကာတာနိုင်ငံ ဒိုဟာမြို့တွင် ကျင်းပခဲ့သော (၃၈)ကြိမ်မြောက် ကမ္ဘာ့အမွေအနှစ်ကော်မတီ ညီလာခံအစည်းအဝေးမှ ပျူမြို့ဟောင်းသုံးမြို့ဖြစ်သည့် ဟန်လင်း၊ ဗိဿနိုးနှင့် သရေခေတ္တရာမြို့ဟောင်းများအား ကမ္ဘာ့အမွေအနှစ်အဖြစ် သတ်မှတ်ခံရပြီးဖြစ်သည်။




ပုဂံဒေသ၏ အထင်ကရစေတီဖြစ်သည့် ရွှေစည်းခုံစေတီတော်။

**အသေးစိတ်မှတ်တမ်းပြုစုထား**

ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသအား ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းတင်သွင်းရာတွင် အမွေအနှစ်စာရင်းနှင့် ကိုက်ညီမှုရှိသည့် စံသတ်မှတ်ချက်၊ နံပါတ် (၆) ရှင်သန်ဆဲယဉ်ကျေးမှုအမွေအနှစ်နှင့် ဓလေ့ထုံးတမ်းများအား အထောက်အကူဖြစ်စေမည့် ဒြပ်မဲ့ယဉ်ကျေးမှုလုပ်ငန်း (Intangible Cultural Heritage - ICH) ကို ဆောင်ရွက်ခြင်းဖြစ်ပါသည်။ ပုဂံဒေသတွင် ဆောင်ရွက်ပြီး ဒြပ်မဲ့သုတေသနလုပ်ငန်းများတွင် ရိုးရာနတ်ကိုးကွယ်မှုများ၊ ရိုးရာဘုရားပွဲတော်များ၊ ရိုးရာဆံပင်ထုံးဆင်ယင်မှုလုပ်ငန်းများ၊ မြန်မာရိုးရာဗေဒင်၊ လက္ခဏာပညာရပ်များ၊ လက်မှုပညာရပ်များ၊ မြန်မာ့ရိုးရာသနပ်ဖက်ဆေးလိပ်ပြုလုပ်ခြင်း၊ မြန်မာ့ရိုးရာဝါးထရံလုပ်ငန်း၊ ပိတ်ပန်းချီရေးဆွဲခြင်းလုပ်ငန်းများ၊ လက်ပန်းချီရေးဆွဲခြင်းလုပ်ငန်းများ၊ ကြိမ်ထည်ပစ္စည်းပြုလုပ်ခြင်း၊ ယွန်းထည်လုပ်ငန်း၊ မြန်မာ့ရိုးရာမြေပဲနှင့် နှမ်းဆုံဆီလုပ်ငန်း၊ မြန်မာ့ရိုးရာသနပ်ခါး၊ ဒေသထွက်ရိုးရာအစားအစာများ၊ အကြော်စုံလုပ်ငန်း၊ အထက်အညာပိုင်း ရိုးရာအစားအစာဖြစ်သော အသုပ်စုံလုပ်ငန်း၊ ကွမ်းယာပြုလုပ်ပုံအဆင့်ဆင့်၊ ပဲပြုတ်လုပ်ငန်း၊ ကောက်ညှင်းပေါင်းပြုလုပ်ခြင်း၊ မုန့်ကြက်အူ၊ မုန့်သြဇာ၊ မုန့်မရွှေ၊ ကုလားပဲခေါင်းပြုလုပ်ခြင်း၊ မုန့်စလင်းထောင်ပြုလုပ်ခြင်း၊ မုန့်ပျားသလက်ပြုလုပ်ခြင်း၊ ပုန်းရည်ကြီးပြုလုပ်ခြင်း၊ ထန်းလျက်ပြုလုပ်ခြင်း၊ မန်ကျည်းသီးပြုလုပ်ခြင်း၊ မုန့်ဟင်းခါး မုန့်ဖတ်ပြုလုပ်ခြင်း၊ မန်ကျည်းတော်ဖီ၊ ရှောက်တော်ဖီ၊ ဆီး(ဇီး)ထန်းလျက်ပြုလုပ်ခြင်းလုပ်ငန်းများနှင့် ပတ်သက်၍ အသေးစိတ် မှတ်တမ်းပြုစုထားပြီးဖြစ်ကြောင်း သိရသည်။



ပုဂံသို့ လာရောက်သည့် ပြည်တွင်းပြည်ပခရီးသွားများ လေ့လာဝယ်ယူနိုင်သည့် ပုဂံလက်ဆောင် ဘုရားဆင်းတုတော်နှင့် ရုပ်တုများ။



ပုဂံသို့လာရောက်သည့်ခရီးသွားများ စိတ်ဝင်စားဖွယ်လေ့လာနိုင်သည့် နရသီဟပတေ့ဘုရားရှိ အင်္ဂတေအနုလက်ရာများ။

**အမွေအနှစ်ဒေသရဲ့အစိတ်အပိုင်း**

အဆိုပါလုပ်ငန်းစဉ်နှင့်ပတ်သက်၍ လက်ထောက်ညွှန်ကြားရေးမှူးက "အမွေအနှစ်ဒေသတစ်ခုမှာဆိုရင် ဒြပ်ရှိယဉ်ကျေးမှု၊ ဒြပ်မဲ့ယဉ်ကျေးမှုတွေဆိုတာ ရှိပါတယ်။ ရိုးရာယဉ်ကျေးမှုတွေ၊ လုပ်ငန်းတွေပေါ့။ ဒီဒေသမှာဆိုရင် ထန်းလျက်လုပ်တာ၊ ထန်းပင်တက်တာ၊ ပုန်းရည်ချက်တာတွေကို နိုင်ငံခြားသားတွေကလည်း ဒီဒေသကိုရောက်ပြီဆိုရင် ဘုရားဖူးပြီး ပြန်တာမျိုးမဟုတ်ဘဲ ဒီဒေသရဲ့ နွားနဲ့ ယာထွန်တာလိုမျိုးစတဲ့ ဒြပ်မဲ့ယဉ်ကျေးမှုတွေကိုပါ စိတ်ဝင်တစားလေ့လာကြတယ်။ ဒါကြောင့်မို့လို့ ဒေသတွင်းမှာရှိတဲ့ ဒြပ်မဲ့ယဉ်ကျေးမှု၊ ရိုးရာယဉ်ကျေးမှုတွေကို အားပေးတဲ့အနေနဲ့ စာရင်းပြုစုပြီးတော့ သုတေသနလုပ်တာ ဖြစ်ပါတယ်။ ဒါကလည်း အမွေအနှစ်ဒေသရဲ့ အရေးကြီးတဲ့ အစိတ်အပိုင်းဖြစ်ပါတယ်'' ဟု ပြောကြားသည်။



ပုဂံသို့လာရောက်သည့် ခရီးသွားများ ဘုရားဖူးနိုင်ရန် အငှားလိုက်သည့် အာနန္ဒာဘုရားအနီးမှ မြင်းလှည်းများ။

**ခရီးသွားတွေ တိုးလာနိုင်**

ပုဂံဒေသ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်သည့်အတွက် ဝမ်းသာဂုဏ်ယူကြောင်း၊ ယူနက်စကို ကမ္ဘာ့အမွေအနှစ် စာရင်းဝင်သွားသည့်အတွက် ပုဂံညောင်ဦးဒေသဟာ ပူပြင်းခြောက်သွေ့ပြီး မိုးနည်းဒေသဖြစ်သည့်အတွက် စိုက်ပျိုးရေးတစ်ခုတည်းကိုသာ အားထား၍မရဘဲ ခရီးသွားလုပ်ငန်းကိုပါ အားထားရသည့်အတွက် ပြည်တွင်းရော ပြည်ပပါ ခရီးသွားများ တိုးလာနိုင်မှုကြောင့် ဒေသခံများအတွက် ဈေးသည်များလာလေ အကျိုးရှိလာလေဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

**ဟိုတယ်အလုံးရေ ၁၄၁ လုံးရှိ**

ပုဂံရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ်အမည်စာရင်းတင်သွင်းရာတွင် ကောက်ယူခဲ့သည့် အချက်အလက်များအရ ပုဂံဒေသ၌ ဈေးရောင်းချနေသည့် ဈေးဆိုင် ၂၅၀၀၊ ဟိုတယ်အလုံးရေ ၁၄၁ လုံးရှိပြီး ယင်းအနက် ၈၆ လုံးမှာ ယဉ်ကျေးမှုနယ်မြေအတွင်း ပါဝင်နေကြောင်းလည်း သိရသည်။

**ဇင်ဦး (မြန်မာ့အလင်း)**
**ဓာတ်ပုံ - သီဟစည်သူ**

# တောင်ငူ၌ ဆစ်(ခ်) ဓမ္မကျမ်းစာတော်မြတ် ရွတ်ဖတ်ပူဇော်ပွဲနှင့် သာသနာ့အလံတင်ပွဲ ကျင်းပ

**တောင်ငူ ဇူလိုင် ၂၁**

ဆစ်(ခ်)ဓမ္မကျမ်းစာတော်မြတ် အသံမစဲရွတ်ဖတ်ပူဇော်ပွဲနှင့် ဆစ်(ခ)သာသနာ့အလံတင်ပွဲအခမ်းအနားကို တောင်ငူမြို့ (၂၀)ရပ်ကွက် နတ်သျှင်နောင်ဘုရားလမ်းရှိ ဆစ်(ခ်)ဘုရားကျောင်း၌ ဇူလိုင် ၁၉ ရက်မှ ၂၁ ရက်အထိ သုံးရက်တိုင်တိုင်ကျင်းပရာ မြန်မာနိုင်ငံအနယ်နယ်အရပ်ရပ်မှ ဆစ်(ခ်) ဘာသာဝင်များ ရွတ်ဖတ်ပူဇော်ပွဲသို့ တက်ရောက်ပူဇော်ခဲ့ကြသည်။

ပူဇော်ပွဲတွင် ဝေနေယျသတ္တဝါတို့အား ကောင်းကျိုးချမ်းသာရရှိစေရန်နှင့် ဘေးအန္တရာယ်ကင်းဝေးစေရန်အတွက် ဆစ်(ခ်)ဓမ္မကျမ်းမြတ်တော် ရွတ်ဖတ်ပူဇော်ကန်တော့ခြင်း၊ ဆစ်(ခ်)သာသနာ့အလံတော်အား လွှင့်တင်ခြင်း၊ တရားတော်နာယူခြင်း၊ ဆုတောင်းပတ္ထနာပြုခြင်းများနှင့် ဓမ္မတေးသီဆိုခြင်းများကို သုံးရက်တိုင်တိုင် ကျင်းပခဲ့ခြင်းဖြစ်ကာ ဘုရားဖူးညှေ့သည်တော်များအား သက်သတ်လွတ်အစားအစာများဖြင့် ကုသိုလ်ပြု ကျွေးမွေးလှူဒါန်းခဲ့သည်။

အဆိုပါပွဲတော်သို့ မြန်မာနိုင်ငံလုံးဆိုင်ရာ ဆစ်(ခ်)သာသနာရေးရာကောင်စီဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ တောင်ငူမြို့နယ် ဟိန္ဒူကောင်စီဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ အမှုဆောင်များ၊ ဟိန္ဒူမျိုးနွယ်ဝင်မိသားစုများနှင့် ဆစ်(ခ်)ဘာသာဝင် မိသားစုများ စုံညီစွာတက်ရောက်ခဲ့ကြပြီး စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြကြောင်း သိရသည်။

**ဝ၄၈**

# လှိုင်းဘွဲ့မြို့နယ်မှ ပညာရေးဝန်ထမ်းများနှင့် ပြည်နယ်လူမှုရေးဝန်ကြီး တွေ့ဆုံ

**လှိုင်းဘွဲ့ ဇူလိုင် ၂၁**

ကရင်ပြည်နယ် လူမှုရေးဝန်ကြီး ဦးဘိုဘိုဝေမောင်သည် ပြည်နယ်ပညာရေးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးဌေးစိုး၊ လှိုင်းဘွဲ့မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းသိန်းနှင့် တာဝန်ရှိသူများနှင့်အတူ လှိုင်းဘွဲ့မြို့နယ်အတွင်းမှ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဇူလိုင် ၂၁ ရက်က ကွင်းဆင်းစစ်ဆေးကာ ပညာရေးဝန်ထမ်းများနှင့်လည်း တွေ့ဆုံခဲ့ကြောင်း သိရသည်။

လှိုင်းဘွဲ့မြို့အထက(လှိုင်းဘွဲ့)ကျောင်း ပန်းဝတ်မှုံခန်းမ၌ ပညာရေးဝန်ထမ်းများနှင့် တွေ့ဆုံရာတွင် ပြည်နယ်လူမှုရေးဝန်ကြီးက ပညာရေးကဏ္ဍ တိုးတက်မှုရှိစေရန် ဆရာ၊ ဆရာမများအနေဖြင့် တွန်းအားပေးကြပ်မတ်ဆောင်ရွက်ရန် လိုအပ်ကြောင်းနှင့် မြို့နယ်အတွင်း ဆရာ၊ ဆရာမ အင်အားမလုံလောက်မှုကိုလည်း တတ်နိုင်သမျှ ဖြည့်တင်းပေးရန် စီစဉ်လျက်ရှိကြောင်း၊ ကျောင်းသားဦးရေနှင့် စာသင်ဆောင်လုံလောက်မှုမရှိသောနေရာများတွင် စာသင်ဆောင်အသစ် ဆောက်လုပ်ပေးနိုင်ရန် တင်ပြပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ **မြို့နယ်(ပြန်/ဆက်)**

# ကြံခင်း၌ လူငယ်ရေးရာမူဝါဒ မိတ်ဆက်ရှင်းလင်းပြီး မြို့နယ်လူငယ်ရေးရာကော်မတီ ဖွဲ့စည်း

**ကြံခင်း ဇူလိုင် ၂၁**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် ရောဦးခန်းမ၌ မြန်မာနိုင်ငံ၏ လူငယ်ရေးရာမူဝါဒ မိတ်ဆက်ရှင်းလင်းပွဲနှင့် မြို့နယ်လူငယ်ရေးရာကော်မတီ ဖွဲ့စည်းသည့် အခမ်းအနားကို ဇူလိုင် ၂၀ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ကြံခင်းမြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသော်ဇင်ဝင်းက တိုင်းပြည်အနာဂတ် တိုးတက်ရေးတွင် လူငယ်များ၏အခန်းကဏ္ဍသည် အလွန်အရေးပါကြောင်း၊ ယနေ့အခမ်းအနားသို့ တက်ရောက်လာသည့် လူငယ်များတွင် ချင်းတိုင်းရင်းသားများ ပါဝင်သည်ကို တွေ့ရှိရသည့်အတွက် ဝမ်းသာမိကြောင်း၊ လူငယ်ရေးရာကော်မတီတွင် ပါဝင်ဆောင်ရွက်သွားမည့် လူငယ်များအနေဖြင့် ရှေ့ဆက်လုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်နိုင်မည်ဟု ယုံကြည်ကြောင်းနှင့် လူငယ်ရေးရာမူဝါဒ၏ ရည်မှန်းချက်များကို အသေးစိတ် ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်လွင်က လူငယ်များအနေဖြင့် ယခုလို အခမ်းအနားသို့ တက်ကြွ စိတ်ဝင်စားစွာ တက်ရောက်လာသည့်အတွက် ဝမ်းသာကြိုဆိုကြောင်း၊ ကြံခင်းမြို့နယ် တိုးတက်ရေးအတွက် လူငယ်များ စွမ်းဆောင်ရည်တိုးတက်မြင့်မားပြီး ဦးဆောင် ဆောင်ရွက်သွားနိုင်ရန် မျှော်လင့်ကြောင်း အမှာစကားပြောကြားပြီး တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ အတွင်းရေးမှူး ဦးမျိုးသူရကိုကိုက လူငယ်ရေးရာမူဝါဒ ဖြစ်ပေါ်လာပုံသမိုင်းကြောင်း၊ လူငယ်ရေးရာကော်မတီ၏ လုပ်ဆောင်ချက်၊ ရှေ့ဆက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့် စိန်ခေါ်မှုများကို အသေးစိတ် ရှင်းလင်းဆွေးနွေးကာ တက်ရောက်လာသည့် လူငယ်များက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ဆက်လက်၍ ကြံခင်းမြို့နယ်အဆင့် လူငယ်ရေးရာကော်မတီကို ဌာနဆိုင်ရာများဖြစ်သော မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်ပညာရေးဦးစီးဌာန၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့မှ တာဝန်ခံငါးဦးနှင့် တက်ရောက်လာသည့် ကျေးရွာအုပ်စု ၁၄ စုမှ ရွေးချယ်ခံ လူငယ် ၁၀ ဦး၊ အကြံပေးပုဂ္ဂိုလ် ခရိုင်လူငယ်ကော်မတီဝင် တစ်ဦး စုစုပေါင်း ၁၆ ဦးဖြင့် အောင်မြင်စွာ ဖွဲ့စည်းနိုင်ခဲ့ကြောင်း သိရသည်။

**ပို့ပို့(ပြန်/ဆက်)**

# မဏ္ဍိုင် (၄)ရပ် တွေ့ဆုံဆွေးနွေးပွဲများ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဟံသာဝတီ ဦးအုန်းကြိုင် ပြောကြား

**ရန်ကုန် ဇူလိုင် ၂၁**

မဏ္ဍိုင်လေးရပ် တွေ့ဆုံဆွေးနွေးပွဲများ ပြုလုပ်ရန် မန္တလေး၊ မြစ်ကြီးနား၊ လွိုင်ကော်မြို့နှင့် တနင်္သာရီ၊ ထားဝယ်မြို့များ ကျန်ရှိနေသေးကြောင်း မြန်မာနိုင်ငံလုံးဆိုင်ရာ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဟံသာဝတီ ဦးအုန်းကြိုင်နှင့် ၎င်း၏ နေအိမ်တွင် မီဒီယာများက သွားရောက်ဂါရဝပြုတွေ့ဆုံစဉ် ပြောကြားလိုက်သည်။


သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဟံသာဝတီ ဦးအုန်းကြိုင်

**တွေ့ဆုံပွဲ ၁၃ ကြိမ်လုပ်ပြီး**

"မဏ္ဍိုင်လေးရပ် တွေ့ဆုံဆွေးနွေးပွဲများကို နေပြည်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးတို့တွင် ပြုလုပ်လျက်ရှိရာ နေပြည်တော်တွင် သုံးကြိမ်နဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်များတွင် ၁၀ ကြိမ် စုစုပေါင်း ၁၃ ကြိမ် ပြုလုပ်ပေးနိုင်ခဲ့ပြီး မန္တလေး၊ မြစ်ကြီးနား၊ လွိုင်ကော်၊ တနင်္သာရီနဲ့ ထားဝယ်တို့ ကျန်ရှိနေသေးတယ်။ NLD အစိုးရတက်လာပြီးနောက်ပိုင်း ဒီနေ့ကာလအထိ စုစုပေါင်း ၁၃ ကြိမ် လုပ်ပြီးပြီ။ လေးနေရာလောက် ကျန်သေးတယ်။ မန္တလေးတိုင်းဒေသကြီး ကျန်တယ်။ မန္တလေးမှာ လာမယ့် သြဂုတ်လထဲမှာ လုပ်မယ်။ ပြီးရင် ကချင်ပြည်နယ် မြစ်ကြီးနားမှာလုပ်မယ်။ အဲဒီမှာဆိုရင်တော့ တိုင်းရင်းသားပေါင်းစုံ ကွန်ဖရင့်လည်းလုပ်မယ်။ နောက်ပြီး ကယားဆိုရင် လွိုင်ကော်၊ တနင်္သာရီတိုင်းဒေသကြီးဆိုရင် ထားဝယ်မှာလုပ်မယ်။ ဒါဆိုရင် ပြည့်စုံပြီ"ဟု မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဦးအုန်းကြိုင် (ဟံသာဝတီ ဦးအုန်းကြိုင်)က ဇူလိုင် ၂၀ ရက်က သတင်းမီဒီယာများနှင့် တွေ့ဆုံစဉ် ပြောကြားသည်။

**ရန်ကုန်မြို့၌ တွေ့ဆုံပြီး**

၂၀၁၆ ခုနှစ်တွင် ပြည်ထောင်စုအဆင့် မဏ္ဍိုင်လေးရပ် တွေ့ဆုံပွဲကို နေပြည်တော် ပြန်ကြားရေးဝန်ကြီးဌာနရုံးတွင် လည်းကောင်း၊ ၂၀၁၇ ခုနှစ်တွင် စစ်တွေ၊ မော်လမြိုင်၊ ပဲခူး၊ ပုသိမ်နှင့် မကွေးမြို့များတွင် လည်းကောင်း၊ ၂၀၁၈ ခုနှစ်တွင် တောင်ကြီး၊ နေပြည်တော်၊ မုံရွာ၊ ဘားအံမြို့များတွင် လည်းကောင်း၊ ၂၀၁၉ ခုနှစ်တွင် ချင်းပြည်နယ် ဟားခါးမြို့နှင့် ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့တို့၌ လည်းကောင်း တွေ့ဆုံပြီးဖြစ်သည်။

"မဏ္ဍိုင်လေးရပ် ဆွေးနွေးပွဲလုပ်တာ အဲဒီမှာ သတင်းထောက်တွေကို တက်ခိုင်းတယ်။ အပြန်အလှန်ဆွေးနွေးကြတယ်။ အလုပ်ရုံဆွေးနွေးပွဲပေါ့။ အဲဒီကနေ ရလဒ်တွေထွက်တယ်။ အဲဒီရလဒ်တွေကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့ လုပ်ငန်းကော်မတီတစ်ရပ် ဖွဲ့စည်းဆောင်ရွက်တယ်။ ဧပြီ ၃၀ ရက်က နေပြည်တော် ပြန်ကြားရေးဝန်ကြီးဌာနရုံးမှာလုပ်တဲ့ ဆွေးနွေးပွဲမှာဆိုရင် မီဒီယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ရလဒ် ၁၃ ချက် ထွက်ပေါ်ထားပါတယ်။ အဲဒါတွေလည်း အကောင်အထည်ဖော်နေပါတယ် " ဟု ၎င်း၏နေအိမ်၌ မီဒီယာများနှင့် တွေ့ဆုံစဉ် ပြောကြားသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# အင်းစိန်၌ ပြည်သူ့အကျိုးပြု စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ရန်ကုန် ဇူလိုင် ၂၁**

လွှတ်တော်ကိုယ်စားလှယ်များ ဦးဆောင်၍ ပြည်သူ့အကျိုးပြုစုပေါင်းသန့်ရှင်းရေးဆောင်ရွက်မှုလုပ်ငန်းကို ဇူလိုင် ၂၁ ရက် နံနက် ၇ နာရီက ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် မီးရထားခုံးကျော်တံတားအောက်၌ ပြုလုပ်သည်။ **(ယာပုံ)**



အဆိုပါ ပြည်သူ့အကျိုးပြု စုပေါင်းသန့်ရှင်းရေးဆောင်ရွက်မှုလုပ်ငန်းတွင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမောင်မောင်ဦးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းအောင်နှင့် မြန်မာ့မီးရထားမှ ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ စည်ပင်ဝန်ထမ်းများ၊ တောင်သူကုန်း၊ နံ့သာကုန်း၊ ဈေးကုန်းအရှေ့၊ ဈေးကုန်းအနောက်တို့မှ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ရပ်ကွက်ပြည်သူများ၊ NLD ပါတီဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မြို့နယ်အရန် မီးသတ်တပ်ဖွဲ့ဝင် များ၊ စုစုပေါင်း ၅၀၀ ကျော်တို့သည် ခုံးကျော်တံတားအောက်ရှိ ရေမြောင်းများ ရေစီးရေလာ ကောင်းမွန်စေရေးအတွက် အမှိုက်သရိုက်များ၊ ရွှံ့နွံများ တူးဖော်ဆယ်ယူခြင်း၊ တံတားအောက်ရှိ သစ်ပင်သစ်ကိုင်းများ၊ ချုံနွယ်မြက်ပင်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် လူသွားလမ်းသန့်ရှင်းရေးစသည့် ပြည်သူ့အကျိုးပြု စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**ဉာဏ်လင်း**

# တောင်သူများ လယ်ယာလုပ်ငန်းခွင်တွင် စက်ကိရိယာများ ဝယ်ယူအသုံးပြုနိုင်မှုကြောင့် လုပ်ငန်းအဆင်ပြေ

**ထီးလင်း ဇူလိုင် ၂၁**

ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ်အတွင်းမှ တောင်သူများအနေဖြင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းခွင်များတွင် အသုံးပြုသော စက်ကိရိယာများကို ယခင်ကထက်ပို၍ တစ်ပိုင်တစ်နိုင် ဝယ်ယူအသုံးပြုလာနိုင်မှုများကြောင့် လယ်ယာလုပ်ငန်းခွင်များကို ယခင်ထက် ပိုမိုအဆင်ပြေလွယ်ကူမြန်ဆန်စွာ ဆောင်ရွက်နိုင်ကြကြောင်း သိရသည်။

"လယ်ထွန်တဲ့နေရာမှာ ထွန်စက်တွေနဲ့ပဲ ထွန်ယက်ကြတော့တယ်။ ကျွဲ၊ နွားအစာအတွက် ပူစရာမလိုသလို ကျောင်းဖို့အတွက်လည်း အချိန်ပေးစရာမလိုတော့ဘူး။ အချိန်နဲ့ လုပ်အားစိုက်ထုတ်ရမှု နည်းတာပေါ့။ နောက်ပြီး ရိတ်သိမ်းခြွေလှေ့တဲ့ နေရာမှာလည်း ဟိုတုန်းက လူရဲ့လုပ်အားနဲ့ပဲ ဝိုင်းဝန်းပြီး တစ်နေကုန်နီးပါး လုပ်ကြရတယ်။ အခုတော့ စပါးခြွေလှေ့စက်တွေ ဝယ်ယူအသုံးပြုလာနိုင်တော့ အချိန်နဲ့ လူလုပ်အားစိုက်ထုတ်ရမှုတွေ သက်သာလာတာပေါ့"ဟု ထီးလင်းမြို့အမှတ်(၁) ရပ်ကွက်မှ တောင်သူတစ်ဦးက ပြောသည်။ ယခုနောက်ပိုင်း၌ လယ်ယာလုပ်ငန်းခွင်များတွင် လုပ်သားရှားပါးမှု အခက်အခဲကို ကြုံတွေ့ရလျက်ရှိရာ တောင်သူများအနေဖြင့် စက်ကိရိယာများကိုသာ ပိုမိုသုံးစွဲလာကြကြောင်း တောင်သူများ၏ ပြောကြားချက်အရ သိရသည်။ **အောင်စည်(ပြန်/ဆက်)**


ခြွေလှေ့စက်ဖြင့် စပါးခြွေနေသော ထီးလင်းမြို့နယ်မှ လယ်သမားများ။

# ရေဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုမှ လျော့နည်းသက်သာစေရေးအတွက် ဒေသအလိုက်အုပ်ချုပ်မှုဆိုင်ရာ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ပြည်သူများပူးပေါင်း၍ ဆောင်ရွက်သင့်သည့်နည်းလမ်းများ(အကြံပြုချက်များ)

(၁) ဒေသတွင်းရေကြီး၊ ရေလျှံမှုဖြစ်ရခြင်း၏အကြောင်းရင်းကို လေ့လာရှာဖွေခြင်း၊ သုံးသပ်ခြင်း၊ ဖြေရှင်းနိုင်မည့်နည်းလမ်းများ ဖော်ထုတ်ခြင်း၊

(၂) လူနေရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်များတွင် ရေနုတ်မြောင်းများကို ရေစီးရေလာကောင်းမွန်စေရန် ဆောင်ရွက်ခြင်း၊

(၃) မြစ်ကြောင်းများအတွင်း ရေစီးဆင်းမှုကို အဟန့်အတားဖြစ်စေသော သဲသောင်ခုံများ တူးဖော်ခြင်း၊

(၄) မြစ်ကမ်းဘေးတစ်လျှောက် ရေထိန်းနံရံများပြုလုပ်ခြင်း၊

(၅) တာတမံများပြုပြင် ထိန်းသိမ်းခြင်း၊ မွမ်းမံခြင်း၊

(၆) မြစ်ကမ်းပါးများတွင် မြေလွှာထိန်းသစ်ပင်များစိုက်ပျိုးခြင်း၊

(၇) မြေဆီလွှာတိုက်စားမှုကို ကာကွယ်နိုင်သည့် သစ်ပင်များ၊ သီးနှံပင်များ စိုက်ပျိုးခြင်း၊

(၈) ဆည်၊ တာတမံများ ပြင်ဆင်ခြင်းနှင့် အားဖြည့်ခြင်းအတွက် လိုအပ်သော အရေးပေါ်ပစ္စည်းကိရိယာများ (သဲအိတ်၊ ရေစုပ်စက်၊ ပေါက်တူး၊ ပေါက်ပြား၊ ဝါး အစရှိသည်များ) ကြိုတင်သိုလှောင်စုပုံခြင်း၊

(၉) မိုးသည်းထန်စွာအဆက်မပြတ်ရွာသွန်းမှုကြောင့် ဆည်၊ တာတမံကြီးများ ရေလက်ခံနိုင်စွမ်းမရှိပါက ရေလွှတ်ထုတ်ရသည့်အခါ လူနေအိမ်ခြေများ ရေလွှမ်းမိုးနိုင်မှုအတွက် ကြိုတင်သတိပေးစနစ်များ တပ်ဆင်ထားခြင်းနှင့် အချက်ပြစနစ်များ ကောင်းမွန်စေရေး ဆောင်ရွက်ထားရှိခြင်း၊

(၁၀) ဆည်၊ တာတမံများ ထိခိုက်ပျက်စီးမှုဖြစ်ပေါ်လာပါက ဆည်အောက်ဘက်ကနေ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးမှုများပြားနိုင်ကြောင်း ပိုမိုသတိပြု၍ သက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများ၊ ပြည်သူများပူးပေါင်းပါဝင်မှုဖြင့် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ခြင်း၊ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(၁၁) နှစ်စဉ်ရေကြီးရေလျှံမှုဖြစ်ပေါ်လေ့ရှိသည့်နေရာများမှ ပြည်သူလူထုကို ဘေးလွတ်ကင်းရာနေရာများတွင် ပြောင်းရွှေ့နေရာချထားပေးနိုင်ရန် ကြိုတင်စီမံဆောင်ရွက်ခြင်း၊

(၁၂) ရေဘေးဖြစ်ပွားနိုင်သည့်ဒေသတွင် အရေးပေါ်လမ်းပန်းဆက်သွယ်ရေး၊ လမ်းကြောင်းများ ကြိုတင်ရွေးချယ်သတ်မှတ်ထားခြင်း၊

(၁၃) ရေဘေးကယ်ဆယ်ရေးအဖွဲ့များ ဖွဲ့စည်းထားရှိခြင်း၊ ရေဘေးရှာဖွေကယ်ဆယ်ရေးပစ္စည်းကိရိယာများ လုံလောက်စွာ စုစည်းထားရှိခြင်း၊

(၁၄) ဒေသရှိ စက်တပ်ရေယာဉ်များ၊ လူလော်လှေများအား ကြိုတင်စုစည်းထားခြင်း၊ ထိုရေယာဉ်များအား နယ်မြေခွဲ၍ တာဝန်ပေးထားခြင်း၊

(၁၅) မြစ်၊ ချောင်းများတစ်လျှောက်နေထိုင်သူများ၊ ရေဘေးအန္တရာယ်ရှိဒေသနေ ပြည်သူများအနေဖြင့် အိမ်တိုင်းတွင် လှေငယ်များ၊ ဖောင်များ၊ အသက်ကယ်ဗောကွင်းများ အဆင့်သင့်ရှိစေခြင်း၊ ဖြစ်နိုင်ပါက အန္တရာယ်ကျရောက်နိုင်ဆုံးသောမိသားစုများအတွက် Life Jacket များဝေငှထားခြင်း၊

(၁၆) ရပ်ကွက်၊ ကျေးရွာများ၊ စာသင်ကျောင်းများတွင် ရေဘေးအသိပညာပေးလုပ်ငန်းများဆောင်ရွက်ခြင်း ဇာတ်တိုက်လေ့ကျင့်မှုများဆောင်ရွက်ခြင်း၊

(၁၇) မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများအလိုက်ကြိုတင်သတိပေးမည့် အစီအစဉ်များဆောင်ရွက်ထားခြင်း၊

(၁၈) အရေးပေါ်ဆက်သွယ်ရမည့်ဖုန်းနံပါတ်များကို ပြည်သူများသိရှိစေရေး ဆောင်ရွက်ထားခြင်း၊

(၁၉) ရေဘေးအန္တရာယ်တုံ့ပြန်ရေး စီမံချက်များရေးဆွဲထားရှိခြင်း၊

(၂၀) ဆည်၊ တာတမံများအနီးရှိ မြို့နယ်၊ ရပ်ကွက် / ကျေးရွာများအတွက် အရေးပေါ်တုံ့ပြန်ရေး အထူးစီမံချက်များရေးဆွဲထားရှိခြင်း၊

## မြင်းမူမြို့နယ်အတွင်း ဧရာဝတီမြစ်ရေနှင့် မူးမြစ်ရေဝင်ရောက်မှုကြောင့် ကျောင်းများပိတ်ထားရ

**မြင်းမူ ဇူလိုင် ၂၁**

ဧရာဝတီမြစ်ရေနှင့် မူးမြစ်ရေဝင်ရောက်မှုကြောင့် ဇူလိုင် ၁၉ ရက်က မြင်းမူမြို့နယ် လက္ကပင်အလယ်တန်းကျောင်းဝင်းသို့ စတင်ရေဝင်ခဲ့ပြီး ဇူလိုင် ၂၀ ရက် နေ့လယ်ပိုင်းတွင် ရေထပ်တိုးလာ၍ ကျောင်းပိတ်လိုက်ရသည်။

အလားတူ ကျွဲရိုက်ရွာသစ် အမကကျောင်း၊ ဆပွန်းကုန်းအခြေခံပညာမူလွန်ကျောင်း၊ မြင်းမူအမှတ်(၁)အခြေခံပညာ အလယ်တန်းကျောင်း (ခွဲ)နှင့် ဆိပ်သာ အမကကျောင်းတို့တွင်လည်း မြစ်ရေများဝင်ရောက်သည့်အတွက် (ယာယီ)ပိတ်ထားရကြောင်း သိရသည်။

"မြင်းမူ အမှတ် (၁) အလယ်တန်းကျောင်းခွဲက ဒီနေ့စပိတ်လိုက်ရတာ။ အုန်းပင်၊ သာယာပေါင်းကိုလည်း မနက်ဖြန် ပိတ်ရတော့မယ်။ ရေကတိုးနေတုန်းပဲ။ ကျောင်းတွေက ယာယီပိတ်ထားပေမယ့် ဆရာ ဆရာမတွေက ကျောင်းမှာရှိနေမှာပါ" ဟု မြို့နယ်ပညာရေးမှူး ဦးမြင့်ဆောင်က ပြောသည်။

မြင်းမူ-လက္ကပင် တာပေါင်နိမ့်ကျသွားရာနေရာသို့ ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များ၊ ကျေးရွာပြည်သူများက သဲဖို့ခြင်း၊ လက္ကပင် အခြေခံပညာအလယ်တန်းကျောင်းရှိ ရေထဲမျောပါနိုင်သော ပစ္စည်းများကို ရေလွတ်ရာသို့ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများက ရွှေ့ပြောင်းပေးခဲ့ကြောင်း သိရသည်။

ဝဂ္ဂ





## စစ်ကိုင်းမြို့တွင် ရေလွတ်ရာသို့ ပြောင်းရွှေ့နေထိုင်သည့် မိသားစုများအား ထမင်းနှင့် ရေသန့်ဘူးများ ပေးလှူ

**စစ်ကိုင်း ဇူလိုင် ၂၁**

စစ်ကိုင်းမြို့ ဧရာဝတီမြစ်ရေမှာ စိုးရိမ်ရေမှတ် အထက်ကျော်လွန်လျက်ရှိရာ အနိမ့်ပိုင်းမြို့ပေါ်ရပ်ကွက်များနှင့် မြစ်ကမ်းအနီးရှိ ကျေးရွာများ ရေဝင်ရောက်ခြင်းကြောင့် နေအိမ်အများအပြား ရေနစ်မြုပ်လျက်ရှိပြီး ရေလွတ်ရာသို့ ပြောင်းရွှေ့နေထိုင်နေကြရသူများကို ယနေ့ညနေပိုင်းက စစ်ကိုင်းမြို့နယ်ရဲတပ်မှူးရုံးမှ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်ဇော်ဦး ဦးဆောင်၍ မြို့မစခန်းမှူး ဒုရဲမှူးခိုင်စိုးထွန်းနှင့် ရဲတပ်ဖွဲ့ဝင်များ စုပေါင်းကာ ထမင်းဘူးများနှင့် ရေသန့်ဘူးများ ကုသိုလ်ပြုဝေငှပေးကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

ထို့အပြင် အနိမ့်ပိုင်းရပ်ကွက်များဖြစ်သည့် သောတပန်၊ ထုံးဘို၊ မြေဝတီ၊ တကောင်း၊ ချင်းစု၊ အုတ်စက်၊ ဒါးဝယ်ဈေး စသည့်ရပ်ကွက်များနှင့် ညောင်ကုန်း၊ ကန္ဒားတော်၊ ဂုန်ညင်းထောင်၊ တဲကြီး၊ နေပူကုန်း၊ မအူပင်စသောကျေးရွာများရှိ နေအိမ်များ ရေနစ်မြုပ်လျက်ရှိကြောင်း သိရသည်။

**ခိုင်ဇေယျ**

## ထိန်ပင်အမှိုက်ပုံ မီးလောင်ပြင်တွင် ပြန်လည်အမှိုက်ပုံရန်အတွက် ပြင်ဆင်လျက်ရှိ

**ရန်ကုန် ဇူလိုင် ၂၁**

ပြီးခဲ့သည့်နှစ်က ရက်အတော်ကြာ မီးလောင်ခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်အတွင်းရှိ ထိန်ပင်အမှိုက်ပုံ မီးလောင်ပြင်တွင် ပြန်လည်အမှိုက်ပုံရန်အတွက် ပြင်ဆင်လျက်ရှိကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန ဒုတိယဌာနမှူး ဒေါက်တာအောင်မြင့်မော်က ပြောသည်။

အဆိုပါ မီးလောင်ခဲ့သည့် နေရာတွင် အမှိုက်များ ပြန်လည်စုပုံရန်အတွက် ဧက ၈၀ ကို အပိုင်းလိုက် ခွဲခြားဆောင်ရွက်လျက်ရှိပြီး ယင်းနေရာတွင် ကျောက်နှင့် အုတ်ကျိုးများခင်း၍ ပြန်လည်အသုံးပြုနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း ၎င်းက ပြောသည်။

" ဒီနှစ် ၂၀၁၈-၂၀၁၉ မိုးရာသီမှာ အမှိုက်ချဖို့အတွက် ပြင်ဆင်ပါတယ်။ ပြင်ဆင်တာတော့ ပထမပိုင်းအနေနဲ့ ကျွန်တော်တို့ မီးလောင်ထားတဲ့ ဧက ၁၅၀ မှာ ပထမတစ်ပိုင်းဧက ၂၀ ကို ပထမ A လို့ ပိုင်းပါတယ်။ နောက်ဧက ၂၀ ကို B၊ နောက် ဧက ၂၀ ကို C၊ နောက်ဧက ၂၀ ကို D ဆိုပြီးတော့ ABCD လေးပိုင်း ပိုင်းလိုက်ပါတယ်။ အဲဒီတော့ ဒီနှစ်နဲ့ နောက်နှစ်အတွက် အမှိုက်ပုံဖို့ကတော့ A အပိုင်းမှာ A1a နဲ့ A1b ဆိုပြီး နှစ်ပိုင်းပိုင်းပါတယ်။ အဲဒီအမှိုက်ပုံပေါ်မှာ ကျောက်နဲ့ အုတ်ကျိုးတင်ပြီးတော့မှ အမှိုက်ချတဲ့စနစ်ကို အသုံးပြုပါတယ်။ ဒါကြောင့် မီးလောင်ပြင်ကို မီးထပ်မလောင်အောင်လည်း အမှိုက်သစ်ဖို့ရင်းနဲ့မှ အမှိုက်ဟောင်းပေါ်မှာ အမှိုက်သစ်ပုံဖို့အတွက်နေရာ ဆောင်ရွက်နေတာဖြစ်ပါတယ်" ဟု ဒေါက်တာ အောင်မြင့်မော်က ပြောသည်။

ထို့ပြင် ထိန်ပင်အမှိုက်ပုံ မီးလောင်ပြင်၌ ပိုလန်အစိုးရနှင့် မြန်မာနိုင်ငံအစိုးရတို့ပူးပေါင်းပြီး တစ်ရက်လျှင် အမှိုက်တန်ချိန်တစ်ထောင် အသုံးပြု၍ ဘိုင်အိုဂက်စ်ထုတ်လုပ်ရန် စီစဉ်နေကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီထံမှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်အတွင်းရှိ ထိန်ပင်အမှိုက်ပုံမှာ ပြီးခဲ့သည့် ၂၀၁၈ ခုနှစ် ဧပြီ ၂၁ ရက်က စတင်ပြီး ရက်ပေါင်းအတော်ကြာ မီးလောင်ခဲ့ပြီး ဧက ၃၀၀ ခန့်ရှိသည့် အနက်ဧက ၁၀၀ ကျော် မီးလောင်ခဲ့ကြောင်း သိရသည်။

**ငြိမ်းငြိမ်း**

## မင်းပြားမြို့နယ်ရှိ သဘာဝဘေးဒဏ်သင့် အိမ်ထောင်စုများအား ထောက်ပံ့ငွေများ ပေးအပ်

**မင်းပြား ဇူလိုင် ၂၁**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မင်းပြားမြို့နယ်အတွင်း ဇူလိုင် ၈ ရက်မှ ၁၄ ရက်အထိ မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး ရေကြီးရေလျှံမှုဖြစ်ကာ သဘာဝဘေးဒဏ်သင့်ခံရသည့် အိမ်ထောင်စုများအား ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့ငွေများ လွှဲပြောင်းပေးအပ်ခြင်းကို ယနေ့နံနက် ၉ နာရီက မင်းပြားမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းငြိမ်းနိုင်နှင့် တာဝန်ရှိသူများက ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့ငွေများကို ရေကြီးရေလျှံမှုကြောင့် လုံးဝပျက်စီးအိမ်ထောင်စု ၂၅ စုအတွက် အိမ်ထောင်စု တစ်စုလျှင်ငွေကျပ်သုံးသိန်း၊ တစ်စိတ်တစ်ပိုင်းပျက်စီးအိမ်ထောင်စု ၃၁ စုအတွက် အိမ်ထောင်စုတစ်စုလျှင်ငွေကျပ်တစ်သိန်းနှုန်းဖြင့် စုစုပေါင်းငွေကျပ် ၁၀၆ သိန်း ပေးအပ်သည်။

ထို့အပြင် မြောက်ဦးခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက လုံးဝပျက်စီးအိမ်ထောင်စု ခြောက်စုအတွက်တစ်အိမ်ထောင်စုလျှင် ငွေကျပ်တစ်သိန်း၊ တစ်စိတ်တစ်ပိုင်းပျက်စီးအိမ်ထောင်စု ၂၉ စုအတွက် အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၂၀၀၀၀၊ တစ်ဦးလျှင်ငွေကျပ် ၂၁၀၀ နှင့်ကယ်ဆယ်ရေးပစ္စည်း ၁၅ မျိုးပါပုံး ခြောက်ပုံး စုစုပေါင်းငွေကျပ် ၁၂ သိန်းကျော်ကို ပေးအပ်သည်။



**ဝင်းမင်းစိုး(ပြန်/ဆက်)**

# အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ၂၀၁၉ ခုနှစ် ဇွန်လအတွင်း အလုပ်သမားရေးရာဆိုင်ရာ ဆောင်ရွက်ချက်များ

**နေပြည်တော် ဇူလိုင် ၂၁**

နိုင်ငံတော်၏ကုန်ထုတ်စွမ်းအားတိုးတက်စေရေးကိုတစ်ဖက်တစ်လမ်းမှအထောက်အကူပြုရာတွင် စက်ရုံ၊ အလုပ်ရုံများ၏ ကုန်ထုတ်စွမ်းအားတိုးတက်ရေးအတွက် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုပ်ငန်းခွင်အေးချမ်းသာယာရေး၊ စက်ရုံ၊ အလုပ်ရုံများရှိ အလုပ်သမားများအား လူမှုဖူလုံရေးအကျိုးခံစားခွင့်များရရှိရေးနှင့် ဆေးဝါးကုသပေးခြင်း၊ ဥပဒေပါရပိုင်ခွင့်များကို ပြည့်ပြည့်ဝဝ မှန်မှန်ကန်ကန်ရရှိစေရေးတို့အား အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိသည်။

အလုပ်သမားညွှန်ကြားရေးဦးစီးဌာနအနေဖြင့် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်ပုံစံဖြင့် ကျား ၃၉၇၁ ဦး၊ မ ၅၅၉၁ ဦးတို့အတွက် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ် စုစုပေါင်း ၉၅၆၂ ဦး ချုပ်ဆိုခဲ့သည်။ အလုပ်ရှင်/အလုပ်သမားအငြင်းပွားမှုများကို ညှိနှိုင်းဖျန်ဖြေပေးရန်အတွက် မြို့နယ်များတွင် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့များကို ဖွဲ့စည်းထားရှိ ဆောင်ရွက်ခဲ့ရာ ၂၀၁၉ ခုနှစ် ဇွန်လအတွင်း လက်ခံရရှိမှု ၈၃ မှုတွင် ကျေအေးမှု ၁၄ မှု၊ လွှဲပြောင်းမှု ရှစ်မှု၊ ပိတ်သိမ်းမှုရှစ်မှုနှင့် ငွေကြေးအကျိုးခံစားခွင့် ၅၃ မှုတို့ဖြစ်ပြီး ငွေကြေးအကျိုးခံစားခွင့်ရှိသူ ၁၃၂ ဦးအား ငွေကျပ် ၇၁၃၁၅၄၆၉ ကို ခံစားခွင့်ရရှိစေခဲ့ပါသည်။ ကျွမ်းကျင်လုပ်သားများ ရရှိစေရန်လေ့ကျင့်ပေးခြင်းနှင့် ကျွမ်းကျင်မှုအဆင့်အလိုက်ကျွမ်းကျင်လုပ်သားများအား ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်၍ အသိအမှတ်ပြုလက်မှတ်များထုတ်ပေးခြင်းများအနေဖြင့် အောက်ပါအတိုင်းဖြစ်သည်-

**ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်းများတွင် ၂၀၁၉ ခုနှစ် ဇွန်လအတွင်း ဖွင့်လှစ်ခဲ့သော သင်တန်းများစာရင်း**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ | သင်တန်းသားဦးရေ | | |
|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း |
| ၁။ | လေအေးပေးစက်တပ်ဆင်/ ပြုပြင်ခြင်းသင်တန်း | ၃၁-၅-၁၉မှ ၅-၇-၁၉အထိ | ၃၂ | - | ၃၂ |
| ၂။ | လျှပ်စစ်သင်တန်း | ၃၁-၅-၁၉မှ ၅-၇-၁၉အထိ | ၂၆ | ၆ | ၃၂ |
| ၃။ | Assessor Methodology Training | ၃-၆-၁၉မှ ၇-၆-၁၉အထိ | ၁၁ | ၂၄ | ၃၅ |
| ၄။ | Inspector Training | ၁၉-၆-၁၉မှ ၂၁-၆-၁၉အထိ | ၁၂ | ၇ | ၁၉ |
| ၅။ | ပြည်ပအလုပ်အကိုင်ဆိုင်ရာ လမ်းညွှန်သင်တန်း(မြောက်ဒဂုံ) | ၂၆-၅-၁၉မှ ၂၈-၆-၁၉အထိ | ၄၁၇၇ | ၉၀၂ | ၅၀၇၉ |
| ၆။ | ပြည်ပအလုပ်အကိုင်ဆိုင်ရာ လမ်းညွှန်သင်တန်း(မန္တလေး) | ၃-၆-၁၉မှ ၃၀-၆-၁၉အထိ | ၂၇၈၇ | ၇၆၀ | ၃၅၄၇ |
| စုစုပေါင်း | | | ၇၀၄၅ | ၁၆၉၉ | ၈၇၄၄ |

**၂၀၁၉ ခုနှစ် ဇွန်လအတွင်း ကျွမ်းကျင်လုပ်သားများအား ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ခြင်းဇယား**

| စဉ် | အလုပ်အကိုင်အမည် | အဆင့် | ဖြေဆိုသူ | | | အောင်မြင်သူ | | |
|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| ၁။ | Hydraulic Excavator | Level-1 | ၁၀ | - | ၁၀ | ၁၀ | - | ၁၀ |
| ၂။ | Garment Level-1 | Level-1 | ၅ | ၄၈ | ၅၃ | ၅ | ၄၆ | ၅၁ |
| ၃။ | Electrician | Level-1 | ၃၉ | ၁ | ၄၀ | ၃၇ | ၁ | ၃၈ |
| ၄။ | Motorized Farm | Level-1 | ၃၀ | - | ၃၀ | ၃၀ | - | ၃၀ |
| ၅။ | Cabinet Maker | Level-1 | ၁၅ | ၁ | ၁၆ | ၁၅ | ၁ | ၁၆ |
| စုစုပေါင်း | | | ၉၉ | ၅၀ | ၁၄၉ | ၉၇ | ၄၈ | ၁၄၅ |

အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနအနေဖြင့် အများပြည်သူအလုပ်ပိတ်ရက် အလုပ်လုပ်ခြင်း၊ လုပ်သက်ခွင့်ကို ငွေကြေးဖြင့် ခံစားခွင့်ပေးခြင်း၊ လုပ်အားခ ကျန်ငွေမရရှိမှုများ၊ ရှောင်တခင်ခွင့်၊ ဆေးခွင့်နှင့် မီးဖွားခွင့်များယူရာတွင် ငွေကြေးခံစားခွင့်များရရှိအောင်ဆောင်ရွက်ပေးခဲ့ရာ ငွေကြေးခံစားခွင့် ငွေကျပ်သိန်းပေါင်း ၂၄၀၀၀ ကျော်ကို ခံစားခွင့်ပေးနိုင်ခဲ့ပြီး စက်ရုံ/အလုပ်ရုံများတွင် အလုပ်သမားများ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအသိပညာရရှိစေရန်အတွက် မြို့နယ်အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန၊ စစ်ဆေးရေးအရာရှိများက စက်ရုံ/အလုပ်ရုံ ၉၈၇ ရုံမှ အလုပ်ရှင်၊ အလုပ်သမားများအား လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးဆိုင်ရာနှင့် ဥပဒေရေးရာသိမှတ်ဖွယ်ရာများအား ပညာပေး ဟောပြောပို့ချမှု ၂၂၁ ကြိမ် ဆောင်ရွက်ခဲ့သည်။

အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာနအနေဖြင့် အလုပ်ရှင်အလုပ်သမားအငြင်းပွားမှုများ ဖြေရှင်းဆောင်ရွက်ရာတွင် ခုံသမာဓိအဖွဲ့တွင် တစ်မှုနှင့် ခုံသမာဓိကောင်စီတွင် တစ်မှုကိုဖြေရှင်း ဆောင်ရွက်ပေးခဲ့သည်။

လူမှုဖူလုံရေးအဖွဲ့အနေဖြင့် လူမှုဖူလုံရေးဥပဒေတွင် အကျုံးဝင်သောစက်ရုံ၊ အလုပ်ရုံများရှိ အလုပ်သမားများအား လူမှုဖူလုံရေးအကျိုးခံစားခွင့်များရရှိရေးနှင့် ဆေးဝါးကုသပေးခြင်းများ ဆောင်ရွက်ရာတွင် ငွေကြေးအကျိုးခံစားခွင့်များ ထုတ်ပေးမှုအနေဖြင့် အာမခံအလုပ်သမားများအား ငွေကြေးအကျိုးခံစားခွင့်များအလိုက် ငွေကျပ်သိန်းပေါင်း ၁၃၀၀၀ ကျော် အကျိုးခံစားခွင့်ပေးခဲ့ပြီး အာမခံအလုပ်သမား ၁၁၅၂ ဦး အတွက် ဆေးဖိုးကုန်ကျငွေကျပ်သိန်း ၁၁၀၀ ကျော် ပြန်လည်ထုတ်ပေးခဲ့သည်။

အာမခံအလုပ်သမားများအား ၂၀၁၉ ခုနှစ် ဇွန်လအတွင်း အလုပ်သမားဆေးရုံကြီးများ၊ လူမှုဖူလုံရေးဆေးခန်းများနှင့် ဌာနကြီး ဆေးခန်းများတွင် ဆေးကုသပေးမှု အခြေအနေများမှာ အောက်ပါအတိုင်းဖြစ်သည်-

**ဆေးဝါးကုသပေးမှုအခြေအနေ**

| စဉ် | အကြောင်းအရာ | ဆေးကုသပေးမှုဦးရေ |
|---|---|---|
| က | အလုပ်သမားဆေးရုံကြီး (၃)ရုံ(ပြင်ပလူနာ ၁၀၀၀၁ ဦး ၊ အတွင်းလူနာ ၇၃၂ ဦး) | ၁၀၇၃၃ ဦး |
| ခ | လူမှုဖူလုံရေးဆေးခန်း(၉၆)ခန်း၊ ဌာနကြီးဆေးခန်း (၅၇)ခန်းနှင့် လူမှုဖူလုံရေး-ကဲဝဲလ်ဆေးခန်း (၄)ခန်းနှင့် PPS စနစ်ဖြင့်စာချုပ်ချုပ်ဆိုထားသည့် ဆေးခန်း (၇)ခန်းတို့မှ ဆေးကုသပေးမှု | ၉၆၆၇၂ ဦး |
| ဂ | အလုပ်သမားဆေးရုံကြီး (၃)ရုံ မှ ဆရာဝန်များ ကွင်းဆင်းဆေးကုသပေးမှု (၃)ကြိမ် | ၂၀၉၀ ဦး |
| ဃ | လူမှုဖူလုံရေးဆေးခန်းများမှ ဆရာဝန်များ ကွင်းဆင်းဆေးကုသမှု (၈၂)ကြိမ် | ၁၄၉၇ ဦး |

သတင်းစဉ်

## ပူတာအိုမြို့နယ် ဒါဂိုရှီဇားကျေးရွာ၌ တိုင်းရင်းဆေးအသိပညာပေး ဟောပြောခြင်းနှင့် ကွင်းဆင်းဆေးကုသခြင်းဆောင်ရွက်

**ပူတာအို ဇူလိုင် ၂၁**

ကချင်ပြည်နယ် ပူတာအိုမြို့နယ်တိုင်းရင်းဆေးဦးစီးဌာနအနေဖြင့် လူတိုင်းသက်တမ်းစေ့ အသက်ရှည်စွာနေနိုင်ရေးနှင့် လူတိုင်းရောဂါဘယကင်းရှင်းစေရေးဟူသော ရည်မှန်းချက်နှစ်ရပ်နှင့်အညီ တိုင်းရင်းဆေးအသိပညာပေးဟောပြောခြင်းနှင့် ကွင်းဆင်းဆေးကုသခြင်းများကို ဇူလိုင် ၂၀ ရက်က ပူတာအိုမြို့နယ် ဒါဂိုရှီဇားကျေးရွာ အစည်းအဝေးခန်းမ၌ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် မြို့နယ်တိုင်းရင်းဆေးဦးစီးဌာန လက်ထောက်တိုင်းရင်းဆေးမှူး ဒေါ်ခိုင်မျိုးဦးက မိုးရာသီတွင် ဖြစ်ပွားတတ်သော ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် ပတ်သက်၍ ဆောင်ရန်ရှောင်ရန်အချက်များ၊ အအေးမိနှာစေးချောင်းဆိုးရောဂါ အကြောင်းသိကောင်းစရာများနှင့် မီးဖိုချောင်သုံးဆေးဖက်ဝင်ပစ္စည်းများအကြောင်း သိကောင်းစရာများကို အသိပညာပေးဟောပြောခဲ့ပြီး မြို့နယ်တိုင်းရင်းဆေးဦးစီးဌာန အနေဖြင့် ဒါဂိုရှီဇားကျေးရွာရှိ ဒေသခံ ၅၆ ဦးအား ကျန်းမာရေးစစ်ဆေးမေးမြန်းခြင်း၊ တိုင်းရင်းဆေးဖြင့် ဆေးကုသပေးခြင်းများကို မွန်းလွဲ ၂ နာရီအထိ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

**ဖုန်ကန်(ပူတာအို)**



## ဟိုပင်တွင် ဆင်တုပ်ကွေးရောဂါအခမဲ့ကုသရေးအဖွဲ့ အမှတ်(၂)ကို မြို့တော်ခန်းမ၌ ထပ်မံဖွင့်လှစ်

**ဟိုပင် ဇူလိုင် ၂၁**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ဟိုပင်မြို့တွင် ရာသီဆင်တုပ်ကွေးရောဂါဖြစ်သူများပြားလာသဖြင့် ဆေးဝါးကုသဆောင်ရွက်မှုများကို ယနေ့နံနက် ၈ နာရီက အခမဲ့ဆေးဝါးကုသရေးစင်တာ အမှတ်(၂)ကို မြို့တော်ခန်းမ၌ ဖွင့်လှစ်ခဲ့သည်။

ထပ်မံတိုးချဲ့၍ ဆင်တုပ်ကွေးရောဂါအခမဲ့ကုသရေးစင်တာကို မြို့တော်ခန်းမတွင်လည်း ဖွင့်ထားပြီး တုပ်ကွေးရောဂါဖြစ်နေသူများကို အမြန်ဆုံးရောဂါသက်သာပျောက်ကင်းစေရန် ရည်ရွယ်၍ ယခုလို လုပ်ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း မေတ္တာရိပ်(အခမဲ့) ဆေးခန်းပရဟိတအဖွဲ့မှတာဝန်ရှိသူ ဒေါက်တာသန်းထွန်းက ပြောသည်။

"ဆေးရုံက ၂၅ ခုတင်ဆံ့ ဆေးရုံပါ။ ရာသီတုပ်ကွေးဖြစ်တဲ့သူတွေကများလာတော့ ဆေးရုံမှာလူနာတွေ မဆံ့တော့ဘူး။ အပြင်ဆေးခန်းတွေမှာလည်းလူနာတွေ ဆေးထိုးဖို့ တန်းစီစောင့်ဆိုင်းနေရတယ်။ အခမဲ့မေတ္တာရိပ်ဆေးခန်းမှာလည်း ဆေးလာကုသူတွေများလာတယ်။ မနေ့က အထကတေဇခန်းမမှာလည်း မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ အမှတ်(၁)ခုတင် ၃၀၀ ဆေးတပ်အဖွဲ့ လာရောက်ပြီး အခမဲ့ကုသပေးတာ လူနာတွေအလွန်များနေလို့ ခွဲပြီး ကုသဆောင်ရွက်ပေးနေပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

အသစ် ထပ်မံဖွင့်လှစ်ထားသည့် အခမဲ့တုပ်ကွေးရောဂါကုသရေး စင်တာ အမှတ်(၂)စင်တာကိုတုပ်ကွေးရောဂါဖြစ်ပွားသူ ထိန်းချုပ်နိုင်ရေးအထိ ဖွင့်လှစ်ကုသပေးမည်ဖြစ်ကြောင်း သိရသည်။

"မိုးညှင်း၊ ဟိုပင်၊ မိုးကောင်းဒေသတွေမှာ အဖြစ်များတယ်။ တစ်ယောက်ချင်းစီလည်းဖြစ်သလို မိသားစုတစ်ပြိုင်တည်း ဖြစ်တာလည်းရှိတယ်။ အဆင်ပြေတဲ့သူအတွက် မစိုးရိမ်ရပေမယ့် အခြေခံပြည်သူတွေအတွက် အခက်အခဲအမျိုးမျိုးရှိနိုင်တယ်။ ဒါကြောင့် လိုအပ်တာတွေ အဆင်သင့်ဖြစ်အောင် မော်တော်ယာဉ် ကြို/ပို့ကအစ စီစဉ်ထားတာတွေ့ရပါတယ်" ဟု ပြည်နယ်စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးကျော်ကျော်ဝင်းက ပြောကြားသည်။

အဆိုပါ ဆေးဝါးကုသရေး အမှတ်(၂) မြို့တော်ခန်းမ၌ ပြည်နယ်စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးကျော်ကျော်ဝင်း မိုးညှင်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲအောင်၊ မြို့နယ်ကျန်းမာရေးအဖွဲ့နှင့် တာဝန်ရှိသူများက တုပ်ကွေးရောဂါ ဝေဒနာရှင်များကို တွေ့ဆုံကာ အားပေးစကားပြောကြားပြီး ဆေးဝါးကုသ ဆောင်ရွက်မှုများကို လှည့်လှည်ကြည့်ရှု စစ်ဆေးခဲ့ကြကြောင်း၊ အလားတူ အမှတ်(၁) ဆင်တုပ်ကွေးရောဂါအခမဲ့ကုသရေးစခန်းကို ယနေ့နံနက်တွင် ဟိုပင်အထက တေဇခန်းမဆောင်၌ ဖွင့်လှစ်နိုင်ခဲ့ကြောင်း သိရသည်။

**၀၇၈**



ဟိုပင်ရှိ ဆင်တုပ်ကွေးရောဂါအခမဲ့ကုသရေးအဖွဲ့ အမှတ်(၂)တွင် ဒေသခံပြည်သူများ လာရောက်ဆေးကုသခံယူနေစဉ်။

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် ဇူလိုင် ၂၁**

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ကျောက်ဖြူမြို့တွင် ၄ ဒသမ ၀၁ လက်မ၊ မာန်အောင်မြို့တွင် ၃ ဒသမ ၁၉ လက်မ၊ ကော့သောင်းမြို့တွင် ၃ ဒသမ ၁၁ လက်မ၊ ဘီးလင်းမြို့တွင် ၂ ဒသမ ၀၉ လက်မ၊ ပူတာအိုမြို့တွင် ၁ ဒသမ ၈၉ လက်မ၊ တောင်ကုတ်မြို့နှင့် ဇလွန်မြို့တို့တွင် ၁ ဒသမ ၅၄ လက်မစီနှင့် မိုးကောင်းမြို့တွင် ၁ ဒသမ ၃၈ လက်မတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

# ကမ္ဘာ့ချန်ပီယံရှစ် ရိုးရာလှေပြိုင်ပွဲအတွက် မြန်မာလှေလှော်အားကစားသမားများ ပြင်းပြင်းထန်ထန်လေ့ကျင့်

**ရန်ကုန် ဇွန် ၂၁**

(၁၄)ကြိမ်မြောက် ကမ္ဘာ့ချန်ပီယံရှစ် ရိုးရာလှေပြိုင်ပွဲကို ထိုင်းနိုင်ငံ ပတ္တရားမြို့၌ ဩဂုတ် ၂၁ ရက်မှ ၂၅ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်မှ အားကစားသမားများသည် ရန်ကုန်မြို့ အင်းလျားကန်တွင် ပြင်းပြင်းထန်ထန် လေ့ကျင့်လျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ ဒီပြိုင်ပွဲကို အင်အားပြည့် ဝင်ရောက်ယှဉ်ပြိုင်သွားမယ်။ အားကစားသမားတွေရဲ့ လေ့ကျင့်မှုတွေကို အားရကျေနပ်မိပါတယ်။ ကမ္ဘာ့ချန်ပီယံရှစ်ရိုးရာလှေပြိုင်ပွဲမှာ ဆုတံဆိပ်တွေ မျှော်မှန်းထားပါတယ်။ ဒီပြိုင်ပွဲပေါ်မှာ သုံးသပ်ပြီး ဆီးဂိမ်းအတွက်ကို အားနည်းချက်၊ အားသာချက်ကို ပြင်ဆင်သွားရမှာဖြစ်ပါတယ်။ ဒါမှဆီးဂိမ်းပြိုင်ပွဲမှာလည်း ယုံကြည်မှုအပြည့်ရှိမှာ ဖြစ်ပါတယ်" ဟု မြန်မာနိုင်ငံလှေလှော် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသောင်းထိုက်မင်းက ပြောသည်။



မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်မှ အားကစားသမားများ အင်းလျားကန်တွင် ပြင်းပြင်းထန်ထန် လေ့ကျင့်နေစဉ်။

ယင်းပြိုင်ပွဲ၌ မြန်မာနိုင်ငံ လှေလှော် အဖွဲ့ချုပ်မှ လက်ရွေးစင်ကစားသမားများနှင့် အသက် ၂၄ အောက် အမျိုးသား ၁၉ ဦး၊ အမျိုးသမီး ၂၀ တို့က အိမ်ရှင် ထိုင်းနိုင်ငံက ကျင်းပမည့် ပြိုင်ပွဲအမျိုးအစား ၁၀၀ ခန့်၌ ပြိုင်ပွဲ ၁၈ ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကာ နိုင်ငံပေါင်း ၃၅ နိုင်ငံ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

ထိုပြိုင်ပွဲသည် နှစ်နှစ်တစ်ကြိမ်ကျင်းပခဲ့ပြီး တရုတ်နိုင်ငံ ကူမင်းမြို့၌ ကျင်းပခဲ့သည့် (၁၃)ကြိမ်မြောက် ကမ္ဘာ့ချန်ပီယံရှစ် ရိုးရာလှေပြိုင်ပွဲတွင် မြန်မာလှေလှော် အားကစားသမားများက ရွှေတစ်ခု၊ ငွေတစ်ခု၊ ကြေးတစ်ခု ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-အာကာစိုး**

○ *ကျောဖုံးမှ*

ဒုတိယဆုရ အား/ကာ သိပ္ပံအသင်းအား တစ်ဦးချင်း ဆုတံဆိပ်ကို ရန်ကုန်တက္ကသိုလ် ဒုတိယပါမောက္ခချုပ်၊ တက္ကသိုလ်များ ဘောလုံးဆပ်ကော်မတီဥက္ကဋ္ဌ ဒေါက်တာသောင်းထိုက်၊ ဆုကြေးငွေကျပ်သိန်း ၇၀ ကို မြဝတီအသင်း အမှုဆောင်အရာရှိချုပ် ဦးမြတ်စိုး၊ ပထမဆုရ မြဝတီအသင်းအားတစ်ဦးချင်း ဆုတံဆိပ်ကို ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ ဆုကြေးငွေကျပ်သိန်း ၁၀၀ ကို MPT, Deputy Director of Marketing ဦးခင်မောင်မြင့်၊ ချန်ပီယံဆုဖလားကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် မြန်မာနေရှင်နယ်လိဂ် ကော်မတီဥက္ကဋ္ဌ ဦးဇော်ဇော်တို့က ပေးအပ်ချီးမြှင့်သည်။

**ရဲရင့်ရှိုင်း**

◆ *ကျောဖုံးမှ*

အဆိုပါပြိုင်ပွဲ၌ မြန်မာနိုင်ငံမှ အခြေခံပညာကျောင်းများမှ ကျောင်းသားကျောင်းသူများက ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ စားပွဲတင်တင်းနစ်၊ တင်းနစ်၊ ပြေးခုန်ပစ်ပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ယင်းအာဆီယံ ကျောင်းသား အားကစားပြိုင်ပွဲကို ဇူလိုင် ၁၈ ရက်မှ ၂၅ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေကေလင်း**

# မြန်မာ ယူ-၁၈ အသင်း ခြေစမ်းပွဲတွင် ရှုံးပွဲကြုံတွေ့

**အိုဆာကာ ဇူလိုင် ၂၁**

၂၀၁၉ အာဆီယံ ယူ-၁၈ ပြိုင်ပွဲ အကြိုပြင်ဆင်မှုအဖြစ် ဂျပန်နိုင်ငံ၌ လေ့ကျင့်နေသည့် မြန်မာ ယူ-၁၈ အသင်းသည် ဒုတိယခြေစမ်းပွဲအဖြစ် ယနေ့ဒေသစံတော်ချိန် ညနေ ၅ နာရီက အိုဆာကာဆန်ဂျိုတက္ကသိုလ်အသင်းနှင့် ခြေစမ်းပွဲယှဉ်ပြိုင်ကစားရာ တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

မြန်မာ ယူ-၁၈ အသင်းသည် အာဆီယံပြိုင်ပွဲအတွက် အပြီးသတ်ပြင်ဆင်ရန် လာရောက်လေ့ကျင့်ခြင်းဖြစ်သောကြောင့် ပွဲထွက်လူစာရင်းကို ခြောက်ဦးအထိ ပြောင်းလဲကာ ကစားခဲ့ပြီး ပွဲချိန်အတွင်း ကစားသမားများ အပြောင်းအလဲပြုလုပ်ခဲ့သည်။ မြန်မာ ယူ-၁၈ အသင်းသည် ပထမပိုင်းတွင် ဂိုးမရှိသရေကျနေသော်လည်း ၆၅ မိနစ်တွင် ပေးလိုက်ရသည့်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။ မြန်မာ ယူ-၁၈ အသင်းသည် ဂျပန်ခြေစမ်းခရီးစဉ်တွင် နှစ်ပွဲကစား၊ တစ်ပွဲနိုင်၊ တစ်ပွဲရှုံးထားပြီး နောက်ဆုံးပွဲအဖြစ် ဇူလိုင် ၂၄ ရက်တွင် ဟန်နာတက္ကသိုလ်အသင်းနှင့် ထပ်မံခြေစမ်းမည်ဖြစ်သည်။ မြန်မာ ယူ-၁၈ အသင်းသည် ဇူလိုင် ၁၆ ရက်မှ ၂၅ ရက်အထိ ဂျပန်နိုင်ငံ အိုဆာကာမြို့၌ လေ့ကျင့်နေခြင်းဖြစ်သည်။ **ရဲရင့်ရှိုင်း**

❑ *ကျောဖုံးမှ*

များဖြစ်သည့် တိုက်စစ်မှူး မာတူနာနှင့် နောက်ခံလူ ကျော်ဇင်လွင်တို့ ဒဏ်ရာရနေသောကြောင့် ပွဲထွက်လူစာရင်းကို အပြောင်းအလဲပြုလုပ်ခဲ့ပြီး ခံစစ်အသားပေး ၅-၃-၂ ပုံစံဖြင့် ပွဲထွက်ခဲ့သည်။ ပထမပိုင်းတွင် ရှမ်းယူနိုက်တက်အသင်း တိုက်စစ် ထင်သလောက်အလုပ်မဖြစ်ဘဲ ရောဝတီအသင်း၏ တန်ပြန်တိုက်စစ်များက ပိုမိုထိရောက်ခဲ့သည်။ ၂၁ မိနစ်တွင် ရောဝတီအသင်း ဂိုးစရခဲ့ပြီး အောင်ကျော်နိုင်က အဝေးမှကန်သွင်းယူခဲ့သည်။

ဂိုးပေးလိုက်ရပြီး နောက်ပိုင်းတွင် ရှမ်းယူနိုက်တက်အသင်း ချေပဂိုးရရန် ကြိုးပမ်းခဲ့သော်လည်း အခွင့်အရေးများ အသုံးမချနိုင်ခဲ့ဘဲ ဒုတိယပိုင်းတွင် ကစားသမားများ အပြောင်းအလဲပြုလုပ်ကာ တိုက်စစ်မြှင့်ခဲ့သည်။ ဒုတိယပိုင်းတွင် ရှမ်းယူနိုက်တက်အသင်းက ပိုဖိကစားနိုင်ခဲ့ပြီး ၇၅ မိနစ်တွင် ထောင့်ကန်ဘောမှ တစ်ဆင့် လူစားဝင်တိုက်စစ်မှူး အီမန်နျူရယ်က ခေါင်းတိုက်ပြီး ချေပဂိုးသွင်းယူခဲ့သည်။ ယင်းနောက်ပိုင်းတွင် နှစ်သင်းစလုံး ဂိုးထပ်ရရန် ကြိုးပမ်းသော်လည်း ဂိုးထပ်မသွင်းနိုင်၍ သရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။



ရှမ်းယူနိုက်တက်အသင်းအတွက် ချေပဂိုးကို တိုက်စစ်မှူး အီမန်နျူရယ် ခေါင်းတိုက်သွင်းယူနေစဉ်။ ဓာတ်ပုံ-စိုးညွန့်

မန္တလာသီရိကွင်း၌ ကျင်းပသည့်ပွဲတွင် ရတနာပုံအသင်းက Southern အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ရတနာပုံအသင်းသည် ခုနစ်ပွဲဆက် နိုင်ပွဲပျောက်ဆုံးမှုကို အဆုံးသတ်နိုင်ခဲ့ပြီး အဆင့် (၆) နေရာသို့ ပြန်လည်တက်လှမ်းနိုင်ခဲ့သည်။ ရတနာပုံအသင်းအတွက် အနိုင်ဂိုးများကို ၃၂ မိနစ်တွင် ဝင်းနိုင်ထွန်း၊ မိနစ် ၈၀ တွင် ဝင်းနိုင်စိုး၊ ၈၂ မိနစ်တွင် လှိုင်းဘိုဘိုတို့က သွင်းယူခဲ့သည်။ သုဝဏ္ဏကွင်း၌ ကျင်းပသည့်ပွဲတွင် ဇွဲကပင်အသင်းက Chinland အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ဇွဲကပင်အသင်းသည် နိုင်ပွဲပြန်လည်ရှာဖွေနိုင်ခဲ့ပြီး ယခုပွဲအနိုင်ရလဒ်ကြောင့် တန်းဆင်းဇုန်မှလွတ်ရန် ရုန်းကန်ခဲ့ရကာ Chinland အသင်းမှာမူ ဆက်လက်ရုန်းကန်ရတော့မည်ဖြစ်သည်။ ဇွဲကပင်အသင်းအတွက် အနိုင်ဂိုးများကို ၃၆ မိနစ်တွင် ရာစင်၊ ၈၇ မိနစ်တွင် အောင်ဇင်ဖြိုးနှင့် ၉၀+၂ မိနစ်တွင် ညီညီထွန်းတို့က သွင်းယူခဲ့သည်။

ပွဲစဉ် (၁၇) အပြီးတွင် ရန်ကုန်အသင်းက ၃၆ မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေပြီး ရှမ်းယူနိုက်တက်အသင်းက ၃၃ မှတ်၊ ရောဝတီအသင်းက ၃၁ မှတ်၊ ဟံသာဝတီအသင်းက ၂၈ မှတ်၊ ရခိုင်အသင်းက ၂၆ မှတ်၊ ရတနာပုံအသင်းက ၂၅ မှတ်၊ စစ်ကိုင်းအသင်းက ၂၃ မှတ်၊ မကွေးနှင့် ဇွဲကပင်အသင်းက ၁၈ မှတ်စီ၊ Southern အသင်းက ၁၅ မှတ်၊ ဒဂုံအသင်းက ၁၃ မှတ်၊ Chinland အသင်းက ၁၂ မှတ် ရရှိထားသည်။

**ညီမြတ်သော်တာ**

# နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

### လူကာကူအတွက် အင်တာမီလန်၏ ကမ်းလှမ်းမှုကို မန်ယူပယ်ချ

မန်ယူအသင်းသည် တိုက်စစ်မှူး လူကာကူအတွက် ပေါင် ၅၃ ဒသမ ၉ သန်းဖြင့် အင်တာမီလန်အသင်း၏ ကမ်းလှမ်းမှုကို ပယ်ချလိုက်ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

### ဂါးရက်ဘေးလ်သည် အသင်းမှထွက်ခွာရန် နီးစပ်လာ

ရီးရဲမက်ဒရစ်အသင်းမှ ဝေးလ်ကစားသမား ဂါးရက်ဘေးလ်သည် အသင်းမှထွက်ခွာရန် နီးစပ်လာပြီဖြစ်သည်ဟု နည်းပြဇီဒန်းက ထုတ်ဖော်ပြောကြားလိုက်ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

### မန်ယူအသင်းနှင့် သက်တမ်းတိုးစာချုပ်ချုပ်ရန် သဘောတူညီလိုက်သည့် ဒီဂီယာ

စပိန်ဂိုးသမား ဒေးဗစ် ဒီဂီယာ (၂၈နှစ်) သည် မန်ယူအသင်းနှင့် ခြောက်နှစ်သက်တမ်းတိုးစာချုပ်ချုပ်ရန် သဘောတူညီလိုက်ပြီဖြစ်ကြောင်း တယ်လီဂရပ်တွင် ဖော်ပြထားသည်။ ဒီဂီယာသည် ထိုသက်တမ်းတိုးစာချုပ်ချုပ်ဆိုပြီးပါက အမြင့်မားဆုံး လုပ်ခလစာပေးချေရသည့် ဂိုးသမားဖြစ်လာမည်ဖြစ်ကြောင်းလည်း ဖော်ပြထားသည်။

### မွိုက်ဆီကိန်းကို ခေါ်ယူရန် စိတ်ဝင်စားနေသည့် အာဆင်နယ်

အာဆင်နယ်အသင်းသည် ဂျူဗင်တပ်စ်နှင့် အီတလီတိုက်စစ်ကစားသမား မွိုက်ဆီကိန်း (၁၉နှစ်) ကို ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

### ဒွိုက် မက်နေးလ်ကို ခေါ်ယူရန် စိတ်ဝင်စားနေသည့် နယူးကာဆယ်

နယူးကာဆယ်အသင်းသည် ဘန်လေတောင်ပံကစားသမား ဒွိုက် မက်နေးလ် (၁၉နှစ်) ကို ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း နည်းပြသစ် စတိဗ် ဘရုစ်က အဆိုပါ ကစားသမားအား ပေါင် ၁၅ သန်းဖြင့်သာ ကမ်းလှမ်းရန်ပြင်ဆင်နေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

### ကလိုင်းကို ခေါ်ယူရန် လီဗာပူးအသင်းနှင့် ဆွေးနွေးမှုများပြုလုပ်လျက်ရှိ

ခရစ္စတဲလ်ပဲလေ့စ်အသင်းသည် အသက် (၂၈ နှစ်)အရွယ် ညာခံစစ်ကစားသမား နသန်နီရယ် ကလိုင်းကို ခေါ်ယူရေးနှင့်ပတ်သက်ပြီး လီဗာပူးအသင်းနှင့် ဆွေးနွေးမှုများပြုလုပ်လျက်ရှိကြောင်း ဒေးလီးမေးတွင် ဖော်ပြထားသည်။

### နိုင်ငံတကာချန်ပီယံဖလား အာဆင်နယ်၊ ဘိုင်ယန်တို့ အနိုင်ရ

နိုင်ငံတကာချန်ပီယံဖလားအဖြစ် ဇူလိုင် ၂၁ ရက်တွင် အာဆင်နယ်နှင့် ဖီအိုရင်တီးနား၊ ဘိုင်ယန်မြူးနစ်နှင့် ရီးရဲမက်ဒရစ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အာဆင်နယ်နှင့် ဖီအိုရင်တီးနားအသင်းတို့ပွဲစဉ်တွင် အာဆင်နယ်အသင်းက သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ဘိုင်ယန်မြူးနစ်နှင့် ရီးရဲမက်ဒရစ်အသင်းတို့ပွဲစဉ်တွင် ဘိုင်ယန်မြူးနစ်အသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ **(အောက်ပုံ)** အာဆင်နယ်အသင်းသည် နိုင်ငံတကာချန်ပီယံဖလားပြိုင်ပွဲတွင် နှစ်ပွဲကစားထားရာ နှစ်ပွဲစလုံး အနိုင်ရထားပြီး ဘိုင်ယန်မြူးနစ်အသင်းသည် နှစ်ပွဲကစားထားရာ တစ်ပွဲနိုင်၊ တစ်ပွဲရှုံးထားကြောင်း သိရသည်။

**အောင်ဇော်**



# တောင်ကြီးမြို့၌ နေအိမ်တစ်လုံး မီးလောင်မှုဖြစ်

**တောင်ကြီး ဇူလိုင် ၂၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ ကံသာရပ်ကွက် ရှုခင်းသာလမ်းသွယ် နယ်မြေ(၁)ရှိ အိမ်ရှင် အူမဲ(ခ)ဦးတင်ဝင်း နေထိုင်သည့် နှစ်ထပ်အိမ်သည် ဇူလိုင် ၂၁ ရက် မွန်းလွဲ ၁ နာရီက မီးအားမြှင့်စက် အပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ကြောင်း သိရသည်။

မီးလောင်ရာသို့ တောင်ကြီးမြို့နယ် အုပ်ချုပ်ရေးမှူး၊ အမှတ်(၁) မြို့မရဲစခန်းမှူး၊ မီးသတ်ဦးစီးဌာနမှ ဝန်ထမ်းများ၊ ရပ်ကွက်နေပြည်သူများက မီးသတ်ယာဉ်ခြောက်စီး၊ ရေသယ်ယာဉ်လေးစီးဖြင့် မီးငြှိမ်းသတ်ရာ မွန်းလွဲ ၁ နာရီ ၃၅ မိနစ်တွင် မီးငြှိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။ အဆိုပါ မီးလောင်မှုကြောင့် အိမ်ရှင် အူမဲ (ခ)ဦးတင်ဝင်းအား ဥပဒေအရ အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# နေရာအနှံ့အပြား မိုးထစ်ချုန်းရွာ

**နေပြည်တော် ဇူလိုင် ၂၁**

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**မိုး/ဇလ**

# AA အဖွဲ့က ရသေ့တောင်မြို့အနီး ကျောက်ချရပ်နားထားသော စစ်ရေယာဉ် သုံးစင်းအား ရှော့တိုက်ဒုံးဖြင့်ပစ်ခတ်

**နေပြည်တော် ဇူလိုင် ၂၁**

ရသေ့တောင်မြို့အနောက်ဘက် မေယုမြစ်ကမ်းအနီး ကျောက်ချရပ်နားထားသော တပ်မတော်(ရေ)မှ စစ်ရေယာဉ် သုံးစင်းအား AA အဖွဲ့က ယမန်နေ့ နံနက်ပိုင်းတွင် ရှော့တိုက်ဒုံး နှစ်လုံးဖြင့် လာရောက်ပစ်ခတ်ခဲ့သော်လည်း တစ်စုံတစ်ရာ ထိခိုက်မှုမရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရခိုင်ပြည်နယ်ရှိ မြန်မာ့ပင်လယ်ပြင်အတွင်းနှင့် ပင်လယ်ကမ်းစပ်တစ်လျှောက် ပြေးဆွဲလျက်ရှိသည့် ဒေသခံပြည်သူများ၏ ရေယာဉ်များစက်ချွတ်ယွင်းမှု တစ်စုံတစ်ရာ ဖြစ်ပွားပါက ကူညီကယ်ဆယ်ရေး ဆောင်ရွက်နိုင်ရန်နှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက ကူညီနိုင်ရန် ရသေ့တောင်မြို့၏ အနောက်ဘက် မီတာ ၃၀၀၀ ခန့်အကွာရှိ မေယုမြစ်ကမ်းအနီးတွင် အသင့်စုဖွဲ့ ကျောက်ချရပ်နားထားသော တပ်မတော်(ရေ)မှ စစ်ရေယာဉ် သုံးစင်းအား AA အဖွဲ့က ဇူလိုင် ၂၀ ရက် နံနက်ပိုင်းတွင် စစ်ရေယာဉ်၏ အနောက်ဘက် ကမ်းစပ်မှ ရှော့တိုက်ဒုံး နှစ်လုံးဖြင့် လာရောက်ပစ်ခတ်ခဲ့သောကြောင့် စစ်ရေယာဉ်အမှုထမ်းများက ပြန်လည်ပစ်ခတ်ခဲ့ရကြောင်း။

AA အဖွဲ့၏တိုက်ခိုက်မှုကြောင့် စစ်ရေယာဉ်အမှုထမ်းများနှင့် စစ်ရေယာဉ်များ ထိခိုက်ပျက်စီးမှုမရှိဘဲ လာရောက်ပစ်ခတ်ခဲ့သည့် ပတ်ဝန်းကျင်နေရာတစ်ဝိုက်အား ရှင်းလင်းစဉ် ပစ်ခတ်ရန် အသင့်အနေအထားရှိသည့် Type 63 ၁၀၇ မီလီမီတာ အမျိုးအစားဒုံးသီး သုံးလုံးအား ဘက်ထရီအိုး၊ ဝိုင်ယာကြိုးများနှင့် ချိတ်ဆက်လျက် ထပ်မံတွေ့ရှိရသဖြင့် ဘေးအန္တရာယ်မရှိစေရေး စနစ်တကျသက်မဲ့ပြုလုပ်ခဲ့ရကြောင်း သိရသည်။

AA အဖွဲ့အနေဖြင့် ဇွန် ၂၂ ရက်ကလည်း စစ်တွေမြို့ အရှေ့ဘက် ဆတ်ရိုးကျချောင်းဝအနီးကျောက်ချရပ်နားထားသည့် ပင်လယ်သွားတွဲဆွဲရေယာဉ်တစ်စင်းကို အလားတူ ရှော့တိုက်ဒုံး သုံးလုံးဖြင့် လာရောက်ပစ်ခတ်ခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**



**တပ်မတော်(ရေ)မှ စစ်ရေယာဉ်များအား AA အဖွဲ့လာရောက်ပစ်ခတ်ခဲ့သည့် ဒုံးသီးများကို တွေ့ရစဉ်။**
ဓာတ်ပုံ-တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

## မြန်မာ့ရုပ်မြင်သံကြား

၂၂-၇-၂၀၁၉ (တနင်္လာနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၇း၄၀ - MRTV Travelogue
- ၉း၃၀ - BBC Click
- ၉း၄၀ - "ယဉ်ကျေးမှုအမွေ အနှစ်များနှင့် လက်မှုပညာ ထွန်းကားရာပုဂံဒေသက မင်းနန်းသူကျေးရွာ"
- ၁၁း၃၅ - မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
- ၁၄း၁၅ - ကလေးသူငယ်များအပေါ် လိင်ပိုင်းဆိုင်ရာ အလွဲသုံးစား ပြုလုပ်ခြင်းအား ကြိုတင်ကာကွယ်နိုင်ရန်

**ညပိုင်း**

- ၁၆း၃၀ - အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (အရှေ့တိုင်းပညာ အထူးပြု) (အရှေ့တိုင်းပညာ)
- ၁၆း၅၀ - "ရခိုင်ပြည်နယ်ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ" (၁၀၈)
- ၁၇း၁၀ - This Week's Special Interest
- ၁၇း၃၅ - Yes or No Talk Show
- ၁၇း၅၅ - မူးယစ်အန္တရာယ် ရှောင်ကြဉ်ဖွယ်
- ၁၈း၃၅ - ဥပဒေရေးရာအဖြာဖြာ "အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ CPU အကြောင်းသိကောင်းစရာ" (ဦးဟန်ညွန့်(ဥပဒေ) တရားလွှတ်တော်ရှေ့နေနှင့် နိုတြီပဗ္ဗလစ်၊ ကိုထက်ဝင်း၊ ကိုမျိုးလွင်ဦး) (ဒါရိုက်တာ-ဝေဠု(ဝသန်))
- ၁၉း၃၀ - "မမျှော်လင့်သောဖိတ်ခေါ်သံ"
- ၂၀း၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၀း၃၀ - လျှောင်လှုပ်ရင် ဘယ်လိုနေရမလဲ
- ၂၀း၃၅ - FDA စကားဝိုင်း "ဆေးဝါးအန္တရာယ် သတိပြုကာကွယ်"
- - "မြန်မာမျိုးဆက်သစ် အစီအစဉ်"

# ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတွင် ခရီးသည်တင်ယာဉ်တစ်စီး တိမ်းမှောက် အမျိုးသား ၂၆ ဦးနှင့် အမျိုးသမီး ၁၈ ဦး ဒဏ်ရာရရှိပြီး တစ်ဦးသေဆုံး

**နေပြည်တော် ဇူလိုင် ၂၁**

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၏ မိုင်တိုင် အမှတ် ၁၆၅/၃ အနီး ယာဉ်မောင်း ညီညီအောင် မောင်းနှင်လာသော ထွန်းဇော Express ခရီးသည်တင် မော်တော်ယာဉ်သည် ယနေ့ မွန်းလွဲ ၂ နာရီခွဲက လမ်းညာဘက်သို့ အရှိန်လွန် တိမ်းမှောက်ခဲ့ကြောင်း အမြန်လမ်းရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

ဖြစ်စဉ်ကြောင့် ယာဉ်ပေါ်တွင် ယာဉ်မောင်းပါ အမျိုးသား ၃၄ ဦး၊ အမျိုးသမီး ၂၀ စုစုပေါင်း ၅၄ ဦးအနက် အမျိုးသား ၂၆ ဦး၊ အမျိုးသမီး ၁၈ ဦး ပေါင်း ၄၄ ဦး ဒဏ်ရာရရှိခဲ့ပြီး ရန်ကုန်မြို့ ဒေါပုံနေသူ မသဲသဲအိ(၂၆ နှစ်)မှာ အခင်းဖြစ်ရာနေရာတွင် သေဆုံးခဲ့သည်။

မော်တော်ယာဉ် မတော်တဆဖြစ်ရာသို့ အမြန်လမ်းရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ အထောက်အကူပြုအဖွဲ့များက ဒဏ်ရာရရှိသူများအား နီးစပ်ရာဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။

အလားတူ ယနေ့ နံနက် ၄ နာရီခွဲကလည်း အမြန်လမ်းမကြီး၏မိုင်တိုင် အမှတ် ၁၁၇/၃ နှင့် ၁၁၇/၄ အကြား နေပြည်တော်မှ ရန်ကုန်သို့ ယာဉ်မောင်း လင်းမင်းထက် မောင်းနှင်လာသော probox မော်တော်ယာဉ်မှာ ယာဉ်မောင်း အိပ်ငိုက်ပြီးလမ်းဘေးတွင် ကာရံထားသည့် အလူမီနီယံတန်းအား တိုက်မိခဲ့သည်။

အဆိုပါ ဖြစ်စဉ်ကြောင့် ယာဉ်ပေါ်ပါ အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးနှစ်ဦး ပေါင်းလေးဦးအနက် အမျိုးသမီးတစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

**ညီညီသန်း(နေပြည်တော်)**

# ရန်ကုန်-မန္တလေးကားလမ်းတွင် ဆီဘောက်ဆာယာဉ် တိမ်းမှောက် မီးလောင်

**ရေတာရှည် ဇူလိုင် ၂၁**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် မြို့လှမြို့ တောင်ဘက် ၃ မိုင်ခန့်အကွာ ရန်ကုန်- မန္တလေး ကားလမ်းတွင် ယနေ့ နံနက် ၇ နာရီခွဲခန့်က ၁၈ ဘီး ဆီဘောက်ဆာယာဉ် တိမ်းမှောက်၍ မီးလောင်မှုဖြစ်ကြောင်း သိရသည်။

ရန်ကုန်ဘက်မှ မန္တလေးဘက်သို့ မလှိုင်မြို့နေသူ သန်းစိုး(၄၅ နှစ်) မောင်းနှင်ပြီး တစ်မြို့တည်းနေ တင်အောင်မိုး (၃၆ နှစ်) တို့ လိုက်ပါလာသည့် ဖူဆို ၁၈ ဘီးဆီဘောက်ဆာယာဉ်သည် မြို့လှမြို့အနီး ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင် ၁၉၄/၃ နှင့် ၄ အကြား ကားလမ်းအကွေ့အရောက် အရှိန်လွန်တိမ်းမှောက်သွားခဲ့ပြီး ကိုက် ၂၀ ခန့် ရွေ့လျားသွားခဲ့သည်။ တိမ်းမှောက်သွားသော ယာဉ်နှင့် ကတ္တရာလမ်းတို့ ပွတ်တိုက်သည့် အရှိန်ဖြင့် မီးစတင်လောင်ခဲ့ရာ မြို့လှနယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်သန်းဝင်း ဦးစီးရဲတပ်ဖွဲ့ဝင်များ၊ ရေတာရှည်၊ ဆွာ၊ သာဂရ၊ မြို့လှ၊ အမြန်လမ်းမီးသတ်စခန်းများမှ မီးသတ်ယာဉ် ခုနစ်စီးဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ နံနက် ၈ နာရီ ၁၀ မိနစ်တွင် လုံးဝ မီးငြိမ်းသွားသည်။

ယာဉ်တိမ်းမှောက်မှု ဖြစ်ရာတွင် ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်တို့ နှစ်ဦးစလုံး မီးလောင်ထိခိုက်ဒဏ်ရာများ (မစိုးရိမ်ရ) ရရှိခဲ့သဖြင့် မြို့လှတိုက်နယ်ဆေးရုံသို့ တင်ပို့ပေးခဲ့ကြောင်းနှင့် ယာဉ်မောင်း သန်းစိုးကို မြို့လှနယ်မြေရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**သန်းလွင်**

# မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၂၁**

မူးယစ်တပ်ဖွဲ့စု(၂) မြစ်ကြီးနားမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၂၀ ရက် နံနက်ပိုင်းက မြစ်ကြီးနားမြို့ ဘူတာရှေ့တွင် ခရီးသည်တင် သုံးဘီး မော်တော်ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ ဒေါ်သင်းသင်းမာနှင့် ဒေါ်နှင်းမေတို့၏ လက်ဆွဲခြင်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၉၄၂ ပြားကို လည်းကောင်း။

အလားတူ ယင်းနေ့နံနက်ပိုင်းက ကလိန်အောင်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ရေဖြူမြို့နယ် မလွဲတောင် ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် သိန်းသန်း မောင်းနှင်ပြီး ဖြိုးကိုဦး လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၂၂ ပြား၊ ငွေကျပ် ၁၁၄၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း။

ထို့အတူ နံနက် ၄ နာရီက မူးယစ်တပ်ဖွဲ့စု(၁၆) ပြင်ဦးလွင်မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ပြင်ဦးလွင်မြို့နယ် လယ်ကြီးတံတားအနီးတွင် လော်ယူးလျန်(ခ)အားလျန် မောင်းနှင်လာသည့် စူပါကာစတန်ယာဉ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၊ ဆေးခြောက် ၇၆ ဂရမ်၊ ကတ်တမင်း ၁၇၀ ဂရမ်၊ မူးယစ်ဆေးဝါးဟု ယူဆရသော အညိုရောင်အမှုန့် ၁၁၄ ဂရမ်နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း။

အလားတူ နံနက် ၁၀ နာရီ ၁၅ မိနစ်က နမ့်ခမ်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် နမ့်ခမ်းမြို့ အမှတ်(၈)ရပ်ကွက် မြို့ပတ်လမ်းအနီးတွင် ကိုကိုအောင်(ခ)အားလျှို့မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်အား ရပ်တန့်ရှာဖွေရာ ဘိန်းဖြူ ဂရမ် ၄၀ နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၆၂၀ တို့ကို လည်းကောင်း။

ထို့အတူ ယင်းနေ့မွန်းလွဲ ၂ နာရီက မူးယစ်တပ်ဖွဲ့စု(၂၂) မူဆယ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မူဆယ်မြို့နယ် တာလုံကျေးရွာအနီးလမ်းတွင် တွမ်ဖာဆိုင်(ခ)ကျန်းကျိန်ဆိုင် မောင်းနှင်ပြီး ချောက်ယီလျှန့် လိုက်ပါလာသည့် လင်ခရူဆာပရာဒိုယာဉ်ကို ရှာဖွေရာ ဘိန်းဖြူ ၂ ဒသမ ၁၅ ကီလိုနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

## မူဆယ်မြို့နယ်၌ ဘိန်းဖြူ ၃၇ ဒသမ ၈၈၄ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁ ဒသမ ၈ သိန်း ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၂၁**

ပူးပေါင်းစစ်ဆေးရေးအဖွဲ့သည် ဇူလိုင် ၂၀ ရက် မွန်းလွဲ ၁၂ နာရီခွဲက သတင်းအရ မူဆယ်မြို့နယ် နမ့်အွန်ကျေးရွာ၌ ကျောက်တဲ့ယုံ (ဖ)ဦးကျောက်ဆန် ဖွင့်လှစ်ထားသည့် စက်သုံး ဆီဆိုင်၊ နေအိမ်နှင့် ဂိုဒေါင်တို့အားရှာဖွေရာ ၎င်းအားမတွေ့ရှိဘဲ တစ်ရွာတည်းနေ တင်ဆွေမြင့် (ဖ)ဦးစံပွားနှင့် ဂိုဒေါင်တာဝန်ခံ စိုးနိုင် (ဖ)ဦးသောင်းညွန့်တို့ တွေ့ရှိပြီး ဂိုဒေါင်အတွင်း ရပ်ထားသည့် MDY 9F/------ ယာဉ်ပေါ်၌ ဆပ်ပြာခွက် ၃၁၅၇ ခွက်ဖြင့်ထည့်လျက် ဘိန်းဖြူ ၃၇ ဒသမ ၈၈၄ ကီလို(၁ ကီလိုလျှင် ကျပ်သိန်း ၂၀၀ နှုန်းဖြင့် တန်ဖိုး ငွေကျပ် ၇၅၇၆ ဒသမ ၈ သိန်းခန့်)၊ စိတ်ကြွရူးသွပ်ဆေးပြား ၁ ဒသမ ၈ သိန်း(၁ ပြားလျှင် ကျပ် ၁၅၀၀ နှုန်းဖြင့် တန်ဖိုး ငွေကျပ်သိန်း ၂၇၀၀ ခန့်)သိမ်းဆည်းရမိခဲ့သည်။

အဆိုပါမော်တော်ယာဉ်အား ဇူလိုင် ၁၉ ရက် ညပိုင်းက စက်သုံးဆီဆိုင်ပိုင်ရှင် ကျောက်တဲ့ယုံနှင့် ညီဖြစ်သူ ကျော်အောင်မြင့်(ခ)ကျောက်ယို့ နမ့်အွန်ကျေးရွာ မူဆယ်မြို့နယ်နေသူတို့နှစ်ဦးမှ လာရောက်ထားရှိခဲ့ကြောင်း သိရှိရသဖြင့် မူဆယ်မြို့မရဲစခန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

**သတင်းစဉ်**

# ကန့်ဘလူ၌ ရထားနှင့်ကား တိုက်မိ၍ တစ်ဦးသေ၊ ခြောက်ဦးဒဏ်ရာရ

**ကန့်ဘလူ ဇူလိုင် ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့တွင် ယနေ့ နံနက် ၇ နာရီခွဲခန့်က ကျွန်းလှဘူတာမှ ကန့်ဘလူဘူတာသို့ ထွက်ခွာလာသော အမှတ် ၂၃၆ အစုန်ရထားနှင့် သံလမ်းကူးအား ဖြတ်ကျော်လာသော ကန့်ဘလူမြို့ အမှတ်(၃)ရပ်ကွက်နေ ယာဉ်မောင်း မင်းမင်း (၂၉ နှစ်)မောင်းနှင်လာသည့် ယာဉ်အမှတ် MDY 5Q /----- ယာဉ်တို့ တိုက်မိခဲ့ကြောင်း သိရသည်။

အဆိုပါယာဉ်တိုက်မှုတွင် ယာဉ်ပေါ်ပါ ယာဉ်မောင်းအပါအဝင် ခုနစ်ဦးအနက် အမျိုးသမီးတစ်ဦးသေဆုံးပြီး အမျိုးသားသုံးဦး၊ အမျိုးသမီးသုံးဦးတို့တွင် ဒဏ်ရာ (မစိုးရိမ်ရ)များ ရရှိခဲ့သည်။ အခင်းဖြစ်ရာသို့ ကန့်ဘလူဘူတာရုံပိုင်ကြီး ဦးဝင်းမြင့်၊ ကန့်ဘလူမြို့မရဲစခန်းမှ ဒုရဲအုပ်ဇော်ဇော်နှင့်တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ် ဦးစီးဌာနမှ တပ်ဖွဲ့ဝင်များရောက်ရှိလာပြီး ဒဏ်ရာရလူနာများအား လူနာတင်ယာဉ်ဖြင့် ကန့်ဘလူမြို့ ခုတင် ၁၀၀ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ယာဉ်မောင်း မင်းမင်း ကို ကန့်ဘလူမြို့မရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# မရမ်းချောင်စစ်ဆေးရေးစခန်းတွင် အထောက်အထားမဲ့ စားသောက်ကုန်များဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၂၁**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ်လ ၁ ရက်နေ့တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇူလိုင် ၂၀ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၃၁၁ စီး၊ သွင်းကုန် ၂၈၆ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် သွင်းကုန် ၁၀၅ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၀ ရက်တွင် မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းမှ တားဆီးမှု ၁၀ မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၅ ဒသမ ၄၇၂ သန်း တန်ဖိုးရှိ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသော စားသောက်ကုန်ပစ္စည်း ငါးမျိုးအား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ထိုင်းနိုင်ငံဗန်ကောက်မြို့၌ သုံးခုမြောက်လေဆိပ်တည်ဆောက်ရန် လျာထားနေ

**ဗန်ကောက် ဇူလိုင် ၂၁**

ထိုင်းနိုင်ငံမြို့တော် ဗန်ကောက်အနောက်ဘက် နတ်ခွန်ပသွမ် ပြည်နယ်၌ လေဆိပ်သစ်တစ်ခုကို တည်ဆောက်ရန် လေဆိပ်ဌာနအာဏာပိုင်များက လျာထားခဲ့ကြောင်း သိရသည်။ ဗန်ကောက်မြို့ရှိ ပင်မဝင်ပေါက်ထွက်ပေါက်ဖြစ်သည့် လေဆိပ်နှစ်ခုတို့တွင် ခရီးသည်များ ပြွတ်သိပ်ကျပ်ညပ်နေမှုကို လျှော့ချရန်အတွက် သုံးခုမြောက်လေဆိပ်တည်ဆောက်ရန် စီစဉ်ရခြင်းဖြစ်ကြောင်း အာဏာပိုင်များထံမှ သိရသည်။

ဘတ်ငွေ ဘီလီယံ ၂၀ ကုန်ကျမည့် အဆိုပါလေဆိပ်တည်ဆောက်မှုကို ဘန်လန်နှင့် နတ်ခွန်ချိုင်စီခရိုင်နှစ်ခုတို့ကြားတွင် နေရာချထားမည်ဖြစ်ပြီး တည်ဆောက်မှုပြီးစီးရန် လေးနှစ်ခန့်ကြာမြင့်နိုင်ကြောင်း လေဆိပ်တည်ဆောက်မှုဌာန ဒုတိယအထွေထွေညွှန်ကြားရေးမှူး ဂျာဂန်မီစွမ်ဘွန်က ပြောကြားခဲ့သည်။

လေဆိပ်တည်ဆောက်ရန် လျာထားမှုကို သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနသို့ ပေးပို့သွားမည်ဖြစ်ကြောင်း ဇူလိုင် ၂၁ ရက်တွင် ၎င်းက ပြောကြားခဲ့သည်။ ယင်းအစီအစဉ်အတွက် ရင်းနှီးမြှုပ်နှံမှုမှာ အများပြည်သူနှင့် ပုဂ္ဂလိကပူးတွဲ စီးပွားဆောင်ရွက်မှုပုံစံ သို့မဟုတ် နိုင်ငံပိုင်စီမံကိန်းပုံစံမျိုးဖြစ်နိုင်ကြောင်း သိရသည်။ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်အုပ်စုအများအပြားက ယင်းစီမံကိန်းကို စိတ်ပါဝင်စားမှုဖော်ပြလျက်ရှိကြောင်းကိုလည်း မီစွမ်ဘွန်က ပြောကြားခဲ့သည်။

အကယ်၍ နတ်ခွန်ပသွမ်လေဆိပ်ကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ပြီး လုပ်ငန်းအဆင့်များအားလုံးပြီးဆုံးနိုင်ခဲ့ပါက နှစ်စဉ်ခရီးသည် ၂၅ သန်းနှင့်အထက်ကို စီမံခန့်ခွဲနိုင်မည်ဖြစ်ကြောင်း သိရသည်။ **ဗန်ကောက်ပို့စ်**




ထိုင်းနိုင်ငံရှိ သုဝဏ္ဏဘူမိလေဆိပ်၌ ပြည်ပခရီးသွားဧည့်သည်များကို တွေ့ရစဉ်။




ဗြိတိန်လေကြောင်းလိုင်းမှ လေယာဉ်များ။

# ကိုင်ရိုမြို့သို့ပျံသန်းမည့် ခရီးစဉ်များကို ဗြိတိန်လေကြောင်းလိုင်း ဆိုင်းငံ့

**လန်ဒန် ဇူလိုင် ၂၁**

ဗြိတိန်လေကြောင်းလိုင်းမှ ကိုင်ရိုသို့ ပျံသန်းမှုများကို လုံခြုံရေးဆိုင်ရာစစ်ဆေးမှုများကြောင့် ခုနစ်ရက်တာ ဆိုင်းငံ့ထားမည်ဟု ဇူလိုင် ၂၀ ရက်တွင် ကြေညာခဲ့သည်။ ဂျာမနီလေကြောင်းလိုင်းဖြစ်သည့် လုဖ်သန်ဆာမှာလည်း မည်သည့်အကြောင်းပြချက်မှမပေးဘဲ မြူးနစ်မြို့မှ ကိုင်ရိုသို့ ပျံသန်းမည့် ခရီးစဉ်များကို ရပ်ဆိုင်းထားကြောင်း ဇူလိုင် ၂၀ ရက်တွင်ကြေညာခဲ့သည်။

ပုံမှန်ဝန်ဆောင်မှုများကို ဇူလိုင် ၂၁ ရက်တွင် ပြန်လည်ပေးဆောင်မည်ဟုသာ လုဖ်သန်ဆာမှ တာဝန်ရှိသူက ပြောသည်။ လုံခြုံစိတ်ချရမှုမရှိဘဲ လေကြောင်းလိုင်းများ ပြန်လည်ပြေးဆွဲရန်မဖြစ်နိုင်ဟု ဗြိတိန်လေကြောင်းလိုင်းက ပြောသည်။ ကမ္ဘာပေါ်မှာရှိသမျှလေဆိပ်များ၏ လုံခြုံစိတ်ချရမှုကိုကြည့်ရှုကြောင်း၊ ကိုင်ရိုသို့ ပျံသန်းမည့်ခရီးစဉ်ကို ခုနစ်ရက်တာ ရပ်ဆိုင်းထားခြင်းမှာလည်း လုံခြုံရေးဆိုင်ရာ အကဲဖြတ်မှုများ လုပ်ဆောင်ရန် လိုအပ်သည့်အတွက် ဖြစ်ကြောင်း လေကြောင်းလိုင်းမှ သတင်းထုတ်ပြန်သည်။

လေယာဉ်အမှုထမ်းများနှင့် ခရီးသည်များ၏လုံခြုံရေးမှာ လေကြောင်းလိုင်း၏ အဓိကဦးစားပေးပင်ဖြစ်ကြောင်း ကြေညာခဲ့သည်။ အီဂျစ်လေကြောင်းဝန်ကြီးဌာနကလည်း ကိုင်ရိုမြို့ရှိ ဗြိတိန်သံရုံးနှင့် ပူးပေါင်းဆောင်ရွက်မှု လုပ်ဆောင်နေကြောင်း၊ ခရီးသည်များကို ပို့ဆောင်ရန် အီဂျစ်လေကြောင်းလိုင်းမှာ လန်ဒန်မြို့သို့ နေ့စဉ်ပြေးဆွဲပေးကြောင်းလည်း ပြောသည်။

အီဂျစ်နိုင်ငံသို့ သွားရောက်မည့် ဗြိတိန်နိုင်ငံသားများကိုလည်း လုံခြုံရေးဆိုင်ရာသတိပေးချက်များ ထုတ်ပြန်ထားသည်။ ၂၀၁၈ ခုနှစ်အတွင်း အီဂျစ်သို့သွားရောက်လည်ပတ်သူ ဗြိတိန်နိုင်ငံသား ၄၁၅၀၀၀ ခန့်ရှိခဲ့သည်။ ၂၀၁၅ ခုနှစ်ကလည်း ပင်လယ်နီအပန်းဖြေစခန်းသို့ လာရောက်ကြသည့် အားလပ်ရက်အပန်းဖြေသူများကို တင်ဆောင်လာသည့် ရုရှားလေယာဉ်ကြီးကို အစွန်းရောက်များက ဗုံးထောင်ခဲ့သည့်အတွက် လူပေါင်း ၂၂၀ ကျော်သေဆုံးခဲ့ရသည်။ ယင်းဖြစ်ရပ်အပြီး ဗြိတိန်နိုင်ငံသည် အီဂျစ်သို့ ခရီးစဉ်များအားလုံးကို ဖျက်သိမ်းခဲ့သည်။ **အေအက်ဖ်ပီ**

# ချီကာဂိုတစ်လွှားပစ်ခတ်မှုများကြောင့် နှစ်ဦးသေဆုံးပြီး ၂၂ ဦး ဒဏ်ရာရ

**ချီကာဂို ဇူလိုင် ၂၁**

ချီကာဂိုတစ်လွှား ဇူလိုင် ၁၉ ရက်မှ ဇူလိုင် ၂၀ ရက်အတွင်း ပစ်ခတ်မှုများကြောင့် လူနှစ်ဦး သေဆုံးခဲ့ပြီး ၂၂ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဒေသတွင်းမီဒီယာများတွင် ဖော်ပြကြသည်။ ဇူလိုင် ၁၉ ရက် ညပိုင်းတွင် ချီကာဂိုမြို့အနောက်ပိုင်း၌ ပထမဦးစွာ ပစ်ခတ်မှုဖြစ်ပွားခဲ့ပြီး ကားအတွင်းထိုင်နေသည့် အသက် ၂၁ နှစ်အရွယ် အမျိုးသားတစ်ဦးကို အခြားကားတစ်စီးပေါ်မှ လူတစ်ဦးက ပစ်ခတ်ခဲ့သည်။ ပစ်ခတ်ခံရသူကို ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သော်လည်း သေဆုံးသွားခဲ့သည်။

ဒုတိယမြောက်ပစ်ခတ်မှုမှာ ဇူလိုင် ၁၉ ရက်တွင် ဖြစ်ပွားခဲ့ပြီး အသက် ၂၃ နှစ်အရွယ်အမျိုးသားတစ်ဦးမှာ ကားအတွင်းရှိနေခဲ့ပြီး လမ်းပေါ်ရှိ လူတစ်စုနှင့်စကားများကာ ပစ်ခတ်မှုဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။ အဆိုပါ အမျိုးသားမှာ ဆေးရုံပေါ်တွင် သေဆုံးခဲ့သည်။ နောက်ထပ်ဖြစ်ပွားခဲ့သည့်ပစ်ခတ်မှုမှာ အသက် ၁၁ နှစ်အရွယ် ယောက်ျားလေးတစ်ဦး လမ်းလျှောက်လာစဉ် လူနှစ်ဦးက အနားကပ်ကာသေနတ်ဖြင့် ပစ်ခတ်သွားခဲ့ခြင်း ဖြစ်သည်။

အဆိုပါ ကလေးမှာ ဒဏ်ရာသာရရှိခဲ့ပြီး စိုးရိမ်ရသည့်အခြေအနေမရှိကြောင်း သိရသည်။ နောက်ထပ်ပစ်ခတ်ခံရသူမှာ အသက် ၁၄ နှစ်အရွယ် မိန်းကလေးတစ်ဦးဖြစ်ပြီး ၎င်းလမ်းလျှောက်လာစဉ် အနက်ရောင်ကားပေါ်မှ လူတစ်ဦးက သေနတ်ဖြင့် ပစ်ခတ်ခဲ့ခြင်းဖြစ်သည်။

ယခုလိုပစ်ခတ်မှုများအတွက် မည်သူတစ်ဦးတစ်ယောက်ကိုမျှ မဖမ်းဆီးရသေးချေ။ သေနတ်ဖြင့် အကြမ်းဖက်ခံရသူများမှတ်တမ်းအဖွဲ့ ဖော်ပြချက်အရ ၂၀၁၉ ခုနှစ်အတွင်း အမေရိကန်ပြည်ထောင်စုနှင့် သေနတ်ပစ်ခတ်မှုကြောင့်သေဆုံးခဲ့သူ ၈၀၃၆ ဦးရှိပြီး လူပေါင်း ၁၅၈၆၁ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**




သေနတ်ပစ်ခတ်မှုဖြစ်ပွားခဲ့သည့်နေရာကို ရဲတပ်ဖွဲ့ဝင်များ စစ်ဆေးနေစဉ်။

# ဘရာဇီးနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှု လေးနှစ်အတွင်း အနိမ့်ဆုံးအဆင့်အထိ လျော့ကျ

**ရီယိုဒီဂျနေရိုး ဇူလိုင် ၂၁**

ဘရာဇီးနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုနှုန်းသည် ၂၀၁၉ ခုနှစ်၏ ပထမသုံးလပတ်အတွင်း အနိမ့်ဆုံး အဆင့်သို့ရောက်ရှိခဲ့ကြောင်း ဒေသမီဒီယာက ဖော်ပြသည်။

ပြီးခဲ့သည့် ဇန်နဝါရီလမှ မတ်လအထိ ရင်းနှီးမြှုပ်နှံမှုနှုန်းမှာ ပြည်တွင်းအသားတင်ထုတ်လုပ်မှု ဂျီဒီပီ၏ ၁၅ ဒသမ ၅ ရာခိုင်နှုန်းရှိပြီး ယင်းမတိုင်မီ သုံးလပတ်ကာလအတွင်းကရှိခဲ့သည့် ဂျီဒီပီ ၁၅ ဒသမ ၈ ရာခိုင်နှုန်းမှ ကျဆင်းလာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဘရာဇီးနိုင်ငံ စီးပွားရေးဆိုင်ရာအဖွဲ့အစည်း၏ စာရင်းအင်းအချက်အလက်များမှ ကိုးကားဖော်ပြချက်အရ ပြည်သူ့ငွေစာရင်းများလိုငွေနှင့် စီးပွားရေးဆောင်ရွက်မှု အားနည်းခြင်းကြောင့် ရင်းနှီးမြှုပ်နှံမှုများ ကျဆင်းလာရခြင်းဖြစ်ကြောင်း သိရသည်။

ဘရာဇီးနိုင်ငံ၏ ဂျီဒီပီ မှာ ၂၀၁၉ခုနှစ် ပထမသုံးလပတ်တွင် ၀ ဒသမ ၂ ရာခိုင်နှုန်း လျော့နည်းလာခဲ့ပြီး ဘရာဇီးငွေ ၁ ဒသမ ၇၁၃ ရီရယ်လ်(အမေရိကန်ဒေါ်လာ ၄၅၀ ဒသမ ၄ ဘီလီယံ) ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ဘရာဇီးနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုနှုန်းသည် ၂၀၁၈ ခုနှစ်တွင် နိုင်ငံနှင့်ဒေသပေါင်း ၁၇၂ ခု၏ ပျမ်းမျှ ၂၆ ဒသမ ၂ ရာခိုင်နှုန်းအောက် ရောက်ရှိခဲ့သည်။ **ဆင်ဟွာ**

# ဗြိတိန်နိုင်ငံ၏ ဘရီးဇစ်လိုလားသည့် ဝန်ကြီးချုပ်ဖြစ်လာမည့်အရေး ဘောရစ်ဂျွန်ဆင် ထိန်းသိမ်းထား



လန်ဒန်မြို့တော်ဝန်ဟောင်း ဘောရစ်ဂျွန်ဆင်။

**လန်ဒန် ဇူလိုင် ၂၁**

ဘောရစ်ဂျွန်ဆင်သည် ယခုသီတင်းပတ်အတွင်း ဗြိတိန်နိုင်ငံ၏ ဝန်ကြီးချုပ်ဖြစ်လာမည်ဟု ခန့်မှန်းထားသည်။ ၎င်းသည် အောက်တိုဘာ ၃၁ ရက်တွင် ဥရောပသမဂ္ဂမှ ဗြိတိန်နုတ်ထွက်ရန် ဆုံးဖြတ်ထားသူလည်းဖြစ်သည်။ ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေသည် ဘရီဇစ်အရေး ပါလီမန်တွင် ပြင်းထန်သည့်ကန့်ကွက်မှုများနှင့် ကြုံတွေ့ခဲ့ရသည်။

လန်ဒန်မြို့တော်ဝန်ဟောင်းဖြစ်သည့် ဘောရစ်ဂျွန်ဆင်သည် ကွန်ဆာဗေးတစ်ပါတီခေါင်းဆောင်အဖြစ် ရွေးချယ်ခံရရန် ရေပန်းစားလျက်ရှိပြီး ထရီဆာမေ၏နေရာတွင် အစားထိုးမည့်သူဟု ယူဆကြသည်။ ပါတီအဖွဲ့ဝင်ပေါင်း ၁၆၀၀၀၀ခန့်၏မဲများသည် ဂျွန်ဆင်ကို မဲပေးမည်ဟု ခန့်မှန်းထားသည်။ ကျန်ရှိနေသေးသည့်မဲအရေအတွက်များကို ဇူလိုင် ၂၂ ရက်တွင် အပြီးသတ်ပေးပို့ရမည်ဖြစ်သည်။

ဇူလိုင် ၂၃ ရက်တွင် နောက်ဆုံးရလာဒ်များကို ကြေညာမည်ဖြစ်သည်။ ဘောရစ်ဂျွန်ဆင်သည် ဇူလိုင် ၂၀ ရက် အားလပ်ရက်တွင် ပြဿနာကင်းကင်းနေနိုင်သော်လည်း ၎င်းနေရာဆက်ခံခဲ့သည့် နိုင်ငံခြားရေးဝန်ကြီး ဂျရယ်မီဟန့်သည် ပင်လယ်ကွေ့တွင် အီရန်က ဗြိတိန်သင်္ဘောကို သိမ်းယူသွားသည့်အတွက် အဆိုပါကိစ္စနှင့်ပတ်သက်ပြီး ကိုင်တွယ်ဖြေရှင်းနေရသည်။

ဘောရစ်ဂျွန်ဆင်သည် ဥရောပသမဂ္ဂမှ အောက်တိုဘာ ၃၁ ရက်နေ့တွင် နုတ်ထွက်ရာ၌ နုတ်ထွက်ရေးစာချုပ်မရှိဘဲ နုတ်ထွက်လိုသူဖြစ်သည်။ ဥရောပသမဂ္ဂမှ နုတ်ထွက်လိုခြင်း မရှိသူများ၊ နုတ်ထွက်ရေးစာချုပ်မပါဘဲ ဥရောပသမဂ္ဂမှ မထွက်လိုသူများသည် မစ္စတာဂျွန်ဆင်ကို ကန့်ကွက်ကြသည်။

ဂျွန်ဆင်သာ ဝန်ကြီးချုပ်ဖြစ်လာပါက တရားရေးဝန်ကြီး ဒေးဗစ်ဂျူဒ်က အစိုးရအဖွဲ့ အတွင်းမှ နုတ်ထွက်မည်ဟု ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**

## နိုင်ငံတကာ သတင်းတိုထွာ

### အမေရိကန်လုံခြုံရေးအကြံပေး ဂျွန်ဘော်လ်တန် ဂျပန်နှင့် တောင်ကိုရီးယားသို့ သွားမည်

**ဝါရှင်တန် ဇူလိုင် ၂၁**

အမေရိကန် အမျိုးသားလုံခြုံရေးအကြံပေးပုဂ္ဂိုလ် ဂျွန်ဘော်လ်တန်သည် ယခုရက်သတ္တပတ်အတွင်း ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံတို့သို့ သွားရောက်မည်ဖြစ်ကြောင်း သိရသည်။

ဂျပန်နှင့် တောင်ကိုရီးယားနှစ်နိုင်ငံသည် ကုန်သွယ်ရေးဆိုင်ရာသဘောထားကွဲလွဲမှုများ ဖြစ်ပွားလျက်ရှိသည်။ ဂျွန်ဘော်လ်တန်သည် ဂျပန်နိုင်ငံ၌ အီရန်အရေးနှင့်ပတ်သက်သည့် တင်းမာမှုကိစ္စရပ်များကို ဆွေးနွေးသွားဖွယ်ရှိသည်ဟု ဖော်ပြသည်။

ထို့ပြင် စစ်အတွင်းအလုပ်သမားကိစ္စ အငြင်းပွားမှုနှင့် ဂျပန်တင်ပို့ကုန်ထိန်းချုပ်မှုကိစ္စနှင့်ပတ်သက်၍ တောင်ကိုရီးယားနိုင်ငံနှင့် ဆက်ဆံရေးထိခိုက်ရမှုများကိုလည်း ဂျပန်အာဏာပိုင်များနှင့်အတူ ဆွေးနွေးသွားမည်ဖြစ်သည်ဟု သိရသည်။

တင်းမာမှုများကို စကားပြောဆိုဆွေးနွေးမှုမှတစ်ဆင့် အဖြေရှာသွားရန် ၎င်းက နှစ်ဖက်စလုံးကို တိုက်တွန်းမည်ဟုလည်း သိရသည်။ ဂျပန်နှင့် တောင်ကိုရီးယားနှစ်နိုင်ငံလုံးသည် အမေရိကန်၏ အဓိကကျသည့် မဟာမိတ်နိုင်ငံများဖြစ်ကြသည်။

**အင်န်အိတ်ခ်ျကေ**

### ဖမ်းဆီးခံရသည့် ဗြိတိန်ရေနံတင်သင်္ဘောမှ အမှုထမ်းများ ဘေးကင်းလုံခြုံမှုရှိ

**တီဟီရန် ဇူလိုင် ၂၁**

အီရန်၌ ဖမ်းဆီးထိန်းသိမ်းခံရသည့် ဗြိတိန်ရေနံတင်သင်္ဘော Stena Impero မှ သင်္ဘောအမှုထမ်း ၂၃ ဦးတို့ ဘေးကင်းလုံခြုံပြီး အခြေအနေကောင်းမွန်ကြောင်း အီရန်ဆိပ်ကမ်းနှင့် ရေကြောင်းအဖွဲ့အကြီးအကဲက ဇူလိုင် ၂၁ ရက်တွင် နိုင်ငံပိုင်ရုပ်မြင်သံကြားသို့ ပြောကြားခဲ့သည်။

ဗြိတိန်စစ်သင်္ဘောတစ်စင်းက ဟန့်တားမှုလုပ်ဆောင်ခဲ့သော်လည်း ရေနံတင်သင်္ဘောသည် ဇူလိုင် ၁၉ ရက်က အီရန်၏ ဖမ်းဆီးခြင်းခံခဲ့ရပြီး တရားဝင်စုံစမ်းစစ်ဆေးမှုနှင့် အခြားလိုအပ်သည့် အရေးယူဆောင်ရွက်မှုများ ပြုလုပ်ရန်ဆိပ်ကမ်းသို့ ခေါ်ဆောင်သွားခြင်းခံခဲ့ရကြောင်း အိုင်အာအန်အေသတင်းအေဂျင်စီက ဖော်ပြခဲ့သည်။

အီရန်၏ အစ္စလာမ့်တော်လှန်ရေးအစောင့်တပ်ဖွဲ့က ဗြိတိန်ရေနံတင်သင်္ဘော ရေလက်ကြားကို ဖြတ်သန်းစဉ် နိုင်ငံတကာရေကြောင်း စည်းမျဉ်းများကို လေးစားလိုက်နာခဲ့ခြင်း မရှိဟုဆိုကာ ဟော်မုဇ်ရေလက်ကြားအတွင်း၌ ဖမ်းဆီးလိုက်ခြင်းဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

# အရှေ့တောင်အာရှနိုင်ငံများ ကြုံတွေ့လာရသည့် စွန့်ပစ်အမှိုက်ပြဿနာ

**ချူးစန္ဒီနွေး**

**အခုတလော ကမ္ဘာ့သတင်းတွေမှာ မြင်တွေ့နေရတဲ့သတင်းကတော့ အာရှနိုင်ငံတွေဆီ ဖွံ့ဖြိုးပြီးနိုင်ငံတွေက ပလတ်စတစ်အမှိုက်တွေ တင်ပို့တဲ့သတင်းပါပဲ။ ဒီပြဿနာကြောင့် ဖိလစ်ပိုင်နဲ့ ကနေဒါနိုင်ငံတို့ဟာ ဆက်ဆံရေးဆိုးရွားမှုတွေ ဖြစ်ကုန်ရပါတယ်။ ကနေဒါနိုင်ငံက ဖိလစ်ပိုင်သံအမတ်ကြီးကို ပြန်ခေါ်တဲ့အထိ ဆက်ဆံရေးဆိုးရွားလာခဲ့ပါတယ်။**



ကမ္ဘောဒီးယားနိုင်ငံ ဆီဟာနော့ခ်ဗီလီဆိပ်ကမ်း၌ ဇူလိုင် ၁၆ ရက် တွေ့ရှိရသည့် ကွန်တိန်နာအပြည့် ပလတ်စတစ်အမှိုက်များ

ဒီလိုနဲ့လည်း ပြဿနာဟာ အဆုံးသတ်မသွားပါဘူး။ ကနေဒါဟာ သူကတိပေးထားတဲ့အချိန်အတွင်း အမှိုက်တွေကို ပြန်လည်သယ်ဆောင်ခြင်းမပြုတဲ့အတွက် ဖိလစ်ပိုင်အစိုးရအရာရှိတွေ ကနေဒါနိုင်ငံကို သွားရောက်ခြင်းပိတ်ပင်တာအထိ ဖြစ်လာပါတယ်။ ဒါကတော့ မေလအတွင်းကဖြစ်ပေါ်ခဲ့တဲ့ ပလတ်စတစ်အမှိုက်ပြဿနာပါ။

**ကမ္ဘောဒီးယားသို့ရောက်လာသည့်အမှိုက်များ**

အခုလည်း ဇူလိုင်လအတွင်းမှာ အာရှနိုင်ငံတစ်ခုဖြစ်တဲ့ ဗီယက်နိုင်ငံကို အမေရိကန်နဲ့ ကနေဒါက အမှိုက်တန်ချိန် ၁၆၀၀ ရောက်လာပြန်ပါတယ်။ ကမ္ဘောဒီးယားနိုင်ငံကတော့ နိုင်ငံရဲ့ကမ်းခြေဆီ အနောက်တိုင်းကုမ္ပဏီက သယ်ဆောင်လာတဲ့ စွန့်ပစ်အမှိုက်တွေ ရောက်လာတာကိုငြင်းဆန်တဲ့ အာရှတိုင်းပြည်တစ်ခု ဖြစ်လာခဲ့ပါတယ်။ ကမ္ဘောဒီယားအာဏာပိုင်တွေကတော့ ကမ္ဘောဒီးယားကမ်းခြေကိုရောက်လာတဲ့ စွန့်ပစ်အမှိုက်တွေကို မူလနိုင်ငံတွေဆီ ပြန်ပို့မယ်လို့ ဇူလိုင် ၁၇ ရက်က ပြောခဲ့ပါတယ်။

**အမှိုက်တွေပြန်ပို့မယ်**

သူတို့ပြောတဲ့အတိုင်းပဲ အမှိုက်တန်ချိန် ၁၆၀၀ ခန့်ကို အမေရိကန်နဲ့ ကနေဒါတို့ဆီ ပြန်ပို့ပေးခဲ့ပါတယ်။ ကွန်တိန်နာ ၈၃ လုံးနဲ့ထည့်ထားတဲ့ စွန့်ပစ်အမှိုက်တွေကို အနောက်တောင်ပိုင်း အဓိကဆိပ်ကမ်းတစ်ခုဖြစ်တဲ့ ဆီဟာနော့ခ်ဗီလီမှာ ဇူလိုင် ၁၆ ရက်က တွေ့ရှိခဲ့တာပါလို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ပြောရေးဆိုခွင့်ရှိသူ နက်ပီခက်ထရာက ပြောပါတယ်။ အကောက်ခွန်နဲ့ ယစ်မျိုးခွန်ကအရာရှိတွေက ဒီကွန်တိန်နာတွေကို ဖွင့်ကြည့်ခဲ့တာပါ။ ဒီကွန်တိန်နာတွေမှာ ပြန်လည်အသုံးပြုလို့ရသည့် ပစ္စည်းများဟု အမည်တပ်ထားပြီး ပလတ်စတစ်စွန့်ပစ်အမှိုက်များလို့တော့ နာမည်တပ်ထားခြင်းမရှိပါဘူး။

**ဒဏ်ရိုက်မယ်**

အခုအခါမှာတော့ အကောက်ခွန်ဝန်ကြီးဌာနကလည်း ဒီကွန်တိန်နာတွေ ကမ္ဘောဒီးယားကိုဘယ်လိုပုံစံမျိုးနဲ့ ရောက်ရှိလာသလဲဆိုတာကို စုံစမ်းစစ်ဆေးမှုတွေ ပြုလုပ်လျက်ရှိပါတယ်။ တကယ်လို့များ လက်သည်ကိုရှာလို့တွေ့ပြီဆိုရင် ဒဏ်ရိုက်တာတွေ၊ တရားစွဲဆိုတာတွေ ပြုလုပ်သွားမယ်လို့ ဖီခက်ထရာက ပြောပါတယ်။ အဲဒီလိုလုပ်ဆောင်နေစဉ်အတွင်းမှာပဲ ပြည်ထောင်စုအစိုးရဟာ ဒီအမှိုက်ကွန်တိန်နာတွေကို အမေရိကန်နဲ့ ကနေဒါတို့ဆီ ပေးပို့တဲ့လုပ်ငန်းစဉ်တွေကို အစပြုလုပ်ဆောင်နေပါပြီ။ ကမ္ဘောဒီးယားနိုင်ငံဟာ နိုင်ငံခြားတိုင်းပြည်က အမှိုက်တွေလာရောက်စုပြုံပစ်ထားရမယ့် အမှိုက်ပုံတစ်ခုမဟုတ်ဘူး၊ ဒီလို ပလတ်စတစ်အမှိုက်တွေ တင်သွင်းတာကို ကမ္ဘောဒီးယားအစိုးရက ပြင်းပြင်းထန်ထန်ကန့်ကွက်တယ်လို့ ဖီခက်ထရာက ဆက်ပြောပါတယ်။ ဒီလို စွန့်ပစ်အမှိုက်ပြဿနာဟာ တစ်ကမ္ဘာလုံးမှာ ကြုံတွေ့နေရတဲ့ပြဿနာတစ်ခုပါပဲ။

**အရှေ့တောင်အာရှနိုင်ငံတွေဆီ ဦးတည်လာ**

အထူးသဖြင့် အနောက်နိုင်ငံတွေက အီလက်ထရွန်နစ် စွန့်ပစ်အမှိုက်၊ ပလတ်စတစ်အမှိုက်တွေဟာ အရှေ့တောင်အာရှနိုင်ငံတွေဆီကို ရောက်လာတတ်ပါတယ်။ ပြီးခဲ့တဲ့နှစ်ကလည်း တရုတ်နိုင်ငံဟာ သဘာဝပတ်ဝန်းကျင် သန့်ရှင်းရေးအတွက် ပလတ်စတစ်အမှိုက်တင်သွင်းခြင်းကို ပိတ်ပင်တားဆီးခဲ့ပါတယ်။ ဒါကြောင့်မို့ ဒီလို ပလတ်စတစ်နဲ့ အီလက်ထရွန်နစ် စွန့်ပစ်အမှိုက်တွေကို စွန့်ပစ်ဖို့ ဦးတည်ချက်လမ်းကြောင်းဟာ အရှေ့တောင်အာရှနိုင်ငံတွေဆီ ဦးတည်လာခဲ့တာပါ။ ကမ္ဘောဒီးယားမှာ ကြုံတွေ့ရသလိုမျိုးအဖြစ်အပျက်ကို မလေးရှားနဲ့ ဖိလစ်ပိုင်တို့မှာလည်း ကြုံတွေ့ခဲ့ပြီးပါပြီ။

**ဖိလစ်ပိုင်မှာ ကြုံတွေ့ရသည့်ပြဿနာ**

အမှိုက်များတင်ပို့ခြင်းဟာ လိုင်စင်မရှိတဲ့ ပလတ်စတစ်ပြန်လည်အသုံးပြုရေး လုပ်ငန်းတွေအတွက် တရားမဝင်လုပ်ငန်းတစ်ခုလို ဖြစ်နေပါတယ်။ မလေးရှားနိုင်ငံမှာလည်း ယခုနှစ်အစောပိုင်းမှာပဲ လိုင်စင်မဲ့ပလတ်စတစ် ပြန်လည်အသုံးပြုနိုင်ရေး သန့်စင်ပေးသည့်လုပ်ငန်း ၁၄၈ ခုကို နှိမ်နင်းခဲ့ရပါတယ်။ အဲဒီလုပ်ငန်းကြောင့် သဘာဝပတ်ဝန်းကျင်ကို ညစ်ညမ်းစေတဲ့အပြင် ထွက်ရှိလာတဲ့မီးခိုးငွေ့တွေကြောင့် ပတ်ဝန်းကျင်ကို အဆိပ်အတောက်ဖြစ်စေပါတယ်။ ရေထုကိုလည်း ညစ်ညမ်းစေပါတယ်။ ဒါကြောင့်မို့လည်း မလေးရှားအစိုးရဟာ တိုင်းပြည်အတွင်း အမှိုက်များစီးဝင်ခြင်းကို နှိမ်နင်းဖို့ကြိုးစားခဲ့ရတာပါ။ ဖိလစ်ပိုင်နဲ့ ကနေဒါတို့ စွန့်ပစ်အမှိုက်ပြဿနာကြောင့် သံတမန်ရေးရာအရ အငြင်းပွားမှုတွေ ဖြစ်ပေါ်ရတာလည်း ယခုနှစ်အတွင်းမှာပါပဲ။ ဒီပြဿနာကြောင့် ဖိလစ်ပိုင်သမ္မတ ရိုဒရီဂိုဒူတာတေးဟာ ကနေဒါနိုင်ငံ အော့တဝါမြို့က သူ့ရဲ့သံအမတ်ကြီးကို တိုင်းပြည်အတွင်း ပြန်လည်ခေါ်ယူခဲ့ပါတယ်။ အဲဒီနောက်မှာတော့ မေလအတွင်းမှာပဲ ကနေဒါက အမှိုက်တန်ချိန် ၂၄၅၀ တန်ဟာ ပြန်လည်သိမ်းယူဖို့ ကနေဒါနိုင်ငံဟာ သဘောတူပေးခဲ့ရပါတယ်။

**၂၀၁၃ ခုနှစ်ကတည်းကအမှိုက်တွေ**

ကနေဒါနိုင်ငံဘက်ကအမှိုက်တွေ ပြန်လည်သိမ်းယူဖို့ သဘောမတူခင် ဖိလစ်ပိုင်မှာ ဒီပြဿနာကြောင့် အတော်လေးဂယက်ထခဲ့ပါတယ်။ မနီလာမြို့က သဘာဝပတ်ဝန်းကျင်အရေး တက်ကြွလှုပ်ရှားသူတွေဟာ ၂၀၁၅ ခုနှစ် စက်တင်ဘာလ ၉ ရက်နေ့ကတည်းက ကနေဒါကအမှိုက်တွေကို ပြန်လည်သယ်ယူဖို့ တောင်းဆိုခဲ့ကြတာပါ။ ၂၀၁၆ ခုနှစ်မှာတော့ ဖိလစ်ပိုင်တရားရုံးဟာ ဖိလစ်ပိုင်ကို ရောက်ရှိလာတဲ့အမှိုက်တန်ချိန် ၂၄၀၀ကျော်ဟာ ကနေဒါနိုင်ငံရဲ့တရားမဝင်တင်ပို့တဲ့ အမှိုက်တွေလို့ ကြေညာခဲ့ပါတယ်။ ကနေဒါနိုင်ငံဟာ ဒီအမှိုက်တွေကို ၂၀၁၃ ခုနှစ်နဲ့ ၂၀၁၄ ခုနှစ်တို့မှာ တင်ပို့ခဲ့တာပါပဲ။

**မလေးရှားမှာ ကြုံရသည့်ပြဿနာ**

နောက်ပြီးမေလအတွင်းမှာပဲ မလေးရှားနိုင်ငံကိုရောက်လာတဲ့ အမှိုက်တန်ချိန် ၄၅၀ ခန့်ကို မူရင်းတိုင်းပြည်တွေဆီ ပြန်လည်ပို့ဆောင်ခဲ့ပါတယ်။ မလေးရှားကိုရောက်လာတဲ့အမှိုက်တွေရဲ့မူလတိုင်းပြည်တွေကတော့ ဗြိတိန်၊ ကနေဒါ၊ အမေရိကန်၊ ဂျပန်နဲ့ နယ်သာလန်နိုင်ငံတို့ကပဲ ဖြစ်ပါတယ်။

**အင်ဒိုဆီမှာလည်း ကြုံတွေ့ရ**

နောက်ထပ်အမှိုက်ပြဿနာနဲ့ ကြုံတွေ့ရတဲ့ အရှေ့တောင်အာရှနိုင်ငံတစ်ခုကတော့ အင်ဒိုနီးရှားပါပဲ။ အင်ဒိုနီးရှားနိုင်ငံကိုလည်း ပြင်သစ်၊ ဩစတြေးလျနဲ့ အခြားဖွံ့ဖြိုးပြီးနိုင်ငံတွေဆီက ရောက်လာတဲ့ပလတ်စတစ်အမှိုက်တွေကို ဒီလအတွင်းမှာပဲ ပြန်ပို့ခဲ့ပါတယ်။ ကမ္ဘာပေါ်မှာ ဘယ်တိုင်းပြည်ကမှ တစ်နိုင်ငံရဲ့အမှိုက်တွေကို နောက်တစ်နိုင်ငံက လက်မခံချင်ကြပါဘူး။ ဒါကြောင့် ဒီပြဿနာကို အဖြေရှာဖို့အတွက် ပူးပေါင်းဆောင်ရွက်မှုတွေ လုပ်ဆောင်ခဲ့ကြပါတယ်။ နိုင်ငံပေါင်း ၁၈၇ နိုင်ငံက အစိုးရတွေဟာ နယ်စပ်တွေမှာ ပလတ်စတစ်အမှိုက် ထိန်းချုပ်ရေးအတွက် မေလအတွင်းမှာ သဘောတူခဲ့ကြပြီး ပလတ်စတစ်စွန့်ပစ်အမှိုက်တွေအတွက် နိုင်ငံအချင်းချင်းသဘောတူရမယ့်အခြေခံအချက်တွေကိုပါ ထည့်သွင်းခဲ့ကြပါတယ်။

**ပြဿနာတွေရှိနေဆဲ**

ဒီလှုပ်ရှားမှုဟာ ကြိုဆိုရမယ့် အရွေ့တစ်ခုဖြစ်ပြီး မမျှတမှုတွေကို ဖြေလျှော့ပေးကာ ကမ္ဘာလုံးဆိုင်ရာအမှိုက်ပြဿနာအတွက် တာဝန်ခံမှုအတိုင်းအတာကိုပြန်လည်ထိန်းသိမ်းလိုက်တာပဲ ဖြစ်တယ်လို့ ကမ္ဘာ့တောရိုင်းတိရစ္ဆာန်ရန်ပုံငွေအဖွဲ့က ပြောပါတယ်။ ကမ္ဘောဒီးယားနိုင်ငံဟာလည်း ပြည်တွင်းကထုတ်လုပ်လိုက်တဲ့ ပလတ်စတစ်တွေကြောင့် ဖြေရှင်းရမယ့်ပြဿနာအနည်းငယ်လည်း ရှိနေပါသေးတယ်။ ဒါကတော့ ပြည်တွင်းမှာပလတ်စတစ်အသုံးပြုမှုနဲ့ ပတ်သက်ပြီး လူထုအသိရှိမှုတွေ လျော့နည်းနေတာကြောင့်ရယ်၊ ပလတ်စတစ်ပြဿနာကို ကိုင်တွယ်ဖြေရှင်းဖို့ လိုအပ်ချက်တွေရှိနေသေးတာတွေကြောင့်ပါပဲ။

**အားကောင်းနေဆဲအမှိုက်ပြဿနာ**

စွန့်ပစ်ပလတ်စတစ်အမှိုက်တွေထဲက ပြန်လည်အသုံးပြုလို့ရအောင် ဖန်တီးဖို့ခက်တဲ့အမှိုက်တွေ၊ သဘာဝပတ်ဝန်းကျင်ကို ညစ်ညမ်းမှုဖြစ်ပေါ်စေတဲ့အမှိုက်တွေတင်ပို့ခြင်းကို တားဆီးဖို့ နိုင်ငံပေါင်း ၁၈၇ နိုင်ငံက သဘောတူလက်မှတ်ရေးထိုးထားပေမယ့် သဘောတူလက်မှတ် ပါဝင်ရေးထိုးခြင်းမရှိတဲ့ နိုင်ငံအနည်းငယ်လည်း ရှိပါတယ်။ အဲဒီအထဲမှာ အမေရိကန်လည်း အပါအဝင်ပါပဲ။ တစ်ကမ္ဘာလုံး ကြုံတွေ့နေရတဲ့ ပလတ်စတစ်အမှိုက်ပြဿနာဟာလည်း အရှိန်အားကောင်းနေဆဲပါပဲ။ ။

**ကိုးကား - စီအင်န်အင်န်**

> **“ကမ္ဘောဒီးယားနိုင်ငံဟာ နိုင်ငံခြားတိုင်းပြည်က အမှိုက်တွေလာရောက်စုပြုံပစ်ထားရမယ့် အမှိုက်ပုံတစ်ခုမဟုတ်ဘူး၊ ဒီလို ပလတ်စတစ်အမှိုက်တွေ တင်သွင်းတာကို ကမ္ဘောဒီးယားအစိုးရက ပြင်းပြင်းထန်ထန်ကန့်ကွက်တယ်လို့ ဖီခက်ထရာက ဆက်ပြောပါတယ်။ ဒီလိုစွန့်ပစ်အမှိုက်ပြဿနာဟာ တစ်ကမ္ဘာလုံးမှာ ကြုံတွေ့နေရတဲ့ ပြဿနာတစ်ခုပါပဲ”**

# သာယာဝတီမြို့နယ် အင်းရှာတောင်သူလယ်သမားသင်တန်းကျောင်းဖွင့်ပွဲနှင့် အကျိုးဆောင်တောင်သူဖွံ့ဖြိုးရေးသင်တန်းဖွင့်

**သာယာဝတီ ဇူလိုင် ၂၁**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် အင်းရှာတောင်သူလယ်သမားသင်တန်းကျောင်းဖွင့်ပွဲနှင့် အကျိုးဆောင်တောင်သူဖွံ့ဖြိုးရေး သင်တန်းအမှတ်စဉ် (၄/၂၀၁၉) ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့က ကျင်းပသည်။

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးအောင်ဇော်နိုင်၊ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်း၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးမောင်မောင်လွင်၊ တိုင်းဒေသကြီး စိုက်ပျိုး ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးလှမြင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။


ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် တာဝန်ရှိသူများ သင်တန်းများကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

အဆိုပါသင်တန်းကို ကျေးလက်နေပြည်သူများ၏ လယ်ယာစီးပွားရေးလုပ်ငန်းများ ခေတ်မီဆန်းသစ်၍ ရေရှည်တည်တံ့သောစိုက်ပျိုးထုတ်လုပ်မှုနည်းပညာများနှင့် ဆက်စပ်သည့် အသိပညာဗဟုသုတများ ကြွယ်ဝလာစေရန်၊ တောင်သူလယ်သမားများ၏ အခွင့်အရေးများ ပြည့်ဝစွာခံစားနိုင်စေရန်၊ တောင်သူတစ်ဦးချင်းစီ၏ ဝင်ငွေတိုးတက်ပြီး အကျိုးစီးပွားမြင့်မားလာစေရန် ရည်ရွယ်၍ ဇူလိုင် ၂၁ ရက်မှ ၂၆ ရက်အထိ ဖွင့်လှစ်ခြင်းဖြစ်ပြီး လယ်ယာကဏ္ဍဆိုင်ရာမူဝါဒများ၊ Private Farm ဆိုင်ရာမူဝါဒများ၊ မျိုးစေ့ဆိုင်ရာမူဝါဒများ၊ မျိုးစေ့ဥပဒေ၊ စပါးစိုက်ပျိုးနည်းစနစ်၊ မြေဆီလွှာ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာမူဝါဒများ၊ သီးနှံကာကွယ်ရေးဆိုင်ရာမူဝါဒများ၊ ရာသီဥတုနှင့် လိုက်လျောညီထွေရှိသော စိုက်ပျိုးနည်းစနစ်များ၊ စပါး၊ နှမ်း၊ ပဲမျိုးစုံ ကြံ/ဝါ စိုက်ပျိုးနည်းစနစ်များ၊ ဂုန်လျှော် စိုက်ပျိုးနည်းစနစ်များ၊ ကြံ/ဝါ/ဂုန်လျှော် စိုက်ပျိုးနည်း စသည့်ဘာသာရပ်များကို သင်ကြားပို့ချကာ သာယာဝတီ နှင့် ပြည်ခရိုင်အတွင်းရှိ မြို့နယ် ၁၄ မြို့နယ်မှ သင်တန်းသား သင်တန်း သူ ၄၀ တက်ရောက်ကြကြောင်း သိရသည်။

**ဟိန်းထက်(ပဲခူး)**

# ဘားအံ၌ ကရင်ပြည်နယ် ပအိုဝ်းအမျိုးသားလူငယ်ညီလာခံကျင်းပ

ဘားအံ ဇူလိုင် ၂၁

**ကရင်ပြည်နယ်အတွင်း နေထိုင်ကြသည့် ပအိုဝ်းလူငယ်များ အချင်းချင်း အပြန်အလှန်ချိတ်ဆက်ဆောင်ရွက်မှု အားကောင်းလာစေပြီး လူငယ်များ၏ အခက်အခဲများကို ဖြေရှင်းပေးနိုင်ရန် ပအိုဝ်းလူငယ်များနှင့် အခြားသောညီနောင်တိုင်းရင်းသားလူငယ်များ အပြန်အလှန်ချိတ်ဆက်ဆောင်ရွက်နိုင်မှု ပိုမိုအားကောင်းလာစေရန်ရည်ရွယ်၍ ပြည်နယ် ပအိုဝ်းအမျိုးသားလူငယ်ညီလာခံကို ယမန်နေ့က ဘားအံမြို့တိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီးဌာန ညွှန်ကြားရေးမှူးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။**


ဘားအံမြို့၌ ကရင်ပြည်နယ် ပအိုဝ်းအမျိုးသားလူငယ်ညီလာခံကျင်းပစဉ်။

အဆိုပါ ပအိုဝ်းအမျိုးသားလူငယ်ညီလာခံကို ပြည်နယ်ပအိုဝ်းတိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီး ဦးခွန်မျိုးတင့်နှင့် ပြည်နယ် ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှုတိုးတက်ပြန့်ပွားရေးမှ ဦးခွန်သန်းမြင့်တို့က အမှာစကားပြောကြားခဲ့ပြီး ပအိုဝ်းအမျိုးသားလူငယ်ညီလာခံတွင် ပအိုဝ်းလူငယ်နှင့် ပအိုဝ်းအမျိုးသားနိုင်ငံရေးကဏ္ဍ၊ ပအိုဝ်းလူငယ်နှင့် ပအိုဝ်းအမျိုးသားအင်္ဂါရပ်လက္ခဏာ (စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း၊ ဘာသာစကား၊ ဂီတ၊ အနုပညာ)၊ လူငယ်နှင့် ပညာရေး၊ ကျန်းမာရေးကဏ္ဍ၊ အထွေထွေကဏ္ဍဟူသည့်ကဏ္ဍလေးရပ်ကို ပြည်နယ်အတွင်းရှိ ပအိုဝ်းကျေးရွာများကို အခြေခံသော အသက် ၁၈ နှစ်မှ ၄၀ အတွင်းရှိ ပအိုဝ်းလူငယ်များ၊ ကျေးရွာကိုယ်စားလှယ်များ၊ အဖွဲ့အစည်းကိုယ်စားလှယ်များ၊ တစ်သီးပုဂ္ဂလ ပါဝင်သင့်ပါဝင်ထိုက်သည့်ကိုယ်စားလှယ်များ၊ ပအိုဝ်း နိုင်ငံရေးပါတီများမှ လူငယ်ကိုယ်စားလှယ်များက ကဏ္ဍတစ်ခုချင်းစီအလိုက်အစုအဖွဲ့များဖြင့် ဇူလိုင် ၂၀ ရက်မှ ၂၁ ရက်အထိ နှစ်ရက်တိုင်တိုင် အုပ်စုဖွဲ့ဆွေးနွေးခဲ့ကြသည်။

ယင်းညီလာခံမှ ဆွေးနွေးရရှိလာသော သဘောတူဆုံးဖြတ်ချက်များ၊ စာတမ်းများကို သက်ဆိုင်ရာပအိုဝ်းအဖွဲ့အစည်းများ၊ ဒေသအာဏာပိုင်များထံ ပေးပို့သွားမည်ဖြစ်ပြီး ပအိုဝ်းတစ်မျိုးသားလုံးနှင့်ဆိုင်သည့် ဒေသပေါင်းစုံပါဝင်သော ပအိုဝ်းအမျိုးသားလူငယ်ညီလာခံတွင်လည်း တင်သွင်းသွားမည်ဖြစ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ငါ့သရောက်မြို့ သနပ်ပွင်ကျေးရွာတွင် စက်ရေတွင်းဖွင့်ပွဲကျင်းပ

**ငါ့သရောက် ဇူလိုင် ၂၁**

မန္တလေးတိုင်းဒေသကြီး ငါ့သရောက်မြို့ ကမ္မကျေးရွာအုပ်စု သနပ်ပွင်ကျေးရွာတွင် ယနေ့နံနက်ပိုင်းက မေတ္တာရေစင် ကျေးလက်ရေရရှိရေးအသင်း၊ ကြင်းတော်ယန်ဗုဒ္ဓဘာသာ ပရဟိတအသင်းဝင်များက လှူဒါန်းသည့် စက်ရေတွင်းဖွင့်ပွဲ ကျင်းပသည်။

အခမ်းအနားကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကျောက်ပန်းတောင်းတပ်နယ်မှူး ဗိုလ်မှူးချုပ် ကျော်ကျော်၊ ညောင်ဦးမြို့နယ် နယ်မြေခံတပ်ရင်းမှူး ၄၁၅ မှ ဒုတိယဗိုလ်မှူးကြီး ညီညီအောင်၊ ငါ့သရောက် မြို့အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဝင်း၊ ကမ္မကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးစိုးသန်းတို့က စက်ရေတွင်းအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် စက်ရေတွင်းရေဘားကို ဗိုလ်မှူးချုပ် ကျော်ကျော်က ဖွင့်လှစ်ပေးရာ ကျေးရွာသူ ကျေးရွာသားများက ဆိုင်းထမ်းများ၊ ရေတိုက်လှည်းများဖြင့် ရေလာရောက် သယ်ယူကြသည်။

ထို့နောက် ကမ္မည်းကျောက်စာကို အမွှေးနံ့သာရည်များဖြင့် ဖျန်းပက်ပေးကာ စက်ရေတွင်းလှူဒါန်းခြင်းအတွက် သနပ်ပွင်ကျေးရွာ ဇမ္ဗူဒီပကျောင်းတိုက်တွင် ရေစက်သွန်းချအမျှအတန်း ပေးဝေခဲ့ကြောင်းသိရကာ ပေ ၆၈၀ တွင် ရေချိုရရှိကြောင်း သိရသည်။


ငါ့သရောက်မြို့သနပ်ပွင်ကျေးရွာ ဒေသခံများ ဖွင့်ပွဲနေ့က သောက်ရေသုံးရေ သယ်ယူကြစဉ်။

သနပ်ပွင်ကျေးရွာသည် အိမ်ထောင်စု ၂၇၀ ရှိပြီး လူဦးရေ ၁၁၅၆ ဦးရှိကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစိုးသန်းက ပြောသည်။

**မောင်မောင်ထိန် (ကျောက်ပန်းတောင်း)**

## ငလျင်ဘေးပညာပေးစာစောင်

### ငလျင်ဘေးအတွက်ကြိုတင်ပြင်ဆင်ရန်များ

၁။ မိမိနေထိုင်ရာနေရာသည် မည်သည့်ငလျင်ဇုံတွင် ကျရောက်သည် မည်ကဲ့သို့ ပြင်ဆင်ထားသင့်သည်ကို လေ့လာထားပါ။



၂။ ဘေးကင်းလုံခြုံသောနေရာ၊လမ်းကြောင်းများကို သတ်မှတ်ထားပါ။ငလျင်လှုပ်နေချိန်တွင်ပြုမူနေထိုင်ရမည့် နည်းလမ်းများကို မိသားစုဝင်များအား အသိ ပေး လေ့ကျင့်ထားပါ။



၃။ ပြိုကျ၊ ပြုတ်ကျ၊ ကွဲရှနိုင်သော ပစ္စည်းများ၊ တွဲလောင်းကျနေသော အရာများကို အန္တရာယ်မဖြစ်စေရန် မြဲမြံအောင် ပြုလုပ်ထားပါ။



၄။ မိသားစုသုံး အရေးပေါ်ပစ္စည်းများ၊အရေးကြီး စာရွက်စာတမ်းများကို ကြိုတင်ပြင်ဆင်ထားပါ။

၅။ မိမိအိမ်၏ ခိုင်ခံ့ မှုကို ပုံမှန်စစ်ဆေးပြီးတောင့်တင်းခိုင်မာအောင်ပြုလုပ်ထားပါ။



### ငလျင်လှုပ်နေစဉ်တွင်လိုက်နာရန်အချက်များ

၁။ ကြောက်ရွံ့ထိတ်လန့်မှုမရှိပါနှင့်။ သတိရှိပါ။ တည်ငြိမ်မှုရှိပါ။

၂။ ( ၅ ) စက္ကန့် အတွင်း အဆောက်အအုံအပြင်သို့ ရောက်နိုင်ပါကပြေးထွက်ပါ။ မရောက်နိုင်ပါက ဘေးကင်းသောနေရာတွင် (ဝပ် ကာ ကိုင်) ပုံစံဖြင့်နေပါ။



ဝပ် = ဘေးအန္တရာယ်ကင်းသော နေရာတွင် ဝပ်နေပါ။

ကာ = ခိုင်ခံ့သော စားပွဲ၊ခုံ၊ခုတင်အောက်တွင် မိမိကိုယ်ကို အကာအကွယ်ယူပါ။

ကိုင် = ခိုင်ခံ့သော စားပွဲ၊ ခုံ၊ ခုတင် များကို မြဲမြံစွာကိုင် ထားပါ။

၃။ လယ်ကွင်း၊ကွင်းပြင်(သို့) ဘေးကင်းရာ ( မြင့်မားသော အဆောက်အအုံ၊ လျှပ်စစ်မီးကြိုး၊ဓါတ်တိုင်များ၊သစ်ပင်များ ပြိုကျနိုင်သောအရာများနှင့် ဝေးရာ) သို့ပြေးပါ။



၄။ ငလျင်ကြောင့် ဆူနာမီလှိုင်းများ ဖြစ်ပေါ်လာနိုင်သည့်အတွက် ကမ်းခြေ (သို့) မြစ်ကမ်းစပ် အနီးတွင် ရောက်ရှိနေပါက ကုန်းမြေမြင့်သို့ ရွှေ့ပြောင်းပါ။



# စစ်ကိုင်းတိုင်းဒေသကြီးရှိ သစ်တောဧရိယာများအတွင်း ယခုနှစ်မိုးရာသီ၌ ကျွန်းနှင့် ပျဉ်းကတိုး ဧက ၂၆၀၀ စိုက်ပျိုးမည်



စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကျွန်းစိုက်ခင်းတစ်နေရာ။

**မုံရွာ ဇူလိုင် ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ခရိုင် ငါးခုမှ မြို့နယ် ၁၃ မြို့နယ်အတွင်းရှိ သစ်တောဧရိယာများအတွင်း စီးပွားရေးကျွန်းနှင့် ပျဉ်းကတိုးစိုက်ခင်း ဧက ၂၆၀၀ ကို ၂၀၁၈- ၂၀၁၉ ဘဏ္ဍာနှစ်တွင် အပြီးစိုက်ပျိုးသွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ကျော့ကျော့အောင်က ပြောသည်။

ကျွန်းစိုက်ခင်းများ စိုက်ပျိုးပြီးစီးမှုအနေဖြင့် ကန့်ဘလူမြို့နယ်အတွင်းရှိသော ကြိုးဝိုင်းအတွင်း ဧက ၄၀၀၊ ကောလင်းမြို့နယ်အတွင်းရှိ ကျွန်းတောကြိုးပြင်ကာကွယ်တောအတွင်း ၁၂၅ ဧက၊ ထီးချိုင့်မြို့နယ် ကြိုးဝိုင်းအတွင်း ဧက ၁၅၀၊ ပင်လည်ဘူးမြို့နယ် နန့်ဘရန့် ကြိုးဝိုင်းအတွင်း ဧက ၈၀၊ ဝန်းသိုမြို့နယ် ဖီလေးကြိုးဝိုင်းအတွင်း ၁၃၅ ဧက၊ အင်းတော်မြို့နယ် ဂဟဲကြိုးဝိုင်းအတွင်း ဧက၁၅၀ ကိုလည်းကောင်း၊ ပျဉ်းကတိုးစိုက်ခင်းဧက ၂၀၀ ကို ကသာမြို့နယ် အောင်ပုံ - နတ်တံခါးကြိုးပြင်ကာကွယ်တောအတွင်း လည်းကောင်း၊ ကနီမြို့နယ်ရှိ ပင်ထောင်ကြိုးဝိုင်းအတွင်း ကျွန်းစိုက်ခင်း ဧက ၅၀၊ ပုလဲမြို့နယ် ခင်အေးကြိုးဝိုင်းအတွင်း ကျွန်းစိုက်ခင်း ၂၁၅ ဧကကို လည်း ကောင်း၊ ကလေးမြို့နယ်ရှိပန်းမတောင်ကြိုးပြင် ကာကွယ်တောအတွင်း ကျွန်းစိုက်ခင်း ဧက ၁၀၀၊ ကလေးဝမြို့နယ်ရှိ ကြာပင်ကြိုးဝိုင်းအတွင်း ကျွန်းစိုက်ခင်း ဧက ၁၀၀၊ မင်းကင်းမြို့နယ်ရှိ သံပေါက်ကြိုးဝိုင်းအတွင်း ကျွန်းစိုက်ခင်း ဧက ၁၀၀ ကို လည်းကောင်း၊ မော်လိုက်မြို့နယ်ရှိ မော်ကူးကြိုးဝိုင်းအတွင်း ကျွန်း စိုက်ခင်း ဧက ၅၀ ကို လည်းကောင်း စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ယခုဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး သစ်တောဦးစီးဌာနမှ တန်ဖိုးမြင့် သစ်အမျိုးအစားများဖြစ်သော ကျွန်းနှင့်ပျဉ်းကတိုးသစ်မျိုးဧက ၂၆၀၀ ကို မိုးရာသီကာလအတွင်း စိုက်ပျိုးလျက်ရှိရာ ဇွန်လကုန်အထိ ကျွန်းစိုက်ခင်း ၁၆၅၅ ဧကနှင့် ပျဉ်းကတိုးစိုက်ခင်းဧက ၂၀၀ စုစုပေါင်း ဧက ၁၈၅၅ တို့ကို စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

**ဝင်းဦး (ဧယျာတိုင်း)**

# စဉ့်ကူးမြို့နယ် ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ ကျေးရွာများသို့ ကွင်းဆင်းဟောပြော

**စဉ့်ကူး ဇူလိုင် ၂၁**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့သည် မြို့နယ်အတွင်း ကျေးရွာများသို့ ကွင်းဆင်းသွားရောက်ကာ ကျေးရွာပြည်သူများကို ဥပဒေဆိုင်ရာဗဟုသုတများ တိုးပွားစေရန်နှင့် ဥပဒေဆိုင်ရာအထောက်အကူပေးရေးနှင့် စပ်လျဉ်းသည့် သိမှတ်ဖွယ်ရာများကို ယမန်နေ့က ရွာသစ်ကြီးကျေးရွာဓမ္မာရုံ၌ အသိပညာပေးဟောပြောသည်။

မြို့နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့အတွင်းရေးမှူး ဒေါ်ထားအိစံကတရားစီရင်ရေးနှင့် ဥပဒေဆိုင်ရာသိကောင်းစရာများ၊ အဖွဲ့ဝင် ဦးခင်မောင်သိန်းက ဥပဒေဆိုင်ရာအထောက်အကူပေးရေးနှင့် စပ်လျဉ်းသည့် သိမှတ်ဖွယ်ရာများကို ဆွေးနွေးဟောပြောကြသည်။

တက်ရောက်လာကြသူများက သိရှိလိုသည့် ဥပဒေဆိုင်ရာကိစ္စရပ်များကို စိတ်ပါဝင်စားစွာ ဆွေးနွေးမေးမြန်းကြပြီး သက်ဆိုင်ရာတာဝန်ရှိသူတို့က ပြန်လည်ဖြေကြားကြသည်။ ယင်းနောက် မေးကြမယ်၊ ဖြေကြမယ် အစီအစဉ်ပြုလုပ်ကာ ဆွေးနွေးဟောပြောခဲ့သည့် ဥပဒေဆိုင်ရာဗဟုသုတများနှင့် ပတ်သက်၍ မှန်ကန်စွာ ဖြေကြားနိုင်သူများအား ဆုလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ပြီး တက်ရောက်လာသူများအား လူကုန်ကူးမှု ဆိုင်ရာများပါဝင်သည့် သိမှတ်ဖွယ်ရာ လက်ကမ်းစာစောင်များ ပေးဝေခဲ့ကြောင်း သိရသည်။



**ဝင်းမောင်(စဉ့်ကူး)**

# မန္တလေးမြို့၌ ကျင်းပမည့် ပွဲများ

## အာဆီယံအစားအစာပွဲတော် ကျင်းပမည်

**မန္တလေး ဇူလိုင် ၂၁**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ အာဆီယံအစားအစာပွဲတော် ၂၀၁၉ ကို မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ကျုံးတောင်ဘက် လမ်း ၇၀၊ ၂၆ လမ်းနှင့် ၂၇ လမ်းကြား၌ ဩဂုတ် ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း မန္တလေးမြို့ Ayarwaddy River View Hotel ၌ ဇူလိုင် ၁၈ ရက်က ကျင်းပသည့် အဆိုပါပွဲတော်ကျင်းပရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးမှ သိရသည်။

အဆိုပါ ပွဲတော်တွင် စင်ကာပူ၊ ဖိလစ်ပိုင်၊ လာအို၊ ဗီယက်နမ်၊ ထိုင်း၊ မလေးရှား၊ ဂျပန်၊ တရုတ်၊ ကိုရီးယား၊ အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံတို့မှ ပြခန်း ပေါင်း ၁၀၀ ကျော်ဖြင့် ဒေသထွက်အစားအစာများ၊ အာဆီယံအစားအစာများနှင့် ဒေသအလိုက် ရိုးရာအစားအစာအမျိုးအစားစုံလင်စွာ တည်ခင်းပြသမှုများနှင့် ဒေါင်းလန်းကြီးဖြင့် တပျော်တပါးစားသောက်နေသည့် သရုပ်ဖော်ပြသမှုများ၊ ခေတ်အလိုက် တဖြည်းဖြည်း ပြောင်းလဲလာပုံ၊ အာဆီယံနိုင်ငံများမှ အစားအစာချက်ပြုတ်နေမှုနှင့် ပြည်တွင်းအစားအစာချက်ပြုတ်နေမှု စသည့်သရုပ်ဖော်ပြသမှု အစီအစဉ်များလည်း ပါဝင်မည်ဖြစ်သည်။

ယင်းပွဲတော်တွင် အာဆီယံအစားအစာများနှင့် မြန်မာ့ရိုးရာအစားအစာများကို နိုင်ငံတကာဧည့်သည်များပိုမိုသိရှိပြီး နိုင်ငံတကာသို့ ပျံ့နှံ့စေရန်နှင့် ဆက်လက်ထိန်းသိမ်းနိုင်စေရန်၊ အာဆီယံအစားအစာများကို မြန်မာလူမျိုးများနှင့် မြန်မာနိုင်ငံသို့ရောက်ရှိနေသည့် ပြည်ပခရီးသွားဧည့်သည်များလေ့လာခံစားနိုင်စေရန်နှင့် Green Season ကာလအတွင်းခရီးသွားလုပ်ငန်းမြှင့်တင်ရေးလှုပ်ရှားမှု တစ်ရပ်အနေဖြင့် ရည်ရွယ်၍ ကျင်းပမည် ဖြစ်ကြောင်းသိရသည်။

## နိုင်ငံတကာ ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ မန္တလေးမြို့တွင် ကျင်းပမည်

**မန္တလေး ဇူလိုင် ၂၁**

မြန်မာ့လက်ခမောင်းကုမ္ပဏီမှ စီစဉ်ကျင်းပသော World Lethwei Championship (WLC) King of Limbs နိုင်ငံတကာရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကို မန္တလေးမြို့ ချမ်းမြသာစည် မြို့နယ်ရှိ မန္တလာသီရိအားကစားရုံ၌ ဩဂုတ် ၂ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

## အထက်မြန်မာပြည်တက္ကသိုလ်ပေါင်းစုံ တိုက်ကွမ်ဒိုပြိုင်ပွဲ ကျင်းပမည်

**မန္တလေး ဇူလိုင် ၂၁**

ပထမအကြိမ် အထက်မြန်မာပြည်တက္ကသိုလ်ပေါင်းစုံ တိုက်ကွမ်ဒိုပြိုင်ပွဲကို အမရပူရမြို့နယ်ရှိ ရတနာပုံတက္ကသိုလ်၌ ဩဂုတ် ၂ ရက် မှ ၅ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

## မန္တလေးမြို့တွင် ဝိပဿနာအခြေခံသင်တန်း ဖွင့်လှစ်မည်

**မန္တလေး ဇူလိုင် ၂၁**

တရားသင်တန်းအလှူတော် ပိုင်းလော့ဆရာတော် အရှင်ဇေယျပဏ္ဍိတမှ ဝိပဿနာအခြေခံသင်တန်းကို ဩဂုတ် ၁၆ ရက်မှ ၁၈ရက်အထိ နေ့စဉ် မွန်းလွဲ ၁ နာရီမှ ညနေ ၆ နာရီအထိ မန္တလေးမြို့ ၂၆လမ်းနှင့် ၇၁ လမ်းထောင့်ရှိ မြို့တော်ခန်းမ၌ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းဇော်မင်း (ပြန်/ဆက်) စုစည်းတင်ပြသည်။**

# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၂၁-၇-၂၀၁၉

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၁၃၃၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၆၆၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၁၃၃၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၆၆၈၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၈၀/၉၁၅ ကျပ် | ၉၃၅/၉၄၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၉၀/၉၂၅ ကျပ် | ၉၅၀/၉၆၀ ကျပ် |
| အောက်တိန်း ၉၂ | ၇၇၀/၈၀၅ ကျပ် | ၈၄၅/၈၇၀ ကျပ် |
| အောက်တိန်း ၉၅ | ၈၅၀/၈၉၅ ကျပ် | ၉၅၀/၉၆၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၁၂ · ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၀၄ · ၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၁၅ · ၇ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၈၉၅ · ၂ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၉၉· ၂ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၅၅ · ၁ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၀ · ၂၀ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၂ · ၁၀၄ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၂၈ · ၈၂ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၆၇ · ၄၈ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၉ · ၄၀၄ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

# ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

**နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-**

**၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

လူမှုဝန်ထမ်းဦးစီးဌာန


မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး** | - | စိုးစိုးနိုင် |
| **သတင်းထောက်ချုပ်** | - | မြင့်ဆွေ |
| **စာတည်းများ** | - | ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ခတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News Presented by NPE www.mdn.gov.mm

# ကျွန်တော်နဲ့ ဖြောင့်မတ်တည်ကြည်မှု



## ပါမောက္ခ၊ ဒေါက်တာ အောင်ထွန်းသက်

ကျွန်တော် တစ်လောက နေပြည်တော်မှာ ဟောပြောပွဲတစ်ခု လုပ်ခဲ့တယ်။ မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်က ကြီးမှူးကျင်းပတဲ့ သင်တန်းမှာ ကျွန်တော့်ကို ပို့ချပေးဖို့ ဖိတ်ကြားခဲ့တာ။ ကျွန်တော်က အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းတွေနဲ့ ပတ်သက်လာရင် အမြဲတမ်းအကူအညီ ပေးချင်တဲ့ဆန္ဒရှိတယ်။ ကော်မရှင်ဥက္ကဋ္ဌဖြစ်တဲ့ ဦးအောင်ကြည်နဲ့ ရင်းနှီးတယ်။ လေးစားတယ်။ သူ့ကို ပြည်ထောင်စုဝန်ကြီးဘဝကတည်းက သိကျွမ်းခဲ့တာ။ မောင်တောစုံစမ်းရေးကော်မရှင်နဲ့ ငြိမ်းချမ်းရေးကော်မရှင် တုန်းကလည်း အတူတူ။ သူတာဝန်ယူခဲ့တဲ့အချိန်ကစပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဟာ ပိုပြီးအရှိန်ရလာပြီး လုပ်ငန်းတာဝန်တွေဟာ ထင်သာမြင်သာရှိလာတယ်။

### လူငယ်များနှင့် ဖြောင့်မတ်တည်ကြည်မှု

သင်တန်းက ငါးရက်။ အဖွဲ့အစည်းအသီးသီးက တာဝန်ယူပြီး ပို့ချတာ။ နိုင်ငံတကာအဖွဲ့အစည်းလည်း ပါတယ်။ သင်တန်းသားတွေက တက္ကသိုလ် ၁၀ ခုက ဆရာ၊ ဆရာမတွေနဲ့ ကျောင်းသား၊ ကျောင်းသူတွေ။ ခေါင်းစဉ်က လူငယ်များနဲ့ ပတ်သက်ပြီး ဖြောင့်မတ်တည်ကြည်မှု။ ခေါင်းစဉ်ကို ကျွန်တော်က သိပ်သဘောကျတယ်။ ဖြောင့်မတ်ခြင်း၊ တည်ကြည်ခြင်း။ ဒီခံယူချက်တွေဟာ အလွန်တန်ဖိုးထားရမယ့် အရာတွေဖြစ်တယ်။ လူတစ်ယောက်ရဲ့တန်ဖိုးအကြီးဆုံးက သိက္ခာသမာဓိပဲ ဖြစ်တယ်။ ဘာနဲ့မှ အစားမထိုးနိုင်တဲ့အရာဖြစ်တယ်။ လူတစ်ယောက်ရဲ့တန်ဖိုးဟာ ရာထူးနဲ့ မဆိုင်ဘူး။ ငွေကြေးကြွယ်ဝမှုနဲ့ မဆိုင်ဘူး။ ဖြောင့်မတ်ခြင်း၊ တည်ကြည်ခြင်းနဲ့ဆိုင်တယ်လို့ ထင်တယ်။

အကျင့်စာရိတ္တဆိုတာ တန်ဖိုးအရှိဆုံးအရာဖြစ်တယ်။ ငွေနဲ့ မလဲနိုင်တဲ့အရာ။ ရာထူးနဲ့လည်း မဆိုင်ဘူး။ ကျွန်တော့်ရဲ့ တင်ပြချက်ကို အသေးစိတ်မျှဝေချင်ပါတယ်။ သင်တန်းကို မတက်ရောက်နိုင်သူတွေအတွက် ရည်ရွယ်တာဖြစ်ပါတယ်။ ထုံးစံအတိုင်း ကျွန်တော်က slides တွေကို အားကိုးပြီး တင်ပြခဲ့တယ်။ ဒါကြောင့် slides တွေမသုံးဘဲ လက်တန်းပြောနိုင်၊ ဟောနိုင်သူတွေကို ချီးကျူးမိတယ်။ အားကျမိတယ်။ slides တွေမသုံးရင် ကျွန်တော့်စိတ်ထဲမှာ မလုံခြုံသလိုဖြစ်တယ်။ ဒါကြောင့် ကျွန်တော်က နေ့စဉ် slides တွေ အမြဲပြင်ဆင်တယ်။ အနည်းဆုံး ၂ နာရီလောက် အချိန်သုံးရတယ်။ တာဝန်တစ်ခုအနေနဲ့ မဟုတ်ပေမယ့် ကိုယ်ဝါသနာပါတာကို လုပ်နေရတာကို ကျေနပ်မိတယ်။ slides တွေကို လုပ်ခဲ့တာ အခုဆိုရင် အနှစ် ၂၀ ရှိပြီ။ ပိုပြီးကျွမ်းကျင်အောင်၊ ထိရောက်အောင် အမြဲကြိုးစားတယ်။ ကိုယ့်စိတ်ထဲမှာ ပန်းချီဆွဲနေသလို၊ တူရိယာတီးခတ်နေရသလိုပါပဲ။

ကျွန်တော့်ရဲ့ပထမဆုံး slide မျက်နှာဖုံးမှာ ဖြောင့်မတ်တည်ကြည်မှုအတွက် လူငယ်ရဲ့တာဝန်လို့ ရေးထားပြီး အဂတိလိုက်စားမှုကို လက်မခံတဲ့ လက်ဝါးတံဆိပ်ကိုလည်း ဖော်ပြခဲ့တယ်။ လူငယ်တွေအတွက် ဖြောင့်မတ်တည်ကြည်မှုကို ပညာရေးက စရမှာဖြစ်တယ်။ ကျွန်တော်က ပညာရေးဟာ သော့ချက်ဖြစ်တယ်လို့ ယုံတယ်။ အရာရာပြောင်းလဲချင်ရင် ပညာရေးနဲ့စဖို့ အရေးကြီးတယ်။ ဒါကြောင့်လည်း လူ့အခွင့်အရေးတိုက်ပွဲဝင်ခဲ့တဲ့ နိုဘယ်ဆုရှင်လူငယ် မာလာလာရဲ့ အဆိုအမိန့်ကို မျှဝေခဲ့တယ်။ သူ့ကို အကြမ်းဖက်သမားတွေက လုပ်ကြံခဲ့တယ်။ သေနတ်နဲ့ ဦးခေါင်းကို အပစ်ခံခဲ့ရတယ်။ ဒါပေမယ့် အံ့သြဖွယ်အသက်ရှင်ခဲ့တယ်။ သူက "ကလေးတစ်ယောက်၊ ဆရာတစ်ဦး၊ စာအုပ်တစ်အုပ်နဲ့ ကလောင်တစ်ချောင်း" ဟာ ကမ္ဘာကြီးကို ပြောင်းလဲစေနိုင်ကြောင်း သတိပေးခဲ့တယ်။ အနှစ်သာရက တစ်ဦးစီမှာ တာဝန်ယူဖို့ လိုကြောင်း သတိပေးခြင်း ဖြစ်ပါတယ်။

ဒါကြောင့် ကျွန်တော်တို့နိုင်ငံမှာ ဖြောင့်မတ်တည်ကြည်မှုနဲ့ ပတ်သက်ပြီး ယဉ်ကျေးမှုတစ်ရပ် တည်ဆောက်ဖို့ လိုအပ်တယ်။ အခုလိုဆောင်ရွက်ရာမှာ အသိပညာ၊ အတတ်ပညာနဲ့ အပြုအမူတွေ လိုအပ်တယ်။ အနာဂတ်အတွက် လက်ရှိကာလမှာ အဂတိလိုက်စားမှုကို ချေဖျက်နိုင်ဖို့ ပညာရေးနဲ့ စတင်ရမှာသာဖြစ်တယ်။ အသက်ငယ်ငယ်ကတည်းက ဖြောင့်မတ်တည်ကြည်မှုကို သိနားလည်အောင်၊ တန်ဖိုးထားအောင် လုပ်ရမှာဖြစ်တယ်။ ဒါကြောင့်လည်း ပညာရေးစနစ်မှာ လူငယ်တွေကြား ဆွေးနွေးမှုတွေ၊ လေ့လာမှုတွေလုပ်ဖို့ လိုအပ်ပါတယ်။

> **"အဂတိလိုက်စားမှုနဲ့ ပတ်သက်လာရင် တချို့က "ငါးကြီးတွေကိုကြော်" ဖို့ တိုက်တွန်းနေကြတယ်။ ငါးကြီးတွေသာကြော်ရင် ငါးလတ်တွေ၊ ငါးအသေးတွေကိုတော့ လွှတ်ပေးရမှာလား။ ကျွန်တော့်သဘောကတော့ ငါးတွေအားလုံးကို ကြော်ရမှာဖြစ်တယ်။ မဟုတ်ရင် အဂတိလိုက်စားမှုရဲ့ပမာဏအပေါ် အခြေခံပြီး အရေးယူတာမျိုးဟာ မဖြစ်သင့်တဲ့ အရာသာဖြစ်တယ်။ တကယ်တော့ (Zero-tolerance) လုံးဝလက်မခံတဲ့ သဘောထားရှိဖို့ လိုတယ်။ သည်းခံတဲ့၊ ခွင့်လွှတ်တဲ့စိတ်နဲ့စရင် ထိထိရောက်ရောက် ဆောင်ရွက်ဖို့ ခက်ခဲမှာဖြစ်ပါတယ်။**

### သင်ရိုးညွှန်းတမ်းမှာ ဖြောင့်မတ်တည်ကြည်မှုကို ထည့်သွင်းဖို့လို

ပညာရေးစနစ်ပြုပြင်ပြောင်းလဲရာမှာ သင်ရိုးညွှန်းတမ်းဟာ အခြေခံအချက်ဖြစ်တယ်။ ဒါကြောင့်လည်း သင်ရိုးညွှန်းတမ်းအတွင်း ဖြောင့်မတ်တည်ကြည်မှုကို ထည့်သွင်းနိုင်ဖို့ လိုအပ်တယ်။ အခုလို ဆောင်ရွက်ရာမှာ တည်ဆဲသင်ရိုးညွှန်းတမ်းတွေကို သုံးသပ်ပြီး လိုအပ်တဲ့ ပြုပြင်မှုတွေလုပ်ဖို့ လိုအပ်တယ်။ တစ်ဖက်မှာလည်း တာဝန်ရှိတဲ့အဖွဲ့အစည်းတွေအနေနဲ့ ဖြောင့်မတ်တည်ကြည်မှုသင်တန်းတွေ ပို့ချပေးဖို့ လိုအပ်ပါတယ်။ ကျောင်းပြင်ပမှာလည်း ဖြောင့်မတ်တည်ကြည်မှုသင်တန်းတွေ ကျင်းပရမှာဖြစ်တယ်။ ဖြောင့်မတ်တည်ကြည်မှုကို သင်ကြားရာမှာ တရားဥပဒေစိုးမိုးရေး၊ လူ့အခွင့်အရေး၊ အစိုးရယန္တရားတွေကိုလည်း တစ်ပါတည်း ပို့ချနိုင်ဖို့ အရေးကြီးတယ်။ အခုလို ဆောင်ရွက်ရာမှာ ပညာရေးဝန်ကြီးဌာနက အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နဲ့ ပူးပေါင်းပြီး ဦးစီးဖို့လိုမှာဖြစ်တယ်။

ဖြောင့်မတ်တည်ကြည်မှု မြှင့်တင်ရာမှာ မီဒီယာရဲ့အခန်းကဏ္ဍကလည်း အလွန်အရေးကြီးလှပါတယ်။ အရပ်ဘက်လူ့အဖွဲ့အစည်းတွေဟာလည်း အလွန်အရေးကြီးပါတယ်။ စောင့်ကြည့်သူအဖွဲ့တာဝန်ကို ယူရမှာသာဖြစ်တယ်။ ဖြောင့်မတ်တည်ကြည်မှုနဲ့ ပတ်သက်ပြီး မူကြိုကျောင်း၊ မူလတန်းကျောင်းနဲ့ အလယ်တန်းကျောင်းတွေက စတင်ဖို့လိုအပ်တယ်။ ကလေးလူငယ်တွေကို သိက္ခာ၊ သမာဓိ တန်ဖိုးထားသူတွေဖြစ်အောင် ပြုစုပျိုးထောင်ရမှာဖြစ်တယ်။ ဥပဒေတွေ၊ အဖွဲ့အစည်းတွေဟာ အရေးပါလှပေမယ့် အမှန်တော့ ကလေးတွေရဲ့ပညာရေးဟာ ပဓာနဖြစ်တယ်။ အခုလို ဆောင်ရွက်ရာမှာ ဖြောင့်မတ်တည်ကြည်မှုနဲ့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးသာမက ကောင်းမွန်တဲ့ စီမံအုပ်ချုပ်မှုကိုလည်း အားပေးရမှာဖြစ်တယ်။

ကျွန်တော်က သင်တန်းတက်ရောက်လာတဲ့ လူငယ်တွေကို စိတ်ခွန်အားတွေ ပေးခဲ့ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ပွင့်လင်းမြင်သာမှုရှိတဲ့ ဒီမိုကရေစီလူ့အသိုင်းအဝိုင်း ပေါ်ပေါက်လာအောင် ကြိုးစားရမှာဖြစ်တယ်။ အမှန်တော့ ဒီမိုကရေစီစနစ်ဟာ ဖြောင့်မတ်တည်ကြည်မှုကို အားပေးပါတယ်။ လူငယ်တွေအနေနဲ့ ဒီမိုကရေစီစနစ်ကို ကျင့်သုံးတဲ့နိုင်ငံမှာ နိုင်ငံရေးကို စိတ်ဝင်စားရုံမကဘဲ ဒီမိုကရေစီအခြေခံတန်ဖိုးထားမှုတွေကို အားပေးပြီး လူ့အဖွဲ့အစည်းအတွင်း တက်တက်ကြွကြွပါဝင်သွားဖို့ လိုအပ်ပါတယ်။ လူငယ်တွေရဲ့ ဖြောင့်မတ်တည်ကြည်မှုကို လက်တွေ့မှာ ကျင့်သုံးနိုင်စေဖို့ တွန်းအားပေးတဲ့ ခေတ်သစ်နည်းပညာတွေ ပေါ်ထွက်နေတာကိုလည်း သတိပြုရမယ်။ လူငယ်အချင်းချင်းလည်း ဖြောင့်မတ်တည်ကြည်မှုနဲ့ ပတ်သက်ပြီး ဆွေးနွေးမှုတွေ၊ အတွေ့အကြုံဖလှယ်မှုတွေလည်း ဆောင်ရွက်သင့်ပါတယ်။

### အဂတိလိုက်စားမှုဟာ တစ်နိုင်ငံလုံးရဲ့ဖွံ့ဖြိုးမှုကိုထိခိုက်

လူငယ်တွေကို နိုင်ငံတော်အစိုးရက အကောင်အထည်ဖော်လျက်ရှိတဲ့ အဂတိလိုက်စားမှု တိုက်ဖျက်ရေး အစီအစဉ်တွေမှာ တက်တက်ကြွကြွပါဝင်သွားဖို့ တိုက်တွန်းခဲ့တယ်။ "အလိုတူအလိုပါ" မဖြစ်အောင် ဆင်ခြင်ရမှာဖြစ်တယ်။ ဒါကြောင့်လည်း လူငယ်တွေကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးအကြောင်း တင်ပြခဲ့တယ်။ အမှန်တော့ မြန်မာစကားဟာ အလွန်ထိရောက်လှပါတယ်။ "ဂတိ" နဲ့ "အဂတိ" ဒီစကားနှစ်လုံးဟာ ဆန့်ကျင်ဘက်တွေဖြစ်တယ်။ "ဂတိ" ကို တန်ဖိုးထားရမယ်၊ အသိအမှတ်ပြုရမယ်၊ "အဂတိ" ကို ရှောင်ရမယ်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနဲ့ ပတ်သက်လာရင် တချို့က "ငါးကြီးတွေကိုကြော်"ဖို့ တိုက်တွန်းနေကြတယ်။ ငါးကြီး တွေသာကြော်ရင် ငါးလတ်တွေ၊ ငါးအသေးတွေကိုတော့ လွှတ်ပေးရမှာလား။ ကျွန်တော့်သဘောကတော့ ငါးတွေအားလုံးကို ကြော်ရမှာဖြစ်တယ်။ မဟုတ်ရင် အဂတိ လိုက်စားမှုရဲ့ပမာဏအပေါ် အခြေခံပြီး အရေးယူတာမျိုးဟာ မဖြစ်သင့်တဲ့ အရာသာဖြစ်တယ်။ တကယ်တော့ (Zero-tolerance) လုံးဝလက်မခံတဲ့ သဘောထားရှိဖို့လိုတယ်။ သည်းခံတဲ့၊ ခွင့်လွှတ်တဲ့စိတ်နဲ့စရင် ထိထိရောက်ရောက် ဆောင်ရွက်ဖို့ ခက်ခဲမှာဖြစ်ပါတယ်။

အဂတိလိုက်စားမှုဟာ တစ်ဦးတစ်ယောက်ချင်း၊ အဖွဲ့အစည်းတစ်ခုချင်းအတွက်သာမက တစ်နိုင်ငံလုံးရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်နိုင်ပါတယ်။ ဒါကြောင့်လည်း ကုလသမဂ္ဂအဖွဲ့အစည်းရဲ့ အဖွဲ့ဝင်နိုင်ငံ ၁၉၃ နိုင်ငံက ၂၀၃၀ ပြည့်နှစ်အထိ အကျုံးဝင်တဲ့ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုစီမံချက်ကို သဘောတူလက်ခံခဲ့ပြီး ရည်မှန်းချက် ၁၇ ချက်ကို ဖော်ထုတ်ခဲ့ပါတယ်။ ရည်မှန်းချက်အမှတ် (၁၆) မှာ ငြိမ်းချမ်းတဲ့၊ တရားဥပဒေစိုးမိုးတဲ့၊ ခိုင်မာကျစ်လျစ်တဲ့ အဖွဲ့အစည်းများနဲ့ စုစည်းထားတဲ့ လူ့အဖွဲ့အစည်းတစ်ရပ်ကို ဖော်ထုတ်ဖို့ လက်ခံခဲ့တယ်။ ရည်ရွယ်ချက်တစ်ရပ်အနေနဲ့ အဂတိမျိုးစုံကို ထိထိရောက်ရောက် သိသိသာသာ လျော့ကျအောင် ဆောင်ရွက်ဖို့ သဘောတူခဲ့ကြတယ်။ အဂတိလိုက်စားမှုကြောင့် ပြည်သူတွေ အထူးသဖြင့် အခြေခံလူတန်းစားတွေရဲ့ဘဝကို ထိခိုက်နိုင်ပါတယ်။

အခုချိန်မှာ အဂတိလိုက်စားမှုလုပ်ငန်းတွေကို ထင်သာမြင်သာဖြစ်အောင် ဆောင်ရွက်နေတာကို ဝမ်းသာစွာတွေ့ရတယ်။ အခုလို ဆောင်ရွက်ရာမှာ အောက်ခြေကစတင်ဖို့ လိုအပ်တယ်။ လူငယ်များရဲ့အဂတိလိုက်စားမှုတိုက်ဖျက်ရေး တာဝန်ဟာ ကြီးမားလှပါတယ်။ နိုင်ငံ့လူဦးရေရဲ့ ကြီးမားတဲ့ အစိတ်အပိုင်းဖြစ်တာမို့ အင်အားကြီးပါတယ်။ လူငယ်တွေဟာလည်း အဂတိလိုက်စားမှုကို နေ့စဉ်ကြုံတွေ့နေရတယ်။ ခံစားနေရတယ်။ ပါဝင်နေကြတယ်။ အနာဂတ်ကာလမှာ ခေါင်းဆောင်ဖြစ်မယ့် သူတွေဖြစ်တာမို့ ငယ်စဉ်ကတည်းက ရိုးသားတည်ကြည်ဖြောင့်မတ်မှု၊ ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုတွေကို တစ်ဦးချင်းတစ်ယောက်ချင်း မြှင့်တင်ဖို့ ကြိုးစားအားထုတ်ကြရမှာ ဖြစ်တယ်။

### အဂတိလိုက်စားမှုကင်းသော နိုင်ငံတစ်နိုင်ငံဖြစ်ရေး

နိဂုံးချုပ်အနေနဲ့ သင်တန်းတက်ရောက်လာတဲ့သူတွေကို တိုက်တွန်းခဲ့ပါတယ်။ ဒါကတော့ "မြန်မာလူငယ်များ အဂတိလိုက်စားမှုတိုက်ဖျက်ရေး" အသင်းတစ်ခု တည်ထောင်ပြီး စိတ်ဝင်စားတဲ့၊ ပါဝင်ပတ်သက်ချင်တဲ့ လူငယ်တိုင်းကို ဒီအသင်းကြီးမှာ ပါဝင်စေချင်ပါတယ်။ ဒီအသင်းကြီးအနေနဲ့ အဂတိလိုက်စားမှုကို နေရာတိုင်းမှာ တိုက်ဖျက်ရုံမက၊ ကိုယ်ကိုယ်တိုင်လည်း ပါဝင်မှုမရှိအောင်၊ မကျင့်သုံးအောင် ကတိပြုဖို့ လိုအပ်ပါတယ်။ ဒီအသင်းကြီးကို ကျောင်းတွေ၊ တက္ကသိုလ်တွေ၊ လုပ်ငန်းခွင်တွေမှာ ဖွဲ့စည်းပြီး ပညာပေးသင်တန်းတွေ၊ ဦးဆောင်မှုလုပ်ငန်းတွေ ဖော်ထုတ်သွားသင့်တယ်။ လူငယ်များရဲ့အသံတွေကို ကျယ်ကျယ်လောင်လောင် ကြားအောင် ဖော်ထုတ်သွားရမှာ ဖြစ်တယ်။ လူငယ်တွေရဲ့ ပါဝင်ပတ်သက်မှုကိုလည်း ပုံစံအမျိုးမျိုးနဲ့ တိုက်တွန်းသွားဖို့ လိုအပ်ပါတယ်။

ကျွန်တော့်ကို သင်တန်းမှာ လာရောက်ပို့ချဖို့ ဖိတ်ကြားတဲ့ ဥက္ကဋ္ဌကြီး ဦးအောင်ကြည်ကိုလည်း ကျေးဇူးတင်မိပါတယ်။ ဟောပြောနေစဉ် တက်ရောက်ခဲ့တဲ့ ကော်မရှင်အဖွဲ့ဝင်တွေကိုလည်း ကျေးဇူးတင်မိပါတယ်။ ကျွန်တော်ဟာ လူငယ်တွေကို ယုံကြည်တယ်။ အားကိုးတယ်။ လူငယ်တွေရဲ့ တက်ကြွမှု၊ လူငယ်တွေရဲ့အင်အားကိုအခြေခံပြီး တိုင်းပြည်ကို တွန်းရွှေ့ဖို့ လိုအပ်ပါတယ်။ ကိုယ့်နိုင်ငံမှာ အဂတိလိုက်စားမှုကင်းလွတ်တဲ့ နိုင်ငံတစ်ခုဖြစ်အောင် အားလုံးဝိုင်းဝန်းပြီး ကြိုးစားသွားရမှာသာ ဖြစ်ပါတယ်။ ။

## စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဟိုတယ်၊ တည်းခိုရိပ်သာများ ဒေသဆိုင်ရာ ဧည့်လမ်းညွှန်လုပ်ငန်း လုပ်ကိုင်ခွင့်၊ သက်တမ်းတိုးခြင်းတို့ကို တိုင်းဒေသကြီးအဆင့်တွင် လျှောက်ထားနိုင်

**မုံရွာ ဇူလိုင် ၂၁**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဟိုတယ်၊ တည်းခိုရိပ်သာ တည်ဆောက်ခွင့်၊ လုပ်ကိုင်ခွင့်၊ သက်တမ်းတိုးခွင့်၊ ဒေသဆိုင်ရာ ဧည့်လမ်းညွှန်လုပ်ငန်း လုပ်ကိုင်ခွင့် သက်တမ်းတိုးခြင်းများကို ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ (စစ်ကိုင်းတိုင်းဒေသကြီး) တွင် လျှောက်ထားလုပ်ကိုင်နိုင်ပြီဖြစ်ကြောင်း တိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနရုံးမှ သိရသည်။

"အခုလိုဖြေလျှော့ပြီး တိုင်းဒေသကြီးအဆင့်မှာတင် လုပ်ကိုင်ခွင့်ရတဲ့အတွက် နေပြည်တော်ကိုသွားရတဲ့ အချိန်ကုန် သက်သာသွားတယ်။ ငွေကုန်ကျမှု သက်သာတယ်။ တိုင်းဒေသကြီးမှာလည်း ဒီလုပ်ငန်းတွေကရရှိတဲ့ အခွန်ငွေတွေ တိုးပြီးရတဲ့အတွက် အားလုံးအဆင်ပြေတယ်။ ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ (စစ်ကိုင်းတိုင်းဒေသကြီး)မှ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌ၊ အဖွဲ့ဝင်၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး စုစုပေါင်း ၁၃ ဦးပါတယ်။ ကျွန်တော်တို့ တိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနက အတွင်းရေးမှူးတာဝန်ဖြစ်တယ်။ အဲဒီလုပ်ကိုင်ခွင့်လျှောက်ထားမှုကိုလည်း ကျွန်တော်တို့ဦးစီးဌာနမှာပဲ လာပြီးလျှောက်ထားနိုင်တယ်။ အချက်အလက်ပြည့်ပြည့်စုံစုံနဲ့ပေါ့" ဟု တိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနရုံးမှ ဦးစီးအရာရှိ ဦးသိန်းလွင်က ပြောသည်။

ယခင်က အဆိုပါလုပ်ငန်းများကို ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန (နေပြည်တော်)တွင် သွားရောက်လုပ်ကိုင်ရခြင်းဖြစ်ပြီး ယခုအခါတွင် ဖြေလျှော့သည့်အနေဖြင့် ယင်းလုပ်ငန်းများကို ၂၀၁၉ ခုနှစ် ဧပြီလအတွင်းက ကြေညာချက်အမှတ် (၉/၂၀၁၉) ဖြင့် ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ (စစ်ကိုင်းတိုင်းဒေသကြီး) ကို ဖွဲ့စည်းလုပ်ဆောင်ခြင်းဖြစ်ကြောင်းနှင့် ယင်းတွင် ခရီးလှည့်လည်ရေးလုပ်ငန်းများ၊ ဟိုတယ်လုပ်ငန်းများ၊ တည်းခိုရိပ်သာလုပ်ငန်းများ၊ ဧည့်လမ်းညွှန်လုပ်ငန်းများ၊ ခရီးသွားလုပ်ငန်းဆိုင်ရာ အခြားဝန်ဆောင်မှုလုပ်ငန်းများကို လျှောက်ထားနိုင်ပြီဖြစ်ကြောင်း သိရသည်။

**ဝင်းဦး (ဇေယျာတိုင်း)**



စစ်ကိုင်းတိုင်းဒေသကြီးအတွင်းသို့ လာရောက်လည်ပတ်ခဲ့သော ပြည်ပခရီးသွားများကို တွေ့ရစဉ်။

# မိုးရာသီကာလ မိုးရွာသွန်းရက် နည်းပါးသဖြင့် မိုးစပါးစိုက်ပျိုးရန် အခက်ကြုံ

**မိုးညှင်း ဇူလိုင် ၂၁**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ်အတွင်းရှိ မိုးစပါးစိုက်ပျိုးထုတ်လုပ်မည့် တောင်သူများသည် ယခုနှစ် မိုးဦးရာသီတွင် မိုးရွာသွန်းရက်နည်းပါးပြီး မိုးခေါင်နေသဖြင့် စပါးစိုက်ပျိုးရန် အခက်အခဲများကြုံတွေ့နေရကြောင်း မြို့နယ်အတွင်းရှိ တောင်သူများက ဇူလိုင် ၁၇ ရက် က ပြောသည်။

"ဒီနှစ်မိုးခေါင်တာတော့ ဦးလေးတို့ ဖြတ်သန်းခဲ့တဲ့ သက်တမ်းတစ်လျှောက် အဆိုးဆုံးထင်တာပဲ။ အရင်ကမိုးခေါင်တယ်ဆိုတာက ချောင်း၊ မြောင်းတွေမှာ ရေရှိသေးတယ်။ ဒီနှစ်တော့ ရေစုပ်စက်နဲ့ ရေတင်ဖို့တောင် မြောင်းတွေမှာ ရေမရှိတော့ တော်တော်ဒုက္ခရောက်တယ်"ဟု အသက် ၅၃ နှစ်အရွယ်ရှိ တောင်သူ ဦးသန်းဝင်းက ပြောသည်။



မိုးစပါးစိုက်ပျိုးရန် စိုက်ခင်းများအတွင်း ရေစုပ်စက်ဖြင့် ရေတင်နေစဉ်။

"ပျိုးကြဲရန်အတွက် ရေမရှိသဖြင့် ရေစုပ်စက်ဖြင့် ရေဘုံပိုင်မှရေတင်ပြီး ပျိုးကြဲခဲ့ရပါတယ်။ ခြောက်ရက်လောက် နေ့ရော၊ ညရော စက်မောင်းပြီး ပျိုးကြဲခဲ့ရတယ်။ ဆီက ၇၅ ဂါလန်လောက်ကုန်သွားတယ်။ အခုတော့ ကျွန်တော့်လယ် ၁၀ ဧကလုံး စိုက်လို့ပြီးသွားပြီ။ အခုလည်း စက်ကတော့ မောင်းထားရတယ်။ မိုးမရွာတော့ စိုက်ထားတာတွေ သေကုန်မှာစိုးလို့။ ကျွန်တော့်လယ် အပေါ်ဘက်က တော်တော်များများက မစိုက်ရသေးဘူး။ အခါတိုင်း ဒီအချိန်ဆို လယ်တော်တော်များများ စိုက်ပြီး ကုန်ပြီ"ဟု ၎င်းက ဆက်လက်ပြောသည်။

မိုးခေါင်သဖြင့် မိုးစပါးစိုက်ပျိုးမည့် တောင်သူများ ယခုအချိန်တွင် ပျိုးကြဲစိုက်ပျိုးခြင်းထက် တိုက်ရိုက် အစေ့ချစိုက်ပျိုးနည်းကို ပြောင်းလဲစိုက်ပျိုးသင့်ကြောင်း မြို့နယ်စိုက်ပျိုးရေးသုတေသန ဦးစီးဌာန သုတေသနအရာရှိ ဦးမြင့်သောင်းက ပြောသည်။

"မိုးဦးရာသီဖြစ်တဲ့ မေ၊ ဇွန်၊ ဇူလိုင်မှာ မိုးရေချိန် အနည်းဆုံးလက်မ ၃၀ ရှိမှ စပါးစိုက်လို့ရမှာဖြစ်တယ်။ မိုးညှင်းမြို့နယ်က လယ်တွေဟာ မိုးရေကိုအဓိကအားထားပြီး စိုက်ပျိုးရတယ်။ အခုဇူလိုင်လလယ်ရောက်နေပြီဆိုတော့ ပျိုးကြဲပြီးစိုက်ရင် စပါးအထွက်နှုန်းလျော့မှာ သေချာတယ်။ ဒါကြောင့် တိုက်ရိုက်မျိုးစေ့ချစိုက်မှ အဆင်ပြေမယ်"ဟု ၎င်းက ဆက်လက် ပြောသည်။

၂၀၁၉ ခုနှစ် မိုးရွာသွန်းရက်များနှင့်မိုးရေချိန်များမှာ မေလတွင် မိုးရွာရက် ၄ ရက်၊ မိုးရေချိန် ၂ ဒသမ ၃၂ လက်မ၊ ဇွန်လတွင် မိုးရွာရက် ၁၆ ရက် မိုးရေချိန် ၅ ဒသမ ၉၅ လက်မ၊ ဇူလိုင် ၁၇ ရက်အထိ မိုးရွာရက် ၃ရက် မိုးရေချိန် ၂ ဒသမ ၁၂ လက်မသာ ရွာသွန်းခဲ့ပြီး ၂၀၁၈ ခုနှစ် မိုးရွာသွန်းမှုအနေ ဖြင့် မေလတွင် မိုးရွာသွန်းရက် ၁၇ ရက် မိုးရေချိန် ၁၂ ဒသမ ၁၂ လက်မ၊ ဇွန်လတွင် မိုးရွာရက် ၁၉ ရက် မိုးရေချိန် ၁၄ ဒသမ ၆၉ လက်မ၊ ဇူလိုင်လတွင် မိုးရွာရက် ၂၂ရက်မိုးရေချိန် ၁၇ ဒသမ ၂၂လက်မ ရွာသွန်းခဲ့ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

**ကျော်ကျော်ထွေး(မိုးညှင်း)**

# စပါးစိုက်ပျိုးပြီးတောင်သူများ မိုးရွာသွန်းမှုမရှိ၍ လယ်များခြောက်သွေ့ကာ ရေကိုစက်ဖြင့်တင်နေကြရ

**ရေတာရှည် ဇူလိုင် ၂၁**

ရေတာရှည်မြို့နယ်အတွင်း ယခင်ရက်ပိုင်းက မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် မိုးစပါးစိုက်ပျိုးမည့်တောင်သူများ များစွာ အဆင်ပြေခဲ့သော်လည်း ယခုရက်ပိုင်း မိုးရွာသွန်းခြင်း မရှိတော့ဘဲ နေ့အပူချိန်မြင့်တက်လျက်ရှိရာ စိုက်ပျိုးပြီးသည့် စပါးခင်းများ မြေများခြောက်သွေ့ကွဲအက်နေ၍ ရေတင်စက်များ အသုံးပြုကြရသည့်အတွက် တောင်သူများမှာ ငွေကြေး အပိုကုန်ကျမှုများရှိနေသည်ကို တွေ့ရသည်။

"မိုးရွာတုန်းက ရေတင်တာမြန်တယ်။ အခုမိုးမရွာတော့ဘူး။ နေပူချိန်ကလည်း အတော်ကိုပြင်းတာ။ တစ်ရက်ဆိုတစ်ရက်ပဲ။ လယ်တွေ ပက်ကြားအက်ကုန်ပြီ။ ရေသွင်းဖို့ရှိတဲ့ တောင်သူတွေကတော့ စက်နဲ့ရေတင်ကြတယ်။ ရေတင်စရာမရှိတဲ့ တောင်သူတွေကတော့ မိုးကိုမျှော်ရုံကလွဲလို့ ဘာမှမတတ်နိုင်တော့ဘူးဖြစ်နေတယ်"ဟု ကုန်းကြီးကျေးရွာအုပ်စု ပြီစုတ်ကျေးရွာနေ ဒေသခံ တောင်သူ တစ်ဦးက ပြောသည်။



ရေတာရှည်မြို့နယ်အတွင်းရှိ စိုက်ပျိုးပြီး စပါးစိုက်ခင်းများကို တွေ့ရစဉ်။

တောင်သူအများစုမှာ လယ်ယာလုပ်သားရှားပါးမှု၊ စိုက်ပျိုးစရိတ်မြင့်တက်မှုနှင့် အခြားသောသွင်းအားစုကုန်ကျစရိတ်များကို အတတ်နိုင်ဆုံးသက်သာအောင် ဆောင်ရွက်နေကြသော်လည်း လယ်ကွက်စပါးပင်များအကြား ပေါင်းပင်များထူပြောခြင်းကြောင့် ပေါင်း သတ်ဆေးအမျိုးမျိုး ထပ်မံသုံးစွဲကြရခြင်း၊ သုံးစွဲကြရသည့် ပေါင်းသတ်ဆေးများမှာလည်း အစွမ်းအာနိသင်နည်းပါးသည့်အခါ ဆေးအမျိုးမျိုးပြောင်း၍ ဝယ်ယူသုံးစွဲနေကြရသည်ဖြစ်ရာ ကုန်ကျစရိတ် ချွေတာနိုင်ရေးထက် စပါးပင်များဖြစ်ထွန်း အောင်မြင်ရန် ကြိုးပမ်းဆောင်ရွက်နေကြရသည်ကို တွေ့ရှိရသည်။

"အချိန်တန်မှ စပါးက ဘယ်ဈေးပေါက်မလဲတော့ မသိဘူး။ ထွန်ယက်စိုက်ပျိုးစရိတ်နဲ့ တခြားကုန်ကျစရိတ်တွေကတော့ ချွေတာလေလေ ပိုကုန်လေလေဖြစ်နေပြီ။ စိုက်ပြီးမှတော့ ဖြစ်ထွန်းအောင်တော့ လုပ်ရမှာပါပဲ"ဟု ၎င်းကဆက်လက်ပြောသည်။

**သန်းလွင် (ရေတာရှည်)**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကျေးရွာသုံးထင်းစိုက်ခင်း ဧက ၂၂၀ ကျော် စိုက်ပျိုးပြီးစီး

**မုံရွာ ဇူလိုင် ၂၁**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း သစ်တောရေိယာများနှင့် နီးစပ်သော ကျေးရွာများရှိ ပြည်သူများ သစ်တောစိုက်ခင်းများမှ မီးဖိုချောင်သုံးထင်းလောင်စာထုတ်ယူမှု လျော့ကျစေရန်အတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း တိုင်းဒေသကြီး သစ်တောဦးစီးဌာနမှ ကျေးရွာသုံးထင်းစိုက်ခင်း ၂၂၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း တိုင်းဒေသကြီး သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ကျော့ကျော့အောင်၏ ပြောကြားချက်အရ သိရသည်။

ကျေးရွာသုံးထင်းစိုက်ခင်း စိုက်ပျိုးပြီးစီးမှုမှာ ကန့်ဘလူခရိုင်အတွင်းရှိ ကန့်ဘလူမြို့နယ် သော်ကြိုးဝိုင်းနှင့် ပျဉ်ထောင်ကြိုးပြင်ကာကွယ်တောတွင် ၃၅ ဧက၊ မုံရွာခရိုင်အတွင်းရှိ မုံရွာမြို့နယ် ဗောဓိတထောင်အဆိုပြု သဘာဝကြိုးဝိုင်းအတွင်း ၃၃ ဧက၊ ဘုတလင်မြို့နယ် ဖလားဖတောတွင် ၂၅ ဧက၊ ယင်းမာပင်မြို့နယ်နှင့် ဆားလင်းကြီးမြို့နယ်တို့ရှိ ဖိုလ်ဝင်တောင်တောတွင် ၄၂ ဧက၊ ကသာခရိုင်အတွင်းရှိ ကသာမြို့နယ် တောင်မိုးတားကြိုးဝိုင်းအတွင်း ၉ ဧက၊ ကောလင်းမြို့နယ် သဖန်းဒေါင့်ကြိုးဝိုင်းအတွင်း ဧက ၂၀၊ ထီးချိုင့်မြို့နယ် တကောင်းတောင်ကြိုးဝိုင်းအတွင်း ဧက ၂၀၊ ဗန်းမောက်မြို့နယ် မော်ပုံကြိုးပြင်ကာကွယ်တောအတွင်း ဧက ၂၀၊ ဝန်းသိုမြို့နယ် ဗီလေးကြိုးဝိုင်းအတွင်း ဧက ၂၀ တို့ကို စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

ကျေးရွာသုံးထင်းစိုက်ခင်းများတွင် မယ်ဇလီ၊ ရှား၊ ယူကလစ် စသည့် သစ်မျိုးများပါဝင်ပြီး ကန့်ဘလူ၊ မုံရွာ၊ ယင်းမာပင်နှင့် ကသာခရိုင်၌ မြို့နယ် ၁၁ မြို့နယ်ရှိ သစ်တောရေိယာနှင့်နီးစပ်သော ကျေးရွာများ အသုံးပြုနိုင်ရန်အတွက် ယခုဘဏ္ဍာနှစ်တွင် ထင်းစိုက်ခင်း ၂၆၅ ဧကစိုက်ပျိုးသွားရန် လျာထားကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

# တရုတ်နယ်စပ်တွင် ဈေးနှိမ်ဝယ်ယူမှုများကြောင့် ပြည်တွင်း ကျွဲ၊ နွားဈေးကွက်အရောင်းအဝယ်အေး

**ရေတာရှည် ဇူလိုင် ၂၁**

ပြည်ပသို့တရားဝင်တင်ပို့ခွင့်ရရှိသည့် ကျွဲ၊ နွားများအား တရုတ်နယ်စပ်ဒေသများတွင် ဈေးနှိမ်ဝယ်ယူမှုများရှိနေရာ ပြည်တွင်းဈေးကွက်၌ ယခင်ကထက် ထက်ဝက်ခန့် အရောင်းအဝယ်လုပ်ငန်းများ ကျဆင်းသွားကြောင်း ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့ဘိုးတော်ကုန်း ကျွဲ၊ နွားဈေးကွက်မှ သိရသည်။

"အရောင်းအဝယ်က မကောင်းဘူး။ အေးနေတယ်။ အေးနေတယ်ဆိုတာကလည်း တရုတ်ဘက်ကိုပို့တဲ့သူတွေက ဟိုဘက်မှာတွက်ခြေမကိုက်တော့ နယ်တွေမှာ ပြန်ရောင်းကြတာရှိတယ်။ အရင်ကတော့ တရုတ်နယ်စပ်တွေမှာ ဈေးကောင်းရတဲ့အခါမှ ပြည်တွင်း ကျွဲ၊ နွားဈေးတွေလည်း ဈေးကောင်းရခဲ့တာရှိတယ်။ အခုချိန်ကတော့ မကောင်းဘူးလို့ပဲ ပြောရမယ်။ ဟိုမှာဈေးကောင်းရမယ်ထင်လို့ နယ်ဘက်ကနေ ကျွဲ၊ နွားတွေကို သယ်သွားတယ်။ ဟိုရောက်တော့ အကြောင်းအမျိုးမျိုးပြ ဈေးနှိမ်တော့ သယ်ယူစရိတ်၊ လမ်းကုန်ကျစရိတ်နဲ့ ဘယ်လိုမှတွက်ခြေမကိုက်တော့ဘူး"ဟု ကျွဲ၊ နွားအရောင်းအဝယ်လုပ်ကိုင်သူတစ်ဦးကပြောသည်။ နယ်စပ်ဒေသတွင် ကျွဲ၊ နွားဈေးကောင်းသည့်အပေါ်မူတည်၍ တစ်ပိုင်တစ်နိုင် ဝယ်ယူမွေးမြူထားသူများနှင့် စီးပွားဖြစ် ခြံများဖြင့်ဝယ်ယူစုဆောင်းထားသူများက အရှုံးခံကာပြန်လည်ရောင်းချမှုများရှိနေကြောင်း ၎င်းက ဆက်လက်ပြောသည်။

ကျွဲ၊ နွားများအား လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် အသုံးပြုမှုနည်းပါးလာသည့်အလျောက် လသားအရွယ်၊ နှစ်သားအရွယ် ကျွဲ၊ နွားများကို စုဆောင်းမွေးမြူ၍ အရွယ်ရောက်လာသည့်အခါ အခြားဝယ်ယူသူများထံ ပြန်လည်ရောင်းချခြင်းဖြင့် အကျိုးအမြတ်ရရှိအောင် လုပ်ကိုင်သူများလည်းရှိနေသည်ကို တွေ့ရှိရသည်။

"ကျွန်တော်လာရောင်းတဲ့ ကျွဲကို လွန်ခဲ့တဲ့ ခြောက်လလောက်က ဝယ်မွေးထားတာ။ ငွေကျပ်ခြောက်သိန်းခွဲပေးရတာ။ အခုပြန်ရောင်းတော့ ငွေကျပ် ၁၂ သိန်းခွဲရပါတယ် ။ အခုလည်း လသားအရွယ်လေး နှစ်ကောင်လောက် ပြန်ရှာနေတာ"ဟု နွားပွဲဈေးသို့ အရောင်းအဝယ်ကိစ္စဖြင့် လာရောက်သူတစ်ဦးက ပြောသည်။ **သန်းလွင်**



ရေတာရှည်မြို့ဘိုးတော်ကုန်း ကျွဲ၊ နွားပွဲဈေးကို တွေ့ရစဉ်။

# ကျောက်မဲမြို့၌ လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် ပေးအပ်

**ကျောက်မဲ ဇူလိုင် ၂၁**

ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ မြို့နယ်အတွင်းရှိ ခိုမုန်းကျေးရွာအုပ်စုအတွင်းမှ ဒေသခံတောင်သူများအား လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇) ပေးအပ်ပွဲ အခမ်း အနားကို ယမန်နေ့က ခိုမုန်းကျေးရွာ ထမ်းလင်းဘုန်းတော်ကြီးကျောင်း၌ ပြုလုပ်သည်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းဉာဏ်၊ ဦးစိုင်းထွန်းဝင်း၊ ကျောက်မဲခရိုင် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး၊ မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကျောက်မဲမြို့နယ် ခိုမုန်းကျေးရွာအုပ်စုအတွင်း နယ်မြေခံတပ်ရင်းမှ ပြန်လည်စွန့်လွှတ်သည့်မြေများအပေါ် တောင်သူ ၃၀ နှင့် လက်ရှိ လယ်ယာမြေများ၌ စိုက်ပျိုးလုပ်ကိုင်လျက်ရှိသော တောင်သူ ၃၅၇ ဦးတို့ကို လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**




ကျောက်မဲမြို့၌ လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ်ပေးအပ်စဉ်။

# သတိပြုကာကွယ် ခဲဆိပ်သင့်အန္တရာယ်

ဖေနှင်းငွေ

**ခဲဆိပ်သင့်ခြင်း ( Lead Poisoning) ဆိုသည်မှာ အကြောင်းအမျိုးမျိုးကြောင့် ခန္ဓာကိုယ်တွင်းသို့ ခဲဓာတ်ဝင်ရောက်နေမှုပမာဏ များပြားနေခြင်းအား ခေါ်ဆိုခြင်းဖြစ်သည်။ လုပ်ငန်းခွင်အတွင်း၌ ကျန်းမာရေးကို ဆိုးရွားစွာထိခိုက်စေနိုင်သည့် အန္တရာယ်များစွာရှိသည့်အနက်မှ ခဲဆိပ်သင့်အန္တရာယ်သည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ အသက်အရွယ် ကျား/မ မရွေး ဖြစ်ပွားနိုင်ပါသည်။**



**ခဲဆိပ်သင့်စေနိုင်သော လုပ်ငန်းခွင်များ**

ခဲဆိပ်သင့်အန္တရာယ်ကို ဖြစ်ပွားစေနိုင်သည့် လုပ်ငန်းများမှာ သတ္တုတွင်းတူးဖော်သည့် မိုင်းတွင်းလုပ်ငန်းများ၊ ရေနံချက်လုပ်ငန်းများ၊ ခဲသတ္တုအရည်ကျိုလုပ်ငန်းများ၊ ဘက်ထရီအိုး ထုတ်လုပ်ပြုပြင်သည့်လုပ်ငန်းများ၊ စဉ့်ထည်လုပ်ငန်းများ၊ အိမ်သုတ်ဆေးထုတ်လုပ်သည့် လုပ်ငန်းများ၊ ဆေးမှုတ်ဆေးသုတ်လုပ်ငန်းများ၊ ကားဝပ်ရှော့များရှိ စက်ပြင်ဆေးမှုတ် စသည့်လုပ်ငန်းများဖြစ်သည်။

ခဲဓာတ်သည် လူ၏ခန္ဓာကိုယ်တွင်းသို့ အသက်ရှူလမ်းကြောင်းမှသော်လည်းကောင်း၊ အစာအိမ်နှင့် အူလမ်းကြောင်းမှသော်လည်းကောင်း ဝင်ရောက်နိုင်ပါသည်။ ခဲချော်ချေး ဘက်ထရီပလိပ်ပြားများကို ထုထောင်းရာမှ ထွက်လာသည့် ခဲမှုန်များ၊ ဘက်ထရီပလိပ်ပြား အဟောင်းများအား စဉ့်ရည်ဖျော်ရန်ထောင်းရာမှ ထွက်လာသည့် ခဲမှုန်များ၊ ဘက်ထရီအိုးအစိုများကို အားသွင်းပြုပြင်စဉ် ခဲကျိုရာမှထွက်လာသည့် ခဲငွေ့များ ရှူရှိုက်မိရာမှ အသက်ရှူလမ်းကြောင်းမှတစ်ဆင့် ခန္ဓာကိုယ်တွင်းသို့ ခဲဆိပ်များ ဝင်ရောက်သွားပါသည်။

ထို့အပြင် ခဲမှုန်များကပ်နေသည့် လုပ်ငန်းသုံးဝတ်စုံများကို မလဲမိသည့်အခါတွင်လည်း မိမိသာမက အတူနေမိသားစုဝင်များပါ ရှူရှိုက်မိ၍လည်း ခဲဆိပ်သင့်နိုင်ပါသည်။ ခဲလုပ်ငန်း လုပ်ကိုင်သူများအနေဖြင့် အစာမစားမီလက်ကို စင်ကြယ်စွာ ဆေးကြောခြင်းမပြုဘဲ အစာစားသုံးမိရာမှလည်း ခဲမှုန်များသည် အစာအိမ်နှင့် အူလမ်းကြောင်းမှတစ်ဆင့် ခန္ဓာကိုယ်တွင်းသို့ ဝင်ရောက်ပြီးခဲဆိပ်သင့်စေပါသည်။

**ခဲဆိပ်သင့်ပြီဆိုလျှင်**

ကလေးငယ်များတွင် ခဲဆိပ်သင့်ခံရပါက အသက်ဆုံးရှုံးနိုင်သည်အထိ အန္တရာယ်ရှိပါသည်။ အထူးသဖြင့် အသက် ခြောက်နှစ်အောက် ကလေးငယ်များတွင် ခဲဆိပ်သင့်ခံရပါက ခံနိုင်ရည်နည်းပါးကြသည်။ စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှုနှင့် ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှုများ ဆိုးရွားစွာ ထိခိုက်နိုင်ပါသည်။ ခဲမှုန်များ ကပ်နေသည့် လုပ်ငန်းခွင်သုံးဝတ်စုံများကို မလဲမိဘဲ ကလေးများအား ချီမိပါက ကလေးများသည် ခဲမှုန်များ ရှူရှိုက်မိ၍လည်း ခဲဆိပ်သင့်နိုင်ပါသည်။

ထို့အပြင် ဘက်ထရီလုပ်ငန်းလုပ်ကိုင်နေသည့် လုပ်ငန်းခွင်အနီးတွင် ခဲကျိုရာမှ ထွက်လာသည့် ခဲငွေ့များ၊ ခဲရည်များ၊ ခဲသုတ်ပြီးသား ပလိပ်ပြားအဆွေးအပျက်များ ရှိနေတတ်ပါသည်။ အသက် ခြောက်နှစ်အောက် ကလေးများသည် ပါးစပ်ထဲသို့ လက်ထည့်တတ်သည့်အကျင့်ရှိသောကြောင့် မြေကြီးများ ကိုင်ပြီးလက်ကိုစင်ကြယ်အောင် မဆေးပေးမိပါက ခဲဆိပ်သင့်နိုင်ပါသည်။ သုတ်ဆေး၊ မှုတ်ဆေးနှင့် ရောင်စုံခြယ်သထားသည့် ကလေးကစားစရာများတွင်လည်း ခဲဓာတ် ပါဝင်မှုရှိပါသည်။ ဆေးသုတ်ထားသည့် ကစားစရာများ ဟောင်းနွမ်းသွားသည့်အခါ ဆေးဖတ်များ ကွာကျတတ်ပါသည်။ အဆိုပါ ဆေးဖတ်များသည် ချိုသောအရသာရှိသောကြောင့် ကလေးများ ဝါးစားမိ၍လည်း ခဲဆိပ်သင့်နိုင်ပါသည်။

ကလေးများ ခဲဆိပ်သင့်လက္ခဏာ ခံစားရပါက ဂနာမငြိမ်ဖြစ်လာတတ်သည်။ ကိုယ်ပူခြင်း၊ ဖျားခြင်းမရှိဘဲနှင့် အတက်ရောဂါရတတ်သည်။ ထို့အပြင် ရန်လိုခြင်း၊ စာသင်ကြားမှု ခက်ခဲခြင်း၊ အကြားအာရုံထိခိုက်ခြင်းတို့အပြင် သွေးအားနည်းခြင်း၊ ဝမ်းဗိုက်နာခြင်း၊ ကိုယ်အပူချိန်တက်ခြင်းနှင့် ကျောက်ကပ်လုပ်ငန်းများ ထိခိုက်ခြင်းစသည့် လက္ခဏာများ ခံစားလာရပါသည်။

လူကြီးများတွင် ခဲဆိပ်သင့်ခြင်းခံစားလာရပါက ခံတွင်းပျက်ခြင်း၊ စားချင်သောက်ချင်စိတ်မရှိခြင်း၊ လုပ်ချင်ကိုင်ချင်စိတ်မရှိခြင်း၊ ဝမ်းချုပ်ခြင်း၊ ဗိုက်နာခြင်းတို့ ခံစားလာရသည်။ ထို့အပြင် သွေးတိုးခြင်း၊ ကြွက်သားအဆစ်အမျက်များ နာကျင်ခြင်း၊ မှတ်သားရခက်ခဲခြင်းနှင့် အာရုံစိုက်ရန်ခက်ခဲခြင်း၊ ခေါင်းကိုက်ခြင်း၊ စိတ်အပြောင်းအလဲများခြင်း၊ အမျိုးသားများတွင် လိင်စိတ်လျော့နည်းသွားခြင်း၊ အမျိုးသမီးများတွင် ကိုယ်ဝန်ပျက်ကျတတ်ခြင်း၊ မြုံခြင်း၊ ဦးနှောက်ရောင်၍တက်ခြင်း စသည့်လက္ခဏာများခံစားလာရ၍ နောက်ဆုံးတွင် သတိလစ်မေ့မြောကာ အသက်သေဆုံးခြင်းတို့ ဖြစ်ပေါ်လာပါသည်။

**ခဲဆိပ်သင့်ခြင်းဖြစ်ပေါ်စေသော ပမာဏ**

ယခုနောက်ပိုင်းတွင် မြန်မာပြည်အနှံ့အပြား၌ ခဲဆိပ်သင့်လူနာများ အများအပြားတွေ့ရှိလာရပါသည်။ ထို့ကြောင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေဖြင့် လုပ်ငန်းခွင်အတွင်းမှ ခဲဆိပ်သင့်နိုင်သည့်လူများ၊ ခဲဆိပ်သင့်နိုင်သည့် နေရာများအား လုပ်ငန်းခွင်နှင့် ပတ်ဝန်းကျင် ကျန်းမာရေးဌာနခွဲရှိ ဓာတ်ခွဲခန်းတွင် သွေးအတွင်း ခဲဓာတ်ပါဝင်မှုကိုတိုင်းတာသည့် (Atomic Absorption Spectrometer – AAS) စက်၊ ရေအတွင်းခဲဓာတ် ပါဝင်မှုကို တိုင်းတာသည့် (Inductively Coupled Plasma Optical Emission Spectrometer – ICP-OES ) စက်များနှင့် စမ်းသပ်စစ်ဆေးပေးလျက်ရှိသည်။ ထိုသို့စစ်ဆေးရာတွင် သွေးအတွင်း ခဲဓာတ်ပါဝင်နေမှုအား လူကြီးတစ်ယောက်အတွက် ၄၀ မိုက်ခရိုဂရမ်ပါဒတ်စီလေတာ (40 µg/dL)၊ ကလေးတစ်ယောက်အတွက် ၁၀ မိုက်ခရိုဂရမ်ပါဒတ်စီလေတာ (10 µg/dL) ဟူ၍သတ်မှတ်ထားပါသည်။ အဆိုပါ ပမာဏထက် ခဲဓာတ်ပါဝင်မှု ပိုများနေပါက ခဲဆိပ်သင့်လူနာအဖြစ် သတ်မှတ်ပါသည်။

အကယ်၍ ခဲဆိပ်သင့်ဝေဒနာ ခံစားနေရပါက နီးစပ်ရာဆေးရုံ၊ ဆေးခန်းများတွင် အချိန်မီစောစီးစွာ ဆေးကုသမှုခံယူရန်လိုအပ်ပါသည်။ ဆေးရုံ၊ ဆေးခန်းများတွင် ခန္ဓာကိုယ်တွင်းရှိစုနေသည့် ခဲဓာတ်များအား ဆီးမှတစ်ဆင့် ပြန်လည်စွန့်ထုတ်ပေးသည့်နည်းလမ်း၊ အစာအိမ်နှင့် အူလမ်းကြောင်းအတွင်း၌ရှိနေသည့် ခဲဓာတ်များကို ပြုပြင်ထားသည့် မီးသွေးတစ်မျိုး

**“ကလေးငယ်များတွင် ခဲဆိပ်သင့် ခံရပါက အသက်ဆုံးရှုံးနိုင်သည်အထိ အန္တရာယ်ရှိပါသည်။ အထူးသဖြင့် အသက် ခြောက်နှစ်အောက်ကလေးငယ်များတွင် ခဲဆိပ်သင့်ခံရပါက ခံနိုင်ရည်နည်းပါးကြသည်။ စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှုနှင့် ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှုများ ဆိုးရွားစွာ ထိခိုက်နိုင်ပါသည်။ ခဲမှုန်များကပ်နေသည့် လုပ်ငန်းခွင်သုံးဝတ်စုံများကို မလဲမိဘဲ ကလေးများအား ချီမိပါက ကလေးများသည် ခဲမှုန်များ ရှူရှိုက်မိ၍လည်း ခဲဆိပ်သင့်နိုင်ပါသည်”**

နှင့်သွားပေါင်း၍ ဝမ်းသွားသည့်အခါ ခန္ဓာကိုယ်တွင်းမှ ထွက်သွားအောင် အကူအညီပေးသည့် (EDTA) ခေါ် ဓာတုဓာတ်တစ်မျိုးအား အသုံးပြုသည့် နည်းလမ်းတို့ဖြင့် ကုသပေးပါသည်။ သို့သော် အဆိုပါနည်းလမ်းများသည် ခဲဓာတ်ကြာရှည်စွာထိတွေ့မှုရှိခဲ့သည့် ခဲဆိပ်သင့်လူနာများအတွက်မူ ပြန်ထုတ်ရန်ခက်ခဲမှုများ ရှိနိုင်ပါသည်။ ထို့ကြောင့် အကောင်းဆုံးနှင့် အန္တရာယ်အကင်းဆုံးနည်းလမ်းမှာ ခဲဆိပ်မသင့်အောင် ကြိုတင်၍သတိပြု နေထိုင်ခြင်းပင်ဖြစ်သည်။

**ခဲဆိပ်သင့်ခြင်းကင်းဝေးအောင်**

ခဲဆိပ်သင့်ခြင်းကင်းဝေးစေရန် အစာမစားမီလက်ကို စင်ကြယ်စွာဆေးကြောပါ။ စဉ့်အိုးထဲတွင် ကာလရှည်စွာသိပ်ထားသောချဉ်ဖတ်၊ ငါးပိနှင့် ဖောက်ထားသောဝိုင်များအား မစားသောက်သင့်ပါ။ ခဲပါဝင်မှုများသော အလှကုန်ပစ္စည်းများအား သုံးစွဲခြင်းမှ တတ်နိုင်သမျှ ရှောင်ကြဉ်ပါ။ ထို့အပြင် ခဲလုပ်ငန်းတွင် လုပ်ကိုင်နေသူများအနေဖြင့် လုပ်ငန်းခွင်အတွင်း အလုပ်လုပ်နေစဉ် ဆေးလိပ်သောက်ခြင်း၊ ကွမ်းစားခြင်း၊ အစားအသောက်စားခြင်းတို့ မပြုလုပ်သင့်ပါ။ ခြေ၊ လက်၊ မျက်နှာတို့ကို ဆပ်ပြာဖြင့် စင်ကြယ်အောင် ဆေးကြောပြီးမှ စားသောက်ပါ။ လုပ်ငန်းခွင်သုံးတစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံများကို ဝတ်ဆင်၍ အလုပ်လုပ်ပါ။

ကလေးများကို ဆော့ကစားပြီးတိုင်း၊ အစာမစားမီနှင့် အိပ်ရာဝင်ခါနီးတိုင်းတို့တွင် လက်ကိုဆပ်ပြာဖြင့် စင်ကြယ်အောင်ဆေးကြောပေးပါ။ ကလေးကစားစရာများကို မကြာခဏ ဆေးကြောဖုန်သုတ်ပေးပါ။ ဆေးသုတ်ထားသော ကစားစရာများကို ကလေးများ ပါးစပ်ထဲမထည့်မိစေရန် ဂရုပြုပါ။ အိမ်၊ ကျောင်းတို့၏ ကြမ်းပြင်၊ နံရံ၊ ပြတင်းပေါက်ပေါင်များကို မကြာခဏသန့်ရှင်းရေး ပြုလုပ်ပေးပါ။

ထိုကဲ့သို့ ခဲဆိပ်သင့်အန္တရာယ်ကို ဂရုပြု၍ ကာကွယ်နေထိုင်သွားမည်ဆိုပါက မိမိကိုယ်တိုင်သာမက မိသားစုနှင့် ပတ်ဝန်းကျင်အပါအဝင် လုပ်ငန်းခွင်အတွင်း အဆင်ပြေစွာနေထိုင်နိုင်ပြီး ကျန်းမာပျော်ရွှင်သော ဘဝတစ်ခု တည်ဆောက်နိုင်မည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

## သဘာဝဘေးအန္တရာယ်ဖြစ်ပွားလာပါက အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်နိုင်ရေးအတွက် မြိတ်မြို့မီးသတ်စခန်း၌ ရှာဖွေကယ်ဆယ်ရေးတပ်စု အရန်သင့်စုဖွဲ့ထားရှိ




**မြိတ် ဇူလိုင် ၂၀**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်အတွင်း သဘာဝဘေးအန္တရာယ်ဖြစ်ပွားလာပါက ပြည်သူများအား အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်နိုင်ရေးအတွက် မြိတ်မြို့ မီးသတ်စခန်း၌ ရှာဖွေကယ်ဆယ်ရေးတပ်စုတစ်စု အရန်သင့်စုဖွဲ့ထားရှိကြောင်း သိရသည်။

“ရုတ်တရက်ဘေးအန္တရာယ်နဲ့ သဘာဝဘေးအန္တရာယ်တွေဖြစ်ပေါ်လာရင် စုဖွဲ့ထားရှိတဲ့ ရှာဖွေကယ်ဆယ်ရေးတပ်စုတစ်စု ၃၅ ဦးနဲ့ ရှာဖွေကယ်ဆယ်ရေးယာဉ်၊ လူနာတင်ယာဉ်တွေနဲ့ ချက်ချင်းသွားရောက် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းတွေကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။ မိုးတွင်းကာလမှာ တခြားမြို့တွေမှာ မိုးများပြီး ရေကြီးရေလျှံမှုတွေဖြစ်ပွားလို့ ရေနစ်မြုပ်မှုတွေ ဖြစ်နေပါတယ်။ မြိတ်မြို့နဲ့ အနီးပတ်ဝန်းကျင်တွေမှာ ဖြစ်ပွားလာရင် ရှာဖွေကယ်ဆယ်ရေးရေယာဉ်တစ်စီးနဲ့ အသက်ကယ်ပစ္စည်းတွေနဲ့ အချိန်မီသွားရောက် ကူညီကယ်ဆယ်နိုင်ဖို့ စုဖွဲ့ထားမှုရှိပါတယ်” ဟု မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးစိုးကျော်သူက ပြောသည်။

မြိတ်မြို့မီးသတ်စခန်းတွင် ရှာဖွေကယ်ဆယ်ရေးမော်တော်ယာဉ် နှစ်စီး၊ ရှာဖွေကယ်ဆယ်ရေးရေယာဉ် တစ်စီး၊ လူနာတင်ယာဉ် တစ်စီး၊ ရှာဖွေကယ်ဆယ်ရေးပစ္စည်းမျိုးစုံနှင့် သန္ဒေမီးသတ်တပ်ဖွဲ့ဝင် ရှာဖွေကယ်ဆယ်ရေးတပ်စုတစ်စုနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင် ရှာဖွေကယ်ဆယ်ရေးတပ်စုတစ်စု ဖွဲ့စည်းထားရှိပြီး ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များအား ကယ်ဆယ်ရေးပစ္စည်းများဖြင့် အပတ်စဉ် လေ့ကျင့်လျက်ရှိကြောင်း မီးသတ်ဦးစီးဌာနမှ သိရသည်။

**ခိုင်ထူး (ပြန်/ဆက်)**

# ရေဝတီတိုင်းဒေသကြီး၌ တိရစ္ဆာန်သက်ကယ်ကုန်းနှင့် အဆောက်အအုံများတည်ဆောက်ပေး



တိရစ္ဆာန်အသက်ကယ်ကုန်းနှင့် အဆောက်အအုံတည်ဆောက်နေမှုကို တွေ့ရစဉ်။

**ပုသိမ် ဇူလိုင် ၂၁**

ရေဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းအသုံးစရိတ်ခွင့်ပြုရန်ပုံငွေကျပ် ၂၄၈ သန်းဖြင့် တိရစ္ဆာန်သက်ကယ်ကုန်းခြောက်ခုနှင့် အဆောက်အအုံများကို တည်ဆောက်ပေးလျက်ရှိကြောင်း တိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံးမှ သိရသည်။

၂၀၁၅ ခုနှစ်မှစကာ ဒေသတွင်းပုံမှန်ထက်ပိုမိုပြီး ရေကြီးခြင်း၊ ကာလရှည်ရေကြီးခြင်းများ ဖြစ်ပွားလျက်ရှိရာ ရေဝင်သော ဒေသများမှ ကျွဲ၊ နွားနှင့် အခြားသောတိရစ္ဆာန် သေကျေပြီး ရေကြီးမှုဒဏ်ကို ဆိုးရွားစွာခံခဲ့ရသည်။ ယင်းတိရစ္ဆာန်များသည် နားခိုရန်နေရာမရှိသဖြင့် ဇီဝကမ္မဖြစ်စဉ်ပျက်စီးခြင်း၊ နာမကျန်းဖြစ်ပြီး သေဆုံးခြင်းများရှိသည့်အတွက် ယခုကဲ့သို့ တည်ဆောက်ပေးရခြင်းဖြစ်သည်ဟု တိုင်းဒေသကြီးမွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံးမှ ဦးစီးမှူး ဒေါက်တာ မိုးမိုးခိုင်က ပြောသည်။

ရေဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းအသုံးစရိတ်ခွင့်ပြုရန်ပုံငွေကျပ်သန်း ၂၄၈ ဖြင့် တိရစ္ဆာန်သက်ကယ်ကုန်းကို သရက်ကုန်ကျေးရွာ၊ အင်းကလေးကျေးရွာ၊ သဲကုန်း၊ ကတက်ကုန်း၊ ဆင်ကျွန်း၊ တဲတန်းကျေးရွာတို့တွင် တစ်ခုစီဆောက်လုပ်ပေးလျက်ရှိပြီး လက်ရှိအချိန်တွင် လုပ်ငန်းများမှာ ၇၅ ရာခိုင် နှုန်းပြီးနေပြီဖြစ်သည်။ ရေလယ်သောင်ကျေးရွာတွင် တိရစ္ဆာန်သက်ကယ်ကုန်းနှင့် အဆောက်အအုံ တစ်ခုကိုလည်း တည်ဆောက်ပေးလျက်ရှိရာ လုပ်ငန်းများပြီးစီးတော့မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါတိရစ္ဆာန်သက်ကယ်ကုန်းများနှင့် အဆောက်အအုံများကို တည်ဆောက်ပြီးစီးပါက တိရစ္ဆာန်သေဆုံးမှု သိသိသာသာ လျော့နည်းလာနိုင်ပြီး ကျန်းမာရေးဆိုးရွားစွာ ထိခိုက်မှုများ ကျဆင်းသွားမည်ဖြစ်သည်။ ကုန်းတစ်ခုတွင် တိရစ္ဆာန်အကောင်ရေ ၃၀၀ မှ ၇၀၀ အထိ နားခိုနိုင်ကြောင်း သိရသည်။

ယင်းနေရာများကို နိုင်ငံတော်အစိုးရရန်ပုံငွေ အပါအဝင် အမေရိကန်နိုင်ငံအခြေစိုက် (International Fund For Animal Welfare) အဖွဲ့မှ ၂၀၁၆ - ၂၀၁၇ တွင် ၁၁ ဒသမ ၄၂ သန်း ၊ ၂၀၁၇ - ၂၀၁၈ တွင် ၂၆ဒသမ ၆၁ သန်းနှင့် ၂၀ ဒသမ ၂၆သန်းကို လှူဒါန်းပေးခဲ့ရာ ယင်းငွေကြေးများဖြင့် တိရစ္ဆာန်သက်ကယ်ကုန်း တည်ဆောက်ပေးခဲ့ကြောင်း သိရသည်။

ရေဝတီတိုင်းဒေသကြီးအတွင်း ၂၀၁၅ ခုနှစ်၌ ရေကြီးနစ်မြုပ်မှု ကြုံတွေ့ခဲ့ရပြီး သက်ကယ်ကုန်းများမရှိသည့်အတွက်ကြောင့် ပုသိမ် ၊ ဟင်္သာတ၊ မအူပင်ခရိုင်အတွင်း နွား ၂၂၄ ကောင် ၊ ဝက် ၆၃၇ ကောင်၊ ဆိတ်ငါးကောင်၊ ကြက် ၆၉၇၇၈ ကောင် သေဆုံးခဲ့ရာ ကာလတန်ဖိုးငွေကျပ် သန်း ၃၀၁ ဒသမ ၂၃၀ ဆုံးရှုံးခဲ့ကြောင်း တိုင်းဒေသကြီးမွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနမှ သိရသည်။

**မင်းထွန်းဇော်**

# ကျောက်ပန်းတောင်းမြို့ပေါ်ရှိ အခြေခံပညာမူလတန်းကျောင်းများတွင် ကျောင်းသားကလေးငယ်များအား ပဲနို့အာဟာရစတင်တိုက်ကျွေးနိုင်ရန်စီစဉ်

**ကျောက်ပန်းတောင်း ဇူလိုင် ၂၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် မြို့ပေါ်ရှိ အခြေခံပညာမူလတန်းကျောင်းများနှင့် မူလတန်း(လွန်)ကျောင်းများရှိ ကျောင်းသား ကျောင်းသူများအား ပဲနို့အာဟာရစတင်တိုက်ကျွေးနိုင်ရန် ယမန်နေ့က စတင်၍ မြို့နယ်ပဲနို့အာဟာရတိုက်ကျွေးရေးအမှုဆောင်အဖွဲ့နှင့် သက်ဆိုင်ရာ ရပ်ကွက်ပရဟိတအသင်းများ ပူးပေါင်းဆောင်ရွက်ကြသည်။

ကျောက်ပန်းတောင်းမြို့နယ် ရွှေပါရမီပဲနို့အာဟာရတိုက်ကျွေးရေး အလုပ်အမှုဆောင်အဖွဲ့ နာယက ဘဒ္ဒန္တ ယုဇနနှင့် အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းလင်းဇော်၊ အတွင်းရေးမှူး ဦးအေးခိုင်တို့က မြို့ပေါ်ရှိ အခြေခံပညာမူလတန်းကျောင်းများနှင့် မူလတန်းလွန်ကျောင်းများတွင် စတင်စမ်းသပ်တိုက်ကျွေးနိုင်ရန်အတွက် သက်ဆိုင်ရာ ရပ်ကွက်ပဲနို့တိုက်ကျွေးရေးကော်မတီဥက္ကဋ္ဌများဖြစ်ကြသော ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် လူမှုရေးအသင်းအဖွဲ့မှ အမျိုးသမီးပရဟိတသမားများအား ပဲနို့ကျိုချက်ရန်လိုအပ်သည့်အမယ်များနှင့် ပေါင်းစပ်အသုံးပြုရမည့် အချိုးအစားများ၊ ကျိုချက်နည်းနှင့် သန့်ရှင်းလတ်ဆတ်သော ပဲနို့အာဟာရဖြစ်စေရန် လုပ်ကိုင်ဆောင်ရွက်ရမည့်နည်းလမ်းများကို ရှင်းလင်းပြောကြားပြီး လက်တွေ့ကျိုချက်ပြသကြသည်။

အဆိုပါ ပဲနို့အာဟာရစမ်းသပ်တိုက်ကျွေးသွားမည့်အစီအစဉ်နှင့် ပတ်သက်၍ "ကျွန်တော်တို့ ဒီနေ့က မြို့ပေါ်ကျောင်း ခြောက်ကျောင်းကို စတင်စမ်းသပ်ဆောင်ရွက်သွားမှာပါ။ ကိုယ့်ကျောင်းကို ပဲနို့တိုက်ကျွေးမယ့်နေ့တွေမှာ သန့်ရှင်းလတ်ဆတ်တဲ့ ပဲနို့အဟာရကျိုချက်နိုင်အောင် သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးတွေနဲ့ ရပ်ကွက်လူမှုရေးအသင်းက အဖွဲ့ဝင်တွေကို ပဲနို့ကျိုချက်နည်းလက်တွေ့ပြသသွားမှာပါ။ လောလောဆယ်တစ်ပတ်ကို နှစ်ရက်တိုက်ကျွေးသွားဖို့ စီစဉ်ထားပါတယ်။ ဒါကလည်းပဲ ကုန်ကြမ်းရရှိမှုအပေါ်မှာမူတည်ပြီး လုပ်သွားမှာပါ။ ပဲကုန်ကြမ်းလုံလုံလောက်လောက်ရရင်လည်း ရသလို ရက်တိုးပြီးတိုက်ကျွေးသွားမှာပါ။ လက်ရှိ ဒီကျောင်းခြောက်ကျောင်းကတော့ စမ်းသပ်တိုက်ကျွေးသွားဖို့ စတင်ဆောင်ရွက်နေတာပါ"ဟု ဦးအေးခိုင်က ပြောသည်။



သန့်စင်သော ပဲနို့ကျိုချက်နည်းများကို ရှင်းပြပေးနေစဉ်။

ကျောက်ပန်းတောင်းမြို့နယ်တွင် အခြေခံပညာကျောင်းပေါင်း ၂၉၃ ကျောင်းမှ ကျောင်းသားကျောင်းသူ ကလေးငယ် သုံးသောင်းအတွက် ပဲနို့အာဟာရတိုက်ကျွေးသွားနိုင်ရန် ရွှေပါရမီပဲနို့အာဟာရဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးရှိန်ဝင်း(တက်လမ်းကုမ္ပဏီ) မိသားစုက ငွေကျပ် သိန်း ၆၀၀ တန်ဖိုးရှိ ပဲနို့ကုန်ကြမ်းများကို လှူဒါန်းထားပြီး ဦးစိုးသိန်း(နဒီရွှေဝါကုမ္ပဏီ)မိသားစုက ပဲကုန်ကြမ်း သန့်စင်ကြိတ်ခွဲစက်ကို လှူဒါန်းထားရှိပြီးဖြစ်ကြောင်းနှင့် စမ်းသပ်ကာလအတွင်း တစ်ပတ်လျှင် နှစ်ရက်ဖြင့် ကလေးငယ် ၅၉၇ ဦးကို စတင်တိုက်ကျွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**နေအောင်(မြန်/ဆက်)**

# သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု အသိပညာပေးဟောပြော

**ပခုက္ကူ ဇူလိုင် ၂၁**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် နံ့ပို့ကုန်းကျေးရွာဘုန်းတော်ကြီးကျောင်းတွင် ယမန်နေ့က သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု အသိပညာပေး ဟောပြောပွဲကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးမှူး ဦးနေဝင်းက အမှာစကားပြောကြားပြီး ဂါးဒီးယန်အဖွဲ့မှ စီမံချက်ညှိနှိုင်းရေးမှူး ဒေါ်ဒေးဝင်းစိန်က သဘာဝဘေးအန္တရာယ်မဖြစ်ပွားမီ ကြိုတင်ပြင်ဆင်ရန် လိုအပ်ချက်များ၊ ဖြစ်ပွားချိန်ပြုလုပ်ရမည့် နည်းလမ်းများ၊ ဖြစ်ပွားပြီးနောက် ဆောင်ရန် ရှောင်ရန်အချက်များအား တက်ရောက်လာသော ကျေးရွာဘေးစီမံကော်မတီများ၊ ကျေးရွာနေပြည်သူများနှင့် ဆွေးနွေးသည်။

ရေဝတီမြစ်ရေဝင်ဒေသများဖြစ်သည့် မရိုးကုန်းကျေးရွာ၊ ရွာသစ်ကုန်းကျေးရွာ၊ ကုက္ကိုလှကျေးရွာ၊ မြင်းကျွန်းကျေးရွာ၊ နံ့ပို့ကုန်းကျေးရွာ၊ သိမ်ကုန်းကျေးရွာတို့တွင် တစ်ရွာလျှင် နှစ်ကြိမ်ကျင်းပပေးနိုင်ခဲ့ပြီး ဖြစ်ကြောင်း သိရ သည်။

**ကိုဇော် (ခတု)**

# ရွှေတောင်မြို့နယ်တွင် ရေဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး သရုပ်ပြ

**ရွှေတောင် ဇူလိုင် ၂၁**

ရေဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး သရုပ်ပြပွဲကို ယမန်နေ့က ရွှေတောင်မြို့နယ် ဒုရင်ဒုဘိုအုပ်စု ထန်းလုံးချောင်း တာပေါင်၌ ကျင်းပသည်။

အခမ်းအနားတွင် ပဲခူးတိုင်းအနောက်ပိုင်း ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးဦးဇော်ဦးက အမှာစကားပြောကြားပြီး လက်ထောက်ညွှန်ကြားရေးမှူး ဦးတိုးငြိမ်းက ရေဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးသရုပ်ပြပွဲပြုလုပ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းသည်။

ဆက်လက်ပြီး မြို့နယ်ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိဦးသိန်းထွန်းအောင်က မြစ်ရေကြီး၍ တာပေါ်ရေကျော်မှုများ၊ တာအိကျမှုများ၊ ထူးပေါက်မှုများနှင့် သဲဗွက်ပေါက်မှုများဖြစ်ပေါ်လာပါက ဆောင်ရွက်ရမည့်အချက်များနှင့် ရှောင်ကြဉ်ရမည့်အချက်များ၊ ရေဘေးအန္တရာယ်ကျရောက်လာပါက ကြိုတင်ကာကွယ်လုပ်ဆောင်ရမည့်အချက်များကို လက်တွေ့သရုပ်ပြသခဲ့ကြောင်း သိရသည်။

**ကိုကိုမင်း(မြန်/ဆက်)**



ရေဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် သရုပ်ပြရန်ဆောင်ရွက်ထားရှိမှုကို တွေ့ရစဉ်။

# ရေဝတီမြစ်ရေဝင်ရောက်လာမှုကြောင့် မြင်းမူ၌ စာသင်ကျောင်းငါးကျောင်း ယာယီပိတ်



မြစ်ရေဝင်ရောက်လာသဖြင့် ကျောင်းများကို ယာယီပိတ်ထားရန် ညွှန်ကြားထားပြီး ကျောင်းသား ကျောင်းသူများကို ပြန်လွှတ်ပေးနေစဉ်။

**မြင်းမူ ဇူလိုင် ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ်တွင် ရေဝတီ မြစ်ရေဝင်ရောက်လာမှုကြောင့် စာသင်ကျောင်း ငါးကျောင်းကို ယမန်နေ့မှစ၍ ယာယီပိတ်ထားပြီဖြစ်သည်။ ယခုယာယီပိတ်ထားသော ကျောင်းများမှာ ရေဝတီမြစ်ကမ်း အနီးရှိ အမက ရွာသစ်၊ အမက ဆိပ်သာ၊ အလက လက္ကပင်၊ မူလွန်ဆပွန်း ကုန်းနှင့် မြို့ပေါ် အရှေ့ပိုင်းရပ်ကွက်မှ အလက (ခွဲ) ကျောင်းတို့ဖြစ်ကြောင်း၊ ယင်းကျောင်း ငါးကျောင်းမှ ပညာသင်ကြားလျက်ရှိသော ကျောင်းသား ကျောင်းသူပေါင်း ၈၄၆ ဦးရှိကြောင်း၊ ပညာသင်ကြားမှု နှောင့်နှေးမှု မရှိစေရေးအတွက် သက်ဆိုင်ရာဌာနများက ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

မြင်းမူမြို့၏ ရေဝတီမြစ်ရေ စိုးရိမ်ရေအမှတ်မှာ ၁၁၅၀ မီတာရှိပြီး ဇူလိုင် ၂၁ရက်က ၁၁၄၆ မီတာသို့ ရောက်ရှိနေကြောင်း သိရသည်။**အောင်စိုးဖေ(မြင်းမူ)**

# ရွှေဘိုခရိုင်အတွင်း မျိုးစေ့သန့်စင်စက်ရုံနှင့် မျိုးစေ့သိုလှောင်ရုံများ တည်ဆောက်

**ရွှေဘို ဇူလိုင် ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်အတွင်း မျိုးစေ့သန့်စင်စက်ရုံနှင့် မျိုးစေ့သိုလှောင်ရုံများ တည်ဆောက်နေမှုကို ယမန်နေ့က စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှမြင့်အောင်က ကွင်းဆင်းစစ်ဆေးသည်။

ဒုတိယညွှန်ကြားရေးမှူးချုပ်က ချီပါခြံတွင် ဆောက်လုပ်မည့် မျိုးစေ့သန့်စင်စက်ရုံနှင့် မျိုးစေ့သိုလှောင်ရုံတည်ဆောက်မည့် မြေနေရာကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်စိုက်ပျိုးရေး အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးမှူး၊ ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးသန်းထွန်းနှင့် ခရိုင်အတွင်းရှိ မြို့နယ်ဦးစီးမှူးများ၊ ခြံတာဝန်ခံများနှင့် တွေ့ဆုံ၍ စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်ရန်တို့ကိုလည်းကောင်း၊ မျိုးစေ့ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်းကောင်း၊ တောင်သူများ ကြဲပက်စိုက်ပျိုးသောစနစ်မှ Drum Seeder ဖြင့် စိုက်ပျိုးနိုင်ရန် တောင်သူများနှင့် ချိတ်ဆက်သွားရန်တို့ကိုလည်းကောင်း၊ ဈေးကွက်က တောင်းဆိုသောသီးနှံများ ရွေးချယ်စိုက်ပျိုးနိုင်ရန် တို့ကိုလည်းကောင်း လမ်းညွှန်မှာကြားသည်။

ထို့နောက် ခရိုင်မျိုးစေ့တာဝန်ခံ ဒေါ်မကြွယ်ဝင်းက မျိုးသန့်မျိုးပွားမျိုးစေ့ရရှိရေး၊ မျိုးကောင်းမျိုးသန့်ထုတ်လုပ်ပုံနည်းစနစ် မှန်ကန်စေရေးတို့ကို ကွင်းဆင်းစစ်ဆေးခြင်းလုပ်ငန်းများ၊ ထွက်ရှိသော အရည်အသွေးမှန် စီးပွားဖြစ်မျိုးသန့်မျိုးစေ့များကို ရွှေဘိုပေါ်ဆန်း ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း၊ ဆန်စက်ပိုင်လုပ်ငန်းရှင်များနှင့် ချိတ်ဆက်၍ ဆောင်ရွက်နေမှုများကို လုပ်ဆောင်လျက်ရှိကြောင်း ရှင်းလင်းတင်ပြခဲ့သည်။

ဆက်လက်၍ ဝက်လက်မြို့နယ် စိုင်နိုင်ကြီးကျေးရွာ အထွက်တိုးပညာပေးစခန်းတွင် ဆောက်လုပ်လျက်ရှိသော မျိုးစေ့သန့်စင်စက်ရုံနှင့် မျိုးစေ့သိုလှောင်ရုံများ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ယူဆောက်လုပ်နေသော ရဲမာန်ဆောက်လုပ်ရေးကုမ္ပဏီ၏ မန်နေးဂျင်းဒါရိုက်တာ ဒေါ်သရဖီစံက လုပ်ငန်းတည်ဆောက်မှုများကို ရှင်းလင်းတင်ပြသည်။

**ထွန်းမြင့်အောင် (ရွှေဘို)**



ရွှေဘိုခရိုင်အတွင်း မျိုးစေ့သိုလှောင်ရုံများသို့ တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေးစဉ်။

# မြေယာနှင့်ဆိုင်သောဥပဒေများ၊ နည်းဥပဒေများနှင့် လူ့အခွင့်အရေးဆိုင်ရာများ ဆွေးနွေး

**မိုးညှင်း ဇူလိုင် ၂၁**

ကချင်ပြည်နယ် မိုးညှင်းမြို့ သာစည်ရပ်ကွက် ထီးလင်းသာသနာ့ဗိမာန်ကျောင်း အောင်မင်္ဂလာဇာတ်ရုံခန်းမ၌ ယမန်နေ့က မြေယာနှင့်ဆိုင်သောဥပဒေများ၊ နည်းဥပဒေများ၊ မြေသိမ်းပြဿနာများ၊ နိုင်ငံသားလူ့အခွင့်အရေးများနှင့် လူ့အခွင့်အရေးဆိုင်ရာတို့ကို ဟောပြောဆွေးနွေးသည်။

ဟောပြောပွဲတွင် ပြည်ထောင်စုတိုင်းရင်းသား တောင်သူလယ်သမားများသမဂ္ဂ အတွင်းရေးမှူး ဦးဇော်ရန်းက မြေယာနှင့်ဆိုင်သော ဥပဒေများ၊ နည်းဥပဒေများ၊ မြေသိမ်းပြဿနာများ၊ နိုင်ငံသားအခွင့်အရေးများနှင့် လူ့အခွင့်အရေးဆိုင်ရာတို့ကို ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်ထောင်စုတိုင်းရင်းသားလယ်သမားများ အမှုဆောင် ဦးအောင်မြင့် (ဘိုကလေး)က သခင်စိတ်ဓာတ် သခင်အကြောင်းနှင့်အညီ တောင်သူလယ်သမားထုကြီးမှ မိမိကံကြမ္မာ မိမိ ဖန်တီးနိုင်ရေးအတွက် တောင်သူလယ်သမားသမဂ္ဂကို တောင့်တင်းခိုင်မာအားကောင်းစွာ ဖွဲ့စည်းနိုင်ရေးနှင့် တောင်သူလယ်သမားသမဂ္ဂလုပ်ဟန်နှင့် အခွင့်အရေး အပါအဝင် လယ်ယာဥပဒေအကြောင်းကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသော မိုးညှင်းမြို့နယ်နှင့် အင်းတော်ကြီးဒေသအတွင်းရှိ တောင်သူလယ်သမားများက လယ်ယာမြေများနှင့် ပတ်သက်၍ သိရှိလိုသည်များမေးမြန်းရာ အဆိုပါတာဝန်ရှိသူနှစ်ဦးက ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့ကြသည်။

**၀၇၈**

# သက်ငယ်မုဒိမ်းမှု လျှော့နည်းပပျောက်ရေး အသိပညာပေး

**မိုင်းယန်း ဇူလိုင် ၂၁**

ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံခရိုင် မိုင်းယန်းမြို့နယ်တွင် သက်ငယ်မုဒိမ်းမှု ကြုံတင်ကာကွယ်ရေးနှင့် လျှော့နည်းပပျောက်ရေး အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၁၈ ရက်က (ဈေးတန်းရပ်ကွက်) အခြေခံပညာအလယ်တန်းကျောင်း ခန်းမဆောင်၌ ကျင်းပသည်။

မြို့နယ်ဥပဒေအရာရှိ ဦးမြတ်သူရဇော်က သက်ငယ်မုဒိမ်းမှုနှင့် ပတ်သက်သည့် ဥပဒေ၊ နည်းဥပဒေများ၊ ရှောင်ကြဉ်ရမည့် အချက်များကိုလည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းမှူး ဦးကိုကိုဇော်က သက်ငယ်မုဒိမ်းမှု ကြိုတင်ကာကွယ်ရေး၊ လျှော့နည်းပပျောက်ရေးအတွက် လက်ကမ်းစာစောင်များဖြန့်ဝေကာ အသိပညာပေးဟောပြောခဲ့ပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်အေးသန့်ခိုင်က သက်ငယ်မုဒိမ်းမှု ကြိုတင်ကာကွယ်နိုင်ရန် ကျောင်းသား ကျောင်းသူများအား အသိပညာပေးဟောပြောကာ ဆွေးနွေးချက်များအပေါ် တာဝန်ရှိသူတို့က ပြန်လည်ဖြေကြားသည်။

ဆွေးနွေးပွဲသို့ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၁၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**ထွန်းထွန်းထူး (ပြန်/ဆက်)**

# ရေကြည်မြို့နယ်၌ မူခင်းကျဆင်းရေး ဟောပြော

**ရေကြည် ဇူလိုင် ၂၁**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရေကြည်မြို့နယ် ချောင်းဖျားကျေးရွာ အခြေခံပညာမူလတန်းကျောင်းတွင် ရေကြည်မြို့ မြို့မရဲစခန်းမှ သက်ငယ်မုဒိမ်းမှု လျှော့နည်းပပျောက်ရေးနှင့် မူခင်းကျဆင်းရေး အသိပညာပေးဟောပြောခြင်းကို ဇူလိုင် ၁၉ ရက်က ကျင်းပသည်။

အဆိုပါဟောပြောပွဲတွင် မြို့မရဲစခန်းမှူး ဒုရဲမှူး ဇော်နိုင်ဦးက သက်ငယ်မုဒိမ်းမဖြစ်ပွားစေရေး သက်ငယ်မုဒိမ်းနှင့် ပတ်သက်သည့် ဥပဒေ၊ နည်းဥပဒေများ၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးနှင့် ကျေးရွာရပ်ကွက်အတွင်း ခိုးဆိုးလုယက်မှု မဖြစ်ပေါ်စေရေးနှင့် မူခင်းကြိုတင်ကာကွယ်ရေးဆိုင်ရာ အသိပညာများကို ပြည်သူများအား အသိပညာပေး ဟောပြောခဲ့သည်။

အဆိုပါဟောပြောပွဲသို့ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ ရွာသူရွာသားများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**အောင်သူဟန် (ပြန်/ဆက်)**

# ပဲနွယ်ကုန်းဘူတာ၌ ရထားကြိတ်တိုက်မှုမဖြစ်စေရေး ဟောပြော

**ကျောက်တံခါး ဇူလိုင် ၂၁**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ပဲနွယ်ကုန်းဘူတာ၌ ယမန်နေ့က ခရီးသွားပြည်သူများအား ရထားကြိတ်/တိုက်မှု မဖြစ်စေရေး အသိပညာပေးဆွေးနွေးပွဲ ပြုလုပ်သည်။

ဆွေးနွေးပွဲတွင် ရထားရဲတပ်ဖွဲ့အမှတ် (၁၁) တပ်ခွဲ တပ်စု (၂) ကျောက်တံခါးမှ ရဲအုပ် လွှမ်းအောင်သည် ပဲနွယ်ကုန်းဘူတာမှ တာဝန်ခံရုံပိုင် ဦးထွန်းထွန်းဦးနှင့် မီးရထားဝန်ထမ်းများ၊ တပင်ရွှေထီးရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးနန္ဒနှင့် အဖွဲ့ဝင်များ၊ မီးရထားစီးခရီးသွားပြည်သူများအား ရထားကြိတ်/တိုက်မှု မဖြစ်စေရေးနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေး အသိပညာပေးဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီး ပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ခင်ကို (ကျောက်တံခါး)**



ပဲနွယ်ကုန်းဘူတာ၌ ရထားကြိတ်/တိုက်မှုဖြစ်စဉ်များနှင့် ပတ်သက်၍ ရှင်းပြစဉ်။

## ရေဘေးအသိပညာပေး

### ရေကြီးခြင်းသတိပေးချက်ရလျှင် ဆောင်ရွက်ရန်များ

၁။ သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော မိုးလေဝသ သတင်းများကို စဉ်ဆက်မပြတ်နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ။ အခြားသူများကိုလည်း မျှဝေပါ။



၂။ တောင်ပေါ်ဒေသများချောင်းဖျား၊ မြစ်ဖျားများတွင် မိုးကြီးပါက မြစ်ဝှမ်းတစ်လျှောက်တွင် လျှပ်တစ်ပြက်ရေကြီးခြင်းများဖြစ်နိုင်ကြောင်း သတိပြုကြပါ။



၃။ အရေးပေါ် သုံးပစ္စည်းများ၊ စားရေရိက္ခာနှင့် အရေးကြီး စာရွက်စာတမ်းများကို မိမိနှင့်အတူထားရှိပါ။

၄။ မိသားစုဝင်များ ကွဲကွာသွားပါက ပြန်လည်ဆက်သွယ်ရန် ဖုန်းနံပါတ် အမည်၊ ရပ်ကွက်၊ ကျေးရွာ၊မြို့ ဆက်သွယ်ရမည့်သူစသည်တို့အား ရေးသားပြီး မိသားစုဝင်တိုင်း ယူဆောင်ထားပါ။




၅။ သက်ဆိုင်ရာအစိုးရဌာန၏ ညွှန်ကြားချက် ရရှိပါက ရွေးချယ်ထားသော ဘေးလွတ်ရာနေရာသို့ ပြောင်းရွှေ့ခိုလှုံပါ။



### ရေကြီးခြင်းဖြစ်ပေါ်နေချိန်တွင်လိုက်နာရန် အချက်များ

၁။ သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော မိုးလေဝသ သတင်းများကို စဉ်ဆက်မပြတ်နားထောင်ပြီး အကြံပြုချက်များကိုလိုက်နာပါ။



၂။ အိမ်သုံးလျှပ်စစ်ပစ္စည်းများ၊ မီးခလုတ်များကို ပိတ်ထားပါ။




၃။ သောက်သုံးရေသန့်(သို့) ကျိုချက်ထားသောရေ (သို့) ရေသန့်ဆေးခတ်ထားသော ရေကိုသာ အမြဲသောက်သုံးပါ။



၄။ အဆိပ်ရှိသော တိရစ္ဆာန်များ အိမ်၊ခြံ အတွင်း၌ ရှိ ၊မရှိ စစ်ဆေးပါ။



## ကျေးရွာရေရရှိရေး အလှူရှင်များအတွက် ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်

**ပုလဲ ဇူလိုင် ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ် ပုံတောင်ဒေသအတွင်းမှ သောက်သုံးရေအခက်အခဲရှိနေသော ကျေးရွာများအတွက် PVC ရေပိုက်များနှင့် ဘိလပ်မြေအိတ်များ လှူဒါန်းသည့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ဇူလိုင် ၂၁ ရက်က ပေးအပ်ခဲ့သည်။

ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ပွဲတွင် ပုံတောင်ဒေသ သောက်သုံးရေအခက်အခဲရှိသည့် ကျေးရွာများ ရေရရှိရေးလုပ်ငန်းအတွက် အသုံးပြုနိုင်ရန် နှစ်လက်မ PVC ရေပိုက် အရှည် ပေ ၅၂၈၀ လှူဒါန်းသည့် အလှူရှင် ဦးသိန်းဟန်(Tokyo Pipe ကုမ္ပဏီ)အတွက် ဂုဏ်ပြုမှတ်တမ်းလွှာကို တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးမြင့်ကြည်ကလည်းကောင်း၊ ရေပိုက်လိုင်းသွယ်မှုတွင် ကုန်ကျမည့်စရိတ်နှင့် ဘိလပ်မြေအိတ် ၃၀ တို့ကို လှူဒါန်းသည့် အလှူရှင် ဦးပြည့်ဖြိုးလင်း(ကောင်းကင်သစ် ကုမ္ပဏီ)အတွက် ဂုဏ်ပြုမှတ်တမ်းလွှာကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်ထက်ကလည်းကောင်း ပေးအပ်ခဲ့ကြောင်း သိရသည်။

ပုလဲမြို့နယ် ပုံတောင်ဒေသရှိ သောက်သုံးရေအခက်အခဲရှိသော ကျေးရွာများ၌ စက်ရေတွင်း(တွင်းတိမ်) တူးဖော်နိုင်ရန်နှင့် ဂါလန် ၁၀၀၀ ဆံ့ ရေစုကန်များ ပြုလုပ်နိုင်ရေးအတွက်လည်း တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အထွေထွေ ပိုလျှံရန်ပုံငွေမှ ကျပ်သိန်း ၁၅၀ ကို ထောက်ပံ့ပေးထားကြောင်း ပုလဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ပြည်မြို့နယ်အတွင်း ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးပြုလုပ်

**ပြည် ဇူလိုင် ၂၁**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်အတွင်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ရေးဆွဲနိုင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ပြည်မြို့ မြို့တော်ခန်းမ၌ ဇူလိုင် ၂၀ ရက်က ပြုလုပ်ခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၆၉ စုမှ ကျေးလက်နေပြည်သူများ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ခင်စိုးစိုးကြည်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဇေယျနှင့် ပြည်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်ကျော်တို့က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ရေးဆွဲရေးဆိုင်ရာ အစီအစဉ်များကို ရှင်းလင်းဆွေးနွေးကာ ပြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးထွန်းကျော်ကျော်မျိုးက စီမံကိန်းရေးဆွဲရေး လုပ်ငန်းစဉ်များကို အသေးစိတ် ဆွေးနွေးသည်။ ထို့နောက် ကျေးရွာများမှ ပြည်သူများက ဆွေးနွေးချက်များအပေါ် သိရှိလိုသည်များကို ပြန်လည်မေးမြန်းကြပြီး တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ကျေးလက်နေပြည်သူများကိုယ်တိုင် ကျေးရွာ၏ အဓိကလိုအပ်ချက်များကို ဖော်ထုတ်နိုင်ပြီး ဦးစားပေးအစီစဉ်အလိုက် စီမံချက်များ ရေးဆွဲအကောင်အထည်ဖော်နိုင်ရန်၊ ကျေးရွာများ၏ ဦးစားပေးစီမံချက်များအပေါ် အခြေခံ၍ နှစ်စဉ် ရန်ပုံငွေများ ချထားပြီး စီမံချက်လုပ်ငန်းများ အကောင်အထည်ဖော်နိုင်ရန်နှင့် ကျေးရွာများမှထွက်ပေါ်လာသော စီမံချက်လုပ်ငန်းများကို မြို့နယ်အဆင့် ဦးစီးဌာနအသီးသီး၏ ဖွံ့ဖြိုးရေးအစီအစဉ်နှင့် ချိတ်ဆက်နိုင်ရန် ရည်ရွယ်၍ ယခု ညှိနှိုင်းအစည်းအဝေးကို ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

**မျိုးကျော်ကြီး(ပြန်/ဆက်)**

## သတင်းတိုများ

### မြစိမ်းရောင်စီမံကိန်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ရွှေတောင်မြို့၌ကျင်းပ

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်နေသည့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းများနှင့် ပတ်သက်၍ အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်ကို ရွှေတောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ဇူလိုင်တတိယပတ်အတွင်းက ကျင်းပခဲ့သည်။

ဆွေးနွေးပွဲသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မြခွာညိုဦးနှင့် မြို့နယ်နှင့် ကျေးရွာအဆင့် မြစိမ်းရောင်ကော်မတီဝင်များ တက်ရောက်ကြပြီး စီမံကိန်းနှင့် ပတ်သက်သည့် အကြောင်းအရာများကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။ ကျေးရွာများ၌ မြစိမ်းရောင်စီမံကိန်း အကောင်အထည်ဖော်ခြင်းကြောင့် ပြည်သူများအနေဖြင့် စီးပွားရေးပိုမိုတိုးတက်လာသည့် အကျိုးကျေးဇူးများ ရရှိလာကြောင်း ဆွေးနွေးပွဲတွင် ကျေးရွာစီမံကိန်းကော်မတီဝင်များ၏ တင်ပြချက်များအရ သိရသည်။

**ဗထူး**

### ကော့ကရိတ်မြို့နယ်မှ မီးဘေးသင့် အိမ်ထောင်စုနှစ်စုအား ထောက်ပံ့

ကရင်ပြည်နယ် ကော့ကရိတ်မြို့ အမှတ်(၃)ရပ်ကွက်၌ ဇူလိုင် ၂၀ ရက်က မီးလောင်မှုကြောင့် အိမ်နှစ်လုံး မီးဘေးသင့်ခဲ့ရာ အဆိုပါ အိမ်များမှ အိမ်ထောင်စုနှစ်စုအား ကယ်ဆယ်ရေးပစ္စည်း ၁၅ မျိုးပါ ပုံးတစ်ပုံးစီ၊ အိမ်နှစ်လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ကျပ် ၄၀၀၀၀၀ နှင့် လူဦးရေ ၁၃ ဦးအတွက် ခုနစ်ရက်စာ ဆန်ရိက္ခာဖိုး ကျပ် ၂၇၃၀၀ တို့ကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ် ဘေးအန္တရာယ်စီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူများက ဇူလိုင် ၂၁ ရက်က အဆိုပါ မီးဘေးသင့်အိမ်ထောင်စုများထံ အိမ်တိုင်ရာရောက် သွားရောက်၍ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ရေကြည်မြို့နယ်အတွင်း၌ မိုးရွာသွန်းမှုနည်း၍ လယ်များကို ရေတင်စိုက်ပျိုးနေရ

**ရေကြည် ဇူလိုင် ၂၁**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရေကြည်မြို့နယ်အတွင်း ယခုနှစ် မိုးရာသီကာလတွင် မိုးရွာသွန်းမှုအားနည်းနေခြင်းကြောင့် ဒေသခံတောင်သူများအနေဖြင့် လယ်ယာများ ထွန်ယက်စိုက်ပျိုးရေးအတွက် ရေတင်စက်များဖြင့် ရေတင်ပြီး ဆောင်ရွက်နေကြရကာ ကုန်ကျစရိတ် ပိုမိုများပြားခြင်းကြောင့် ယခုအချိန်ကတည်းက အရှုံးပေါ်နေကြကြောင်း ဒေသခံတောင်သူအချို့၏ ပြောကြားချက်များအရ သိရသည်။



မိုးနည်းသဖြင့် ရေတင်စိုက်ပျိုးရန် ပြင်ဆင်နေစဉ်။

"ဒီနှစ်မှာမိုးရွာသွန်းမှုအားနည်းတာကြောင့်ကျွန်တော်တို့ ပျိုးကြဲခင်းပက်ပြီး စိုက်ပျိုးတယ်၊ ပျိုးကြဲတော့ ကြွက်စားတယ်၊ စာကောက်တယ်၊ ခိုတို့ ချိုးတို့လို သတ္တဝါတွေက ဖျက်တယ်၊ ပြန်လုပ်ရတယ်၊ မိရိုးဖလာအတိုင်း စိုက်ပျိုးဖို့ ပျိုးထောင်ရတယ်၊ အခု စိုက်ဖို့အချိန်တန်ပြီပေါ့၊ ဒါပေမယ့် မိုးကမရွာဘူး၊ တစ်ထပ်နဲ့ ပြီးရမှာကို အခုတော့ အစကနေ ထယ်ပြန်ထိုးရ၊ ထွန်ယက်ရနဲ့ နှစ်ထပ်သုံးထပ်တွေ ပြန်လုပ်ရတယ်၊ ဒီအထဲမှာ အိတ်ထဲက စိုက်ထုတ်နိုင်တဲ့တောင်သူ ရှိသလို နွမ်းပါးတဲ့တောင်သူတွေလည်း ရှိတဲ့အတွက် ရေတင်ရတဲ့ ဆီဖိုး၊ စက်ခ၊ ထွန်ယက်စရိတ်နဲ့ အလုပ်သမားစရိတ်တွေက ထပ်ပိုးကုန်ကျစရိတ် များလာတယ်၊ ဒါကြောင့် ဒီနှစ်မှာ တောင်သူတွေ အရှုံးနဲ့ကြုံရနိုင်ပြီး ယူထားတဲ့ကြွေးတွေ ပြေကြေအောင် ဆောင်ရွက်နိုင်ဖို့တောင် တော်တော်လေး ရုန်းကန်ရမယ်"ဟု ဒေသခံ တောင်သူတစ်ဦးက ပြောသည်။

ယခုနှစ် စပါးစတင်စိုက်ပျိုးသည့် အချိန်မှာပင် ရေကြည်မြို့နယ်မှ ဒေသခံတောင်သူများအနေဖြင့် ပုံမှန်ကုန်ကျစရိတ်ထက် ပိုမိုကုန်ကျနေသောကြောင့် လာမည့် စပါးပေါ်ချိန်တွင် စပါးဈေးကောင်းရရန် မျှော်လင့်နေကြပြီး စပါးပေါ်ချိန် ဈေးကောင်းမရပါက တောင်သူများအနေဖြင့် အရှုံးပေါ်ကြတော့မည်ဖြစ်ကြောင်း ဒေသခံ တောင်သူအချို့က ခန့်မှန်းပြောကြားကြသည်။

**ဆန်းတင့် (ရေကြည်)**

## ရွှေဘိုမြို့ မော်ဓောမြင်သာ မြို့ထောင့်စေတီ ဗုဒ္ဓပူဇနီယပွဲတော်အတွက် လေလံပွဲကျင်းပ

**ရွှေဘို ဇူလိုင် ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့ရှိ မော်ဓောမြင်သာ မြို့ထောင့်စေတီဘုရား ဗုဒ္ဓပူဇနီယပွဲတော်အတွက် လေလံပွဲကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသောင်းဟိန်းနှင့် ဘုရားဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမြအေးတို့ ဦးဆောင်သော လေလံကော်မတီက ကြီးမှူး၍ ဇူလိုင် ၁၉ ရက်က ဘုရားဂေါပကရုံးခန်း၌ ပြုလုပ်ခဲ့သည်။

ယခုနှစ် မြို့ထောင့်စေတီ ဗုဒ္ဓပူဇနီယပွဲတော်အတွက် လေလံလုပ်ငန်းများတွင် လေလံအောင်ခဲ့သူများမှာ ဆိုင်ကယ်အပ်နှံခြင်းလေလံကို ရွှေဘိုမြို့မှ ဦးဇော်မင်းက ကျပ် ၂၀၂၅၀၀၀၀၊ ရေမီးလွှာအတွက် ရွှေဘိုမြို့မှ ဦးအောင်စိုးဦးက ကျပ် ၃၁၃၀၀၀၀၊ ခြေတော်ရင်းရုံအတွက် ရန်ကုန်မြို့မှ ဦးလှိုင်ဝင်းက ကျပ် ၁၀၇၃၀၀၀၀၊ ရဟတ်ကွင်း နံပါတ်(၁)အတွက် မန္တလေးမြို့မှ ဒေါ်ချိုချိုဝင်းက ကျပ် ၇၇၂၀၀၀၀၊ ရဟတ်ကွင်း နံပါတ်(၂)အတွက် မန္တလေးမြို့မှ ဒေါ်ဖြူဖြူဝင်းက ကျပ် ၈၇၂၀၀၀၀၊ ရဟတ်ကွင်း နံပါတ်(၃)အတွက် မလှိုင်မြို့မှ ဦးဝေက ကျပ် ၂၁၂၀၀၀၀၊ ရဟတ်ကွင်း နံပါတ်(၄)အတွက် မန္တလေးမြို့မှ ဦးကျော်သူရက ကျပ် ၂၁၂၀၀၀၀၀ တို့ဖြင့် အသီးသီး လေလံအောင်ခဲ့ကြောင်း သိရသည်။

ဆိုင်ကယ်အပ်လေလံအောင်သူ ရွှေဘိုမြို့နေ ဦးဇော်မင်းက "ဆိုင်ကယ်အပ်လေလံအနေနဲ့ မနှစ်က လေလံအောင်တဲ့အတိုင်း ကျပ်သိန်း ၂၀၀ ကျော်ပါပဲ၊ လေလံအောင်သူအနေနဲ့ လုပ်ပိုင်ခွင့်တော့ ရပါပြီ၊ ဒါပေမယ့် ဘုရားမှာ ဆိုင်ကယ်ထားဖို့နေရာက ကွင်းသုံးကွင်းပဲရှိတာမို့ အခြား ကွင်းပိုင်ရှင်တွေဆီက ကွင်းငှားဖို့ ဈေးနှုန်းကို ညှိနှိုင်းရဦးမှာပါ၊ ကွင်းနေရာ ငှားရမ်းခတွေကလည်း အလွန်ဈေးကြီးတော့ လုပ်ကိုင်ရတာ မလွယ်ပါဘူး၊ ဒါပေမယ့် ကိုယ့်မြို့ကိုယ့်ဒေသ ဘုရားပွဲမို့ ဒီလိုပဲ စွန့်ပြီး လုပ်ကိုင်ရတာပါပဲ၊ နောက်ပြီး ဘုရားပွဲတော်ချိန်က မိုးတွင်းဖြစ်တဲ့အတွက် ဈေးသည်တွေ ဈေးရောင်းကောင်းဖို့ဆိုတာ ရာသီဥတုအပေါ်လည်း မူတည်ပါတယ်၊ ဆိုင်ကယ်အပ်နှံခြင်းလုပ်ငန်းအနေနဲ့ တွက်ခြေကိုက်တာ မကိုက်တာထက် ဘုရားပွဲလာပြည်သူတွေ စိတ်အေးချမ်းစွာ ဘုရားဖူးနိုင်အောင် ဝန်ဆောင်မှုကောင်းကောင်း ပေးချင်ပါတယ်"ဟု ပြောကြားသည်။

ရွှေဘိုမြို့ မော်ဓောမြင်သာ မြို့ထောင့်စေတီဘုရား ဗုဒ္ဓပူဇနီယပွဲတော်ကို နှစ်စဉ် တော်သလင်းလပြည့်ကျော် ၇ ရက်မှ သီတင်းကျွတ်လဆန်း ၁ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိကြောင်း သိရသည်။

**မိုးသောက်(ရွှေဘို)**

## အပူပိုင်းဇုန် ကျေးလက်ရေရရှိရေးစီမံကိန်းကို မကွေးတိုင်းဒေသကြီးမှ မြို့နယ်နှစ်ခု၌ ဆောင်ရွက်နေ

**မကွေး ဇူလိုင် ၂၁**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)တို့ ပူးပေါင်း၍ အပူပိုင်းဇုန် ကျေးလက်ရေရရှိရေး စီမံကိန်းကို မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်အတွင်းရှိ ကျေးရွာ ငါးရွာနှင့် မြို့သစ်မြို့နယ်အတွင်းရှိ ကျေးရွာ နှစ်ရွာတို့၌ ဆောင်ရွက်လျက်ရှိကာ စီမံကိန်းလုပ်ငန်းများအနေဖြင့် စက်ရေတွင်း ခုနစ်တွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ပါဝင်ကြောင်း၊ ရန်ပုံငွေ ၁၄၆ ဒသမ ၈၅၃ သန်း အကုန်အကျခံ၍ ဆောင်ရွက်လျက်ရှိရာ ဇူလိုင်လလယ်တွင် ၉၅ ရာခိုင်နှုန်းခန့် လုပ်ငန်းများ ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။



မြို့သစ်မြို့နယ် အောင်မြင်သာကျေးရွာ၌ စက်ရေတွင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို တွေ့ရစဉ်။

မကွေးတိုင်းဒေသကြီးသည် မြန်မာနိုင်ငံ၏ အပူပိုင်းဇုန်အတွင်းမှ တိုင်းဒေသကြီးတစ်ခုဖြစ်ပြီး နှစ်စဉ်နှစ်တိုင်းလိုလို ရေရှားပါးမှုများ ကြုံတွေ့ရသည့် တိုင်းဒေသကြီးတစ်ခုဖြစ်၍ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှစတင်ကာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် JICA တို့ ပူးပေါင်း၍ အပူပိုင်းဇုန် ကျေးလက်ရေရရှိရေး စီမံကိန်းကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ပြီးခဲ့သည့်နှစ်က ရေရှားပါးသဖြင့် ရေပေးဝေခဲ့ရသော တောင်တွင်းကြီးမြို့နယ်မှ ရွာ ငါးရွာနှင့် မြို့သစ်မြို့နယ်မှ ရွာနှစ်ရွာတို့တွင် စီမံကိန်းကို ယခုနှစ် နွေရာသီမတိုင်မီက စတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

စီမံကိန်း ဆောင်ရွက်ရာတွင် စက်ရေတွင်း ခုနစ်တွင်း တူးဖော်ခြင်း၊ အမြင့်တင်ရေစင် တည်ဆောက်ခြင်းနှင့် ရေစက်ရုံ တည်ဆောက်ခြင်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဆောင်ရွက်ပေးပြီး JICA က တွင်းကာပိုက်နှင့် ရေထုတ်ပိုက်များ၊ ရေမြုပ်ပန့်နှင့် ဆက်စပ်ပစ္စည်းများ၊ အင်ဂျင်နှင့် ဒိုင်နမိုတပ်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း၊ အဆိုပါ ရေရရှိရေးလုပ်ငန်းများအားလုံး ဆောင်ရွက်ပြီးစီးပါက ကျေးရွာ ခုနစ်ရွာရှိ အိမ်ခြေ ၁၃၃၆ အိမ်မှ လူဦးရေ ၇၇၉၁ ဦးအတွက် သောက်သုံးရေများ လုံလောက်စွာ ရရှိစေမည်ဖြစ်ကြောင်း မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**မကွေးဝင်းမောင်**

## မင်းလှမြို့နယ် သံပုရာကန်ရွာမှ အိမ်တိုင်ရာရောက် ရေရရှိရေးလုပ်ငန်း ရာနှုန်းပြည့်ပြီးစီး

**မင်းလှ ဇူလိုင် ၂၁**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် သံပုရာကန်ကျေးရွာ၌ အိမ်တိုင်ရာရောက် သောက်သုံးရေရရှိရေးအတွက် ရေပိုက်လိုင်းသွယ်တန်းခြင်းနှင့် ဂါလန် ၅၀၀၀ ဆံ့ စင်မြင့်ရေစင် တည်ဆောက်ခြင်းလုပ်ငန်းကို ယခုနှစ် ဇန်နဝါရီလက စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့် ပြီးစီးသွားပြီဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ သံပုရာကန်ကျေးရွာရှိ ကျေးရွာပိုင်စက်ရေတွင်းမှ ရေကို အိမ်တိုင်ရာရောက် ရယူသုံးစွဲနိုင်စေရေး ရည်ရွယ်လျက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေ ကျပ် ၁၀ ဒသမ ၀၄ သန်းနှင့် ပြည်သူထည့်ဝင်ငွေ ကျပ် ၁၂ ဒသမ ၃ သန်း စုစုပေါင်း ကျပ် ၂၂ ဒသမ ၃၄ သန်းဖြင့် ရေပိုက်လိုင်း အရှည် ပေ ၁၂၀၀၀ သွယ်တန်းခြင်းနှင့် ဂါလန် ၅၀၀၀ ဆံ့ စင်မြင့်ရေစင် တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခု လုပ်ငန်းများ ပြီးစီးသွားသဖြင့် သံပုရာကန်ကျေးရွာရှိ အိမ်ခြေ ၃၉၇ အိမ်မှ လူဦးရေ ၁၅၀၀ တို့မှာ သောက်သုံးရေများကို အိမ်အရောက် အလွယ်တကူ ရယူအသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဒေါ်ခင်နန္ဒာအိက ပြောကြားသည်။

**ငြိမ်းသူ (စလင်း)**

# ပွင့်ဖြူမြို့နယ်၌ ကြွပ်ကြွပ်အိတ်လျှော့ချသုံးစွဲရေး ပညာပေးဆွေးနွေး

**ပွင့်ဖြူ ဇူလိုင် ၂၁**

ခေတ်နည်းပညာဖြင့် ပြုလုပ်ထားသည့် ကြွပ်ကြွပ်အိတ်များအသုံးပြုခြင်းကြောင့် နှစ်စဉ်ရင်ဆိုင်ကြုံတွေ့နေရသည့် ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝဘေးအန္တရာယ်ကျရောက်နေမှုများ လျော့နည်းကျဆင်းစေပြီး သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်စေရန် ရည်ရွယ်၍ ပြည်သူများ ကြွပ်ကြွပ်အိတ်လျှော့ချသုံးစွဲရေး အသိပညာပေးဆွေးနွေးပွဲကို မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ကြီးမှူး၍ ဇူလိုင် ၂၁ ရက်က ပွင့်ဖြူမြို့မစည်ပင်သာယာဈေး ကော်မတီရုံး၌ ကျင်းပခဲ့သည်။

ပညာပေးဆွေးနွေးပွဲတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးဝင်းက နေ့စဉ် ပြည်သူများ ကြွပ်ကြွပ်အိတ်သုံးစွဲမှု များပြားလာခြင်းကြောင့် နိုင်ငံတစ်ဝန်း နှစ်စဉ်ကြုံတွေ့နေရသည့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုများ၊ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များနှင့် သဘာဝဘေးအန္တရာယ် ကျရောက်နေမှုများ၊ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်စေရန်နှင့် ရာသီဥတုပြောင်းလဲမှု ဂေဟစနစ်ကို ထိန်းသိမ်းကာကွယ်နိုင်ရန်အတွက် ကြွပ်ကြွပ်အိတ်သုံးစွဲမှုအစား သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိသည့် ထုပ်ပိုးပစ္စည်းများကို ပြောင်းလဲသုံးစွဲကြရန် အသိပညာပေး ဟောပြောသည်။

ထို့နောက် ဆွေးနွေးပွဲတက်ရောက်လာသူများက မြို့တွင်း သန့်ရှင်းသာယာလှပရေးနှင့် နိုင်ငံတစ်ဝန်း သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် ပူးပေါင်းပါဝင်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် ဆောင်ရန်ရှောင်ရန်အချက်များကို မေးမြန်းဆွေးနွေးကြပြီး အမှုဆောင်အရာရှိက ပြန်လည်ရှင်းလင်းဖြေကြားကာ ဝန်ထမ်းများနှင့် ဈေးကော်မတီဝင်များအဖွဲ့က ကြွပ်ကြွပ်အိတ်သုံးစွဲမှုကြောင့် ဖြစ်ပေါ်နိုင်သည့် ဘေးအန္တရာယ်ဆိုင်ရာ ပညာပေးလက်ကမ်းစာစောင်များကို ဆွေးနွေးပွဲတက်ရောက်သူများနှင့် ဈေးသူဈေးသားများ၊ ဈေးဝယ်လာသည့် ပြည်သူများထံ ဖြန့်ဝေပေးခဲ့ကြသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**


ကြွပ်ကြွပ်အိတ်၏ ဆိုးကျိုးများအကြောင်း ပညာပေးလက်ကမ်းစာစောင်ကို ဈေးသည်များထံ ဖြန့်ဝေပေးနေစဉ်။

# စလင်းမြို့နယ်၌ အနာဂတ်အလင်းသစ် ကျောင်းစာကြည့်တိုက် ဖွင့်လှစ်

**စလင်း ဇူလိုင် ၂၁**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် သရက်ချဉ်ကျေးရွာ အထက်တန်းကျောင်း၌ အနာဂတ် အလင်းသစ် ကျောင်းစာကြည့်တိုက် ဖွင့်ပွဲကို ဇူလိုင် ၂၁ ရက်က ကျင်းပခဲ့ရာ ရန်ကုန်မြို့အနာဂတ်အလင်းသစ် စာကြည့်တိုက်ဖြစ်မြောက်ရေးအဖွဲ့မှ ဥက္ကဋ္ဌ ဒေါ်ယဉ်ယဉ်၊ ဒုတိယဥက္ကဋ္ဌ ဦးမင်းနိုင်ထွန်း၊ ဆင်ဖြူကျွန်းမြို့ ပညာသင်စရိတ်ထောက်ပံ့ရေးအဖွဲ့ ရန်ကုန်တာဝန်ခံ ဦးအောင်မြတ်မိုးနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်ချိုမာတို့က ကျောင်းစာကြည့်တိုက်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဆင်ဖြူကျွန်းမြို့အထကမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်သက်ဦးက အမှာစကားပြောကြားပြီး ဦးမင်းနိုင်ထွန်းက ကလေးများ ကျောင်းသင်ခန်းစာအပြင် ပြင်ပစာပေများကို ဖတ်ရှုပြီး အသိပညာ ဗဟုသုတ တိုးပွားစေရန်နှင့် စာပေဖတ်ရှုသည့် အလေ့အကျင့်ကောင်းများ ရရှိစေရန် စာကြည့်တိုက်၏ အရေးပါပုံများကိုလည်းကောင်း၊ ဦးအောင်မြတ်မိုးက စာကြည့်တိုက်ဖြစ်မြောက်ရေးအတွက် ဆောင်ရွက်ခဲ့မှုများကိုလည်းကောင်း ရှင်းလင်းပြောကြားပြီး စာကြည့်တိုက်ဖြစ်မြောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ယဉ်ယဉ်က စာကြည့်တိုက်အတွက် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းခဲ့သည်။

အဆိုပါ ကျောင်းစာကြည့်တိုက်ကို ရန်ကုန်မြို့အနာဂတ်အလင်းသစ် စာကြည့်တိုက်ဖြစ်မြောက်ရေးအဖွဲ့က သုတ/ရသ၊ မဂ္ဂဇင်း၊ ဝတ္ထု၊ ကလေးဖတ်စာအုပ်များ၊ ဘာသာရေး၊ သင်ကြားရေးအထောက်အကူပြု စာအုပ်များ၊ အဘိဓာန်စသည့် စာအုပ်ပေါင်း ၁၀၀၀ ကျော်နှင့် စာအုပ်စင် သုံးစင်၊ မှန်ဗီရို တစ်လုံး ပေးအပ်လှူဒါန်းမှုဖြင့် ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ အနာဂတ်အလင်းသစ် စာကြည့်တိုက်ဖြစ်မြောက်ရေးအဖွဲ့အနေဖြင့် လက်ရှိအချိန်အထိ စုစုပေါင်း စာကြည့်တိုက် ၁၅ တိုက်ကို ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကာ ဖွင့်လှစ်ပြီးသော စာကြည့်တိုက်များ ရေရှည် ရပ်တည်နိုင်ရန် နှစ်စဉ် စာအုပ်စာစောင်များကို ထောက်ပံ့လှူဒါန်းပေးလျက်ရှိကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**


အနာဂတ်အလင်းသစ် စာကြည့်တိုက်ဖြစ်မြောက်ရေးအဖွဲ့က စာအုပ်များ လှူဒါန်းနေစဉ်။

# သရုပ်ဆောင်နေထူးနိုင်နှင့် ကျောက်ပန်းတောင်းမြို့နယ် မဲဒီကျေးရွာမှပြည်သူများ စုပေါင်း၍ သစ်ပင် ၁၀၀၀ စိုက်ပျိုး

**ကျောက်ပန်းတောင်း ဇူလိုင် ၂၁**

ရုပ်ရှင်သရုပ်ဆောင် နေထူးနိုင်နှင့် မန္တလေးကိုဇော်ဇော်တို့ပါဝင်သည့်အဖွဲ့က မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် မဲဒီကျေးရွာအုပ်စု မဲဒီကျေးရွာမှ ပြည်သူများနှင့် ပူးပေါင်းကာ အရိပ်ရပျိုးပင် ၁၀၀၀ ကို အဆိုပါ ကျေးရွာအဝင်လမ်းတစ်လျှောက်၌လည်းကောင်း၊ လွင်ပင်ကုန်း-မဲဒီ ကျေးရွာချင်းဆက်လမ်းတစ်လျှောက်၌လည်းကောင်း ဇူလိုင် ၂၀ ရက်က စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် သစ်ပင်များ ရှင်သန်အောင် ထိန်းသိမ်းရေးနှင့် သစ်ပင်နှင့်သဘာဝပတ်ဝန်းကျင်၏ အရေးပါပုံများကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအေးခိုင်၊ ရုပ်ရှင်သရုပ်ဆောင် နေထူးနိုင်၊ မြို့နယ်သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများနှင့် မန္တလေးကိုဇော်ဇော်တို့က ပညာပေးဟောပြောကြပြီးနောက် အင်ဂျန်းရှားပျိုးပင် ၁၀၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။ အဆိုပါ ပျိုးပင် ၁၀၀၀ ကို သရုပ်ဆောင် နေထူးနိုင်က လှူဒါန်းခြင်းဖြစ်သည်။

သစ်ပင်စိုက်ပျိုးရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးရဲစိန်၊ မဲဒီကျေးရွာရှိ Win Mercy အမှိုက်ကောက်အဖွဲ့မှ ဦးဝင်းညွန့်တို့က ဦးဆောင်ကာ ကျေးရွာနေပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ၊ ပုပ္ပားကျေးရွာမှ ငြိမ်းချမ်းရေး ပရဟိတ အမှိုက်ကောက်အဖွဲ့ဝင်များ စုစုပေါင်းအင်အား ၅၀၀ ခန့် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**နေအောင် (ပြန်/ဆက်)**


သစ်ပင်စိုက်နေသော သရုပ်ဆောင်နေထူးနိုင်နှင့် ဒေသခံ ကလေးငယ်များ

# ဝက်လက်မြို့နယ်၏ ပထမဦးဆုံး မျိုးစေ့သန့်စင်စက်ရုံနှင့် မျိုးစေ့သိုလှောင်ရုံကို စိုင်နိုင်စခန်းနယ်မြေ၌ ဆောက်လုပ်မည်

**ဝက်လက် ဇူလိုင် ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် စိုင်နိုင်စခန်းနယ်မြေ စိုက်ပျိုးရေးနည်းပညာစင်တာ ဝင်းအတွင်း၌ မျိုးစေ့သန့်စင်စက်ရုံနှင့် မျိုးစေ့သိုလှောင်ရုံကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် JICA တို့ ပူးပေါင်းဆောင်ရွက်သည့် စိုက်ပျိုးရေးဝင်ငွေတိုးတက်ရေးစီမံကိန်းအရ ဆောက်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ စက်ရုံနှင့် သိုလှောင်ရုံ ဆောက်လုပ်ရန် မြေနေရာကို စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှမြင့်အောင်နှင့် တိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းလှိုင်ဦးတို့က ဇူလိုင် ၂၀ ရက်က မြေပြင်ကွင်းဆင်း ကြည့်ရှုခဲ့ကြရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးလှမိုးကျော်က စိုင်နိုင်စခန်းနယ်မြေ စိုက်ပျိုးရေးစခန်းရုံး၏ မြေနေရာကိစ္စရပ်များကိုလည်းကောင်း၊ ရဲမာန်ကုမ္ပဏီလီမိတက်မှ မန်နေးဂျင်းဒါရိုက်တာက ကုမ္ပဏီအနေဖြင့် ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍လည်းကောင်း တင်ပြဆွေးနွေးခဲ့ပြီး ဒုတိယညွှန်ကြားရေးမှူးချုပ်က လိုအပ်ချက်များ ဖြည့်စွက်လမ်းညွှန် မှာကြားကာ မျိုးစေ့သန့်စင်စက်ရုံနှင့် မျိုးစေ့သိုလှောင်ရုံ ဆောက်လုပ်ရန် မြေနေရာကို အတည်ပြု သတ်မှတ်ခဲ့သည်။

ယခု ဆောက်လုပ်မည့် မျိုးစေ့သန့်စင်စက်ရုံနှင့် မျိုးစေ့သိုလှောင်ရုံသည် ဝက်လက်မြို့နယ်အတွင်း ပထမဦးဆုံး ဆောက်လုပ်သည့် စက်ရုံဖြစ်ကာ ဇူလိုင် ၂၀ ရက်မှ စတင်ဆောက်လုပ်၍ စက်တင်ဘာလကုန်တွင် လုပ်ငန်းအားလုံး အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# လွိုင်လင်မြို့၌ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ ကျင်းပလျက်ရှိ

**လွိုင်လင် ဇူလိုင် ၂၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့နေ ကျောင်းသား ကျောင်းသူ ကလေးငယ်များအား စာဖတ်ရှိန်မြှင့်တင်ပေးနိုင်ရေးအတွက် ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲကို ဇူလိုင် ၂၁ ရက်က လွိုင်လင်မြို့လယ် ကျောင်းတိုက်၌ ကျင်းပကြောင်း သိရသည်။

ကျောင်းသား လူငယ်လူရွယ်များ စာဖတ်ရှိန်မြင့်တက်လာစေရန်လည်းကောင်း၊ စာပေချစ်မြတ်နိုးစိတ်ရှိကာ စာပေ၏တန်ဖိုးကို သိတတ်လာစေရန်လည်းကောင်း၊ စာဖတ်ခြင်း အလေ့အထကောင်းများ ရရှိလာစေရန် ရည်ရွယ်၍လည်းကောင်း ရန်ကုန်မြို့သုခဘုံ စာအုပ်တိုက်က ကြီးမှူးပြီး ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲကို လာရောက်ပြုလုပ်ခြင်းဖြစ်ကြောင်း သုခဘုံ စာအုပ်တိုက်မှ ဦးညီသုတထံမှ သိရသည်။ ပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတွင် စာအုပ်ဆိုင်ခန်းပေါင်း ၁၉ ခန်း ဖွင့်လှစ်ကာ သုတ ရသနှင့် ကလေးစာပေ စာအုပ်ပေါင်း သုံးသောင်းခန့် ပြသထားကြောင်း သိရသည်။

အဆိုပါ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ ဖွင့်ပွဲတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲမင်းခေါင်၊ ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသန်းမြင့်နှင့် လွိုင်လင်မြို့နယ် စာအုပ်စာပေ ချစ်မြတ်နိုးသူများအသင်းဝင်များက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြကာ စာအုပ်ပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲကို ဇူလိုင် ၂၁ မှ ၂၅ အထိ ငါးရက်ကြာ ကျင်းပ၍ စာအုပ်များကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မိုးလွင်ဦး(လွိုင်လင်)**


စာအုပ်ဈေးရောင်းပွဲတွင် ခင်းကျင်းပြသထားသော စာအုပ်များနှင့် ကြည့်ရှုဝယ်ယူနေသူများ

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရန်ပုံငွေဖြင့် ရွာတွင်းလမ်း ကွန်ကရစ်ခင်း

**မိတ္ထီလာ ဇူလိုင် ၂၁**


မိတ္ထီလာမြို့နယ် အလည်ရွာကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရန်ပုံငွေ ကျပ်သိန်း ၁၀၀ နှင့် ကျေးရွာနေပြည်သူများ၏ ထည့်ဝင်ငွေ ကျပ် ၁၈ သိန်းနီးပါးနှင့် လုပ်အားများဖြင့် ကျေးရွာတွင်းရှိ မြေသားလမ်းကို ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့် ခင်းကျင်းခဲ့ကြောင်း သိရသည်။ အလည်ရွာကျေးရွာ ရွာတွင်းလမ်း အရှည် ပေ ၇၀၀ ၌ အကျယ် ၁၂ ပေ၊ ထု ခြောက်လက်မရှိ ကွန်ကရစ်လမ်းကို ခင်းခဲ့ခြင်းဖြစ်ပြီး မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှုနှင့် ပြည်သူများ၏ စုပေါင်းလုပ်အားဖြင့် မေ ၆ ရက်မှစ၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခု ဇူလိုင်လလယ်ပိုင်းတွင် လုပ်ငန်းများ ပြီးစီးခဲ့ကြောင်း၊ အဆိုပါ ကွန်ကရစ်လမ်းခင်းသည့်လုပ်ငန်း ပြီးစီးမှုအခြေအနေနှင့် ကျေးရွာ စွန့်ပစ်အမှိုက်စီမံကိန်း အကောင်အထည်ဖော်မှု အခြေအနေများကို မိတ္ထီလာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးအရာရှိ (နည်းပညာ)နှင့် တာဝန်ရှိသူများက ဇူလိုင် ၂၁ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# ရေရှည်တည်တံ့သော၊ ထုတ်လုပ်နိုင်စွမ်းသော စိုက်ပျိုးရေးဂေဟဗေဒ (၃)

ဒေါက်တာ မောင်မောင်တာ

**စိုက်ပျိုးရေးဂေဟဗေဒတွင် ဇီဝမျိုးစုံမျိုးကွဲများသည် အရေးကြီးသော အစိတ်အပိုင်းတစ်ခုဖြစ်ပြီး ကမ္ဘာမြေကြီးပေါ်ရှိ အသက်ရှင်နေနိုင်သော သက်ရှိအမျိုးမျိုးကို ရည်ညွှန်းသည်။ ယင်းတို့မှာ အပင်များ၊ တိရစ္ဆာန်များ၊ မိုက်ခရုပ်များ၊ ယင်းတို့တွင် ပါဝင်သော ဗီဇများ၊ ယင်းတို့တည်ရှိသော ဂေဟစနစ်များ၊ အသက်ရှင်ရပ်တည်သော ပုံစံများနှင့် ပတ်ဝန်းကျင်အကြား အပြန်အလှန်တုံ့ပြန်မှုများ ပါဝင်သည်။ ကွဲပြားခြားနားသော ecosystem များတွင် ဂေဟဗေဒဆိုင်ရာ လုပ်ငန်းစဉ်များအတွက် လမ်းကြောင်းများစွာတည်ရှိနေပြီး တစ်ခုခုပျက်စီးခြင်း သို့မဟုတ် ဖျက်ဆီးခြင်းခံရပါက အခြားအလှည့်အပြောင်းလမ်းကြောင်းတစ်ခုကို အသုံးပြုနိုင်သည်။**




ပုံ (၂) တွန်းထုတ်ခြင်းနှင့် ဆွဲဆောင်ခြင်း (push –pull) ကို အသုံးပြုသည့် ပိုးမွှားစီမံခန့်ခွဲမှု နည်းစနစ်

### ဇီဝမျိုးစုံမျိုးကွဲခြင်း၏ အခန်းကဏ္ဍ

စိုက်ပျိုးရေးနှင့် နီးနွယ်သော ဇီဝဗေဒဆိုင်ရာ အရင်းအမြစ်များ ပုံစံမျိုးစုံတည်ရှိသည်။ ယင်းတို့မှာ ဗီဇအရင်း အမြစ်များ၊ စားသုံးနိုင်သော သစ်ပင်နှင့် သီးနှံပင်များ၊ မွေးမြူရေး၊ မြေတွင်းသက်ရှိများ၊ အသုံးမပြုနိုင်သော အရိုင်းအရင်းအမြစ်များ၊ သဘာဝတွင် တွေ့ရသည့် အင်းဆက်များ၊ ဗက်တီးရီးယားနှင့် မှိုတို့ ပါဝင်ကြသည်။ ယင်းသက်ရှိများသည် အရေးကြီးသော လုပ်ငန်းစဉ်များကို ပြဋ္ဌာန်းဆောင်ရွက်ပေးသည်။ ဥပမာ- ယင်းတို့၏ အပြန်အလှန်တုံ့ပြန်မှုများကြောင့် မြေဆီအာဟာရဓာတ်လည့်ပတ်ခြင်း၊ ဇီဝဆိုင်ရာ ထိန်းချုပ်ခြင်းနှင့် ထုတ်လုပ်မှု တိုးတက်စေခြင်းတို့ကို အထောက်အပံ့ပြုသည်။

မည်သည့် စိုက်ပျိုးမွေးမြူရေးခြံမဆို တည်ရှိသော ဇီဝမျိုးစုံမျိုးကွဲပြားမှု အနေအထားသည် သက်ရှိ (သို့မဟုတ်) သက်မဲ့နှင့်ဆိုင်သော အနှောင့်အယှက်များနှင့် ကြုံတွေ့ရသည့်အခါ ဒဏ်ကို ခံရခြင်း (သို့မဟုတ်) ခံနိုင်ရည်ရှိခြင်းတို့အကြား ကွဲပြားခြားနားမှုကို ဖြစ်ပေါ်စေနိုင်သည်။ အားလုံးသော agroecosystem များတွင် သက်ရှိများ၏ ကွဲပြားခြားနားမှုသည် ecosystem ၏ လုပ်ငန်းစဉ်များကို ဆောင်ရွက်နိုင်ရန် လိုအပ်သည်။ ယင်းလုပ်ငန်းစဉ်များစွာကို လုပ်ဆောင်နိုင်သော မျိုးစိတ်အုပ်စုများကို ဖယ်ရှားလိုက်ပါက ဂေဟစနစ်ကို ထိန်းညှိပေးမှု၌ လိုလားအပ်သောအနေအထားမှ မလိုလားသောအနေအထားသို့ ပြောင်းရွှေ့သွားနိုင်ခြင်း၊ ပြောင်းလဲနိုင်မှုများကို တုံ့ပြန်နိုင်သည့်စွမ်းရည်နှင့် ecosystem ဝန်ဆောင်မှုများကို ပြုလုပ်နိုင်စွမ်းတို့ကို ထိခိုက်ခြင်းများ ဖြစ်ပေါ်လာမည်ဖြစ်သည်။ Agroecosystem များတွင် ကွဲပြားခြားနားခြင်း အတန်းအစား (၂) မျိုးကို ခွဲခြားနိုင်သည်။ ယင်းတို့မှာ လုပ်ငန်းသဘောအရဖြစ်သော ကွဲပြားခြားနားခြင်း (functional diversity) နှင့် တုံ့ပြန်မှုဆိုင်ရာ ကွဲပြားခြားနားခြင်း (response diversity) တို့ဖြစ်သည်။ Functional diversity သည် စနစ်တစ်ခုလုံး၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်လျက်ရှိသည့် သက်ရှိအုပ်စုများနှင့် ဂေဟစနစ်ဝန်ဆောင်မှုများကို ညွှန်းဆိုသည်။ Response diversity သည် ဂေဟစနစ်၏ လုပ်ငန်းများကို ထောက်ပံ့အကူအညီ ပေးလျက်ရှိသော မျိုးစိတ်များအကြား ပတ်ဝန်းကျင်ပြောင်းလဲမှုအလိုက် ကွဲပြားခြားနားသော တုံ့ပြန်မှုကို ဆိုလိုသည်။ Agroecosystem တစ်ခုတွင် Response diversity သည် မြင့်မားစွာတည်ရှိပါက ပြင်းထန်သော သက်ရောက်မှုများကို ပိုမိုခံနိုင်ရည်ရှိလာလိမ့်မည်။ သုတေသီများစွာ တွေ့ရှိထားသည်မှာ မိရိုးဖလာ သီးနှံမျိုးများ၏ မျိုးကွဲများကို ထိန်းသိမ်းထားခြင်းသည် ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေနေနိုင်ခြင်းနှင့် အသက်ရှင်ရပ်တည်နိုင်ခြင်းတို့အတွက် မရှိမဖြစ်အရေးကြီးသည်။ ခေတ်မီသီးနှံမျိုးများကို စိုက်ပျိုးနေသော်လည်း မသင့်လျော်သောအခြေအနေများ ဖြစ်ပေါ်က မသေချာသောဖြစ်ရပ်များ ပေါ်ပေါက်နိုင်သဖြင့် သမားရိုးကျသီးနှံမျိုးပြားများကို ထိန်းသိမ်းထားရမည်။

### ဇီဝမျိုးစုံမျိုးကွဲခြင်း၏ အကျိုးကျေးဇူး

ဇီဝမျိုးစုံမျိုးကွဲခြင်းသည် စိုက်ပျိုးမွေးမြူရေးခြံများ၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် တန်ဖိုးများကို မြင့်တက်စေသည်။ အကြောင်းမှာ ကွဲပြားခြားနားသော မျိုးစိတ်များ သို့မဟုတ် ဗီဇများသည် အနည်းငယ်ကွဲပြားခြားနားသော တန်ဖိုးကိုယ်စီရှိကြသဖြင့် ကွဲပြားခြားနားသော အကျိုးအမြတ်ရရှိနိုင်မည့် အနေအထားမျိုးဖြစ်ခြင်းကြောင့် ဖြစ်သည်။ ကွဲပြားခြားနားခြင်း၏ အကျိုးကျေးဇူးများစွာတွင် ဖျက်ပိုးကျရောက်မှု နည်းပါးခြင်း၊ ထုတ်လုပ်မှုအမယ်စုံခြင်းနှင့် အဓိကမျိုးစိတ်များ ထိန်းသိမ်းထားနိုင်ခြင်းတို့ ပါဝင်သည်။ ထို့ပြင် ထုတ်လုပ်နိုင်မှုစွမ်းအားကို မြေယာအသုံးပြုနိုင်မှုအချိုးဖြင့် တွက်ချက်ရာတွင် သီးနှံစုံစိုက်ပျိုးထုတ်လုပ်ခြင်းက သီးနှံတစ်မျိုးတည်း စိုက်ပျိုးခြင်းထက် ပိုမိုမြင့်မားကြောင်း တွေ့ရှိပြီး ဖြစ်သည်။

### သီးနှံများ၏ ဗီဇဆိုင်ရာကွဲပြားခြားနားခြင်း

သီးနှံများ၏ ဗီဇဆိုင်ရာကွဲပြားခြားနားခြင်းတွင် မိရိုးဖလာမျိုးများ၊ ခေတ်မီမျိုးများ၊ ယင်း၏ မျိုးရိုင်းသားဆက်များနှင့် အခြားအရိုင်းမျိုးစိတ်များ ပါဝင်သည်။ လက်တင်အမေရိကတွင် ပြောင်းသီးနှံ၏ မိရိုးဖလာမျိုးပြားများ ကျယ်ပြန့်စွာရှိသလို အာရှတွင် စပါးသီးနှံကို တွေ့ရသည်။ ခေတ်မီမျိုးပြားများသည် အထွက်ပိုမိုနိုင်သော်လည်း ရေနှင့် မြေဩဇာကို ပိုမိုလိုအပ်သည်။ ထုတ်လုပ်မှုစွမ်းအားကို တွက်ချက်ရာတွင် ရေနှင့် မြေဩဇာကိုပါ ထည့်သွင်းအသုံးပြုပါက သမားရိုးကျမျိုးပြားများသည် ရေနှင့် မြေဩဇာအသုံးမပြုသည့် အခြေအနေတွင် ပိုမိုကောင်းမွန်ကြောင်း တွေ့ရှိရသည်။ မျိုးစိတ်များ၏ ကွဲပြားခြားနားမှု နည်းလာသည်နှင့်အမျှ သီးနှံပင်သည် ခံနိုင်ရည် ပိုမိုနည်းပါးလာကာ ရောဂါဖြစ်ပွားမှု ပိုမိုတိုးတက်လာသည်။ မျိုးရောစိုက်ပျိုးခြင်းသည် သီးနှံများ ရောဂါဖြစ်ပွားမှုလျှော့ချရန် ကောင်းမွန်သော နည်းဗျူဟာတစ်ခုဖြစ်သည်။

### မြေဆီလွှာ၏ ကွဲပြားခြားနားမှု

မြေဆီလွှာ၏ ကွဲပြားခြားနားမှုသည်လည်း အရေးကြီးသည်။ ယင်းတွင် အဏုဇီဝသက်ရှိများ၊ အခြားသက်ရှိများ (ပရိုတိုဇွား၊ နီမတုတ်များ၊ တီကောင်၊ ခြအစရှိသည်) နှင့် အပင်၏ အမြစ်များ ပါဝင်ကာ ဂေဟစနစ်ထဲတွင် ယင်းတို့အချင်းချင်း၊ အပင်နှင့် တိရစ္ဆာန်များ အချင်းချင်းဖြင့် တုံ့ပြန်ဆောင်ရွက်နေသည်။ မြေကြီးရှိ ဇီဝသက်ရှိများသည် မြေဆီလွှာ၏ ကြံ့ခိုင်မှု၊ ပိုးရောဂါနှိမ်နင်းမှု၊ ပုပ်ဆွေးခြင်း၊ ပြန်လည်အသုံးပြုခြင်း စသည့် ဂေဟစနစ်၏ လုပ်ငန်းများကို ထိန်းညှိ၍ ဆောင်ရွက်ပေးသည်။ တီကောင်များသည် ရေစိမ့်ဝင်မှုကို ထိန်းညှိပေးခြင်းနှင့် အပင်အမြစ်ကို သန်မာထွားကြိုင်းစေခြင်းတို့ဖြင့် မြေကြီး၏ တည်ဆောက်မှုပုံစံကို ကောင်းမွန်စေသည်။ အင်းဆက်ပိုးများ၊ ပင့်ကူ၊ ပုစွန်စသည့် Arthropods များသည် အလုံးငယ်လေးများအဖြစ် လုပ်ဆောင်ကာ မြေကြီး၏ တည်ဆောက်မှုကို တိုးတက်စေသည်။ ယင်းသည် မိုက်ခရုပ်များ၏ လှုပ်ရှားမှုနှင့် ကျန်းမာသော မြေကြီးဖြစ်စေရန်အတွက် ထောက်ကူပေးသည်။ ထိုအချိန်အတောအတွင်း မှိုများသည် ကာဗွန်ကွန်ပေါင်းများကို ပုပ်သိုးစေခြင်း၊ အော်ဂဲနစ်ပစ္စည်းများ စုပုံလာမှုကို တိုးတက်စေခြင်း၊ မှို၏ biomass တွင် အာဟာရများကို ထိန်းထားခြင်း၊ မြေဆီလွှာ၏ အစိတ်အပိုင်းများကို တုပ်နှောင်ထားခြင်း၊ အပင်ကြီးထွားသန်မာမှုကို တိုးတက်စေခြင်း၊ ရောဂါပိုးများကို တိုက်ခိုက်ခြင်းနှင့် ညစ်ညမ်းစေသော အချို့သောပစ္စည်းများကို ပျက်စီးစေခြင်းတို့ ဖြစ်ပေါ်စေသည်။ ဗက်တီးရီးယားသည်လည်း အော်ဂဲနစ်ပစ္စည်းများ ပုပ်သိုးစေခြင်း၊ မြေကြီးဖွဲ့စည်းမှု တိုးတက်စေခြင်း၊ ရောဂါဖြစ်ပွားသော သက်ရှိများကို တိုက်ခိုက်ခြင်း၊ ညစ်ညမ်းစေသော ပစ္စည်းများကို လျှော့ပါးစေခြင်းတို့ကို လုပ်ဆောင်သည်။ မြေဆီလွှာ၏ ဇီဝမျိုးစုံမျိုးကွဲခြင်းကို မြှင့်တင်ရန် စီမံခန့်ခွဲမှုနည်းဗျူဟာများတွင် မထွန်မယက်စိုက်ပျိုးခြင်း၊ သီးနှံသီးလှည့်စိုက်ပျိုးခြင်း၊ အနည်းဆုံးထွန်ယက်စိုက်ပျိုးခြင်း၊ ဖုံးအုပ်ခြင်း၊ အပင်အကြွင်းအကျန်များကို မြေကြီးထဲသို့ သစ်စိမ်းမြေဩဇာအဖြစ် ပြန်လည်ထည့်ပေးခြင်း၊ သစ်ရွက်ဆွေးမြေဩဇာကဲ့သို့ အော်ဂဲနစ်ပစ္စည်းများ အသုံးပြုခြင်း၊ အပင်မျိုးကွဲပြားခြားနားခြင်းကို မြှင့်တင်ခြင်းနှင့် မြေကြီးထဲရှိ သက်ရှိများ၏ နေထိုင်ရာဝန်းကျင်ကို ကာကွယ်ပေးခြင်းတို့ ပါဝင်သည်။

အော်ဂဲနစ်တောင်သူများသည် တိရစ္ဆာန်အညစ်အကြေးများ၊ သစ်ရွက်ဆွေးများ၊ သစ်ပင်၏ အရွက်များ၊ ဖုံးအုပ်သည့်သီးနှံများ၊ သီးလှည့်စိုက်ပျိုးခြင်းဖြင့် ကြွင်းကျန်ခဲ့သည့် အပင်အစိတ်အပိုင်းများ စသည်များကို အခြေခံပုံမှန်လုပ်ရပ်တစ်ခုအဖြစ် မြေဆီအဆင့်အတန်း မြှင့်တက်စေရန် အဓိကမဟာဗျူဟာတစ်ခုအဖြစ် အသုံးပြုလျက် organicmatter အမြောက်အမြားကို ထည့်သွင်းကြသည်။ Soil Organic Matter (SOM) သည် မြေကြီး၏ ရေထိန်းနိုင်မှု၊ သီးနှံများ၏ ခြောက်သွေ့ဒဏ် ခံနိုင်ရည်ရှိမှုတို့ကို တိုးတက်လာစေသည်။ ထို့အပြင် ရေစိမ့်ဝင်ခြင်း၊ မျောပါခြင်းကို လျှော့နည်းစေခြင်းနှင့် အလွန်သည်းထန်သော မိုးရွာသွန်းမှုတွင် ရေနှင့်အတူ မြေဆီလွှာအစိတ်အပိုင်းများ (soil particles) ရွှေ့ပြောင်းခြင်းကို တားဆီးပေးနိုင်သည်။ SOM သည် မိုးရွာသွန်းခြင်းနှင့် လေပြင်းမုန်တိုင်းတိုက်ခတ်စဉ်အတွင်း soil parlicles များကို တင်းကျပ်စွာချုပ်ကိုင်ထားနိုင်သဖြင့် မြေမျက်နှာပြင်စုစည်းခြင်းကို တိုးတက်စေသည်။ စုစည်းသောမြေ၏ တည်ငြိမ်မှုသည် လေ သို့မဟုတ် ရေအားဖြင့် ရွေ့လျားမှုကို ခံနိုင်ရည်ရှိစေသည်။ SOM ဖြင့် ပြည့်ဝနေသော မြေသည် symbiotic mycorrhizal fungi အစဉ်အမြဲပါဝင်သည်။ ဥပမာ- arbuscular mycorrhizal (AM) သည် အပင်၏ ကြီးထွားမှုနှင့် မြေကြီး၏ ထုတ်လုပ် စွမ်းအားတို့ကို လွှမ်းမိုးသည့် အဓိက symbiotic fungi တစ်မျိုးဖြစ်သည်။ AM fungi သည် ရေရှည်တည်တံ့သော စိုက်ပျိုးရေးတွင် အရေးကြီးသည်။ အဘယ်ကြောင့်ဆိုသော် ယင်းတို့သည် အပင်နှင့်ရေ၏ ဆက်နွယ်မှုများကို တိုးတက်စေပြီး လက်ခံအပင်များ၏ ခြောက်သွေ့မှုဒဏ် ခံနိုင်ရည်ရှိမှုကို တိုးတက်စေသည်။

### ဂေဟဆိုင်ရာ ပိုးမွှားကာကွယ်နှိမ်နင်းခြင်း

Agroecology သည် သဘာဝတွင် တားဆီးကာကွယ်ရေးဖြစ်ပြီး ကုသ၍ရနိုင်သော နည်းလမ်း မဟုတ်ပေ။ ဂေဟဆိုင်ရာ ပိုးမွှားကာကွယ်နှိမ်နင်းခြင်းသည် စနစ်များကို ဖန်တီးခြင်းဖြင့် ပိုးမွှားတို့၏ ကျူးကျော်ခြင်းကို တားဆီးခြင်းဖြစ်သည်။ ပေါင်းပင်များသည် အကျိုးပြုအင်းဆက်များ လိုအပ်သော ဝတ်မှုန်နှင့် ဝတ်ရည်ရှိသည့် ပန်းပွင့်များကို အထောက်အပံ့ပြုနိုင်သည်။ သို့သော် ပေါင်းကျရောက်မှုကို ရှောင်ကြဉ်ရန် တောင်သူများသည် ယင်းပေါင်းပင်များ အစေ့မတည်မီ ရှင်းထုတ်ရန် လိုအပ်သည်။ အခြားနည်းလမ်းတစ်ခုမှာ သဘာဝသားရဲကောင်များကို ဆွဲဆောင်ရန် ပန်းပွင့်သော အပင်များကို စိုက်ပျိုးရန်ဖြစ်သည်။ ယင်းသည် ပိုးမွှားများ၏ သဘာဝရန်သူများအတွက် ဂေဟဗေဒဆိုင်ရာ အခြေခံအဆောက်အအုံတစ်ခု ဖန်တီးခြင်းဖြစ်သည်။ ယင်းအပင်များသည် စိုက်ပျိုးရာသီတစ်လျှောက်လုံး ပန်းပွင့်သင့်ပြီး သီးနှံများ မစိုက်ခင်ကတည်းက တည်ရှိရမည်။ သို့မှသာ ပိုးမွှားအင်းဆက်များ အလွန်များပြားသောပမာဏ မရောက်မီ အကျိုးပြုအင်းဆက်တပ်ဖွဲ့တစ်ခုကို တည်ထောင်နိုင်မည်ဖြစ်သည်။ သဘာဝသားရဲကောင်များသည် ပိုးမွှား၏ အနိမ့်ဆုံးပမာဏတွင် အကောင်းဆုံးလုပ်ဆောင်နိုင်သောကြောင့် ကျွန်ုပ်တို့သည် ယင်းအနေအထားကို ထိန်းသိမ်းခြင်းဖြင့် ကာကွယ်နှိမ်နင်းမှု ပြုရမည်ဖြစ်သည်။

သီးနှံအပင်များအလယ် (သို့မဟုတ်) ဘေးနယ်နိမိတ်များတွင် ပန်းပွင့်သော အပင်များကို အကန့်လိုက် (သို့မဟုတ်) စင်္ကြံများအလိုက် စိုက်ပျိုးခြင်းသည် သီးနှံတစ်မျိုးတည်း စိုက်ပျိုးခြင်းမှ သွေဖည်ခြင်းဖြစ်ပြီး ယင်းပန်းပွင့်အပင်များသည် သဘာဝသားရဲကောင်များအတွက် ဝတ်မှုန်နှင့် ဝတ်ရည်ကို ထောက်ပံ့ပေးကာ ယင်းသဘာဝသားရဲကောင်များသည် ကပ်လျက်ရှိသော သီးနှံပင်သို့ ရွေ့လျားနိုင်ပြီး ပိုးမွှားများကို ထိန်းချုပ်ပေးနိုင်သည်။ သုတေသီအမြောက်အမြားသည် ပိုးမွှားများ၏ သဘာဝသားရဲကောင်များ အမြောက်အမြားကို အကောင်းဆုံးမျိုးပွားနိုင်ခြင်း၊ မျိုးအောင်ခြင်းနှင့် သက်တမ်းရှည်ခြင်းတို့အတွက်လည်းကောင်း၊ ဝတ်မှုန်နှင့် ဝတ်ရည်ရရှိနိုင်မှု မြှင့်တင်ရန်လည်းကောင်း၊ နည်းလမ်းတစ်ခုအဖြစ် သီးနှံများအကြား အကန့်များတွင် ပန်းပွင့်သော အပင်များကို စမ်းသပ်လေ့လာခဲ့ကြသည်။ သီးနှံမျိုးစုံ၏ အကန့်လိုက်များတွင် ပန်းဂျုံကဲ့သို့ ပန်းပွင့်သော အပင်များကို အသုံးပြုနိုင်သည်။ ယင်းပန်းပွင့်သော အပင်များသည် ပျ (Aphid) ဦးရေကို လျှော့ချစေသည့် သားရဲကောင်များ အထူးသဖြင့် ယင်များနှင့် ပျစားပိုးများ ပေါကြွယ်ဝစေရန် လုပ်ဆောင်ပေးသည်။ သားရဲကောင်များနှင့် ကပ်ပါးကောင် အမြောက်အမြားသည် သစ်တောထိပ် သို့မဟုတ် စင်္ကြံမှ မီတာ ၅၀ ခန့်သာ ရွေ့လျားနိုင်၍ စင်္ကြံများသည် မီတာ ၁၀၀ တိုင်းတွင် တည်ထောင်သင့်သည်။ ပန်းပွင့်နေသော အကန့် သို့မဟုတ် စင်္ကြံတစ်ခုအကြား အကွာအဝေးသည် အင်းဆက်အမျိုးအစားအပေါ် မူတည်သည်။ (ဥပမာ- ပျံသန်းသော သို့မဟုတ် တွားသွားသော အင်းဆက်များ)။ ပန်းပွင့်များ၏ အရွယ်အစား၊ ပုံသဏ္ဌာန်နှင့် ဝတ်မှုန်၏ အခြေအနေများကို ထည့်သွင်းစဉ်းစားရန် လိုသည်။ ကွဲပြားသော အင်းဆက်များသည် ကွဲပြားခြားနားသော ပန်းပွင့်များ၏ ဆွဲဆောင်မှုကို ခံရသည်။ သဘာဝသားရဲကောင်များအတွက် ကောင်းမွန်သော ပန်းပွင့်များမှာ ပုံမှန်အားဖြင့် ပိုက်လုံးပုံစံမဟုတ်ဘဲ သေးငယ်ပြီး ဖွင့်ထားသည့် သဏ္ဌာန်ဖြစ်သည်။ သို့မှသာ ဝတ်ရည်ကို အင်းဆက်အမျိုးမျိုး လွယ်ကူစွာ ထိတွေ့နိုင်မည်ဖြစ်ပြီး ထိုသို့မဟုတ်ပါက အကျိုးပြုအင်းဆက်များကို အစာထောက်ပံ့ရန် ထိရောက်မှု မရှိတော့ပေ။

### သီးနှံစုံစိုက်ပျိုးခြင်း

သီးနှံတစ်မျိုးတည်း စိုက်ပျိုးခြင်း (Monoculture) များသည် မည်သည့်အတွက်ကြောင့် ပိုးမွှားများကို ဆွဲဆောင်နိုင်သနည်းဆိုလျှင် ပိုးမွှားအများစုသည် သီးနှံများကို ရှာဖွေရာတွင် စက္ခုအာရုံ သို့မဟုတ် အနံ့အာရုံဖြင့် သဲလွန်စကို အသုံးပြုသည်။ အကယ်၍ စိုက်ခင်းသည် monoculture ဖြစ်ပါက ပိုးမွှားများအတွက် အနံ့နှင့် အမြင်အားဖြင့် အပင်များကို ရှာဖွေရန် လွယ်ကူသည်။

စာမျက်နှာ ၂၆ သို့

# ပြည်သူများ ဘေးကင်းလုံခြုံစွာဖြင့် အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေး ပို့ဆောင်ပေးနေသည့် ရန်ကုန်(ပန်းဆိုးတန်း/ဒလ) ကူးတို့ရေယာဉ်ဆိပ်

ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းရှိ ဒလ၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်းမြို့နယ်များနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ ဒေသခံပြည်သူများသည် စီးပွားရေးမြို့တော် ရန်ကုန်မြို့သို့ ကူးသန်းသွားလာရာတွင် ဝင်ပေါက်၊ ထွက်ပေါက်နေရာတစ်ခုဖြစ်သည့် ဒလမြို့နယ် သင်္ဘောဆိပ်မှတစ်ဆင့် ကူးသန်းသွားလာကြရသည်။ ရန်ကုန်မြစ်ကို ဖြတ်၍ မြစ်တွင်းသွား ကူးတို့ရေယာဉ်များဖြစ်ကြသော ဂျပန်နိုင်ငံမှ လှူဒါန်းထားသည့် အဆင့်မြင့် ချယ်ရီသင်္ဘောများဖြင့် ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးမှ ခရီးသည်များကို နေ့စဉ်ကူးတို့ပြေးဆွဲ ပို့ဆောင်ပေးလျက်ရှိသော ဆိပ်ကမ်းတစ်ခုပင်ဖြစ်ပေသည်။


ရန်ကုန်မြစ်အတွင်း ခရီးသည်များ ပို့ဆောင်ပေးနေသည့် ချယ်ရီ (၂) သင်္ဘော။

**တစ်နေ့ ဝင်ငွေ ကျပ်သိန်း ၃၀ ကျော် ရရှိ**

ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ ရန်ကုန် (ပန်းဆိုးတန်း/ဒလ) ကူးတို့ဆိပ်ကမ်း၌ အသွားအပြန် တစ်နေ့လျှင် ၄၆ ခေါက်နှုန်းဖြင့် နံနက် ၅ နာရီခွဲမှ ည ၉ နာရီခွဲထိ နေ့စဉ်ခရီးသွားပြည်သူသုံးသောင်းခန့်ကို ပို့ဆောင်ပေးလျက်ရှိပြီး လူတစ်ဦးလျှင် ငွေကျပ် ၁၀၀ နှုန်းဖြင့် ကောက်ခံ၍ သံဃာတော်များနှင့် သီလရှင်များကို အခမဲ့ပို့ဆောင်ပေးလျက်ရှိသည်။ တစ်နေ့လျှင် ဝင်ငွေစုစုပေါင်း ငွေကျပ်သိန်း ၃၀ကျော် ကောက်ခံရရှိသည့် ဆိပ်ကမ်းတစ်ခုဖြစ်သည်။ ထို့အတူ ပွင့်လင်းရာသီ၌ ကမ္ဘာလှည့်ခရီးသွား ဧည့်သည်များသည် ဒလမြို့နယ်နှင့် ဆက်စပ်မြို့နယ်များသို့ လည်ပတ်သွားလာရာတွင် ရန်ကုန်မြို့ ပန်းဆိုးတန်းဆိပ်ကမ်းမှတစ်ဆင့် ဝင်ရောက်လျက်ရှိရာ နိုင်ငံခြားသားတစ်ဦးလျှင် ခရီးသည်ခ အနေဖြင့် အသွားအပြန် ငွေကျပ် ၄၀၀၀ နှုန်းဖြင့် သတ်မှတ်ကောက်ခံလျက်ရှိကြောင်း သိရသည်။

နိုင်ငံခြားသားများ လာရောက်လည်ပတ်မှုအနေဖြင့် ၂၀၁၉ ခုနှစ် ဇန်နဝါရီလတွင် ၄၂၁၁ ဦး၊ ဖေဖော်ဝါရီလတွင် ၃၉၂၀၊ မတ်လတွင် ၃၉၃၈ ဦး၊ ဧပြီလတွင် ၂၃၃၃ ဦး၊ မေလတွင် ၂၄၆၇ ဦး၊ ဇွန်လတွင် ၁၆၀၀ စီးနင်းလိုက်ပါလျက်ရှိပြီး မိုးရာသီကာလ၌ နိုင်ငံခြားသားခရီးသွားဧည့်သည်များ လိုက်ပါစီးနင်းမှု နည်းပါးသော်လည်း ခရီးသွားရာသီဖြစ်သည့် ပွင့်လင်းကာလ၌ ဝင်ရောက်လည်ပတ်မှု များပြားလျက်ရှိကြောင်း ပန်းဆိုးတန်းဆိပ်ကမ်း မန်နေဂျာ ဒေါ်ခင်ခင်နုထံမှ သိရသည်။

ဒလဆိပ်ကမ်းမန်နေဂျာ ဒေါ်စုစုဝေက "ဒလဆိပ်ကမ်းကနေ နေ့စဉ်သွားလာနေကြတဲ့ ဒလမြို့နယ်အတွင်းက ဒေသခံပြည်သူတွေ၊ တွံတေးမြို့နယ်၊ ကော့မှူးမြို့နယ်၊ ကွမ်းခြံကုန်းမြို့နယ်တွေက ပြည်သူတွေနဲ့ ဧရာဝတီတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ဖျာပုံမြို့နယ်၊ ဒေးဒရဲမြို့နယ် စသည့် မြို့နယ်တွေမှာရှိတဲ့ ပြည်သူတွေက ဒလဆိပ်ကမ်းမှ တစ်ဆင့် ရန်ကုန်မြို့ကို အလုပ်သွားလုပ်ကြတယ်၊ နေ့စဉ် ကူးသန်းသွားလာကြတဲ့ ခရီးသည်တွေအဆင်ပြေစေဖို့၊ ဘေးကင်းလုံခြုံမှုရှိစေဖို့နဲ့ အသက်အန္တရာယ်ကင်းရှင်းဖို့အတွက် ဆိပ်ကမ်းမန်နေဂျာနဲ့ ဝန်ထမ်းတွေ၊ သင်္ဘောဝန်ထမ်းတွေက အနီးကပ် ကြပ်မတ်ဆောင်ရွက်ပေးရပါတယ်။ ယခုလို မိုးတွင်းကာလ၌ အထူးအလေးထား ဆောင်ရွက်ပေးလျက်ရှိပါတယ်" ဟု ပြောကြားခဲ့သည်။


ဒလဆိပ်ခံတံတားသို့ ဆိုက်ကပ်သည့် သင်္ဘောပေါ်မှ ဆင်းလာသော ခရီးသည်များကို တွေ့ရစဉ်။

**ခရီးသည်နှင့် ရေယာဉ်အန္တရာယ်ကင်းရှင်းရေး အဓိကဆောင်ရွက်**

ခရီးသည်နှင့်ရေယာဉ်အန္တရာယ်ကင်းရှင်းရေးသည် အဓိကတာဝန်အဖြစ် ဆောင်ရွက်ပေးခြင်းနှင့် ပတ်သက်၍ ချယ်ရီ(၃)သင်္ဘော ရေယာဉ်မှူး ဦးထွန်းရွှေက "ရေယာဉ်မှူးတွေအနေနဲ့ ခရီးသည်တွေနဲ့ ရေယာဉ်ကို အန္တရာယ်ကင်းဖို့အတွက် အဓိကဆောင်ရွက်ပေးရပါတယ်။ ရေယာဉ်တွေ ဆိပ်ကမ်းကနေ မထွက်ခွာမီမှာ ခရီးသည်တွေ အကုန်လုံးသယ်ဆောင်ပြီးတော့ ခရီးသည်ကုန်ပြီဆိုမှ တံခါးပိတ်ပြီး ကြိုးဖြုတ်ခြင်းကို ပြုလုပ်ရတယ်။ မြစ်တွင်းမှာ စုန်/ဆန် သွားလာနေကြတဲ့ သင်္ဘောတွေနဲ့ နိုင်ငံခြားသင်္ဘောကြီးတွေကိုကြည့်ပြီး အန္တရာယ်ကင်းရှင်းတဲ့ အနေအထား၊ ရာသီဥတုအခြေအနေကို ကြည့်ပြီးတော့မှ ရေယာဉ်ကို ကိုင်တွယ်မောင်းနှင်ရပါတယ်။ တစ်ခါတလေ မိုးမှောင်ကျတဲ့အချိန်၊ လှိုင်းကျတဲ့အချိန်မျိုးတွေမှာ စက်ရှိန်ကို လျှော့ပြီး ရေယာဉ်ကို ဝဲ/ယာ မတိမ်းစောင်းအောင် မောင်းနှင်ရပါတယ်။ အန္တရာယ်များပါတယ်၊ သင်္ဘောတွေ အသွားအလာမှာ စောင့်ရမယ့်အနေအထားမျိုးရှိရင် စက်လျှော့ပြီး စောင့်ဆိုင်းရတယ်။ မြစ်တွင်းမှာ စက်တပ်သမ္ဗန်စီးပြီး ခရီးသွားလာကြတဲ့ ခရီးသည်တွေအနေနဲ့ အန္တရာယ်ကင်းရှင်းဖို့ ချယ်ရီသင်္ဘောကူးတို့ရေယာဉ်တွေရဲ့ အရှေ့ဘက်နဲ့ အနောက်ဘက်မှာ ရှိနေရင် သတိပေးဥသြဆွဲပြီး အချက်ပေးရတာမျိုးတွေ ပြုလုပ်ပေးရပါတယ်။ ခရီးသည်တွေနဲ့ ရေယာဉ်အန္တရာယ်ကင်းရှင်းဖို့ အထူးအလေးထား ဆောင်ရွက်ပေးရပါတယ်" ဟု ပြောကြားခဲ့သည်။

**နေ့စဉ်ခရီးသည် သုံးသောင်းခန့် သယ်ယူပို့ဆောင်**

၂၀၁၄ ခုနှစ် နိုဝင်ဘာ ၁၅ ရက်က ဂျပန်နိုင်ငံ JICAအဖွဲ့အစည်း မှ ချယ်ရီသင်္ဘောသုံးစင်း၊ ဒလမြို့ဆိပ်ကမ်းရှိ ခရီးသည်နားနေဆောင်နှင့် ဆိပ်ခံတံတားနှစ်စင်းတို့ကို လွှဲပြောင်းပေးအပ်လှူဒါန်းခဲ့ရာ ယခုဆိုလျှင်လေးနှစ်ကျော် ကာလအတွင်းရောက်ရှိပြီးဖြစ်ကြောင်း သိရသည်။ ရန်ကုန် (ပန်းဆိုးတန်း/ဒလ) ပြေးဆွဲသည့် ချယ်ရီ(၁)၊ ချယ်ရီ(၂)နှင့် ချယ်ရီ(၃) အမည်ရှိ ကူးတို့ရေယာဉ်သုံးစင်းတို့သည် ဒလ၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်းမြို့နယ်များနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ ရဟန်းသံဃာတော်များနှင့် ခရီးသွားမိဘပြည်သူတို့၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေးနှင့် ကျန်းမာရေးတို့အတွက် နေ့စဉ်ကူးတို့ ပို့ဆောင်ပေးလျက်ရှိသည့် ဆိပ်ကမ်းတစ်ခုပင်ဖြစ်ပေသည်။ နေ့စဉ်ခရီးသည် သုံးသောင်းခန့် သယ်ယူပို့ဆောင်ပေးလျက်ရှိပြီး ခရီးသည်များ ဘေးကင်းလုံခြုံစွာဖြင့် အဆင်ပြေချောမွေ့စေရေး ပို့ဆောင်ပေးနေသည့် ရန်ကုန် (ပန်းဆိုးတန်း/ဒလ) ကူးတို့ရေယာဉ်များ သန့်ရှင်းသာယာလှပစေရေးနှင့် ရေရှည်ကြံ့ခိုင်ရေးအတွက် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ခရီးသွားပြည်သူများကလည်း စည်းကမ်းရှိမှုနှင့်အတူ ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းရေးသားဖော်ပြအပ်ပါသည်။

**နိုင်လင်းကျော်(ဒလ)**

---

*စာမျက်နှာ ၂၅ မှ*

ကော်စတာရီကာတွင် ယင်ဖြူဦးရေကြောင့် ဗိုင်းရပ်ပျံ့နှံ့မှု မြင့်မားသည့်အတွက် ခရမ်းချဉ်စိုက်ပျိုးရန်မဖြစ်နိုင်သည့် အခြေအနေတွင် တီထွင်ဆန်းသစ်လိုသော တောင်သူတစ်ဦးက ခရမ်းချဉ်ကို နံနံပင်နှင့်ယှဉ်တွဲ၍ အောင်မြင်စွာ စိုက်ပျိုးခဲ့သည်။

**push-pull စနစ်ဖြင့် ပိုးမွှားကာကွယ်နှိမ်နင်းခြင်း**

အာဖရိကတွင် သုတေသီများသည် ပြောင်းဖူးနှင့် ဆက်နွှယ်သော အပင်များတွင် push-pull စနစ်ကို ဖွံ့ဖြိုးအောင် လုပ်ခဲ့သည်။ ယင်းစနစ်တွင် အချို့အပင်များသည် ပိုး၏ကပ်ပါးများကို ဆွဲဆောင်ပြီး အခြားအပင်များသည် ပိုးများကို ပြောင်းပင်မှ အဝေးကို ဆွဲထုတ်ရန် ဆွဲဆောင်ခြင်းဖြစ်သည်။ Napier မြက်နှင့် Sudan မြက်များကို နယ်နိမိတ်ထောင်ချောက်အပင်များအဖြစ် အသုံးပြုသည်။ Molasses မြက်နှင့် ပဲမျိုးရင်းဝင် Silverleaf (Desmodium) ကို ပြောင်းဖူးပင်စည်ထိုးပိုးကို တွန်းလှန်ရန်အတွက် ကြားသီးနှံများအဖြစ် စိုက်ပျိုးကြသည်။

အချို့ပေါင်းပင်များသည် ဂေဟဗေဒဆိုင်ရာ အခန်းကဏ္ဍတွင် အရေးကြီးသည်။ ယင်းပေါင်းပင်များသည် သီးနှံပင်ကို ယှဉ်ပြိုင်နိုင်သည်အထိ အလျှံပယ်မဖြစ်သင့်ပေ။ အချို့ပေါင်းပင်များသည် အင်းဆက်ထောင်ချောက်ဖြစ်ပြီး အချို့ပေါင်းပင်များသည် တွန်းထုတ်သည့် စွမ်းအင်ရှိသည်။ ပေါင်းပင်များ၏ ပန်းပွင့်များသည် အကျိုးပြုအင်းဆက်များအတွက် အခြားအလှည့်အပြောင်း အစားအစာအရင်းအမြစ်လည်း ဖြစ်သည်။

**အခြားစနစ်များဖြင့် ပိုးမွှားကာကွယ်နှိမ်နင်းခြင်း**

သုတေသီများသည် သီးသန့်ပိုးများကို ထိန်းချုပ်ရန် သီးနှံများ၏ အတွဲအဖက်များကို သုတေသနပြု ရှာဖွေခဲ့သည်။ ဥပမာ- ကန်စွန်းဥထိုးပိုးကို ထိန်းချုပ်ရန် ကန်စွန်းဥနှင့် ပြောင်းကို အတူတကွ စိုက်ပျိုးခြင်းဖြစ်သည်။ ပြောင်းဖူး၏ ဝတ်မှုန်သည် သားရဲကောင်များကို ဆွဲဆောင်သည်။ ပြောင်းဖူးကို ပဲရိုင်းနှင့် စိုက်ပျိုးခြင်းဖြင့် နီမတုတ်များကို ထိန်းချုပ်သည်။ ကွဲပြားခြားနားသော အပင်များ၏ အတွဲအဖက်သည် ကွဲပြားသော ပိုးများကို ထိန်းချုပ်ရန် အသုံးပြုနိုင်သည်။

တိရစ္ဆာန်များကိုလည်း ပိုးနှိမ်နင်းရာတွင် အသုံးပြုနိုင်သည်။ ဥပမာ- စပါးခင်းတွင် ငါးသည် ပေါင်းများကို စားသောက်နိုင်ပြီး စပါးပင်များကို တွန်းထိုးသည့်နည်းဖြင့် ပိုးများကို ခါချသည်။ ငါးသည် ကျလာသည့် ဖြုတ်ပိုးများကို စားသည်။ ဘဲများသည်လည်း အင်းဆက်ပိုးများစွာ၏ လောက်ကောင်များကို နှိမ်နင်းရာတွင် အသုံးပြုနိုင်သည်။

သောင်းပြောင်းထွေလာ ရောနှောနေသော ရှုခင်းသည်လည်း အရေးကြီးသည်။ ရှုခင်းများ၏ ပတ်ပတ်လည်တွင် အကယ်၍ အမျိုးမျိုးကွဲပြားခြားနားနေပါက သဘာဝသားရဲကောင်များကို စိုက်ခင်းများသို့ ပျံ့နှံ့စေရန်တွင် အသုံးပြုနိုင်သည်။ တစ်ခါတစ်ရံ စကြံမြက်များအစား ကျွန်းများကို ပြုလုပ်နိုင်သည်။ ယင်းကျွန်းများသည် ပန်းပွင့်သော အပင်များပါဝင်ပါက သဘာဝသားရဲကောင်များ၏ ကျက်စားရာနေရာများအဖြစ် အသုံးပြုနိုင်မည်။ ငှက်များအတွက် အိပ်တန်းနေရာများ သို့မဟုတ် အသိုက်အိမ်များထားပေးခြင်းသည် မဟာဗျူဟာတစ်ရပ်ဖြစ်သည်။ ငှက်များသည် အချို့သော အင်းဆက်များ၏ ဦးရေကို ထိန်းချုပ်နိုင်သည့် စွမ်းရည်ရှိသည်။

အချုပ်အားဖြင့် သီးနှံစိုက်ခင်းဆိုင်ရာ မြေယာရှုခင်း သို့မဟုတ် စိုက်ပျိုးမွေးမြူရေးခြံတွင် မျိုးစိတ်နှင့် ဗီဇဆိုင်ရာ မတူကွဲပြားခြင်း၊ ပတ်ပတ်လည်တွင် သစ်တောအခြေခံ ဇီဝမျိုးစုံ မတူကွဲပြားခြင်း၊ အင်းဆက်မျိုးစုံ မတူကွဲပြားခြင်း၊ မြေတွင်းသက်ရှိမျိုးစုံ မတူကွဲပြားခြင်း၊ အပင်နှင့် တိရစ္ဆာန်မျိုးစုံ မတူကွဲပြားခြင်း၊ ကျက်စားသော ဇီဝမျိုးစုံ မတူကွဲပြားခြင်းနှင့် ဆက်နွှယ်သော မတူကွဲပြားခြင်း အလေ့အကျင့်များသည် မြေဆီလွှာထက်သန်မှုကို ထိန်းသိမ်းခြင်း၊ သီးနှံထုတ်လုပ်ခြင်းနှင့် ပိုးမွှားကာကွယ်နှိမ်နင်းခြင်း စသည့်ဂေဟဗေဒဆိုင်ရာ ဂုဏ်သတ္တိများကို ဖြစ်ပေါ်လာစေသည်။ ။

# စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းလျှောက်လွှာများ အချိန်မီပြန်လည်တင်သွင်းရန် အသိပေးနှိုးဆော်ခြင်း

စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းလျှောက်လွှာများအား ၁၂-၆-၂၀၁၉ ရက်မှစ၍ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ထုတ်ပေးလျက်ရှိရာ ၃၁-၇-၂၀၁၉ ရက်တွင် လျှောက်လွှာများပိတ်သိမ်းမည်ဖြစ်ပါသဖြင့် လျှောက်လွှာထုတ်ယူလိုသူများ နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် သွားရောက်ထုတ်ယူနိုင်ကြောင်းနှင့် လျှောက်လွှာထုတ်ယူထားသူများအနေဖြင့်လည်း ဗိုလ်လောင်းလျှောက်လွှာများအား မိမိတို့လျှောက်လွှာထုတ်ယူရရှိသည့် တိုင်းစစ်ဌာနချုပ်များသို့ လျှောက်လွှာပိတ်ရက်မတိုင်မီ အချိန်မီပြန်လည်တင်သွင်းကြရန် အသိပေးနှိုးဆော်အပ်ပါသည်။ အသေးစိတ်သိရှိလိုပါက စစ်ရာထူးခန့်ချုပ်ရုံး (ဖုန်း-၀၃၆-၃၀၃၃၁၊ ၀၃၆-၃၀၃၃၈)တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**


နိုင်ငံတကာသတင်းဂျာနယ်

အမှတ်စဉ် - ၁၂၂၀

ဝန်ကြီးချုပ်မိုဒီအစိုးရသစ် ရင်ဆိုင်နေရသည့် SCO အဖွဲ့၏ စိန်ခေါ်မှုများ

ဘင်္ဂလားဒေ့ရှ်၏ နျူကလီးယား... ဘင်္ဂလားဒေ့ရှ်၏ နျူစွမ်းအင် ထုတ်လုပ်နိုင်ရေးအတွက် လိုအပ်သည့် လောင်စာများကို ရုရှားထံမှ ဝယ်ယူရရှိမည်

ဗင်နီဇွဲလားနိုင်ငံ၏ အနာဂတ်ကို တရုတ်က အဆုံးအဖြတ်ပေးမည်

လကမ္ဘာသို့ လူသားများ ခြေချနိုင်ခဲ့မှု နှစ် ၅၀ ပြည့်ခဲ့ပြီ

နည်းပညာပြဿနာကြောင့် ဆိုင်းငံ့လိုက်ရတဲ့ အိန္ဒိယနိုင်ငံ၏ လကမ္ဘာခရီးစဉ်

အိန္ဒိယ-တရုတ်-သီရိလင်္ကာ သုံးပွင့်ဆိုင်ကာကွယ်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ရှုထောင့်အမြင်

အင်ဒိုနီးရှားနိုင်ငံ မြို့တော်ရွှေ့ပြောင်းရေး

တရုတ်-အိန္ဒိယ ယှဉ်ပြိုင်မှုမှ ဘင်္ဂလားဒေ့ရှ် ဘယ်လိုအကျိုးဖြစ်ထွန်းနေသလဲ




တနင်္လာနေ့တိုင်း ထွက်ပြီ

နယ်စာပတ်ဖရိုသတ်များ၊ ကိုယ်စားလှယ်ကြီးများမှတစ်ဆင့် ရောင်းဈေး ကျပ် ၃၀၀/-

ကြော်ငြာနှင့် ဖြန့်ချိရေး - အမှတ် (၇၇)၊ ၅၂ လမ်း၊ ကြေးမုံသတင်းစာတိုက်၊ ပုဇွန်တောင်မြို့နယ်။ ဖုန်း - ၀၁ - ၃၉၇၃၃၀၊ ၀၁ - ၂၉၂၈၃၀

Gmail - internationaljournalmm@gmail.com


**ဖခင်အမည်မှန်**

သန်လျင် အထက (၁) တက္ကသိုလ်ဝင်တန်း (C)မှ မောင်ခွန်လှမင်း၏ ဖခင်အမည်မှန်မှာ ခွန်မောင်ဆော် ၁၃/တကန(နိုင်)၁၉၈၀၃၇ ဖြစ်ပါကြောင်း။ **ခွန်မောင်ဆော်**

**အမည်ပြောင်း**

ရန်ကုန်မြို့၊ တာမွေမြို့နယ်နေ ဦးကျော်ထူးလွင် ၇/ဖမန(နိုင်)၁၂၈၈၃၇-ဒေါ်သီတာအောင် ၁၂/ဥကတ(နိုင်)၁၅၅၄၆၉တို့၏သား အမက(၂)တတိယတန်း (C) မှ မောင်ဉာဏ်ဘုန်းမြတ်အား ယနေ့မှစ၍ မောင်အာကာသစ်လွင်ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်အာကာသစ်လွင်**

**ဖခင်အမည်မှန်**

ကဝမြို့၊ အထက၊ တက္ကသိုလ်ဝင်တန်း(C)မှ မောင်ချမ်းပြည့်ဖြိုး၏ ဖခင်အမည်မှန်မှာ ဦးထွန်းထွန်းနိုင် ၇/ကဝန(နိုင်)၁၄၀၂၁၆ ဖြစ်ပါကြောင်း။ **ဦးထွန်းထွန်းနိုင်**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 4Q/5526 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

# "အထူးဂုဏ်ယူဝမ်းမြောက်ခြင်း"

Barons & Fujikura EPC Co., Ltd. သည် Bureau Veritas Certification Holding SAS – UK Branch မှ ပေးအပ်သော **OHSAS 18001:2007** နှင့် **ISO 9001:2015** တို့အား **Certificate No. : IND19.12121U/HS** နှင့် **Certificate No. : TH013588** တို့ဖြင့်

**"Provision of Design, Engineering, Procurement, Construction and Project Management Services for Telecom and Power Sector Projects"**

များအတွက် ရရှိကြောင်း သိရှိရသည့်အတွက် Barons & Fujikura EPC Co., Ltd. ကိုယ်စား အထူးပင်ဂုဏ်ယူဝမ်း မြောက်ပါသည်။ Barons & Fujikura EPC Co., Ltd. အနေဖြင့်လည်း နိုင်ငံအတွက် အကျိုးပြုမည့် လုပ်ငန်းဆောင်တာများအား ဆထက်တပိုး ဆက်လက်လုပ်ဆောင်သွားနိုင်ပါစေကြောင်း Barons Group of Companies မိသားစုမှ ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဂုဏ်ယူဝမ်းမြောက်စွာဖြင့်

**Barons Group of Companies မိသားစု**

We, Barons Group of Companies feel glow of pride and warmest congratulations to Barons & Fujikura EPC Co., Ltd. On achievement of credentials for

**"Provision of Design, Engineering, Procurement, Construction and Project Management Services for Telecom and Power Sector Projects"**

**OHSAS 18001:2007 and ISO 9001:2015 certificates accredited by the**

Bureau Veritas Certification Holding SAS – UK Branch.

Barons Group of Companies wish Barons & Fujikura EPC Co., Ltd. of great amplification for full potential aspire to contribute to the Socio-Economic growth of our country.

**"Cheers"**




မြန်မာပြည်တွင် ရွှေနှင့်ကျောက်မျက်ရတနာ တို့အတွက်အကြီးမားဆုံးဈေးကွက် အဖြစ်တည်ရှိလာမည့် Jewellery & Luxury Mall ကြီးကိုဟံသာဝတီလမ်းနှင့် ကျွန်းတောလမ်းကြားရှိ Times City Complex ကြီး၌ မကြာမီဖွင့်လှစ်တော့မည် ဖြစ်သောကြောင့် ဆိုင်ခန်းများကို အထူးနှုန်းများဖြင့် ဝယ်ယူ / ငှါးရမ်း နိုင်ပြီဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

**CONTACT US**

Times City Yangon - Myanmar
http://www.timescity.com.mm
timescityproject@gmail.com

+959 765800800 , +959 764800800 , +959 5045777
Times City, No.37, Between Hanthawaddy Road &
Kyun Taw Road, Kamaryut / San Chaung Township, Yangon.

giz

## Invitation to Bid
### Evaluation of MYSAP Nutrition Awareness and Advocacy Campaigns

The Deutsche Gesellschaft für Internationale Zusammenarbeit (GIZ) GmbH is part of German Development Cooperation. Active in two focal areas, sustainable economic development and rural development, GIZ is committed to be Myanmar's partner in achieving sustainable development.

**Activity**

The contractor will be responsible for conducting three surveys:1) post-event evaluation survey for nutrition awareness and advocacy events conducted by GIZ in 2018 as well as conducting 2) a pre-event survey and 3) post-event evaluation of the second season of nutrition events in 2019. The surveys shall be conducted at Myanmar Government High Schools in Kalay, Shwebo, Amarapura, Kengtung, Pathein, Yangon and Pinlaung. The contractor will conduct questionnaire-based surveys with students as well as interviews with key stakeholders from high schools and local government institutions. After conducting the surveys, the contractor shall analyse the data and present it in the form of reports to GIZ. GIZ will support drafting questionnaires as well as provide all contacts necessary for conducting the surveys.

Timeline:
01September2019 to 29February2020

**Further Information**

The complete set of tender application documents can be requested under MM_Quotation@giz.de

MYANMAR LIVER FOUNDATION
Reg No. 2205 (Since 2012)

## World Hepatitis Day (2019)

ကမ္ဘာ့ အသည်းရောင်အသားဝါရောဂါတိုက်ဖျက်ရေးနေ့ (၂၀၁၉) ခုနှစ်

WORLD HEPATITIS DAY

## အထိမ်းအမှတ်အခမ်းအနား ဖိတ်ကြားလွှာ

မြန်မာအသည်းဖောင်ဒေးရှင်းမှ ကြီးမှူး၍ ၂၀၁၉ခုနှစ် ကမ္ဘာ့ အသည်းရောင်အသားဝါ ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည် ဖြစ်ပါသဖြင့် ကြွရောက်ချီးမြှင့်ပေးပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

နေ့ ရက် ။ ။ ၂၈-၇-၂၀၁၉ (တနင်္ဂနွေနေ့ )
အချိန် ။ ။ နံနက် (၈း၃၀) နာရီမှ - (၁၂း၀၀) နာရီ အထိ
နေရာ ။ ။ (ပင်မ) အစည်းအဝေးခန်းမ၊ သူနာပြုတက္ကသိုလ်၊
(ဘုန်းကြီးလမ်းနှင့် ဗိုလ်ချုပ်လမ်းထောင့်) လမ်းမတော်မြို့ နယ်၊ ရန်ကုန်မြို့ ။

- မြန်မာအသည်းဖောင်ဒေးရှင်းအသင်းဝင်များမပျက်မကွက်တက်ရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။
- စိတ်ပါဝင်စားသူမည်သူမဆို အခမဲ့တက်ရောက်နိုင်ပါသည်။

(အခမ်းအနားကျင်းပရေးကော်မတီ)

## Specific Procurement Notice
## Request for Bids
## Goods
## (Two-Envelope Bidding Process)

Country: Myanmar
Name of Project: National Electrification Project (NEP)
Contract Title: Supply, Installation and Maintenance of Solar PV Systems for Households and Public Facilities
Credit No.: 5727-MM
RFB Reference No.: ICB S&I-DRD-2

1. The Government of Myanmar has received financing from the International Development Association (IDA) of the World Bank Group toward the cost of the National Electrification Project (NEP), and intends to apply part of the proceeds toward payments under the contracts for Supply, Installation and Maintenance of Solar PV Systems for Households and Public Facilities. These contracts will jointly finance by the Government of Myanmar.
2. The Department of Rural Development, Ministry of Livestock and Irrigation now invites sealed Bids from eligible Bidders for supply, installation and maintenance of solar PV Systems for households and public facilities in the following States and Regions :
Lot 1– NEP Solar PV Packages in Ayeyarwaddy (9)
Bidders may Bid for one or several contracts, as further defined in the Bidding document. Bidders wishing to offer discounts in case they are awarded more than one contract will be allowed to do so, provided those discounts are included in the Letter of Bid.
3. For quick reference, some key qualification requirements include:
   - The average annual turnover (or annual sales volume) of the last three years should be a minimum of US$ 3,000,000 and accumulative if bidding for multiple lots.
   - The bidder has successfully completed at least two (2) contracts in supplying, installing, supervising, commissioning and/or maintaining off-grid solar PV systems with batteries, in any year over the last five (5) years, and at least one of the two (2) contracts had a value equivalent to or greater than 50% of the corrected Bid Price.

   The details of the qualification requirements are in the bidding document.
4. Bidding will be conducted through the International Competitive Bidding procedures as specified in the World Bank's Guidelines: HYPERLINK "http://www.worldbank.org/html/opr/procure/guidelin.html"Procurement of Goods, Works and Non-Consulting Services under IBRD Loans and IDA Credits HYPERLINK "http://www.worldbank.org/html/opr/procure/guidelin.html"&HYPERLINK "http://www.worldbank.org/html/opr/procure/guidelin.html"Grants by World Bank Borrowers dated January 2011 (revised July 2014) ("Procurement Guidelines"), and is open to all eligible bidders as defined in the Procurement Guidelines. In addition, please refer to paragraphs 1.6 and 1.7 setting forth the World Bank's policy on conflict of interest.
5. Interested eligible Bidders may obtain further information from the address below and inspect the bidding document during office hours 10.00 a.m. to 4.00 p.m. at the address given below.
6. A complete set of bidding documents in English may be obtained free of charge by interested eligible bidders upon the submission of a written application to the address below. The Bidding Documents will be issued through e-mail only.
In case of any difficulty in obtaining the bidding documents, interested parties may contact in writing:
Dr. Soe Soe Ohn, Director
Department of Rural Development, Ministry of Agriculture, Livestock and Irrigation.
Office No. 36, Naypyitaw, Country:
Myanmar
Tel./Fax +95 673 418635, 418636
Email: neppmo.drd@gmail.com; ksaung@gmail.com; dr.soesoeohn@gmail.com; drdnep.procurement@gmail.com
7. Bids must be delivered to the address below on or before Monday September 2, 2019 (10.00 a.m.) Myanmar time. Electronic Bidding will not be permitted. Late Bids will be rejected. The outer Bid envelopes marked "Original Bid", and the inner envelopes marked "Technical Part" will be publicly opened in the presence of the Bidders' designated representatives and anyone who chooses to attend, at the address below on or before Monday September 2, 2019 (10.00 a.m.) Myanmar time. All envelopes marked "Second Envelope: Financial Part" shall remain unopened and will be held in safe custody of the Purchaser until the second public opening.
8. All Bids must be accompanied by a Bid Security" as stated in ITB 19.1 – Bid Data Sheet of the Bidding Document.
9. The address referred to above is :
Attention: Dr.Soe Soe Ohn, Director, Project Manager of National Electrification Project
National Electrification Project
Department of Rural Development, Ministry of Agriculture, Livestock and Irrigation.
Office No.36, Naypyitaw, Country: Myanmar
Tel /Fax: +95 673 418635, 418636
ksaung@gmail.com, dr.soesoeohn@gmail.com, neppmo.drd@gmail.com, drdnep.procurement@gmail.com
10. Clarification of the bidding document will be conducted through e-mail or letter to the Purchaser as stated in ITB 7 of the bidding document.

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူပျောက်ဆုံးခြင်း**

ယာဉ်အမှတ် ၂၉ယ/၂၇၃၈၄ Honda Click 110M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဖြူဖြူသန့် ၉/ခအဇ(နိုင်)၀၂၈၇၅၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

# (၁၁)ကြိမ်မြောက် အာဆီယံကျောင်းသားအားကစားပြိုင်ပွဲ မြန်မာ ရွှေ၊ ကြေး တစ်ခုစီရရှိ



**ဆီမာရန် ဇူလိုင် ၂၁**

(၁၁)ကြိမ်မြောက် အာဆီယံကျောင်းသား အားကစားပြိုင်ပွဲကို ဇူလိုင် ၂၁ ရက်က အင်ဒိုနီးရှားနိုင်ငံ ဆီမာရန်မြို့၌ ဆက်လက်ကျင်းပရာ မြန်မာအားကစားအဖွဲ့ ရွှေတစ်ခု၊ ကြေးတစ်ခု ဆွတ်ခူးရရှိထားကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲ၌ မြန်မာနိုင်ငံအပါအဝင် အိမ်ရှင် အင်ဒိုနီးရှား၊ မလေးရှား၊ ဗီယက်နမ်၊ စင်ကာပူ၊ ဖိလစ်ပိုင်၊ ထိုင်း၊ ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ လာအိုနိုင်ငံမှ အခြေခံပညာကျောင်းသား ကျောင်းသူများက ပြေးခုန်ပစ်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ကြိုးတပ်သံလုံးပစ်တွင် စောဒီဇင်ဘာသိန်း(မန္တလေး အား/ကာသိပ္ပံ)ကပထမ(ရွှေ)၊ မလေးရှားက ဒုတိယနှင့် တတိယဖြင့် လည်းကောင်း၊ မီတာ ၃၀၀၀ အပြေးတွင် လွီးဇာ (လွိုင်ကော်အား/ကာသိပ္ပံ)က တတိယ (ကြေး)၊ ဒုတိယအင်ဒိုနီးရှား၊ ပထမ ဗီယက်နမ်နိုင်ငံတို့ ရရှိခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် အိမ်ရှင်အင်ဒိုနီးရှားနိုင်ငံက ပြိုင်ပွဲကိုးမျိုး ထည့်သွင်းထားသည့် ပြေးခုန်ပစ်၊ ကြက်တောင်၊ ဘတ်စကက်ဘော၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ ရေကူး၊ တင်းနစ်၊ စားပွဲတင်တင်းနစ်နှင့် ပန်ချက်ဆီလက်အားကစားနည်းများ ဖြစ်ကြောင်း သိရသည်။

စာမျက်နှာ ၁၂ ကော်လံ ၅ ◆

**ရွှေတံဆိပ်ဆုရ စောဒီဇင်ဘာသိန်းနှင့် ကြေးတံဆိပ်ဆုရ လွီးဇာ။**
ဓာတ်ပုံ - အောင်နိုင်ဝင်း

## ရောဝတီမြစ်ရေ မြင်းမူမြို့တွင် စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

**နေပြည်တော် ဇူလိုင် ၂၁**

ယနေ့ မွန်းလွဲ ၃ နာရီခွဲ တိုင်းထွာချက်အရ ရောဝတီမြစ်ရေသည် မြင်းမူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနေပြီး လက်ရှိရေမှတ်မှ နောက်တစ်ရက်အတွင်း ပေဝက်ခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်၍ မြင်းမူမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

## MNL ပွဲစဉ် (၁၇) ၌ ရှမ်းယူနိုက်တက်နှင့် ရောဝတီတစ်မှတ်စီခွဲယူ

**ရန်ကုန် ဇူလိုင် ၂၁**

၂၀၁၉ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၇) ဒုတိယနေ့ကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပရာ ချန်ပီယံဆုအတွက် မျှော်လင့်ချက်ရှိနေသည့် ရှမ်းယူနိုက်တက်နှင့် ရောဝတီအသင်းတို့ သရေကျခဲ့သည်။

တောင်ကြီးကွင်း၌ ကျင်းပသည့်ပွဲတွင် ရှမ်းယူနိုက်တက်နှင့် ရောဝတီအသင်းတို့ တစ်ဂိုးစီသရေကျခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် အိမ်ကွင်း၌ သရေသာကစားနိုင်ခဲ့သောကြောင့် ရှုံးပွဲမရှိမှတ်တမ်းကိုဆက်ထိန်းနိုင်ခဲ့သော်လည်း ထိပ်ဆုံးမှ ရန်ကုန်အသင်းနှင့် သုံးမှတ်အထိ ကွာဟသွားခဲ့သည်။ ရောဝတီအသင်းသည် အဝေးကွင်း၌ အဖိုးတန်သရေတစ်မှတ်ရယူနိုင်ခဲ့ပြီး ရန်ကုန်နှင့် ငါးမှတ်ကွာဟသွားသော်လည်း ချန်ပီယံမျှော်လင့်ချက် ဆက်ရှိနေဆဲဖြစ်သည်။ ရှမ်းယူနိုက်တက်နှင့် ရောဝတီအသင်းမှာမူ နှစ်ကျော့စလုံး သရေရလဒ်ဖြင့် ပြီးဆုံးခဲ့ခြင်းဖြစ်သည်။

ရှမ်းယူနိုက်တက် အသင်းသည် ပွဲထွက်လူစာရင်းမှ အီမန်နျူရယ်ကို အနားပေးထားပြီး မက်ဆီမင်၊ သီဟစည်သူ၊ ဟိန်းသီဟဇော်၊ နန္ဒကျော်တို့ဖြင့် ပွဲထွက်ကာ တိုက်စစ်တွင် ထက်ဖြိုးဝေနှင့် ဒွေးကိုကိုချစ်ကိုအသုံးပြုခဲ့သည်။ ရောဝတီအသင်းတွင် အဓိက ကစားသမား

စာမျက်နှာ ၁၂ ကော်လံ ၁ ❑

ကမ္ဘာ့ချန်ပီယံရှစ် ရိုးရာလှေပြိုင်ပွဲအတွက် မြန်မာလှေလှော် အားကစားသမားများ ပြင်းပြင်းထန်ထန်လေ့ကျင့်
စာမျက်နှာ - ၁၂

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတွင် ခရီးသည်တင်ယာဉ်တစ်စီး တိမ်းမှောက် အမျိုးသား ၂၆ ဦးနှင့် အမျိုးသမီး ၁၈ ဦး ဒဏ်ရာရရှိပြီး တစ်ဦးသေဆုံး
စာမျက်နှာ - ၁၃

အရှေ့တောင်အာရှနိုင်ငံများ ကြုံတွေ့လာရသည့် စွန့်ပစ်အမှိုက်ပြဿနာ
စာမျက်နှာ - ၁၅

## MNL-2 ယူ-၂၀ အမှတ်ပေးပြိုင်ပွဲ မြဝတီအသင်း ချန်ပီယံဆုရယူ

**MNL-2 ယူ-၂၀ အမှတ်ပေးပြိုင်ပွဲတွင် ပထမဆုရရှိခဲ့သော မြဝတီအသင်းကို ချန်ပီယံဆုဖလားနှင့်အတူ တွေ့ရစဉ်။**
ဓာတ်ပုံ - စိုးညွန့်




ရန်ကုန် ဇူလိုင် ၂၁

**၂၀၁၉ ရာသီ MNL-2 (ပထမတန်း) ယူ-၂၀ အမှတ်ပေးပြိုင်ပွဲ နောက်ဆုံးရက်သတ္တပတ်ဖြစ်သည့် ပွဲစဉ် (၁၄) ကို ယနေ့ညနေပိုင်းက ကျင်းပရာ မြဝတီအသင်းက နိုင်ပွဲရယူပြီး ချန်ပီယံဆုရယူနိုင်ခဲ့သည်။**

ပြိုင်ပွဲ နောက်ဆုံးနေ့တွင် မြဝတီအသင်းက အား/ကာသိပ္ပံ အသင်းကို တစ်ဂိုး-ဂိုးမရှိ၊ တက္ကသိုလ်အသင်းက ကချင် ယူနိုက်တက်အသင်းကို သုံးဂိုး-နှစ်ဂိုး၊ ချင်းယူနိုက်တက်အသင်းက ငွေကြယ်ပွင့်အသင်းကို နှစ်ဂိုး-တစ်ဂိုး၊ မောရဝတီအသင်းက ရွှိုင်ရယ်သန်လျင်အသင်းကို သုံးဂိုး - ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ပွဲစဉ် (၁၃) အပြီးတွင် ရမှတ်မကွာသည့် မြဝတီနှင့် အား/ကာသိပ္ပံ ပွဲမှာ ချန်ပီယံဆုအတွက် အဆုံးအဖြတ်ဖြစ်ခဲ့ပြီး တစ်မှတ်အသာရထားသည့် အား/ကာ သိပ္ပံအသင်းသည် သရေကျရုံဖြင့် ချန်ပီယံဆုရမည်ဖြစ်သော်လည်း ရှုံးပွဲ ကြုံတွေ့ခဲ့ခြင်းဖြစ်သည်။

မြဝတီအသင်းသည် လိုအပ်နေသည့် အနိုင်သုံးမှတ်ကို ရယူကာ ချန်ပီယံဆုရယူနိုင်ခဲ့ခြင်းဖြစ်ပြီး တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲအစ ၄ မိနစ်တွင် ဟိန်းဇေယျာမင်းက သွင်းယူခဲ့သည်။ ပြိုင်ပွဲအပြီးတွင် မြဝတီအသင်းက ၁၃ ပွဲနိုင်၊ တစ်ပွဲရှုံး၊ ၃၉ မှတ်ဖြင့် ပထမ၊ အား/ကာသိပ္ပံအသင်းက ၁၂ ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံး၊ ၃၇ မှတ်ဖြင့် ဒုတိယ၊ တက္ကသိုလ်အသင်းက ရှစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ လေးပွဲရှုံး၊ ၂၇ မှတ်ဖြင့် တတိယဆုတို့ ရရှိခဲ့သည်။

ပဒုမ္မာကွင်း၌ ကျင်းပသည့် မြဝတီနှင့် အား/ကာသိပ္ပံအသင်းတို့ ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ ဆက်လက်ကျင်းပရာ တတိယဆုရ တက္ကသိုလ်အသင်းအား တစ်ဦးချင်း ဆုတံဆိပ်ကို အား/ကာသိပ္ပံ (ရန်ကုန်) ကျောင်းအုပ်ကြီး ဦးစိုးအောင်၊ ဆုကြေးငွေကျပ် ၃၅ သိန်းကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်း၊

စာမျက်နှာ ၁၂ ကော်လံ ၅ ❍

ဖျံ-၅-ကောင်
အမှတ်တံဆိပ်
ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း) ၂၁၄/၀၆၁၈
ဆီးချို-သွေးချိုကျဆေးနှင့် သွေးတိုးကျဆေးကို
ရန်ကုန်မြို့ မန္တလေးနှင့် တောင်ကြီးမြို့ရှိ မြန်မာဆေးအရောင်းဆိုင်ကြီးများမှ
တဆင့် တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပါပြီ။
ပင်ရင်း - ဒေါက်တာစိုးမြင့်အောင်(ဝါးခယ်မ)
Ph.D (Alternative Medicines)
ဖျံ-၅-ကောင် တိုင်းရင်းဆေးခန်း၊ အမှတ်-၁၃၉(မြေညီထပ်)၊ ၄၂ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း- 01- 838 0175 / 392 594
GENEVA
LONDON QUALITY CROWN QC 100

'ကလေးရှိရင် ရွှေသွေးရှိမှ ဖြစ်မယ်နော်'
ရွှေသွေး ရင်လူးဆေး
တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်
TMR ၀၀၅၄၅၈ (၀၃၂၀)
ကလေးသူငယ်များ ချောင်းဆိုးရင်ကြပ်ခြင်းနှင့် အစာမကြေ ရင်ပြည့်ရင်ကယ်ခြင်းအတွက် ထူးခြားစွာသက်သာ ပျောက်ကင်းစေပါသည်။
မြတ်ချမ်းသာဆေးတိုက် ကေသီပန် တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး၊ ၀၁ - ၅၄၅၂၅၉

## မုတ်သုံလေ အားအသင့်အတင့် ရှိမည်

နေပြည်တော် ဇူလိုင် ၂၁

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေ အားအသင့်အတင့်ရှိမည်။

မိုး/ဇလ